# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## ပဉ္စမပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# မှတ်တမ်း
## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၁၂. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၃)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း။ | ၃ |
| | (ဆ) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၄ |
| | (ဇ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၅ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခြင်း။ | ၇ |
| | (ည) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း။ | ၉ |
| | (ဋ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းကြရန် ဥက္ကဋ္ဌကကြေညာခြင်း။ | ၁၁ |


ya 2

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဌ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာနှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာများကို ကော်မတီများမှ ဖတ်ကြားတင်ပြခြင်း။ | ၁၂ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်က မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂ |
| (ဏ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးကမေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃ |
| (တ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၅ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၅ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၅ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၆ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)၊ (၄)၊ (၅)နှင့် (၆)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၀ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၇)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၆ |


ya 3

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၆ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၈ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၁ |
| (ယ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၄၂ |
| (ရ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင်ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၄၅ |
| (လ) | ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည် ဖော်နိုင်ရေး"** အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၅၁ |


ya 4

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဝ) | အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၅၆ |
| (သ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၅၆ |
| ၂။ | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၁၃. ၁၂. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၅၈ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၅၈ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၅၉ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၅၉ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၆၀ |
| (စ) | ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ | ၆၀ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၆၁ |
| (ဇ) | ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေ စာရင်းနှင့် စပ်လျဉ်း၍တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။ | ၇၀ |
| (ဈ) | ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။ | ၇၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၆

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၈

(ဌ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၀

(ဍ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၂

(ဎ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၃

(ဏ) အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ ၈၈

(တ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၉

(ထ) တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၉

(ဒ) တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ ၈၉

(ဓ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၉

(န) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၃

(ပ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၆


ya 6

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၈ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၆)အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၁ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်က မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၃ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်က မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၃ |
| (ယ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၀၅ |
| (ရ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၀၈ |
| (လ) | ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၁၁၀ |
| (ဝ) | အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၁၁၁ |


ya 7

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (သ) | ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး ”** အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၁၁၂ |
| | (ဟ) | အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၁၁၄ |
| | (ဠ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၁၅ |
| **၃။** | | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၁၄. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၁၆ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၁၆ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၁၇ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၁၇ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၁၈ |

ya 8

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (စ) | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က(၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၁၁၈ |
| (ဆ) | ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက စိစစ်ဆွေးနွေးတင်ပြခြင်း။ | ၁၂၂ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၅ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၈ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၀ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၁ |
| (ဌ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၄၅ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၆ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၄၆ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၄၆ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၃ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၄)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၄ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က ဖြေကြားခြင်း။ | ၁၅၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၁ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၄)အား ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားခြင်း။ | ၁၆၁ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၅)အား ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က ဖြေကြားခြင်း။ | ၁၆၄ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၆ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၁ |

စဉ် အကြောင်းအရာ စာမျက်နှာ


(မ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၇၂

(ယ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၇၅

(ရ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၇၈

(လ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၈၀

(ဝ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၈၃

(သ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းက လွှတ်တော်သို့ တင်ပြခြင်း။ ၁၈၄

(ဟ) ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊** ၁၈၈


ya 11

စဉ် | အကြောင်းအရာ | စာမျက်နှာ

**စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖြစ် စီမံအကောင်အထည် ဖော်နိုင်ရေး”** အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၁၉၄

၄။ **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၁၅. ၁၂. ၂၀၁၆)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၉၅

(ခ) တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၉၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၉၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၉၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၉၇

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက် နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၁၉၇

(ဆ) ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ ၂၀၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြ၍ ယင်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များကို ပြန်လည် ရှင်းလင်းခြင်း။ | ၂၀၁ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၅ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၈ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၂ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၃ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၆ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက က ဖြေကြားခြင်း။ | ၂၁၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၉ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၀ |
| (ထ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၂၁ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၂၁ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၂၂ |
| (န) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၂၂ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၂ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၄ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၆)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၇ |


ya 14

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဘ) ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၂၇ |
| | (မ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဥ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၂၃၅ |
| ၅။ | **အစည်းအဝေးပဥ္စမနေ့ မှတ်တမ်း(၁၆. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၃၇ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၃၇ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၃၈ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၃၈ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၃၉ |
| | (စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ | ၂၃၉ |
| | (ဆ) ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ရန်အချက်များအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း။ | ၂၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်မူမူခင် သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၆ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၆ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၈ |
| (ဋ) | ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး "** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၄၉ |
| (၅) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၅၇ |
| (၃) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၅၇ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၅၇ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၅၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (တ) | ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။ | ၂၅၈ |
| | (ထ) | ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၅၉ |
| | (ဒ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၂၆၀ |
| ၆။ | | **အစည်းအဝေးဆဋ္ဌမနေ့ မှတ်တမ်း(၁၉. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၆၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၆၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၆၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၆၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၆၃ |
| | (စ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၂၆၃ |
| | (ဆ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း။ | ၂၆၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၇။ | | **အစည်းအဝေးသတ္တမနေ့ မှတ်တမ်း(၂၃. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၆၇ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၆၇ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၆၈ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၆၈ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၆၉ |
| | (စ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်ပြခြင်း | ၂၇၀ |
| | (ဆ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၇၀ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၇၀ |
| | (စျ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(သတ္တမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၂၇၁ |
| ၈။ | | **အစည်းအဝေးအဋ္ဌမနေ့ မှတ်တမ်း(၂၆. ၁၂. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၇၂ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၇၂ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၇၃ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၇၃ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၇၄ |


ya 18

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(စ) (၁၆-၁၂-၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဆွေးနွေးပြီး ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း။ ၂၇၄

(ဆ) ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပြန်လည်ဆွေးနွေးခြင်း။ ၂၇၆

(ဇ) ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၇၉

(ဈ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း။ ၂၈၀

၈။ **အစည်းအဝေးနဝမနေ့ မှတ်တမ်း(၆. ၁. ၂၀၁၇)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၈၁

(ခ) တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၂၈၁

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၂၈၂

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၂၈၂

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၂၈၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (စ) | (၁၆-၁၂-၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဆွေးနွေးပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း။ | ၂၈၃ |
| (ဆ) | ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပြန်လည်ဆွေးနွေးခြင်း။ | ၂၈၅ |
| (ဇ) | ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၉၀ |
| (စျ) | ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း။ | ၂၉၂ |
| (ည) | ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ဆွေးနွေးခြင်း။ | ၂၉၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက အတည်ပြုပေးရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၉၉ |
| (၅) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (နဝမနေ့) ရပ်နားကြောင်းနှင့် ပဉ္စမပုံမှန် အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း။ | ၃၀၀ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

ya 22

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ငွေ | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၆။ | ဦးအေးဝင်း | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးစောစိန်ကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးရန်နိုင်စန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၁။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးအောင်စိုး | အကြံပေးအဖွဲ့ဝင် |
| ၈၇။ | ဦးငွေဝင်း | အင်ဂျင်နီယာအကြံပေး |
| ၈၈။ | ဒေါ်ဇင်မာထူး | အင်ဂျင်နီယာအကြံပေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၁၂ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၉ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်သည် ကျန်းမာရေး မကောင်းပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းသည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၂-၁၂-၂၀၁၆) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၃)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၁၄-၁၁-၂၀၁၆)ရက်စွဲပါ ကြေညာချက်အမှတ် (၂၈/၂၀၁၆)အရ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအဖြစ် အမည်စာရင်း အစားထိုးပြောင်းလဲခံထားရသူ(၃)ဦးအား ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရမည် ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်အား ယူဆောင်လျက် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုချက်ကို ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြား ပေးပါမည်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျ ကိုင်တွယ်၍

ကတိသစ္စာ ပြုရမည်ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြား၍ တက်ရောက်ကြသူများအားလုံး မတ်တပ်ရပ်ပေးကြရန်ဖြစ်ပါတယ်။

(ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျကိုင်တွယ်၍ ကတိသစ္စာပြုရမည်ဖြစ်ပါတယ်။ )

## [နည်းဥပဒေ ၅ (ဂ)နှင့် ၁၅ (က)]

"ကျွန်ုပ်------------------သည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

(ကတိသစ္စာပြုလွှာပေါ်တွင် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၃)ဦးက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(က) (ခ)တို့ အရ နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၄-၁၀-၂၀၁၆ ရက်နေ့ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ၊ ၂၆-၁၀-၂၀၁၆ရက်နေ့ (၇)ကြိမ်မြောက် ဧရာဝတီ-ချောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီး အစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း၊ ၇-၁၁-၂၀၁၆ရက်နေ့ (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၂၄-၁၁-၂၀၁၆ရက်နေ့

(၉၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာနှင့် ၂၉-၁၁-၂၀၁၆ ရက်နေ့ ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းတို့အား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။ဒီကနေ့ ဒုတိယအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးကို တက်ရောက်ကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ အတူလက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေး၊ ပြည်သူလူထုကို ဥပဒေနှင့်အညီ တရားမျှတစွာ အကာအကွယ်ပေးနိုင်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်ရေး၊ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ရွေးကောက်ပွဲတွင် ပြည်သူကိုအသိပေးခဲ့တဲ့ အခြေခံမူဝါဒများကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံရဲ့ အာဏာ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုရာမှာ မူ(၄)ချက်ရဲ့ နံပါတ်(၂) ဖြစ်တဲ့ အချက်သည် ဥပဒေပြုသူများနှင့် တိုက်ရိုက်သက်ဆိုင်သည့် တာဝန်တစ်ရပ်ဖြစ်သလို ၎င်းတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ဥပဒေနှင့်အညီ အုပ်ချုပ်မှုပေးပြီး တိုင်းပြည်တည်ငြိမ်ရေးကို အထောက်အပံ့ကောင်း တစ်ခုအနေနဲ့ ဆောင်ရွက်နေပါတယ်။ မိမိတို့တိုင်းဒေသကြီး အုပ်ချုပ်ရေးယန္တရားများထက် ပိုမိုအရေးကြီးတဲ့ အခြေခံအကျဆုံး၊ ပဓါနအကျဆုံးဖြစ်တဲ့ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ခြားစေ့ရေးကိုတော့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး သမိုင်းမော်ကွန်းထိုးဖို့ ကြိုးစားဆောင်ရွက်နေတာလည်း နိုင်ငံနှင့် ကမ္ဘာအဝှမ်း သိရှိပြီးဖြစ်သလို မိမိတို့အနေနဲ့ ၎င်းဆောင်ရွက်မှုရဲ့ အထောက်အပံ့ကောင်းဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဦးလည်မသုန် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဒီလိုဘဲ တစ်ဖက်မှာလည်း လူထုရဲ့ စီးပွားရေးပြဿနာ၊ မြေယာပိုင်ဆိုင်မှုအငြင်းပွားပြဿနာတွေကို ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရနဲ့ ဟန်ချက်ညီစွာ ဆောင်ရွက်ရသလို အနာဂတ်ဖွံ့ဖြိုးဖို့ စီမံချက်များကိုလည်း ရေးဆွဲဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒေသအကျိုးပြုလုပ်ငန်းများ နိုင်ငံသူ/နိုင်ငံသား

များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိစေရန်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ များစွာလိုအပ်ချက်တွေ ပြည့်နှက်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ အချိန်တိုအတွင်း ဆန္ဒတွေပြည့်ဝအောင် ဆောင်ရွက်ဖို့ဆိုတာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ကို ကဏ္ဍတစ်ခုနှင့်တစ်ခု ညှိနှိုင်းတိုင်ပင်ခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည့် Check & Balance ကျရာအခန်းကဏ္ဍကနေ တစ်ပြိုင်တည်း ကြိုးစားဆောင်ရွက် ကြစေဖို့ကိုလည်း တိုက်တွန်း ပြောကြားလိုပါတယ်။

ပြည်သူတို့ရဲ့လိုအပ်ချက်၊ ဆန္ဒနဲ့ပြင်ဆင်ရန်ရှိတဲ့ အမှားများကိုလည်း ကိုယ်စားလှယ်တော်ကြီးများမှ ပူးပေါင်းဆောင်ရွက်ကာ ဝန်ထမ်းများ၏ အားနည်းနေတဲ့အချက်များအတွက် အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်း ဆောင်ရွက်တာကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ သို့ပေမယ့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ရဲ့ အဓိက လုပ်ဆောင်မှုတွေရဲ့ မတူညီချက်များကို သတိပြုပြီး ပူးပေါင်းဆောင်ရွက် စေလိုပါတယ်။

ယခုကျင်းပတဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးရဲ့ မေးခွန်းများကို မိမိအနေနဲ့ ဖတ်ရှုခွင့်ရတဲ့ အတွက် များစွာဘဲ ကိုယ်စားလှယ်တော်ကြီးများရဲ့ ကြိုးစားဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ လွှတ်တော်၊ အစိုးရနှင့် တရားစီရင်ရေးကိစ္စများ စည်းလုံးညီညွတ်စွာဖြင့် ပြိုင်တူတွန်းနိုင်ဖို့ကိုလည်း ဆန္ဒပြုလိုပါတယ်။ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ အဓိကသော့ချက်ဖြစ်တဲ့ နိုင်ငံသူ/နိုင်ငံသားများရဲ့ Mindset (စိတ်နေစိတ်ထား) ပြောင်းလဲဖို့ကိုလည်း အစိုးရ/လွှတ်တော်၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းပါဝင် အားဖြည့်ရင်း အရွေ့တစ်ခုကို လက်တွဲဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

ဒီကနေ့ လွှတ်တော်က မြို့ရွာစည်ပင်သာယာရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ အားနည်းချက်ရှိနေတဲ့ စည်ပင်သာယာရေးဥပဒေကို ဒီကနေ့ လွှတ်တော်က အပတ်တကုတ် ကြိုးစားပြင်ဆင်ပေးပြီး အတည်ပြုချက် ရယူ၍ ကျင့်သုံးဆောင်ရွက်နိုင်ရန် ဆောင်ရွက်မှုများကို များစွာတန်ဖိုးထားရပါတယ်၊ ဒီလိုဘဲ ပြင်ဆင်စရာရှိတဲ့ တိုင်းဒေသကြီးဆိုင်ရာ အားနည်းချက်ရှိနေသေးတဲ့ ဥပဒေများကို ထပ်ဆင့်ကြိုးစား ဆောင်ရွက်နိုင်ဖို့ကိုလည်း မိမိတို့အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်၊ ဒ့ါအပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အစိုးရအပြောင်းအလဲတွေကြား နှောင့်နှေးမှုမရှိအောင် မိမိတို့အစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီ များကိုလည်း ပွင့်လင်းမြင်သာစွာ မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်း ရွေးချယ်ပြီးပြီမို့ သက်ဆိုင်ရာ ကိုယ်စားလှယ်ကြီးများမှလည်း အရည်အသွေးကောင်းများ ရရှိစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်း လိုပါတယ်။

ဒီလိုဘဲ အခြေခံလူတန်းစား အများစုရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲ ရေးကိုလည်း တောင်သူများရဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ Mobile Processing Plant, Compound Microscope စသည်တို့ကိုလည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒပြုသည့်အတိုင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဖြည့်ဆည်းဆောင်ရွက် ပေးထားပါတယ်။ ဒ့ါအပြင် အခြေခံအဆောက်အဦ လိုအပ်ချက်တွေဖြစ်တဲ့ ကျေးရွာချင်းဆက် လမ်းတံတားများ၊ လျှပ်စစ်မီးရရှိရေး၊ စာသင်ကျောင်း ကျေးလက် ဆေးပေးခန်းများကိုလည်း ကိုယ်စားလှယ်တော်ကြီးများ၏ ဆန္ဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်၊ နိုင်ငံတော်စီမံကိန်းများဖြစ်တဲ့ လေဆိပ်စီမံကိန်းကဲ့သို့ စီမံကိန်းများကို မကြာမီ ဆက်လက်

ဆောင်ရွက်နိုင်အောင် စီစဉ်လျက်ရှိပါတယ်။ လုပ်ငန်းများကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ရန်ကိုလည်း တည်ဆောက်ရေးဆပ်ကော်မတီများ၊ ဌာနတွင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေပြီး ကိုယ်စားလှယ်တော်ကြီးများကလည်း တစ်တပ်တစ်အား ပါဝင်ကူညီတာတွေ့ရတဲ့အတွက် ကျေးဇူးအများကြီးတင်ကြောင်း ပြောကြားလိုပါတယ်။ နောက်ထပ်မကြာမီကာလများတွင် ဆောက်လုပ်ရေးများ၌ လွတ်လပ်တဲ့ တတိယအဖွဲ့များကို ဖွဲ့စည်းမည်ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့သမိုင်းတစ်လျှောက် လိုအပ်ချက်များ ပြည့်နှက်နေတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများ အတားအဆီးများကို ပူးပေါင်းအားနဲ့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပါစို့လို့ သန္နိဋ္ဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီးရှိ(၂၈)မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအပါအဝင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာနှင့် တက်ရောက်လာကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဦးစွာပြောကြားအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း မိမိတို့၏မြို့နယ်အတွင်းရှိ ပြည်သူများထံသွားရောက်တွေ့ဆုံပြီး ပြည်သူများ၏ ဆန္ဒသဘောထားများ/ မျှော်လင့်ချက်များနှင့် ပြည်သူအသံများကို လွှတ်တော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် မေးခွန်းနှင့်အဆိုများကို ပြည်သူများကိုယ်စားပြု၍ တင်သွင်းမေးမြန်း ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရသည် ပြည်ထောင်စုကချမှတ်သော မူဝါဒများအရသော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများအရသော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများစပ်လျဉ်းသည့်စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားသည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအားလုံးကို သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ဌာနများနှင့် တွေ့ဆုံခြင်း/ ညှိနှိုင်းခြင်း၊ သိရှိကြောင်းအတည်ပြုခြင်းများ ပြုလုပ်ကြခြင်းဖြင့် မိမိဒေသအတွက် လိုအပ်ချက်များကို တိကျစွာသိရှိအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အပြင် လွှတ်တော်မှအတည်ပြုပြီးဖြစ်သော ကတိကဝတ်အာမခံချက်များ ကျန်ရှိခြင်းမရှိဘဲ၊ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင် မည်ဖြစ်ကြောင်းပြောကြားလိုပါသည်။

ဥပမာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈

ဘဏ္ဍာရေးနှစ်မှစတင်၍(၁၅)နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီးရှိ (၂၈)မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍာလျာထားချက်အဖြစ်-

- ကွန်ကရစ်/ကတ္တရာခင်းရန် (၃၀%)
- အမာခံ/ကျောက်ချော/ဂဝံလမ်း (၇၀%)

အပြီးခင်းရန်နှင့် အဆိုပါလမ်းများ၏အရှည်စုစုပေါင်းမှာ (၃၂၄)မိုင်ခန့်ဖြစ်ပြီး

- ကွန်ကရစ်လမ်း/ကတ္တရာလမ်းအရှည် ၈၇ မိုင်
- ကျောက်လမ်း ၉၃ မိုင်
- ဂဝံလမ်း ၂၅ မိုင်
- မြေသားလမ်း ၁၁၈ မိုင်

ဖော်ပြပါဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမြို့နယ်အတွင်း မည်သည့်လမ်းအမျိုးအစားနှင့်လမ်းအရှည်မိုင်များကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မှုအခြေအနေများအပေါ် သိရှိနိုင်မှာဖြစ်သည့်အတွက် လိုအပ်သည့်မေးခွန်းနှင့် အဆိုများကို စနစ်တကျ တင်သွင်းနိုင်ကြမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌လည်း မေးခွန်းနှင့် အဆိုများကို အနီးကပ်တင်သွင်းခြင်းမျိုးမပြုဘဲ၊ သတ်မှတ်သည့်ရက်အတွင်း စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပြီးမှ ပြုစုတင်ပြကြရန်၊ လွှတ်တော်အတွင်း၌လည်း ဥပဒေ/နည်းဥပဒေများနှင့်အညီ သက်ဆိုင်သော ဆွေးနွေးမေးမြန်းခြင်းများကို သတ်မှတ်ထားသည့်အချိန်အတွင်း မေးမြန်းခြင်း၊ အဆိုပြုခြင်း၊ ထောက်ခံဆွေးနွေးခြင်းပြုရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေ ၁၁၆ အရ အဆိုများကို လွှတ်တော် အစည်းအဝေးမကျင်းပမီ အနည်းဆုံး(၁၅)ရက်၊ မေးခွန်းများကို(၁၀)ရက်ကြိုတင်၍ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံတင်ရန်လည်းကောင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို(၅)မိနစ်အတွင်း လည်းကောင်း၊ အဆိုကို(၁၀)မိနစ်အတွင်းလည်းကောင်း မေးမြန်းတင်သွင်းရန် သတ်မှတ်ထားပြီး ဖြစ်သဖြင့် လွှတ်တော်အတွင်း အပြန်အလှန်လေးစားရေး၊ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချရေးအတွက် တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် လက်စွဲစာပိုဒ် ၂၃၂ နှုတ်ဖြင့်ဖြေဆိုရမည့် မေးခွန်းမေးမြန်းခြင်းနှင့် စပ်လျဉ်း၍ အပိုဒ်ခွဲ(၁၀)တွင် **“ဖြေကြားသောအဖြေကိုရှင်းလင်းရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးမြန်းနိုင်သည်။ သို့ရာတွင်ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့် ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ”** ပြဋ္ဌာန်းထားသဖြင့် လက်စွဲစာပိုဒ် ၂၂၉ အပုဒ်ခွဲ (ဂ)အရ **“လိုအပ်ခြင်းမရှိဘဲ ရှည်လျားသော မေးခွန်းများ အပိုဒ်ခွဲ(စ)အရ အသေးအဖွဲကိစ္စရပ်များနှင့် စပ်လျဉ်းသောမေးခွန်းများ/အပိုဒ်ခွဲ(ဆ)အရ လိုအပ်ခြင်းမရှိဘဲ အတိတ်ကာလစုံစမ်း မေးမြန်းသည့် မေးခွန်းများမဖြစ်စေရ”** ဟူသောစည်းကမ်းချက်များ သတ်မှတ်ထားသဖြင့် အဓိကမေးခွန်း (Chief Question) မေးမြန်းစဉ်ကပင် ပြည့်စုံစွာတစ်ပါတည်း မေးမြန်းရန်နှင့် သက်ဆိုင်ရာဝန်ကြီးမှလည်း ပြည်စုံတိကျစွာဖြေကြားရန်ဖြစ်ကြောင်း၊ မလိုအပ်ပါက ဆက်စပ်မေးခွန်း (Re Examation)များ မေးမြန်းခြင်းမှ ရှောင်ရှားကြရန် ကြိုတင်အသိပေးမှာကြားအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စတုတ္ထအကြိမ်အစည်းအဝေးအထိ အများပြည်သူများ၏ အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများလည်း များစွာရရှိခဲ့ကြပြီးဖြစ်သဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ/နည်းဥပဒေများနှင့်အညီ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါသည်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ပဲခူးတိုင်းဒေသကြီး၏ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများမှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများအား ပဏာမတင်ပြလာရာတွင် ရငွေအနေနှင့် သာမန်ရငွေ ကျပ် **၂၅. ၂၀၆ ဘီလီယံ**၊ ငွေလုံးငွေရင်းအနေနှင့် ရငွေမရှိသည့်အတွက် စုစုပေါင်းရငွေမှာ ကျပ် **၂၅. ၂၀၆ ဘီလီယံ** ဖြစ်ပါသည်။ သုံးငွေအနေနှင့် သာမန်သုံးငွေကျပ် **၈၄. ၁၂၃ ဘီလီယံ** နှင့် ငွေလုံးငွေရင်းသုံးငွေကျပ် **၁၅၄. ၁၂၇ ဘီလီယံ** စုစုပေါင်းသုံးငွေ ကျပ် **၂၃၈. ၂၅၀ ဘီလီယံ** တင်ပြတောင်းခံလာပါတယ်။ ယင်းအသုံးစရိတ်တောင်းခံငွေကျပ် **၂၃၈. ၂၅၀ ဘီလီယံ** ကို ၂၈. ၁၁. ၂၀၁၆ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအပါအဝင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးတို့မှ ဦးဆောင်၍ သုံးငွေကျပ် **၈၀. ၈၄၈ ဘီလီယံ**ကို ဦးစွာပထမစိစစ်လျှော့ချခဲ့ပါတယ်။ စိစစ်လျှော့ချခဲ့ပြီးနောက် ဖြစ်ပေါ်လာသည့် သာမန်သုံးငွေမှာ ကျပ် **၆၉. ၇၉၇ ဘီလီယံ**နှင့် ငွေလုံးငွေရင်းသုံးငွေကျပ် **၈၇. ၆၀၅ ဘီလီယံ**၊ စုစုပေါင်းသုံးငွေကျပ် **၁၅၇. ၄၀၂ ဘီလီယံ** ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ် **၁၂၇. ၆၉၁ ဘီလီယံ** ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အကြောင်းကြားချက်အရ ပဏာမစိစစ်ထားသည့် သုံးငွေကျပ် **၁၅၇. ၄၀၂ ဘီလီယံ**အပေါ်မှ ကျပ် **၄. ၂၇၃ ဘီလီယံ**ကို လျှော့ချ၍ ကျပ် **၁၅၃. ၁၂၉ ဘီလီယံ**ကိုသာ ခွင့်ပြုငွေအဖြစ် တောင်းခံသုံးစွဲခွင့်ရှိမည်ဖြစ်ပါတယ်။ ထို့အပြင် ရငွေအနေနှင့် UNDP ထောက်ပံ့ငွေ US$ ၁၉၄,၇၀၀ ကို ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုနိုင်ငံခြားငွေလဲလှယ်နှုန်း ကျပ် ၁,၁၈၅ ကျပ်နှုန်းဖြင့် ကျပ် **၀. ၂၃၁ ဘီလီယံ** တိုးလာသည့်အတွက် စုစုပေါင်းရငွေမှာ ကျပ် **၂၅. ၄၃၇ ဘီလီယံ** ဖြစ်ပါတယ်။ ယင်းရငွေထဲတွင် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ

ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ကျပ် **၂. ၈၀၀ ဘီလီယံ**ကိုလည်း ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၃၀. ၁၁. ၂၀၁၆ ရက်နေ့ အထူးအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၅) အရ စုစုပေါင်းတောင်းခံငွေကျပ် **၁၅၇. ၄၀၂ ဘီလီယံ**မှ ကျပ် **၄. ၂၇၃ ဘီလီယံ**ကို ထပ်မံစိစစ်လျှော့ချခဲ့ပါတယ်။

အကြမ်းအားဖြင့် ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် သာမန်စာရင်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တာဝန်ယူ၍ စိစစ်ပါတယ်။ ငွေလုံးငွေရင်းစာရင်းကိုတော့ တည်ဆောက်ရေး ကော်မတီသို့ တင်ပြစေပြီး တည်ဆောက်ရေးကော်မတီမှ တွက်ချက်ခွင့်ပြုပေးပို့သော ကိန်းဂဏန်းဖြင့်သာ သုံးငွေများကို ထည့်သွင်းတောင်းခံစေခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း စုစုပေါင်းရငွေမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း ရငွေထက် ၃. ၁၈၆ ဘီလီယံ ပိုမိုရရှိခဲ့ပါတယ်။ သုံးငွေအနေနဲ့တော့ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်း စုစုပေါင်းသုံးငွေမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း သုံးငွေထက် **၄. ၅၁၃ ဘီလီယံ** ပိုမိုသုံးစွဲခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၏လိုငွေအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရာတွင် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် **၁၂၆. ၃၆၅ ဘီလီယံ**သာ ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် **၁၂၇. ၆၉၁ ဘီလီယံ** ထောက်ပံ့ခဲ့သည့်အတွက် ထောက်ပံ့ငွေအနေဖြင့် ကျပ် **၁. ၃၂၆ ဘီလီယံ** ပိုမိုဖြည့်ဆည်းပေးခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ဌာန/အဖွဲ့အစည်းများမှ မော်တော်ယာဉ် ၁၄၀ စီးနှင့် ဆိုင်ကယ် ၂၇ စီး တို့ကို တောင်းခံထားသည့်အနက် မီးသတ်ဦးစီးဌာနအတွက် မီးငြိမ်းသတ်ယာဉ် ၁၆ စီး၊ မီးသတ်ရေယာဉ် ၁ စီး၊ မီးသတ်ရေသယ်ယာဉ် ၃ စီးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၁ စီး၊ စုစုပေါင်း ၂၁ စီးကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ထည့်သွင်းတောင်းခံသည့် စည်ပင်သာယာရေးအဖွဲ့အတွက် ၅-တန်ဘတ်ဟိုး ၁ စီး၊ ၃-တန်ခွဲဘတ်ဟိုး ၄ စီး၊ ထွန်စက် (ဘလိတ်ပါ) ၂ စီး၊ အမှိုက်သိမ်းယာဉ် ၄၉ စီး၊ စုစုပေါင်းယာဉ် ၅၆ စီးကို လည်းကောင်း မဖြစ်မနေပြန်လည်ခွင့်ပြုပေးခဲ့ရပြီး ကျန်ယာဉ်များကိုတော့ လျှော့ချခဲ့ရပါတယ်။ လျှော့ချ ခဲ့ရသည့်အကြောင်းအရင်းမှာလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖမ်းဆီးရမိယာဉ်များကို တိုင်းဒေသကြီး ဌာန/အဖွဲ့အစည်းများသို့ ပြန်လည်ထုတ်ပေးရန် ရည်ရွယ်ထားသည့်အတွက် နိုင်ငံတော်ဘတ်ဂျက် သက်သာစေရန် လျှော့ချခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းအပြင် ထူးခြားချက်အနေဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ဌာန/အဖွဲ့အစည်း (၂၄)ခုရှိရာမှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးအား တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲရမည်ဖြစ်ကြောင်း ၂၀. ၁၀. ၂၀၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် ၁၄/၂၀၁၆ မှတ်တမ်းကောက်နုတ်ချက် အရ ယခုတင်ပြသော ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဗဟိုစာရင်းအင်းအဖွဲ့၏ အသုံးစရိတ်များကို ထည့်သွင်းရေးဆွဲစေခဲ့ရာ စုစုပေါင်းဌာန/ အဖွဲ့အစည်း (၂၅)ခု ဖြစ်ပေါ်လာပါတယ်။

တစ်ချိန်တည်းမှာ အခါအခွင့်သင့်သဖြင့် ပြည်ထောင်စုအနေဖြင့် ထောက်ပံ့ငွေကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ပေးရာမှာ အဓိကအားဖြင့် ညွှန်ကိန်း (၆)ခုပေါ် မူတည်ပြီး ထောက်ပံ့ငွေကို

ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ အဲ့ဒါတွေကတော့ -

- တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ
- ဆင်းရဲမှုညွှန်ကိန်း
- မြေဧရိယာအကျယ်အဝန်း
- စုစုပေါင်းလူဦးရေတွင်မြို့ပြလူဦးရေအချိုး
- တစ်ဦးကျအခွန်ကောက်ခံမှု
- လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ပဲ ဖြစ်ပြီး နိုင်ငံတော်၏ လိုငွေနှင့် GDP အချိုးတို့ကို ၅% ထက်မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲ၍ ထောက်ပံ့ငွေကို ဖြည့်ဆည်းပေးခြင်း ဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင်လည်း ၎င်းညွှန်ကိန်းစံနှုန်းများဖြင့်ပင် ပြည်ထောင်စုထောက်ပံ့ငွေပေးတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်နှင့် အတည်ပြုသည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းကြရန် ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၀ နှင့်အညီ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆း၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးကြေညာပါတယ်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာနှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာများကို ကော်မတီများမှ ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာနှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာများကို ကော်မတီများမှ ဖတ်ကြားတင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ]**။ ။ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းကို လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီမှ သုံးသပ်စိစစ်ခြင်းလုပ်ငန်းကို ၁-၁၂-၂၀၁၆ နေ့တွင် စတင်လုပ်ဆောင်ခွင့်ရရှိပါသည်။

သို့ပါသော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းတွင် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအားလုံး ၂၅ဌာနမှတင်ပြတောင်းခံထားသော၊ ဘတ်ဂျတ်တောင်းခံမှုများဖြစ်ပြီး၊ တောင်းခံမှုများ များပြားစွာတင်ပြထားခြင်း၊ တင်ပြတောင်းဆိုရာတွင် လိုအပ်သောတင်ပြချက်များ မပြည့်စုံခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်နိုင်ရန်၊ ပြည်ထောင်စု အဆင့်မှ ၅-၁၂-၂၀၁၆ နေ့မှရရှိပြီး မူလစိစစ်မှုများကို ပြန်လည်ပြင်ဆင်ရခြင်း၊ သုံးသပ်ရခြင်း၊ အများပြည်သူနိုင်ငံသားများနှင့် နိုင်ငံတော်ကို အကျိုးပြုနိုင်သော သုံးစွဲမှုများဟုတ်မဟုတ်စိစစ်ရခြင်း၊ တည်ဆောက်ဆဲလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခြင်း ဟုတ်မဟုတ် စိစစ်ရခြင်းဌာနဆိုင်ရာ အသီးသီးတို့၏ တောင်းခံမှုများဖောင်းပွနေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ဝယ်သို့ ပဲခူးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းစာအုပ်များ ရောက်ရှိမှုမရှိသေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်ချက်များကို ပြည်သူ့ငွေစာရင်းကော်မတီမှ သိရန်လိုအပ်နေခြင်း အစရှိသော အကြောင်းကြောင်းများကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေး ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပဋ္ဌမပုံမှန်အစည်းအဝေးကျင်းပနေစဉ် ရက်များအတွင်း အကောင်းဆုံး ကြိုးစားဆောင်ရွက်၍ လွှတ်တော်သို့တင်ပြပေးသွားမည်ဖြစ်ပါကြောင်းလေးစားစွာဖြင့် တင်ပြအစီရင်ခံ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက် [ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၄/၂၀၁၆ တွင် ဥပဒေပြုရေးကော်မတီမှ တင်သွင်းသည့် ဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)(ခ)(ဂ)နှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (က)နှင့်(ခ)တို့အရ၊ ၂၀၁၆ ခုနှစ် မတ်လ(၁၀)ရက်နေ့တွင် အဖွဲ့ဝင်(၁၁)ဦးဖြင့် လွှတ်တော်မှအတည်ပြု ဖွဲ့စည်းခဲ့ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ တွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်-

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။
- ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း တို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်-
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များ၊
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်း များ၏အသုံးစရိတ်များ၊
    - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန်တာဝန်ရှိသောကြွေးမြီများ၊ ယင်းကြွေးမြီများနှင့်ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊
    - တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေ တစ်ရပ်ရပ်အရ ကျခံရမည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ ပါ နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့် အဖွဲ့အစည်းများသည် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက် ဆက်သွယ်ပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

နည်းဥပဒေ ၁၃၄ အရ လွှတ်တော်သို့ဥပဒေကြမ်းများ ပေးပို့ခြင်းနှင့် စပ်လျဉ်း၍-

- တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲခွင့်ရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့ခွင့်ရှိသည်။
- တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော အောက်ပါဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့၍ တင်သွင်းဆွေးနွေးဆုံးဖြတ်ရမည်-
  - တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊
  - တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေကြမ်း၊
  - တိုင်းဒေသကြီး အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း။

နည်းဥပဒေ ၁၃၅ ပါ ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်းတွင် နည်းဥပဒေ ၁၃၄ အရ ဥပဒေကြမ်းတစ်ရပ် ပေးပို့ရာတွင်-

- သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ ပေးပို့ရမည်။
- သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်းမရှိသော်လည်း လုံလောက်သောအကြောင်းရှိသည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ အရ တိုင်းဒေသကြီးအစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင် အတွင်းမှ ရေးဆွဲပြုစုပြီးပေးပို့သော တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်။

နည်းဥပဒေ ၁၄၆ အရ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော် အစည်းဝေးတွင်ဆွေးနွေးပြီး လွှတ်တော်၏အကြံပြုချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပြန်လည် ပေးပို့ရမည်။

နည်းဥပဒေ ၁၄၇ အရ တိုင်းဒေသကြီးအစိုးရက တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေအပါအဝင် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင်လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများ၏ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

နည်းဥပဒေ ၁၄၈ တွင် လွှတ်တော်သည် နည်းဥပဒေ ၁၄၇ အရတင်သွင်းသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အောက်ပါစရိတ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ-

- တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များ၊
- တိုင်းဒေသကြီးကပေးဆပ်ရန် တာဝန်ရှိသောကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီးကချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊
- တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးစာအမှတ်၊ ၁၂၄၈/၂၄၂- ငွေစာရင်း ၃-၁/အဖရ(၂၀၁၆)ရက်စွဲ ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၅ ရက် အကြောင်းအရာ။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ-

- နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် လျာထားမှုနှင့် အမှန် အကောင်အထည်ဖော်နိုင်မှုသည် နီးစပ်ရန်လိုအပ်ပြီး ပိုလျှံငွေများပြားစွာ ပြန်လည်အပ်နှံမှု မရှိစေရန် လိုအပ်ပါသည်။
- ကမ္ဘာ့စီးပွားရေးနေးကွေးကျပ်တည်းနေခြင်းသည် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံတော်၏ ဝင်ငွေ စီးပွားရေးအခြေအနေအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP သည် ခန့်မှန်းသည်ထက် လျော့နည်းနိုင်သည်။ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငွေကြေးတန်ဖိုး ရိုက်ခတ်ခဲ့ရာတွင် မြန်မာနိုင်ငံ၌လည်း နိုင်ငံရေးငွေလဲလှယ်နှုန်း မတည်ငြိမ်မှု ကြုံတွေ့ခဲ့ရပါသည်။
- နှစ်အစဉ်အဆက် ဘတ်ဂျက်လိုငွေပြမှုအပါအဝင် ကုန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ဝယ်လိုအား၊ ရောင်းလိုအား အခြေအနေကြောင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာခြင်းမှာ ဘတ်ဂျက်လို ငွေအား ထိန်းချုပ်ရန်အတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်း များအနေနှင့် ရငွေများကို တိုးတက်ရှာဖွေရန် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသုံးစရိတ်များကိုသာ လျာထားသုံးစွဲရန်နှင့် အသုံးစရိတ်များကို ခြိုးခြံ ချွေတာစွာ သုံးစွဲကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်စာရင်း ရေးဆွဲရာတွင် အောက်ပါတို့ကို အခြေခံ၍ ရေးဆွဲရန်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် အဖွဲ့အစည်းများအား နှစ်လယ်ဘဏ္ဍာရေး မူဘောင်အဖြစ် တွက်ချက်၍ ခွဲဝေပေးထားသည့် ပြည်ထောင်စုမှ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် များသို့ ထောက်ပံ့ငွေဘောင်ထက်ကျော်လွန် တင်ပြခြင်းမရှိစေရ။
- ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတင်ပြချိန်တွင် အသုံးစရိတ် ပိုမိုသုံးစွဲလိုသဖြင့် ရငွေများ ပိုမိုခန့်မှန်းထားပြီး ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း ရေးဆွဲချိန်တွင် ရငွေလျှော့ချ ခန့်မှန်းရေးဆွဲခြင်းအား ခွင့်ပြုမည်မဟုတ်သဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် အမှန်တကယ် ရရှိနိုင်မည့် ရငွေဖြင့် အသုံးစရိတ်ကိုသာ ခန့်မှန်းစီစဉ်ရေးဆွဲရန်။
- လွန်ခဲ့သော(၃)နှစ်တာကာလအတွင်း ဌာနအဖွဲ့အစည်းများ၏ ပိုလျှံငွေအပ်နှံထားမှုအား မူလခန့်မှန်းခြေအပေါ် အပ်နှံမှုရာခိုင်နှုန်း ရှာဖွေသုံးသပ်ပြီး အပ်နှံမှုရာခိုင်နှုန်း ၅% ကျော်လွန်ပါက ဘတ်ဂျက်ကို သေချာစွာ မခန့်မှန်းခဲ့ခြင်းဖြစ်သဖြင့် ပိုလျှံငွေအပ်နှံခဲ့သည့် ငွေစာရင်းခေါင်းစဉ်အား စိစစ်လျှော့ချရေးဆွဲရန်။
- လစာစရိတ်နှင့်စပ်လျဉ်း၍ ၁-၉-၂၀၁၆ ရက်နေ့ ခန့်မှန်းထားပြီး ဝန်ထမ်းအရေအတွက်နှင့် တိကျစွာတွက်ချက်ရန်။
- ဝန်ထမ်းသစ်ခန့်ထားရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမှန်တကယ် ခန့်နိုင်သည့် အခြေအနေအပေါ် မူတည်၍ အများဆုံး(၆)လအထိသာ ခန့်မှန်းတွက်ချက်ရန်။
- လစာစရိတ်ချီးမြှင့်ငွေမှာ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲ၍ မရသဖြင့် သုံးစွဲနိုင်မည့် ပမာဏသာ လျာထားရန်။
- ဝန်ထမ်းလစာစရိတ် တိုးမြှင့်တောင်းခံသော ဌာနများအနေဖြင့် အောက်ပါအချက်များ ထည့်သွင်းဖော်ပြရမည်-
    - သက်ဆိုင်ရာဌာနအဖွဲ့အစည်း ဖွဲ့စည်းပုံအင်အား၊
    - ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အတိုင်း ရှိ/မရှိ၊
    - ဝန်ထမ်းသစ်ခန့်ထားနိုင်သည့် အခြေအနေ၊
    - ဝန်ထမ်းသစ်ခန့်ထားခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊
    - ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီအသုံးစရိတ်နှင့် စပ်လျဉ်း၍ ယာဉ်စီးရေ (၁)လ သုံးစွဲမည် ဂါလံနှုန်းထား စသည်ဖြင့် အသေးစိတ်တွက်ချက်ရန်၊ လုပ်ငန်းလိုအပ်ချက်အရ ပြင်ပဆီဝယ်ယူရန်လိုအပ်ပါက အသေးစိတ်တွက်ချက်မှုနှင့်တကွ တင်ပြရန်၊
    - လုပ်ငန်းသုံးဆီကိုလည်း အမှန်တကယ် သုံးစွဲမည့်ပမာဏကို လျာထားရန်၊
    - မော်တော်ယာဉ်ပြင်ဆင်စရိတ်နှင့် စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ခုနှစ်၊ ၂၀၁၆-၂၀၁၇ခုနှစ်က ဝယ်ယူခဲ့သော မော်တော်ယာဉ်အသစ်များနှင့် ၂၀၁၇-၂၀၁၈ခုနှစ်က ဝယ်ယူရန်

လျာထားသော မော်တော်ယာဉ်များအတွက် အကြီးစားပြင်ဆင်စရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်မပြုရန်၊

- သာမန်အသုံးစရိတ်၊ ယာဉ်ပြင်ဆင်စရိတ် တွက်ချက်ရာတွင် ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၈-၈-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅ခ၊ ၃/၂၀ ဖြင့် ထုတ်ပြန်ထားသောစာအရ ယာဉ်ပြင်ဆင်စရိတ်ကို တင်ပြရာတွင် ယာဉ်အစီးရေ ၅၀% သာ တောင်းခံရန်၊ ယာဉ်အစီးရေ အားလုံးအတွက် တောင်းခံခြင်းကို ခွင့်မပြုပါ။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့တွင် ယာဉ်ပြင်ဆင်စရိတ် မထပ်စေရန်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင်ရှိသော မော်တော်ယာဉ်စာရင်းအား ဖြန့်ခွဲပုံကို တင်ပြရန်၊
- ဧည့်ခံကျွေးမွေးစရိတ်အတွက် လျာထားရာတွင်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့ရှိ ရုံးခွဲအရေအတွက်၊ ဝန်ထမ်းဦးရေတို့နှင့် မျှတစွာလျာထားတွက်ချက်ရန်ဖြစ်ပြီး ယခင်နှစ်များက ထူးခြားသော အခမ်းအနားများ ကျင်းပခဲ့သည့်အတွက် လျာထားခဲ့မှုများကို လျှော့ပြီးမှ တွက်ချက်လျာထားရန်၊
- ပြည်ပချေးငွေ၊ ပြည်ပအကူအညီရယူငွေတို့ဖြင့် သုံးစွဲရမည့် အသုံးစရိတ်များ လျာထားရာတွင်လည်း စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ရနိုင်သည့် ပမာဏကိုသာ ခန့်မှန်းလျာထားရန်၊
- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် အောက်ပါအချက်အလက်များ ပြုစုပေးရန် လိုအပ်ပါသည်-
    - ကုန်သွယ်လုပ်ငန်းခွန်ဟူ၍ နိုင်ငံတော်သို့ ထည့်ဝင်သည့်ပြင်ဆင်သည့် အတိုးငွေ၊
    - ယခင်(၃)နှစ်ကာလရငွေ၊ သုံးငွေအခြေအနေ၊ အရှုံးအမြတ်အသေးစိတ်တွက်ချက်မှု၊ အရှုံးအမြတ်ဖြစ်ပေါ်ရသည့်အကြောင်းအရင်း၊ အရှုံးဖြစ်ပေါ်နေသော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်၊
    - နိုင်ငံတော်၏ မူဝါဒနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်သုံးသပ်၍ ခန့်မှန်းရာတွင်လည်း ငွေလုံးငွေရင်းအသုံးစရိတ် လျာထားရာတွင် အောက်ပါအချက်များကို ကိုက်ညီရန်လိုအပ်ပါသည်-
        - ဒေသပေါက်ဈေးဖြင့်တွက်ချက်ရန်၊
        - သာမန်စွဲဆိုနိုင်သည့် စီမံကိန်းများကို ဦးစားပေးရေးဆွဲရန်၊
        - လုပ်ငန်းစီမံကိန်းသစ်များ၊ နိုင်ငံတော်၏ ဦးစားပေးမူဝါဒများနှင့် ကိုက်ညီစွာရေးဆွဲရန် ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ/အသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ အထက်ဖော်ပြပါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ

ငွေစာရင်းဆိုင်ရာ ရေးဆွဲတင်ပြရန် လိုက်နာရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သနပ်ပင်မြို့နယ်အတွင်းရှိ ပြည်သူများလမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့စေရန် လိုအပ်လျက်ရှိသော သနပ်ပင်မင်းရွာ ကျောင်းစုလမ်းပေါ်ရှိ တံတားပါ တံတား (၃)ခုအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"သနပ်ပင်မြို့နယ် ပဲခူးစစ်တောင်းတူးမြောင်း သောင်ထွန်းနေ၍ တစ်ဖက်ကမ်းမြေပြိုမှုဖြစ်ပွားနေသဖြင့် ဖြစ်ပေါ်နေသောသောင်အား ပြန်လည်တူးဖော် ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် သနပ်ပင်မြို့နယ် မင်းရွာကျီးပင်စု မြေသား လမ်းအကျယ် ၁၈ပေ၊ အမြင့် ၆ ပေ အရှည် ၃ မိုင် ၆ဖာလုံကို တာဝန်ယူ ဖောက်လုပ်ခဲ့သော ကုမ္ပဏီအား စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြန်လည်ပြုပြင် ပေးနိုင်ခြင်းရှိ/မရှိနှင့် စာချုပ်ပါစည်းကမ်းနှင့်ညီညွတ်ခြင်းမရှိပါက အရေးယူဆောင်ရွက်၍ အမည်ပျက်စာရင်း တင်သွင်းကြေညာရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။သနပ်ပင်မြို့နယ်အတွင်းရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် လိုအပ်လျက်ရှိသော အောက်ပါတံတားများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ

(၁) သနပ်ပင်မင်းရွာကျောင်းစုလမ်းပေါ်ရှိတံတား

| | | |
|---|---|---|
| အမျိုးအစား | - | ကွန်ကရစ် |
| အတိုင်းအတာ- | | ၁၅'×၁၄'×၁၂' |
| အကျိုးပြု | - | ကျေးရွာ(၃)ရွာ၊အိမ်ခြေ(၁၆၄၀)၊ လူဦးရေ(၅၄၅၀)ဦး |

(၂) သနပ်ပင်စွန်ပိလမ်းပေါ်ရှိ တံတား
အမျိုးအစား - ကွန်ကရစ်
အတိုင်းအတာ- ၁၅'×၁၄'×၁၂'
အကျိုးပြု - ကျေးရွာ(၂)ရွာနှင့် သနပ်ပင်မြို့နယ်ဘုရားကြီးပိုင် ရပ်ကွက်၊ အိမ်ခြေ(၉၃၀)၊ လူဦးရေ(၅၁၅၀)ဦး၊

(၃) မင်းရွာကျီးပင်စု မြေသားလမ်းနှင့် ကျူချောင်းကျေးရွာဆက်တံတား
အမျိုးအစား - ကွန်ကရစ်
အတိုင်းအတာ- ၁၀၀'×၁၄'×၁၅'
အကျိုးပြု - ကျေးရွာအုပ်စု(၇)အုပ်စု၊ ကျေးရွာပေါင်း(၁၅)ရွာ အိမ်ခြေ(၂၃၅၇)၊ လူဦးရေ(၁၀၉၃၈)ဦး၊

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။သနပ်ပင်မြို့နယ်၊ ပဲခူးစစ်တောင်းတူးမြောင်း သောင်ထွန်းနေသဖြင့် တစ်ဖက်ကမ်း မြေပြိုမှုဖြစ်ပွားနေသဖြင့် ဖြစ်ပေါ်နေသော သောင်အား ပြန်လည်တူးဖော်ပေးနိုင်ခြင်းရှိ/မရှိ။

သနပ်ပင်မြို့နယ်၊ ပဲခူးစစ်တောင်းတူးမြောင်း တာမိုင်(၁၅)ရှိ မင်းရွာကျေးရွာ အနီး မင်းရွာကျောင်းစု (တောင်စု)မြစ်ကမ်းပါးအနီး ပဲခူးစစ်တောင်းတူးမြောင်း အတွင်းပေ (၁၅၀၀)ခန့် သောင်ထွန်းနေပါသည်။ ထိုသောင်ကြောင့် တာနှင့်မျက်နှာချင်းဆိုင် ကျေးရွာဘက်အခြမ်းတွင် တူးမြောင်းကမ်းနားမြေပြိုမှု ဖြစ်ပွားနေပါသည်။ ရွာ၏အိမ်၊ ခြံ၊ မြေများ ထိခိုက်နေပြီး အနီးရှိ ပဲခူးစစ်တောင်းတူးမြောင်းမှ ကျေးရွာလယ်ယာမြေဧက (၁၀၀၀)ခန့်အား ရေပေးဝေနေသည့် မင်းရွာကျောင်းစု၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ကျေးရွာပိုင် သောက်သုံးရေကန် (၁)ကန်အားလည်း ကမ်းပါးပြိုမှု နီးကပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုသောင်ထွန်းနေမှုကို ပဲခူးတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အမြန်ဆုံး တူးဖော်နိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် သနပ်ပင်မြို့နယ်၊ မင်းရွာကျီးပင်စု၊ မြေသားလမ်း အကျယ်(၁၈)ပေ၊ အမြင့်(၆)ပေဖြင့် (၃)မိုင်(၆)ဖာလုံ ဖောက်လုပ်ခဲ့ရာ တာဝန်ယူဖောက်လုပ်ခဲ့သော ကုမ္ပဏီအား စာချုပ်ပါ စည်းကမ်းချက်များ အတိုင်း ပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် လိုအပ်သော ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ပြီး စာချုပ်ပါစည်းကမ်းနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန်နှင့် အမည်ပျက်စာရင်းတင်သွင်းကြေညာရန် အစီအစဉ် ရှိ/မရှိ။

သနပ်ပင်မြို့နယ်၊ မင်းရွာကျီးပင်စု မြေသားလမ်းအား ယခင်အစိုးရလက်ထက် ၂၀၁၅-၂၀၁၆တွင် Kinetic Art ကုမ္ပဏီမှ မြေသားလမ်းအကျယ်(၁၈)ပေ× အမြင့်(၆)ပေဖြင့် (၃)မိုင် (၆)ဖာလုံ ဖောက်လုပ်ခဲ့ပါသည်။ နိုင်ငံတော်မှ မြေကြီးကျင်း (၃၀၀၉၆)အတွက် ငွေကျပ်သိန်း(၁၅၀၀)ကျော် သုံးစွဲခဲ့သော်လည်း ယခုအခါ

လမ်းမှာ ဆိုးဆိုးရွားရွား ပျက်စီးနေပြီး ပြည်သူများမည်သို့မှ အသုံးပြု၍ မရသည်မှာ ထင်ရှားပါသည်။ အဆိုပါလမ်းမှာ သနပ်ပင်မြို့နယ် အရှေ့ဘက်ခြမ်း တစ်ခုလုံး၏ အဓိကဆက်သွယ်ရေး လမ်းမကြီးဖြစ်ပြီး လမ်းပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု (၁၂)စု ကျေးရွာပေါင်း(၂၆)ရွာ၊ အိမ်ထောင်စု (၆၂၉၁)စု လူဦးရေ (၃၃၃၃၅)ဦး အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်း၏ စလုံးရေစ ယခုပထမဆုံး (၃)မိုင်၊ (၆)ဖာလုံတွင်ပင် ယခုလို အဖြစ်မျိုး ကြုံဆုံနေရပါသဖြင့် နောက်ပိုင်းလမ်းများတွင် တာဝန်ယူ တာဝန်ခံနိုင်မည့် ကုမ္ပဏီကိုသာ တာဝန်ယူတင်ဒါပေးစေချင်ပါသည်။ ယခုတာဝန်ယူဖောက်လုပ်ခဲ့သော ကုမ္ပဏီအားလည်း စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တိကျစွာပြုပြင် ထိန်းသိမ်းစေချင်ပါသည်။ သို့ပါ၍ တာဝန်ယူဖောက်လုပ်ခဲ့သော ကုမ္ပဏီအား စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့် လိုအပ်သော ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး စာချုပ်ပါစည်းကမ်းနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန်နှင့်အမည်ပျက်စာရင်း တင်သွင်းကြေညာရန်အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်အတွင်းရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် လိုအပ်လျက်ရှိသော သနပ်ပင်မင်းရွာကျောင်းစုလမ်းပေါ်ရှိ တံတားပါ တံတား(၃)ခုအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်-မင်းရွာကျောင်းစုလမ်းပေါ်ရှိ တံတားမှာ အရှည် (၁၅)ပေရှိ သစ်သားတံတားဖြစ်ပြီး ယခုအခါ အပေါ်ယံသစ်သားကြမ်းခင်းများ ဆွေးမြေ့ပျက်စီး လျက်ရှိပါသည်။ အဆိုပါတံတားအား (၁၅'×၁၄'×၁၂') ကွန်ကရစ်တံတား တည်ဆောက် ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၂၄)သန်း ကုန်ကျမည် ဖြစ်ပါသည်။အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၁၆၄၀)၊ လူဦးရေ (၅၄၅၀)ဦး အကျိုးပြု သွားလာနိုင်မည်ဖြစ်ပါသည်။

သနပ္ပင်မြို့နှင့် စွန်ပိကျေးရွာ ဆက်သွယ်ထားသောလမ်းပေါ်ရှိ တံတားမှာ အရှည်(၁၅)ပေရှိ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော သစ်သားတံတားဖြစ်ပြီး ယခုအခါ ဆွေးမြေ့ပျက်စီးလျက်ရှိပါသည်။ အဆိုပါတံတားအား (၁၅'×၁၄'×၁၂') ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၂၄)သန်း ကုန်ကျမည် ဖြစ်ပါသည်။အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၉၃၀)၊ လူဦးရေ (၅၁၅၀)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

သနပ္ပင်မြို့နယ်အတွင်းရှိ မင်းရွာ-ကျီးပင်စု မြေသားလမ်းနှင့် ကျူချောင်းကျေးရွာ ချင်းဆက်လမ်းမှာ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ (၁၅)ရွာ၊ အိမ်ခြေ (၂၃၅၇)အိမ်၊ လူဦးရေ (၁၀၉၃၈)ဦးတို့ နေ့စဉ်သွားလာ အသုံးပြုနေသောလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းအား မိုးရာသီတွင် သွားလာ၍ မရပါ။ ၎င်းလမ်းပေါ်တွင် ကွန်ကရစ်တံတား (၁)စင်း တည်ဆောက် ရန် လိုအပ်ပါသည်။ (၁၀၀'×၁၄'×၁၅' )ကွန်ကရစ်တံတား (၁)စင်း

တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၂၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားများမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"သနပ်ပင်မြို့နယ် ပဲခူးစစ်တောင်းတူးမြောင်း သောင်ထွန်းနေ၍ တစ်ဖက်ကမ်းမြေပြိုမှု ဖြစ်ပွားနေသဖြင့် ဖြစ်ပေါ်နေသောသောင်အား ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ပဲခူး-စစ်တောင်း တူးမြောင်းသောင်ထွန်းနေသဖြင့် တစ်ဖက်ကမ်း မြေပြိုမှုဖြစ်ပွားနေသောနေရာမှာ ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင်(၁၅/၀)ရှိ မင်းရွာ (တောင်စု) ကျေးရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင်(၁၅/၀) ရှိ မင်းရွာ (တောင်စု) ကျေးရွာ သောင်ထွန်းနေမှုအား ပြန်လည်တူးဖော်ပေးမည်ဆိုပါက တူးမြောင်းကမ်းနားများ ဆက်လက်ရေတိုက်စားခံရမှုမှ အထိုက်အလျောက် သက်သာစေမည် ဖြစ်ပါသည်။ သောင်ခုံတူးဖော်မည်ဆိုပါက ပဲခူး-စစ်တောင်းတူးမြောင်း အတွင်းသို့ စက်ယန္တရားများ ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး သနပ်ပင်မြို့နယ်၊ နွေစပါးရာသီ ပြီးဆုံးချိန်နှင့် မိုးမကျမီ ကြားကာလ တူးမြောင်းအတွင်းမှ ရေများကို လျှော့ချရန် ပုဂံ-ညောင်ပင် ရေမှတ်အား (၁၄) ပေအထိ လျှော့ချပြီးမှသာ တူးဖော်ပေးနိုင်မည် ဖြစ်ပါသည်။

ပဲခူး-စစ်တောင်း တူးမြောင်းတာမိုင် (၁၅/၀) ရှိ သောင်ထွန်းနေမှုအား ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၁၅၀၀) ပေ၊ မြေကြီး(၁၅၇၅၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (အကြမ်းဖျင်း) ကျပ်(၁၃၄. ၇၀၀) သန်း ကုန်ကျမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၇-၂၀၁၈) ခုနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေ (BE) ရန်ပုံငွေ တင်ပြ တောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (BE) တင်ပြ တောင်းခံသော လုပ်ငန်းများ စိစစ်သတ်မှတ်ပြီးဖြစ်ပါ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် သနပ်ပင်မြို့နယ် မင်းရွာကြီးပင်စု မြေသားလမ်းအကျယ် ၁၈ပေ၊ အမြင့် ၆ ပေ အရှည် ၃ မိုင် ၆ဖာလုံကို တာဝန်ယူ ဖောက်လုပ်ခဲ့သော ကုမ္ပဏီအား စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စာချုပ်ပါစည်းကမ်းနှင့်ညီညွတ်ခြင်းမရှိပါက အရေးယူဆောင်ရွက်၍ အမည်ပျက်စာရင်း တင်သွင်းကြေညာရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်-မင်းရွာကြီးပင်စုလမ်းမှာ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာန ရန်ပုံငွေဖြင့် (၃/၆မိုင်×၁၈ပေ×၆ပေ)အား ရန်ပုံငွေ ကျပ်(၁၉၆.၀၂၇၅)သန်းဖြင့် Kinetic Arts ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါလမ်း ပျက်စီးနေမှုအား ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီသို့ အကြောင်းကြားထားပြီးဖြစ်ပြီး ပွင့်လင်းရာသီ စက်ယန္တရားများ သွားလာနိုင်ချိန်တွင် အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)ကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုအတွင်း ၂၀၁၃ခုနှစ်က တူးဖော်ရန်ကျန်ရှိခဲ့သော မြက်ချိုကန်လယ်ကြားရိုးအား ဆက်လက်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုအတွင်း မကြက်စုကျေးရွာမှ သိမ်ရိုးအထိ မြက်ချိုကန်လယ်ကြားရိုးအား ၂၀၁၃ခုနှစ်တွင် တူးဖော်ခဲ့ပါသည်။ သို့သော် လုပ်ငန်းအပြည့် တူးဖော်သွားနိုင်ခြင်းမရှိခဲ့ပဲ ရေကျော်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၆၃-ခ) အတွင်း အရှည်(၁.၅) မိုင်ခန့် လုပ်ငန်းကျန်ခဲ့ပါသည်။ ဖော်ပြပါ ရေနုတ်မြောင်းမှာ ရေစီးဆင်းမှုမကောင်းသဖြင့် မကြက်စု သူဌေးကုန်း၊ ကလိုင်ကွင်းအတွင်းရှိ လယ်ဧက(၈၀၀)ခန့်မှာ နှစ်စဉ်ရေကြီး နစ်မြုပ်နေပြီး စိုက်ဧကပျက်စီးမှုများရှိနေပါသည်။ သို့ပါ၍ သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာ အုပ်စုကွင်းအမှတ်(၈၆၃-ခ)ရှိ တူးဖော်ရန်ကျန်ရှိနေသေးသော မြက်ချိုကန်လယ်ကြားရိုး အရှည်(၁.၅) မိုင်× အကျယ်(၁၀)ပေအား ဆက်လက်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးမြင့်အောင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုအတွင်း ၂၀၁၃ခုနှစ်က တူးဖော်ရန်ကျန်ရှိခဲ့သော မြက်ချိုကန်လယ်ကြားရိုးအား ဆက်လက်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုအတွင်းရှိ မြက်ချိုကန် လယ်ကြားရိုးမှာ မကြက်စုကျေးရွာအနီး၊ မကြက်စု-ကလိုင် ရေနုတ်မြောင်းမှ

စတင်စီးဆင်းလာပြီး ရေကျော်သိမ်ရိုးမှတစ်ဆင့် မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်းအတွင်း စီးဝင်ပါသည်။ (၂၀၁၄-၂၀၁၅) ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မကြက်စု-ကလိုင် နွေစပါး ရေပေးမြောင်းတူးဖော်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယခုတင်ပြလာသောအပိုင်းမှာ ကလိုင်ကျေးရွာအနီးမှ မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်းအထိ တူးဖော်ရမည့်အပိုင်း ဖြစ်ပါသည်။

ယခုအခါ အဆိုပါရိုးမှာ တိမ်ကောလျှက်ရှိနေပြီး ရေစီးရေလာ ကောင်းမွန်ခြင်း မရှိသည့်အတွက် မိုးရာသီတွင် လယ်မြေများအတွင်းသို့ ကွင်းရေဝင်ရောက်သဖြင့် ရေကျော် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၆၃-ခ) အတွင်းရှိ မကြက်စု၊ သူဌေးကုန်း၊ ကလိုင်ကွင်းတို့မှ လယ်မြေဧက (၈၀၀) ခန့်မှာ ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပါသည်။

ကလိုင်ကျေးရွာအနီးမှ မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်းအထိ (မြက်ချုံ ကန်လယ် ကြားရိုး) ပြန်လည် တူးဖော်ပေးခြင်းဖြင့် မကြက်စုကျေးရွာ၊ ရေကျော်ကျေးရွာနှင့် ကလိုင် ကွင်းအတွင်းရှိ လယ်မြေဧက (၈၀၀) ခန့်အား မိုးရာသီ ကွင်းရေဝင်ရောက်မှုမှ အထိုက် အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေစီးရေလာ ကောင်းမွန်ရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ မြက်ချုံကန်လယ်ကြားရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၃. ၅) မိုင်၊ မြေကြီး (၁၇၇၄၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (အကြမ်းဖျင်း)ကျပ်(၃၉. ၁၈၀) သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၇-၂၀၁၈) ခုနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေ (BE) ရန်ပုံငွေ တင်ပြ တောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (BE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်သတ်မှတ်ပြီးဖြစ်ပါ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။၂၀၁၇-၂၀၁၈ BE တွင် မပါဝင်၍ မဆောင်ရွက်နိုင်သဖြင့် ဆက်စပ်မေးခွန်း မေးမြန်းရန်မလိုပါ။ နောက်လာမည့် BE တွင် ကိုယ်စားလှယ်မှ တင်ပြတောင်းခံရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ စည်ပင်ကျေးလက် ကျန်းမာရေးဌာနအား အောင်းကြီး ကျေးရွာသို့ ပြောင်းရွှေ့တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ညောင်လေးပင်မြို့နယ်အတွင်း၌ ကျေးလက်ကျန်းမာရေးဌာနစုစုပေါင်း (၉)ဌာန ရှိသည့်အနက် စည်ပင်ကျေးလက်ကျန်းမာရေးဌာနသည် ပြွန်တန်ဆာမြို့ရှိ တိုက်နယ်ဆေးရုံနှင့် နီးကပ်စွာတည်ရှိနေသော ကျေးလက်ကျန်းမာရေး ဌာနတစ်ခု ဖြစ်ပါသည်။ စည်ပင်ကျေးလက် ကျန်းမာရေးဌာနဟု အမည်ပေါက်ခဲ့သော်လည်း စည်ပင်ကျေးရွာအုပ်စု၌ တည်ဆောက်ထားခြင်းမဟုတ်ပဲ ပြွန်တန်ဆာမြို့နှင့် နီးကပ်စွာဖြင့် နယ်နိမိတ်ထိစပ်နေသော ချောင်းရင်း

ကျေးရွာအုပ်စုတွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ယနေ့လက်ရှိအခြေအနေအရ ချောင်းရင်းကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး စသည်တို့သည်လည်း မြို့ပေါ်ရပ်ကွက်နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာနေသည်ကတစ်ကြောင်း၊ ပွဲ့န်တန်ဆာမြို့၏ မြို့မရပ်ကွက် တစ်ခုအနေဖြင့် ထည့်သွင်းလာနိုင်သည်ကတစ်ကြောင်း၊ ကျန်းမာရေးဌာန အဆောက်အဦမှာလည်း ဟောင်းနွမ်းပျက်စီး၍ အန္တရာယ်ရှိ အဆောက်အဦကဲ့သို့ ဖြစ်နေသည်ကတစ်ကြောင်း၊ ထို့အပြင် အောင်ကြီးကျေးရွာသည် ပွဲ့န်တန်ဆာမြို့နှင့် (၅)မိုင် ခန့်ကွာဝေးခြင်း ပထဝီအနေအထားအရ အခြားသော ကျေးရွာများ၏ အလယ်ဗဟိုတွင် တည်ရှိနေခြင်း ယခင်ကတည်းကကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသောရွာ ဖြစ်ခြင်း လူဦးရေထူထပ်များပြားခြင်းတို့ကြောင့် စည်ပင်ကျေးလက် ကျန်းမာရေးဌာနအား အောင်ကြီးကျေးရွာသို့ ပြောင်းရွှေ့တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ညောင်လေးပင်မြို့နယ် ပွဲ့န်တန်ဆာမြို့ရှိ စည်ပင်ကျေးလက်ကျန်းမာရေးဌာနအား အောင်ကြီးကျေးရွာသို့ ပြောင်းရွှေ့တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန(၉)ခုရှိပြီး စည်ပင်ကျေးလက်ကျန်းမာရေးဌာနသည် စည်ပင်ကျေးရွာတွင်မရှိဘဲပွဲ့န်တန်ဆာမြို့နှင့်နီးကပ်သော ချောင်းရင်းကျေးရွာတွင်ထားရှိသောကျေးလက်ကျန်းမာရေးဌာနတစ်ခုဖြစ်ပါသည်။ အကြောင်းရင်းမှာ ယခင်ကနယ်မြေအေးချမ်းမှုမရှိခဲ့သောကြောင့်ချောင်းရင်းရွာတွင် (၁၉၆၇) ခုနှစ်ကတည်းကကျေးရွာမိသားစုများ မှတည်ဆောက်ထားပေးခြင်းဖြစ်ပြီး အဆောက်အဦ မှာလည်း ဟောင်းနွမ်းနေပြီဖြစ်ပါသည်။

အောင်ကြီးကျေးရွာတွင် လက်ရှိအားဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုထားရှိပြီး အောင်ကြီးရွာ၊ စည်ပင်ကျေးရွာနှင့်ရေတွင်းကုန်းကျေးရွာတို့ရှိကျေးလက်နေမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ထားရှိမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောင်ကြီးကျေးရွာသို့ကျေးလက်ကျန်မာရေး ဌာနပြောင်းရွှေ့ဖွင့်လှစ်မည်ဆိုပါက သင့်တော်မည်ဖြစ်ပါသည်။ ရုံးချုပ်သို့ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး ပြောင်းရွှေ့ဖွင့်လှစ်မည်ဆိုပါကမူရင်းရွာဖြစ်သောချောင်းရင်းကျေးရွာမှပြည်သူလူထုမှလည်း သဘောတူရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၁း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကိုတစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဝေါမြို့နယ်၊ ဖိုးစိန္ဒာစု ကျေးရွာနှင့် အောက်ကွေ့ကြီးကျေးရွာအုပ်စုတို့ကို ရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ ကရင်စုကျေးရွာ၊ ကျုံအိပ်ကပင်ကျေးရွာ၊ မြောက်ဖလောက် ကျေးရွာနှင့် တာဂွကျေးရွာတို့ကို စုပေါင်းပြီး ကရင်စုကျေးရွာအုပ်စုဟု ရွာခွဲအဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စုသည် မြကုန်းကျေးရွာ၊ ဖိုးစိန္ဒာစုကျေးရွာ၊ ပေါက်တန်းကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာ၊ အထက်ကွေ့ကြီးကျေးရွာ၊ ခရွဲတန်းကျေးရွာ၊ ကျွန်းညိုစုကျေးရွာ၊ ရွာပေါင်း(၇)ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စုပေါင်း (၁၆၀၀)ကျော် ရှိပါသည်။ အောက်ကွေ့ကြီးကျေးရွာသည် အိမ်ထောင်စုပေါင်း(၃၅၀)ကျော်ရှိပြီး ပေါက်တန်းကျေးရွာသည် အိမ်ထောင်စုပေါင်း(၁၇၀)ရှိပါသည်။ အုပ်စုရွာကြီးဖြစ်ပြီး အုပ်ချုပ်ရေးမှူးရုံးနေရာနှင့် အလှမ်းကွာဝေးသော ရွာများသည် အောက်ကွေ့ကြီးကျေးရွာ၊ ပေါက်တန်းကျေးရွာနှင့် ဖိုးစိန္ဒာစုကျေးရွာတို့ဖြစ်သည်။ ထို့ပြင် ထောက်ခံချက်များ ရယူခြင်းကိစ္စ၊ အမှုအခင်းကိစ္စများနှင့် ကြုံတွေ့ရာတွင် အချိန်နှင့်တပြေးညီ လုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင် ကြုံတွေ့နေရပါသည်။ အုပ်ချုပ်ရေးမှူးရုံးတည်နေရာနှင့် တစ်မိုင်ခွဲခန့် ကွာဝေးသောကြောင့် တရားဥပဒေစိုးမိုးမှုအားနည်းနေခြင်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားချက်များကို အချိန်နှင့် တပြေးညီ မသိရှိရခြင်းစသော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ ဖိုးစိန္ဒာစုကျေးရွာ၊ ပေါက်တန်းကျေးရွာနှင့် အောက်ကွေ့ကြီးကျေးရွာပေါင်းပြီး အောက်ကွေ့ကြီးကျေးရွာအုပ်စုတို့ကို ရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုသည် အဘားကျေးရွာ၊ ကရင်စုကျေးရွာ၊ ကျုံအိပ် ကပင်ကျေးရွာ၊မြောက်ဖလောက်ကျေးရွာ၊ တာဂွကျေးရွာတို့သည် ကျေးရွာပေါင်း(၅)ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေပေါင်း(၇၀၅)အိမ်ကျော် ရှိပါသည်။ အဘားကျေးရွာသည် အိမ်ခြေပေါင်း (၃၅၀)ရှိပြီး ကရင်စုကျေးရွာသည် အိမ်ခြေပေါင်း(၂၇၅)အိမ်၊ ကျုံအိပ်ကပင်ကျေးရွာတွင် အိမ်ခြေ(၆၀)အိမ်၊ မြောက်ဖလောက်ကျေးရွာတွင်အိမ်ခြေ(၁၀)အိမ်၊ တာဂွကျေးရွာတွင် အိမ်ခြေ(၁၀)အိမ်၊ စုစုပေါင်းအိမ်ခြေ (၃၅၅)ကျော် ရှိပါသည်။ ကရင်စုကျေးရွာသည် အဘားကျေးရွာအုပ်စု၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး တည်နေရာနှင့် (၂)မိုင်ခန့်ကွာဝေးပြီး ကျန်ရွာများနှင့် (၇)မိုင်ကျော်ကွာဝေးပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းကိစ္စများ ဆောင်ရွက်ရာတွင် အဆင်မပြေမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ ကရင်စု ကျေးရွာ ကျုံအိပ်ကပင်ကျေးရွာ မြောက်ဖလောက်ကျေးရွာနှင့် တာဂွကျေးရွာတို့ကို စုပေါင်းပြီး ကရင်စု ကျေးရွာအုပ်စုဟု ရွာခွဲအဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ ဖိုးစိန္ဒာစု ကျေးရွာနှင့် အောက်ကွေ့ကြီးကျေးရွာ အုပ်စုတို့ကို ရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၅၄တွင် **" သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်"** ဟု ဖော်ပြပါရှိပါသည်။

ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင် ပယ်ဖျက်လိုမှုများ တင်ပြရာ၌ နယ်မြေခံလူထုအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် အထောက်အကူပြုမှ သာလျှင် ဒေသခံများ၏ သဘောထားကိုရယူ၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စုသည် ဝေါမြို့နယ်မှ (၁၄)မိုင်ခန့်ကွာဝေးပြီး ကွေ့ကြီးကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာ၊ ပေါက်တန်းကျေးရွာ၊ ကျွန်းညိုစုကျေးရွာ၊ မြကုန်းကျေးရွာ၊ ဖိုးစိန္ဒာစုကျေးရွာ၊ ခရွဲတန်း ကျေးရွာဟူ၍ ကျေးရွာ(၇)ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စုပေါင်း(၁၅၇၀)စု၊ လူဦးရေစုစုပေါင်း(၇၁၀၆)ဦး နေထိုင်လျက်ရှိပါသည်။ အောက်ကွေ့ကြီးကျေးရွာ၊ ပေါက်တန်းကျေးရွာ၊ ဖိုးစိန္ဒာစုကျေးရွာ(၃)ရွာကို အောက်ကွေ့ကြီးကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းမည်ဆိုပါက ဖိုးစိန္ဒာစုကျေးရွာနှင့် အောက်ကွေ့ကြီးကျေးရွာသည်

(၆)မိုင်ခန့်ကွာဝေးပြီး ဖိုးစိန္ဒာစုကျေးရွာနှင့် ပေါက်တန်းကျေးရွာသည် (၇)မိုင်ခန့်ကွာဝေးသဖြင့် အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေး အခက်အခဲ ရှိနိုင်ပါသည်။

အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေးအတွက် စဉ်းစားဖွဲ့စည်းမည်ဆိုပါက ကွေ့ကြီးကျေးရွာအုပ်စုအား (၃)အုပ်စု ပြင်ဆင်ဖွဲ့စည်းသင့်ပါကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပြုပါသည်။ ကျေးရွာချင်း ဆက်စပ်လျက်ရှိသည့် ကွေ့ကြီးကျေးရွာ၊ မြကုန်းကျေးရွာ၊ ခရွဲတန်းကျေးရွာ(၃)ရွာအား ကွေ့ကြီးကျေးရွာအုပ်စု အဖြစ် လည်းကောင်း၊ အောက်ကွေ့ကြီးကျေးရွာနှင့် ပေါက်တန်းကျေးရွာ(၂)ရွာအား အောက်ကွေ့ကြီးကျေးရွာ အုပ်စုအဖြစ်လည်းကောင်း၊ ဖိုးစိန္ဒာစုကျေးရွာနှင့် ကျွန်းညိုစုကျေးရွာ (၂)ရွာအား ဖိုးစိန္ဒာကျေးရွာအုပ်စုအဖြစ် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းသင့်ပါကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပြုပါသည်။ ယင်းသို့ ကျေးရွာအုပ်စုအသစ် ပြင်ဆင်ဖွဲ့စည်းရာတွင်လည်း ဒေသခံပြည်သူများ၏ သဘောဆန္ဒကို ရယူဆောင်ရွက်ရမည် ဖြစ်သဖြင့် ပြည်သူများ၏ သဘောဆန္ဒကို ရယူပြီးဖြစ်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ ကရင်စုကျေးရွာ၊ ကျုံ့အိပ်ကပင်ကျေးရွာ၊ မြောက်ဖလောက်ကျေးရွာနှင့် တာဂွကျေးရွာတို့ကို စုပေါင်းပြီး ကရင်စုကျေးရွာအုပ်စုဟု ရွာခွဲအဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၅၄တွင် **"သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်"** ဟု ဖော်ပြပါရှိပါသည်။

ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင် ပယ်ဖျက်လိုမှုများ တင်ပြရာ၌ နယ်မြေခံလူထုအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် အထောက်အကူပြုမှ သာလျှင် ဒေသခံများ၏ သဘောထားကိုရယူ၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယင်းသို့မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရွာမြေမှအပ စားကျက်မြေတွင်တည်ရှိသော ကျေးရွာသစ်များ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းတွင် တည်ရှိပြီး ဇေ(၅၀)ထက်မပိုသော ကျေးရွာသစ်များ၊ လယ်မြေတွင် တည်ရှိသော ကျေးရွာများ၊ သစ်တောမြေတွင် ကျရောက်နေသော ကျေးရွာသစ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် သတ္တုလုပ်ကွက် ဧရိယာများ အတွင်း ကျရောက်လျက်ရှိသော ကျေးရွာသစ်များ၏ မြေအမျိုးအစားသတ်မှတ်ချက်အပေါ် မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ တို့၏ မြို့/ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် သဘောတူခွင့်ပြုချက်ရရှိမှသာ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/

ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်ခြင်းကိစ္စရပ်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါ အဘားကျေးရွာအုပ်စုမှာ ဒေသအခေါ်အဝေါ်ဖြစ်၍ ပြည်ထဲရေးစာရင်းတွင် မပါရှိသည့် ကျေးရွာအုပ်စုအမည်ဖြစ်ပါသည်။ ပြည်ထဲရေးစာရင်းတွင် ကျုံအိပ်ကျေးရွာအုပ်စုဟုသာ အမည်ပေါက်ပါသည်။ ကျုံအိပ်ကျေးရွာအုပ်စုတွင် ပြည်ထဲရေးစာရင်းအရ ကျုံအိပ်ကျေးရွာ၊ ကရင်စုကျေးရွာ၊ ကျုံအိပ်ကပင်ကျေးရွာနှင့် ဖလောက်ကျေးရွာဟူ၍ ကျေးရွာ(၄)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ မေးခွန်းတွင်ပါရှိသည့် တာဂွတဲစုကျေးရွာသည် ပြည်ထဲရေးစာရင်းတွင် အမည်မပေါက်သေးသည့် ကျေးရွာဖြစ်ပါသည်။

ကရင်စုကျေးရွာ၊ ကျုံအိပ်ကပင်ကျေးရွာ၊ မြောက်ဖလောက်ကျေးရွာ၊ တာဂွကျေးရွာတို့ကိုစုပေါင်း၍ ကရင်စုကျေးရွာအုပ်စုရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၏ တင်ပြထားမှု၌ ကရင်စုကျေးရွာ၊ ကျုံအိပ်ကပင်ကျေးရွာ(၂)ရွာသည် ပြည်ထဲရေးစာရင်းတွင်ပါရှိ၍ မြောက်ဖလောက်ကျေးရွာမှာ ဖလောက်ကျေးရွာဟုသာ ပါရှိပါသည်။

တာဂွကျေးရွာနှင့်အတူ ပါဝင်ဖွဲ့စည်းမည့် ကျေးရွာ(၄)ရွာသည် ကျုံအိပ်ကျေးရွာအုပ်စုဟု ပြည်ထဲရေးအမည်ပေါက်ပြီးဖြစ်၍ တင်ပြချက်ပါကရင်စုကျေးရွာအုပ်စုဟု ဖွဲ့စည်းလိုပါက ကျေးရွာအုပ်စု အမည်ပြောင်းလျှောက်ထားရန်လိုအပ်မည် ဖြစ်ပါသည်။

ယင်းသို့ ကျေးရွာအုပ်စုအမည်ပြောင်းလျှောက်ထားရာ၌လည်း ပါဝင်ဖွဲ့စည်းမည့် ပြည်ထဲရေးအမည်မပေါက်သေးသည့် တာဂွကျေးရွာတည်ရှိမှု မြေအမျိုးအစားအား စိစစ်ရန်လိုအပ်ပါသည်။ မြေအမျိုးအစားသတ်မှတ်ချက်အပေါ် မူတည်၍ ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့၊ ကော်မတီ၏ သဘောတူခွင့်ပြုချက်ရရှိမှသာ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့၊ ပြင်ဆင်၊ အမည်ပြောင်းခြင်းကိစ္စရပ်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ ကရင်စုကျေးရွာ၊ ကျုံအိပ်ကပင်ကျေးရွာ၊ မြောက်ဖလောက်ကျေးရွာ၊ တာဂွကျေးရွာတို့ကို စုပေါင်း၍ ကရင်စုကျေးရွာအုပ်စု ရွာခွဲအဖြစ် သတ်မှတ်ပေးရန် ဒေသခံပြည်သူများ၏ သဘောထားဆန္ဒဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြေအမျိုးအစားသတ်မှတ်ချက်အား စိစစ်၍ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဖိုးစိန္ဒာစုကျေးရွာ၊ အောက်ကွေ့ကြီး ကျေးရွာအုပ်စုတို့ကို ရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးခွန်းမေးထားပါသည်။ သို့အတွက်ကြောင့် ဖိုးစိန္ဒာစုကျေးရွာနှင့် အောက်ကွေ့ကြီးကျေးရွာအုပ်စုတို့သို့ လွှတ်တော်ကိုယ်စားလှယ် ကွင်းဆင်းသည့်အခါတွင် ပြည်သူများမှ တောင်းဆိုသည့်အတွက် လုပ်ထုံးလုပ်နည်း ဥပဒေ၊ နည်းဥပဒေများအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝေါမြို့နယ်သို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ အမှုတွဲ တည်ဆောက်ပြီး တင်ရှိထားပါကြောင်း ပြောကြားလိုပါသည်။ သို့ပါ၍ ဖိုးစိန္ဒာစုကျေးရွာနှင့် အောက်ကွေ့ကြီး ကျေးရွာအုပ်စုတို့ကို ရွာခွဲအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြလာသည့် အုပ်စု(၂)စုသည် မိမိတို့က (၆)မိုင်ဝန်းကျင်ဖြစ်သည့်အတွက် (၃)ရွာလုံး ဖြေကြားပြီး ဖြစ်ပါသည်။ အုပ်စု(၂)စုနှင့် အဆင်ပြေမည်ဆိုပါက အုပ်စု(၂)စုနှင့်ဖွဲ့စည်းပြီး ဒေါ်ရီရီထိုက် တင်ပြသကဲ့သို့ ပြည်သူများ၏ သဘောဆန္ဒရယူပြီး ဖြစ်ပါက ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ပြီး အုပ်စု(၂)စုခွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်အဖြစ် တင်ပြဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့ကို ကတိကဝတ်နှင့် အာမခံချက်များ စာရင်းတွင် ထည့်သွင်းမှတ်တမ်းတင်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **“ဝေါမြို့နယ်ရှိ ဧက(၃၀၀)ကျော် ပေါ်ထွန်းနေသော သောင်မြေများကို မြေနုကျွန်း ဥပဒေအတိုင်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **“ဝေါမြို့နယ်၊ စက်မှုလယ်ယာစခန်းတွင် တောင်သူများအတွက် ဂျပန်နိုင်ငံထုတ် (ကိုဗိုတာ) ရိတ်သိမ်းခြွေလှေ့စက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **“ကျေးရွာများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ပေးခန့်ထားသော ဘဏ်အတွင်းရေးမှူးများအား ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) **"သမချေးငွေများ အပြည့်အဝမရရှိခြင်းနှင့် အသင်းသားများအား ထုတ်ဖယ်ခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ပထမနေ့)၌ မေးမြန်းရာတွင် တာဝန်ရှိသူမှ အသေးစိတ်ကို ကြားနာမှုပြုလုပ်ပြီး အသေးစိတ်စိစစ်၍ ပြန်လည် အကြောင်းကြားပေးမည် ဖြစ်ကြောင်းနှင့် အသင်းသား(၄၅)ဦးကိုလည်း အသင်းသစ် ပြန်လည်ဖွဲ့စည်းပြီး ချေးငွေရရှိအောင် ဆောင်ရွက်ထားပါကြောင်း လွှတ်တော်တွင် ဖြေကြားသော်လည်း ယနေ့အချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိသည့်အပေါ် မည်ကဲ့သို့ ဆောင်ရွက်လုပ်ကိုင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) **"ဒိုက်ဦး-စစ်တောင်းကားလမ်း ဖောက်ရာတွင် ပါသွားသော လယ်မြေများအား နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၈) **"ကျေးလက်ကျန်းမာရေးကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား သိရှိလိုပါ၍ ရှင်းလင်းဖြေကြားပေးရန်နှင့် ဒေသခံပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၆)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၏ တောင်ဘက်တွင် ပေါ်ထွန်းနေသော သောင်မြေဧက (၃၀၀)ကျော်ခန့်သည် လက်ပန်ကျေးရွာ၊ ပေါက်တန်းကျေးရွာ၊ သံခွန်ကျေးရွာ၊ ပုဂံကျေးရွာ အုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျှက်ရှိပါသည်။ ထိုသို့ ပေါ်ထွန်းလျှက်ရှိသော သောင်မြေများကို မြေနုကျွန်း ဥပဒေအတိုင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ် စက်မှုလယ်ယာစခန်းတွင် ဒေသခံ တောင်သူလယ်သမားများအတွက် ဂျပန် နိုင်ငံထုတ်(ကိုဗိုတာ)ရိတ်သိမ်းခြွေလှေ့စက်များ မရှိခြင်းကြောင့် တောင်သူများအခက်အခဲများ ကြုံတွေ့နေရပါသည်။ ဝေါမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြို့နယ်ဖြစ်ပါ သည်။ ပုဂ္ဂလိက ရိတ်သိမ်းခြွေလှေ့စက်များသည် ဈေးကြီးပေးရပြီး ခရီးဝေးလျှင် မလိုက် သောကြောင့် ဒေသခံတောင်သူများမှာ အချိန်မီမရိတ်သိမ်းနိုင်၍ ပဲစိုက်ရာသီ နောက်ကျခြင်းတို့နှင့် ကြုံတွေ့ နေရပါသည်။ သို့ဖြစ်ပါ၍ တောင်သူများအတွက် လိုအပ်လျှက်ရှိသော ဂျပန်နိုင်ငံထုတ် (ကိုဗိုတာ) ရိတ်သိမ်းခြွေလှေ့စက်များ ဝေါမြို့နယ်သို့ ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ခေတ်အဆက်ဆက်တာဝန်ပေးခန့်ထားသော ဘဏ်အတွင်းရေးမှူးတချို့သည် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးချိန်တွင် လယ်သမားများထံမှ စာရွက်စာတမ်းကြေး၊ ခရီးစရိတ်ကြေးများ တစ်ဦးလျှင် (၂၀၀၀/၃၀၀၀)နှစ်စဉ် ကောက်ခံလေ့ရှိပါသည်။ ငွေမပေးသော တောင်သူများကို ဘဏ်စာချုပ်များ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အချိန်မီမတင်ပေးခြင်း၊ မိမိတို့ လိုလားသူများကိုသာ အချိန်ဆောလျင်စွာ ဘဏ်သို့တင်ပေးခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိပါသည်။ စိုက်ပျိုးစရိတ်ချေးငွေမဆပ်နိုင်သော တောင်သူများကို ဘဏ်အတွင်းရေးမှူးများမှ စိုက်ဆပ်ပေးပြီး ကျသင့်သော အတိုးနှုန်းထက် ပိုမိုကောက်ခံထားခြင်းတို့ကြောင့် ယခုနှစ်တွင် ပြဿနာတက်သောကျေးရွာများရှိနေပါသည်။ သို့ဖြစ်ပါ၍ ခေတ်ပြောင်းသော်လည်း မပြောင်းလဲသော ကျေးရွာဘဏ်အတွင်းရေးမှူးများအား ကျေးရွာသူ/ကျေးရွာသားများအကြိုက် ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ၊ အောင်ပန်းညိုသမအသင်းဝင် အသင်းသား(၄၅)ဦးမှာ သမချေးငွေ ပြည့်ဝစွာမရရှိခြင်းကြောင့် တာဝန်ရှိသူများအား တင်ပြရာ အသင်းမှထုတ်ဖယ်ခြင်းခံခဲ့ရ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ဆက်စပ်မေးခွန်း မေးမြန်းရာသက်ဆိုင်ရာဝန်ကြီးမှ အသေးစိတ်ကြားနာမှုများပြုလုပ်ပြီး အသေးစိတ်စိစစ်၍ ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ကြောင်းနှင့် သမချေးငွေ အပြည့်အဝမရရှိသည့် အသင်းသား(၄၅)ဦးကိုလည်း အသင်းသစ်ပြန်လည်ဖွဲ့စည်းပြီး ချေးငွေရရှိအောင် ဆောင်ရွက်ထားပါကြောင်း ဖြေကြားခဲ့သော်လည်း ယနေ့အချိန်ထိ ထုတ်ဖယ်ထားသော အသင်းသား (၄၅)ဦးကို အသင်းအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အား ပြန်လည်အကြောင်းကြားခြင်းမရှိသည့်အပေါ် မည်ကဲ့သို့ ဆောင်ရွက်လုပ်ကိုင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနှင့် လေးအိမ်စုကျေးရွာမှ လယ်သမားဦးရေ(၄၀)ခန့်သည် ၂၀၀၁ခုနှစ်တွင် ဒိုက်ဦး-စစ်တောင်း ကားလမ်းပေါက်ရာတွင် လယ်ယာမြေများ ပါသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကားလမ်းဖောက်ရာတွင် ပါသွားသော လယ်မြေများအား နစ်နာကြေးပေး ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး ကျေးလက်ကျန်းမာရေးဆရာမများအပါအဝင် ကျေးလက်ကျန်းမာရေးကော်မတီများ ဖွဲ့စည်းထားပါသည်။ ထိုကော်မတီသည် နိုင်ငံတော်မှ ပံ့ပိုးထားသော ဆေးဝါးများကို ပွင့်လင်းမြင်သာစွာ ကျေးရွာရှိပြည်သူများအား ချပြပြောဆိုမှုများမရှိခြင်း၊ ကျေးရွာရှိရွာသူရွာသားများကို ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမျိုးမရှိခြင်း၊ ကော်မတီဖွဲ့ထားပြီး ဟန်ပြအဖြစ်သာ ရှိနေခြင်းများဖြစ်နေပါသည်။ ထို့ကြောင့် ဝေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည်

ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ခံစားနေရပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား သိရှိလိုပါ၍ ရှင်းလင်းဖြေကြားပေးပါရန်နှင့် ဒေသခံပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူ များမှ စီမံဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)၊ (၄)၊ (၅)နှင့် (၆)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်ရှိ ဧက(၃၀၀)ကျော် ပေါ်ထွန်းနေသော သောင်မြေများကို မြေနုကျွန်းဥပဒေအတိုင်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ ကွေ့ကြီးကျေးရွာအုပ်စု (ပေါက်တန်းကျေးရွာ)၊ အုတ်ဖိုကျေးရွာအုပ်စု (သံခွန်ကျေးရွာ)၊ ပုဂံကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော လက်ပန်ကျေးရွာ၏ တောင်ဘက်တွင် ပေါ်ထွန်းနေသော သောင်မြေများသည် နှစ်စဉ်ပေါ်ထွန်းနေသည့် (ဆက်စပ်ပေါ်မြေ)များဖြစ်ပြီး ဧရိယာအတိအကျ ခန့်မှန်း၍မရပါ။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ ကွင်းဆင်းတိုင်းတာစိစစ်၍ မြေပုံပါကွင်း၊ ဧရိယာအတိုင်း လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့တင်ပြပြီး မြေနုကျွန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ စက်မှုလယ်ယာစခန်းတွင် တောင်သူများအတွက် ဂျပန်နိုင်ငံထုတ် (ကိုဗိုတာ) ရိတ်သိမ်းခြွေလှေ့စက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ဒေသအလိုက် စက်မှုလယ်ယာစခန်းများ၌ ထွန်စက်ကြီးများကိုသာအဓိကထား၍ ဝန်ဆောင်မှုလုပ်ငန်း(အငှားလိုက်လုပ်ငန်း)များ ဆောင်ရွက်ပေးလျှက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်များအနေဖြင့် ပြည်ထောင်စုရန်ပုံငွေမှ နှစ်အလိုက် ဝယ်ယူဖြည့်တင်းပေးမှုအရ ပညာပေးလုပ်ငန်းအနေဖြင့်သာ လက်ရှိဆောင်ရွက်လျှက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဝေါမြို့နယ်အတွက် KUBOTA Combine Harvester(၁)စီး ဖြည့်တင်းပေးရန် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ပြထားကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျေးရွာများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ပေးခန့်ထားသော ဘဏ်အတွင်းရေးမှူးများအား ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ကျေးရွာဘဏ်အတွင်းရေးမှူး တာဝန်ပေးခန့်ထားရာတွင် တောင်သူလယ်သမားများကိုယ်စား အစုအဖွဲ့ခေါင်းဆောင်များမှ တစ်ဦးဦးကို ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရပါသည်။ အစုအဖွဲ့ခေါင်းဆောင်များမှ ရွေးချယ်တင်ပြထားသော ပုဂ္ဂိုလ်ကို သက်ဆိုင်ရာမြို့နယ်မန်နေဂျာမှ အတည်ပြုတာဝန်ပေးခန့်ထားရပါသည်။ မြို့နယ်ဘဏ်ခွဲမှ တိုက်ရိုက်ရွေးချယ်ခန့်အပ်ခြင်းမဟုတ်ပါ။

ကျေးရွာဘဏ်အတွင်းရေးမှူးအား ပြန်လည်ရွေးချယ်ရန် ကျေးရွာအုပ်စုအတွင်းရှိ တောင်သူအားလုံး၏ ထက်ဝက်ကျော်မှ တင်ပြတောင်းဆိုလာသည့်အခါတွင်လည်းကောင်း၊ ကျေးရွာဘဏ်အတွင်းရေးမှူးသည် မမှန်မကန်လုပ်ဆောင်နေကြောင်း တိုင်ကြားလာသည့်အခါ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး၊ မမှန်မကန် ပြုလုပ်နေကြောင်း၊ အမှုပေါ်ပေါက်သည့်အခါတွင်လည်း ကောင်း၊ အထက်အပိုဒ်(၁)ပါ လုပ်ငန်းစဉ်အတိုင်း ပြန်လည်ရွေးချယ်ခန့်အပ်ပေးရပါသည်။

အထက်အပိုဒ်(၂)ပါအကြောင်းအရာ တစ်ခုခုပေါ်ပေါက်မှုမရှိပါက ကျေးရွာဘဏ် အတွင်းရေးမှူးအား အသစ်ပြန်လည်ရွေးချယ်ခန့်ထားပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သမဈေးငွေများ အပြည့်အဝမရရှိခြင်းနှင့် အသင်းသားများအား ထုတ်ဖယ်ခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ပထမနေ့)၌ မေးမြန်းရာတွင် တာဝန်ရှိသူမှ အသေးစိတ်ကို ကြားနာမှုပြုလုပ်ပြီး အသေးစိတ်စိစစ်၍ ပြန်လည် အကြောင်းကြားပေးမည် ဖြစ်ကြောင်းနှင့် အသင်းသား(၄၅)ဦးကိုလည်း အသင်းသစ် ပြန်လည် ဖွဲ့စည်းပြီး ဈေးငွေရရှိအောင် ဆောင်ရွက်ထားပါကြောင်း လွှတ်တော်တွင် ဖြေကြားသော်လည်း ယနေ့အချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိသည့်အပေါ် မည်ကဲ့သို့ ဆောင်ရွက်လုပ်ကိုင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး(ပထမ)နေ့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ၄င်းအသင်းသား(၄၅)ဦးအား သက်ဆိုင်ရာမြို့နယ်သမဝါယမဦးစီးဌာနသို့ သွားရောက်ဆက်သွယ်၍ မွေးမြူရေး(သို့မဟုတ်) လက်လုပ်လက်စားသမဝါယမအသင်းအား စည်းကမ်းနှင့် အညီဖွဲ့စည်းပြီ အသေးစား အရင်းအနှီး ချေးငွေရရှိရေးအား အများနည်းတူဖြစ်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေဆိုခဲ့ပါသည်။

သို့ရာတွင် အသင်းသား(၄၅)ဦးမှာ ယနေ့ချိန်ထိသက်ဆိုင်ရာ မြို့နယ်သမဝါယမဦးစီးဌာနသို့ လာရောက်ဆက်သွယ်ခြင်းမရှိသောကြောင့် သမဝါယမဦးစီးဌာနတာဝန်ကျအဖွဲ့မှ ရွာသို့သွားရောက် ဆက်သွယ် ဖွဲ့စည်းပေးပြီး ချေးငွေများအား ဆက်လက်ထုတ်ချေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၆)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးမှ စတုတ္ထအကြိမ် ပထမနေ့တွင် ဖြေကြားသွားသည်ကို ဆောင်ရွက်ပေးခြင်း ရှိ/မရှိ စောင့်ကြည့်ရာတွင် (၁၀)ရက်ခန့်ကြာသည့်အချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိ၍ သက်ဆိုင်ရာမြို့နယ်သို့ လွှတ်တော်တွင် ဤကဲ့သို့ ဖြေကြားထားပြီး ဆောင်ရွက်ပေးရန် အကြောင်းကြားသည့်အခါ ဆောင်ရွက်ပေးမည်ဆိုသော်လည်း မလုပ်ဆောင်ပေး၍ တိုင်းအဆင့် ညွှန်ကြားရေးမှူးကို ဖုန်းဆက်ရာ ဟိုနေ့လာမည်၊ ဒီနေ့လာမည်ဆိုပြီး မလာရောက်သည့်အတွက် ယနေ့ အချိန်အထိ ရောက်ရှိလာခြင်းဖြစ်ပါသည်။ (၈-၁၂-၂၀၁၆)ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဖုန်းဆက်လာပါသည်။ သမမှဖုန်းဆက်၍ ပန်းညိုအသင်းသားများကို ဝေါသို့ခေါ်ပြီး အသင်းထပ်ဖွဲ့ပေးရန် အကြောင်းကြားလာပါသဖြင့် မိမိမှ မြို့နယ်သမဦးစီးအရာရှိကို ဖုန်းဆက်ပြီး ဟုတ်/မဟုတ်နှင့် မနက်ဖြန် မည်သည့်အချိန်လာရမည်ကို မေးမြန်းရာ ကျွန်တော်ပြောခြင်းမဟုတ်ကြောင်း၊ ဒုတိယဦးစီးမှူး ဦးဝေလင်းနှင့် ဦးစီးအရာရှိ ဦးအေးလွင်တို့နှင့် သေချာစွာညှိနှိုင်းပြီး ရွာသို့ဆင်းမည်၊ သို့မဟုတ် အသင်းသား(၄၅)ဦးက မြို့နယ်သို့တက်လာရမည်ကို ပြန်လည်ဖြေကြားပေးရန် ပြောကြားခဲ့ရာ၌ မြို့နယ်သို့တက်လာပါဟုဆို၍ (၉-၁၂-၂၀၁၆)ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံးသို့ အသင်းခေါင်းဆောင်ရွေး၍သွားရန် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ သို့သော် မြို့နယ်မှ ဝန်ကြီးဖြေကြား၍ ၎င်းတို့မှ ယခုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရပါသဖြင့် မည်သည့်နေ့၊ မည်သည့်အချိန် ချေးငွေရရှိအောင် ဆောင်ရွက် ပေးမည်ကို မပြောနိုင်ပါကြောင်း ပြောကြား သည့်အတွက် မည်သည့်နေ့၊ မည်သည့်လတွင် အသင်းသား(၄၅)ဦးအား ချေးငွေရရှိအောင် ဆောင်ရွက်ပေးမည် ဆိုသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးအား မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းသည့် သမဝါယမဦးစီး ဌာနမှ ချေးငွေနှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းကို ဖြေကြားပေးမည်ဖြစ်ပါသည်။ မိမိအနေနှင့် ပထမဦးဆုံး စတုတ္ထပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့သည့် အသင်းသား(၄၅)ဦး ချေးငွေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားသည်မှာ ဆောင်ရွက်ရန်အတွက် လွှတ်တော် ကတိကဝတ်များနှင့်ပတ်သက်ပြီး ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး အဆင့် ချေးငွေထုတ်ချေးရန် တိုင်းဒေသကြီးအဆင့်က ချေးငွေရရှိရေးနှင့် မရရှိရေးကို စီစဉ်ဆောင်ရွက်ပေးရမည်

ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်မှ ဖုန်းဆက်အကြောင်းကြားပြီး မြို့နယ်အဆင့်မှချေးငွေရရှိရေးအတွက် ဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်မည်ဆိုသည့်အတွက် တိုင်းဒေသကြီး သက်ဆိုင်ရာ ညွှန်ကြားရေးမှူး အနေဖြင့် သိရှိရခြင်းမရှိပါ။ သို့ပါ၍ လက်ရှိမေးမြန်းနေသည့်အချိန်မှစပြီး တိုင်းဒေသကြီး သမဝါယမ ညွှန်ကြားရေးမှူးမှတစ်ဆင့် ချေးငွေရရှိရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ချေးငွေချေးယူရမည့် ကာလရက်သတ်မှတ်ချက်ကို အတိအကျအကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ပြန်လည် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၆)နှင့် ပတ်သက်ပြီး ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၇)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦး-စစ်တောင်းကားလမ်း ဖောက်ရာတွင် ပါသွားသော လယ်မြေများအား နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်မှ ဒိုက်ဦး-စစ်တောင်းလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်မြေများအတွက် နစ်နာကြေးများ ပေးလျော်ရန် တင်ပြခြင်းနှင့်ပတ်သက်၍ လမ်းဦးစီးဌာနမှ ဝေါမြို့နယ် မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌထံသို့ တင်ပြစာပါ လယ်သမားများနှင့် လယ်ဧကများအား စာရင်းမှန်ကန်မှု ရှိ/မရှိ စိစစ်ပေးပါရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ညှိနှိုင်းထားရှိပြီး ဖြစ်ပါသည်။

ထပ်မံ၍ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး စာရင်းအမှန်များရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ရန်ပုံငွေ တင်ပြ တောင်းခံပြီး လယ်ယာမြေနစ်နာကြေးပေးချေနိုင်ရန်အတွက် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၇)အား ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျေးလက်ကျန်းမာရေးကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား သိရှိလိုပါ၍ ရှင်းလင်းဖြေကြားပေးရန်နှင့် ဒေသခံပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးကော်မတီများ လုပ်ငန်းများအနေဖြင့်

- ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း
- ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်
    - နိုင်ငံတော်မှ ပံ့ပိုးပေးသော ဆေးဝါးများကို သုံး၍ နေ့စဉ်ဆေးခန်းCommunity Clinic) များ ဖွင့်လှစ်ပေးကာ အခမဲ့ ကုသမှုပေးခြင်း
    - ခွဲတမ်းရရှိသောဆေးဝါးများကို ပြည်သူများ ပွင့်လင်းမြင်သာမှုရှိစေရန် စာရင်းပြုစု၍ ဆေးခန်းတွင် ကပ်ထားရန် အသိပေးခြင်း
    - ရာသီအလိုက်ဖြစ်ပွားသော ရောဂါများ ကာကွယ်ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ကျေးလက်နေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း
    - တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကွင်းဆင်း၍ စီမံဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ တစ်ဆက်တစ်စပ်တည်း ဖြေကြားလိုသည်မှာ ယေဘုယျမေးမြန်းသကဲ့သို့ ဖြစ်နေပါသည်။ မည်သည့်အုပ်စု၊ မည်သည့်ကျေးရွာတွင် ဆိုသည်ကို တိတိကျကျ မေးမြန်းပါက ပို၍ထိရောက်မှုရှိမည်ဖြစ်ပြီး ရှင်းလင်းစွာ ဖြေကြားပေးနိုင်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၈)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။သိရှိလိုသည့်အချက်အလက်များရှိပါက ဆက်စပ်မေးခွန်းမေးမြန်းနိုင်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျန်းမာရေးနှင့်ပတ်သက်သည့် ကော်မတီလုပ်ငန်းများသည် မည်သည်တို့ဖြစ်သည်ကို သိရှိသွားပြီဖြစ်၍ အလွန်ကျေးဇူးတင်ပါသည်။ ဝေါမြို့နယ်တွင်ရှိသည့် မည်သည့်အုပ်စု၊ မည်သည့်ရွာဟုဆိုရမည်ဆိုလျှင် တစ်မြို့နယ်လုံးရှိ ကျေးရွာများတွင် ဖြစ်နေပါသည်။ ဝေါမြို့နယ် တစ်မြို့နယ်လုံးရှိ ကျေးရွာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို လုံးဝလုပ်ကိုင်

ဆောင်ရွက်ခြင်းများမရှိသကဲ့သို့ ဖြစ်နေပါ၍ ၎င်းလုပ်ငန်းစဉ်များကို ပြည်သူလူထုအတွက် အမှန်တကယ် လုပ်ကိုင်ပေးမည်ဆိုပါက ပြည်သူလူထုအနေဖြင့် ကျန်းမာရေးအခက်အခဲများကို မကြုံတွေ့နိုင်ပါကြောင်း၊ သို့ပါ၍ အမြန်ဆုံး ၎င်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးအနေဖြင့် ညွှန်ကြားချက်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မိမိတို့ အကောင်အထည်ဖော်နေသည့် လူမှုရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် စီမံချက်များ ရေးဆွဲပြီး ပဲခူးတိုင်းတစ်တိုင်းလုံးတွင် ဆောင်ရွက်နေသည့် စီမံချက်ကို မိမိထံပေးပို့ပါသည်။ သို့သော်လည်း ဝေါမြို့နယ်တစ်မြို့နယ်လုံးတွင် ဆောင်ရွက်ခြင်းမရှိသည်ကို မိမိ ယခုမှ သိရှိရသည် ဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ခေါ်ယူပြီး ဝေါမြို့နယ်တွင် အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ/မရှိကို မေးမြန်းပြီး ပြန်လည်ရှင်းလင်းတင်ပြမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)ကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ထားရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကြယ်ပွင့်ပြမေးခွန်းများအား မေးမြန်းဖြေကြားရာတွင် အားလုံးက လွှတ်တော်ဆိုင်ရာ သတ်မှတ်ထားသည့် အချိန်ကာလများအတွင်း မေးမြန်းဖြေကြားကြရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မေးမြန်းမှုကိုသော်လည်းကောင်း၊ ဝန်ကြီးများအနေဖြင့် မိမိတို့ဖြေကြားရမည့်အချက်များကိုသော်လည်းကောင်း ပြည့်ပြည့်စုံစုံနှင့် အချိန်ကို အကျိုးရှိစွာ အချိန်ကိုကြည့်ပြီး မေးမြန်း၊ ဖြေကြားကြရန်ဖြစ်ပါတယ်။ လွှတ်တော်က ပြည်သူ၏အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ၏လိုအပ်ချက်များကို ဖြည့်စည်းအကောင်အထည်ဖော်ပေးရန် တာဝန်ရှိသည့်အတွက် အချိန်ကို အကျိုးရှိစွာ အသုံးချမည်၊ ပြည်သူကိုလည်း အကျိုးရှိစွာ အကောင်အထည်ဖော်ပေးမည် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ဝေါမြို့နယ်အတွင်းရှိ ကမာကဘန်ရိုးသစ်ကိုဖြတ်၍ တည်ဆောက်ထားသော ကွန်ကရစ်တံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ မြို့အဝင်စည်ပင်ရုံးရှေ့မှ ဆေးရုံရှေ့ထိ ၄၀၀ ဗို့ မီးကြိုးများ လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဝေါမြို့နယ်အတွင်းရှိ ကမာကဘာန်ရိုးဖြတ်တံတားသည် ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ကို ဆက်သွယ်သော မြို့နယ်ချင်းဆက်လမ်းမကြီးပေါ်တွင် ရှိသည့် ကွန်ကရစ်တံတားဖြစ်ပါ သည်။

ထိုတံတားသည် အရှည် ၃၀ပေ၊ အကျယ် ၄ပေခန့်ရှိသည့် ကွန်ကရစ်တံတားဖြစ်ပြီး ယခုအခါ တစ်ခြမ်းပြိုကျလျှက်ရှိပါသည်။ ထိုသို့ ပြိုကျနေသည့်အတွက် မြို့နယ်ချင်းကုန်သွယ် ကူးသန်းမှု၊ ကုန်ထုတ်မှုနှင့် ခရီးသွားများသွားလာရေးအတွက် အခက်အခဲများစွာဖြစ်ရပါသည်။

သို့ပါ၍ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်ချင်းဆက်လမ်းမကြီးပေါ်ရှိ ပြိုကျပျက်စီးနေသော ကမာကဘာန်ရိုးဖြတ်ကွန်ကရစ်တံတားအား အသစ်တည်ဆောက်ပေးရန်၊ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ မပါရှိသော်လည်း၂၀၁၇-၂၀၁၈ လာမည့် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဝေါမြို့နယ် ပေ(၈၀)လမ်းဆုံတွင် တည်ရှိသော 315KVA ထရန်စဖော်မာမှ ဓါတ်အား ဖြန့်ဖြူးနေသော 400V မီးကြိုးများသည် No;8, No;10 ကြိုးအသေးများဖြစ်နေပါသဖြင့် ဓါတ်အားသုံးစွဲသူပြည်သူများ၊ ရုံးဌာနများတွင် လျှပ်စစ်ဗို့အားအပြည့်မရရှိပါ။

သို့ပါ၍ အဆိုပါကြိုးအသေးများအစား ကြေးကြိုး No;4 အရှည် ၃၁၂၀ ပေရှိ ကြိုး(၃) ကြိုးကို ပြောင်းလဲတပ်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် မေးခွန်းမေးထားသည့်အချိန်အတွင်းမှာ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အစီအစဉ်ဖြင့် No;6 ကြိုးများကို လာလဲပေးပါသည်၊ လာလဲသည့်ကြိုးမှာ (၁၃၀) (၄)ခန်း (၄)ကြိုး ပေ(၅၂၀)လဲပြီးသားဖြစ်ပါသည်။ နောက်ထပ်လဲရန်ကျန်သည့် ဖြုတ်လဲထားသည့်ကြိုးက ပေ(၁၃၀) (၁)ခန်းသာကျန်ပါသည်။ မေးမြန်းထားသည့်ပေ(၃၁၂၀) (၃)ကြိုး လဲပေးရမည်ဖြစ်ပါသည်။ ပေ(၂၀၀၀)ကျော် ထပ်လဲရန်ကျန်နေသည့်အတွက် ကျန်နေသည့်အပိုင်းကို ဆက်လဲပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်အတွင်းရှိ ကမာကဘာန်ရိုးသစ်ကိုဖြတ်၍ တည်ဆောက်ထားသော ကွန်ကရစ်တံတားအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ ကမာကဘာန်ရိုးသစ်တံတားမှာ (၂၈ပေ×၁၁ပေ× ၁၀ပေ)ရှိ တံတားဖြစ်ပြီး ယခုအခါတွင် တံတားခံနိုင်ရည်အားမရှိတော့ခြင်း၊ ကွန်ကရစ်တံတား၏ အခင်းများ ပေါက်နေခြင်း၊ မိုးရာသီအချိန်က ပဲ့ထောင်များ တံတားအောက်မှ ဖြတ်သန်းသွားလာရာတွင် ကွန်ကရစ်ယက်မများ ထိခိုက်မှုရှိခဲ့ခြင်းတို့ကြောင့် ယက်မများ ပျက်စီးခြင်း၊ ကမ်းကပ်ခုံများလည်း အက်ကွဲနေကြောင်း မှတ်တမ်းပြုစုထားပါသည်။ အဆိုပါတံတားအား (၃၀ပေ× ၁၄ပေ×၁၂ပေ)ရှိ ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၃၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၉)ရွာ၊ အိမ်ခြေ(၂၀၅၄)အိမ်၊ လူဦးရေ(၁၁၁၃၀)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါကြောင်းကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိသည့်အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားသည့် စာရင်းများမှာလည်း ခန့်မှန်းရေးဆွဲပြီးဖြစ်ပါသဖြင့် ဆောင်ရွက်နိုင်ရန် အခွင့်အလမ်း မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် မပါဝင်ပါက ၎င်းတံတားသည် ကျေးရွာ(၉)ရွာအတွက် အလွန်အခက်အခဲဖြစ်နေပါ၍ ဌာနအနေဖြင့် ပြန်လည်စဉ်းစားပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးနိုင်ကြောင်း ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ကမာဘကန်ရိုးသစ်ကို ဖြတ်ပြီးဆောက်မည့် တံတားနှင့်ပတ်သက်၍ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့သည့် ခန့်မှန်းရန်ပုံငွေအရ မိမိတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ပြည်ထောင်စုမှနေ၍ ၂၂၀၂၄. ၄၆ ဘီလီယံ ခွင့်ပြုချက်တောင်းခံထားရာ ပြည်ထောင်စု လွှတ်တော်မှ ၆၆၄. ၃၈၉ ဘီလီယံသာ ရရှိခဲ့ကြောင်း ဦးစွာပထမတင်ပြလိုပါသည်။ မိမိတို့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လျာထားရန်ပုံငွေများကို တိုင်းဒေသကြီးလွှတ်တော်သို့ လက်ရှိအတည်ပြုပေးနိုင်ရန် တင်ပြထားပြီးဖြစ်ပါသည်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် တံတားပြန်လည်ပြုပြင်မည်ဆိုပါက

၎င်းတံတားအတွက် ကုန်ကျစရိတ်ကို တိုင်းဒေသကြီးအဆင့်အနေဖြင့် ပြည်ထောင်စုသို့ တင်ပြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုမှ အတည်ပြုချက်ပေးပြီး ပြင်ဆင်ခွင့်ပေးလျှင် တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်၍ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုမှ ပြင်ဆင်ခွင့်မပေးဘဲ လက်ရှိတင်ထားသည့် လျာထားချက်ကိုသာ ခွင့်ပြုမည်ဆိုလျှင် မိမိတို့ တိုင်းဒေသကြီးအဆင့်အနေဖြင့် ၎င်းကမာကဘန်တံတားကို လုပ်ဆောင်ပေးရန် အခက်အခဲရှိပါသည်။ သို့ပါ၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်အတွက် ပြင်ဆင်၍တင်ပေးကြည့်ပါမည်။ အကယ်၍ ရခဲ့ပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ မရခဲ့ပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်းကို ဖြေကြားပေးပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ မြို့အဝင်စည်ပင်ရုံးရှေ့မှ ဆေးရုံရှေ့ထိ ၄၀၀ ဗို့ မီးကြိုးများ လဲလှယ် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအထွက် ဓါတ်အားလိုင်းအရင်းပိုင်းရှိ No;8 ကြိုးနေရာတွင် No;4 ကြိုးဖြင့်လည်းကောင်း၊ No;10 ကြိုးနေရာတွင် No;6 ကြိုးဖြင့်လည်းကောင်း ပြောင်းလဲတပ်ဆင်သွယ်တန်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်ပြီး ပထမမေးမြန်းသည့် ပေ ၂၀၀၀ ကျော်ကျန်သည်ကို လဲလှယ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိမိမေးခွန်းမေးမြန်းစဉ်က တင်ပြသွားသကဲ့သို့ မေးခွန်းမေးထားသည့်အချိန်တွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အစီအစဉ်ဖြင့် ပေ ၁၃၀ (၄)ခန်း၊ ပေ ၅၂၀ ကို လက်ရှိစနေနေ့ကလဲပေးပြီး ဖြစ်ပါသည်။ ရုံးမှာကျန်သည့်ကြိုးမှာ လျှပ်စစ်လုပ်ငန်းခွင် ဝင်ကြည့်ရာ၌ (၁)ခန်းစာအတွက် ကျန်ပါသည်။ ပေ ၅၂၀ နှင့် ပေ ၁၃၀ ပေါင်းပါက ပေ ၆၅၀ ကို ပေ ၃၁၂၀ တွင် နုတ်ပါက ပေ ၂၀၀၀ ကျော်လဲရန်ကျန်ရှိပါသည်။ ၎င်းကို ဆက်ပြီးလဲပေးရန် အစီအစဉ် ရှိ/မရှိ သိလို၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ကြိုးများကို ပြောင်းလဲတပ်ဆင်ရန် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားထားပြီးဖြစ်ပါသည်။ စတိုထဲတွင် ပေ ၂၀၀၀ ကျော် ကျန်ရှိနေခြင်းအား စတိုတွင် ကျန်ရှိ/မရှိ စစ်ဆေးခြင်းနှင့် လက်ရှိတွင် ကျန်ရှိနေသေးသော စတီးကြိုးများအား တပ်ဆင်ခြင်းကို တွက်ချက်ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)ကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ၂၀၁၅ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်လိုက်သော အစိုးသစ်လက်ထက်မှာ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားပြည်သူများ၏ အရေးကို ရှေ့ရှု၍ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးမှသည် တိုင်းရင်းသားအဖွဲ့အစည်း အားလုံးနှင့် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေးအတွက်လည်းကောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ တန်းတူရရှိစေရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များအား ဖိတ်ကြား ဆွေးနွေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်လျှက်ရှိပါသည်။

**ရည်ရွယ်ချက်**

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ အပြန်အလှန် ရိုင်းပင်း ကူညီရေး။

- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့်
- ယခင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော အစီရင်ခံစာပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက် များအား လွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**ကော်မတီ၏လုပ်ဆောင်ချက်များ**

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် "လစဉ်ပုံမှန် အစည်း အဝေးများအပြင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်များအား လွှတ်တော်သို့ ဖိတ်ကြား၍ တိုင်းရင်းသားများ၏ လိုအပ်ချက်များအား တွေ့ဆုံညှိနှိုင်းဆွေးနွေး အကြံဉာဏ်များရယူခဲ့ပါသည်။

- ကော်မတီမှ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် လူထုအကျိုးပြုလုပ်ငန်းများ အခြေစိုက်လုပ်ကိုင်နေသော CIDKB အဖွဲ့နှင့် ပူးပေါင်းစီစဉ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့တွင် တိုင်းဒေသကြီးအဆင့် ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ (၁)ကြိမ်နှင့် NCA စာချုပ်ဆိုင်ရာ လူထုရှင်းလင်းပွဲ (၂)ကြိမ် ပြုလုပ်ခဲ့ရာ ပြည်ထောင်စုအဆင့် JMC ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ KNU ညောင်လေးပင်ခရိုင်ဥက္ကဋ္ဌနှင့် တပ်မတော်မှ ကျောက်ကြီးမြို့နယ် အခြေချ စစ်ဗျူဟာမှူးတို့ တက်ရောက်ခဲ့ပါသည်။

- တိုင်းရင်းသားစာပေ သင်ကြားရေးနှင့်ပတ်သက်၍ ကရင်စာပေ၊ သင်ရိုးညွှန်းတမ်းစာအုပ်၊ ၂၀၁၅-ခုနှစ် ထုတ် စာအုပ်နှင့် ၂၀၁၆-ခုနှစ် ထုတ် စာအုပ်များ ကွဲပြားခြားနားနေမှုအား စိစစ်လေ့လာ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကရင်တိုင်းရင်း သားရေးရာဝန်ကြီး၊ တိုင်းပညာရေးမှူးတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ပြည်ထောင်စုအဆင့်အထိ ကရင်စာပေ သင်ရိုးညွှန်းတမ်းစာအုပ် ကွဲပြားမှု အခြေအနေများအား တင်ပြခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားဝန်ကြီး၏ ဖိတ်ကြားချက်ဖြင့် ၂၀၁၆-ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့မှ (၅)ရက်နေ့အထိ တိုင်းရင်းသားများ၏ တိုင်းအဆင့်စာပေယဉ်ကျေးမှု ကော်မတီ ဖွဲ့စည်းညှိနှိုင်းအစည်းအဝေးများသို့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌမှ တက်ရောက်ညှိနှိုင်း အကြံပြုပူးပေါင်းပါဝင်ခဲ့ပါသည်။

## ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ပွဲတော်များတွင် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက လွှတ်တော်တွင် တင်ပြထားသော အစီရင်ခံစာများအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ ပေးပို့၍ လက်တွေ့ဆောင်ရွက်နိုင်ရေး တိုက်တွန်းရန်။
- တိုင်းရင်းသားစာပေ သင်ကြားရေးနှင့်ပတ်သက်၍ စနစ်တကျသင်ယူမှု၊ သင်ကြားမှုအခြေအနေများအား တိုင်းအတွင်း ကွင်းဆင်းလေ့လာကြည့်ရှုနိုင်ရန်။
- တိုင်းရင်းသားစာပေသင်ကြားရေးဆရာ/ဆရာမများ၏ လစဉ်ချီးမြှင့်ငွေကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာငွေများ စနစ်တကျ သုံးစွဲနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေနိုင်ရေး အတွက် တိုင်းပညာရေးမှူးနှင့် သက်ဆိုင်ရာဝန်ကြီးအား ဖိတ်ကြားတွေ့ဆုံဆွေးနွေးညှိနှိုင်းရန်။
- နိုင်ငံတော်အစိုးရမှ လွှတ်တော်အတွင်း သဘောတူညီမှုဖြင့် ရှေ့ဆက်သွားနေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသော NCA စာချုပ်ပါ အချက်အလက်များအား လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်စေရန် Peace Process နှင့် NCA ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို တိုင်းဒေသကြီးလွှတ်တော်အတွင်း ကျင်းပနိုင်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပြည်သူအကျိုးရှေးရှုကာ ကော်မတီလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တစ်ခြားသော လွှတ်တော်ရေးရာကော်မတီများနှင့် လုပ်ငန်းအစည်းအဝေးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်။

## နိဂုံး

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားတို့၏ လူမှုဘဝမြင့်မား တိုးတက်စေရေးကို ရှေးရှု၍ အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်၏ အင်အားတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နေမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ်၊ ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီအနေဖြင့်

- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို ( သို့မဟုတ် ) အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျစိစစ်ရန်၊
- ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ မူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ နှင့် မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်၊
- အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ကော်မတီမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် စိစစ်ပြီး အပြုသဘောဆောင်သော စောင့်ကြည့် ထိန်းညှိမှုဖြင့် ပြည်သူ့အတွက် အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေး၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော ဆောင်ရွက် သင့်သော လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် စီမံဆောင်ရွက်ရေးစိစစ်သွားရန်၊

စသည့် အရေးကြီးသော တာဝန်ဝတ္တရားများ ဖော်ဆောင်ရန်အတွက် အောက်ပါအစီရင်ခံစာကို ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဒုတိယအကြိမ်၊ ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်ယူခြင်း

အဋ္ဌမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ၂၃၊ ၉၊ ၂၀၁၆ နံနက် ၁၀ နာရီ

အဌမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ၂၆. ၉. ၂၀၁၆ နံနက် ၁၀ နာရီ

အဌမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ၂၇. ၉. ၂၀၁၆ နံနက် ၁၀ နာရီ

နဝမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆. ၁၀. ၂၀၁၆ နံနက် ၁၀ နာရီ

ဒသမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ၂၉. ၁၁. ၂၀၁၆ နံနက် ၁၀ နာရီ

ဒသမအကြိမ် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ၃၀. ၁၁. ၂၀၁၆ နံနက် ၁၀ နာရီ

အစည်းအဝေး (၁၀)ကြိမ် ရက်ပေါင်း (၁၈)ရက် ဆွေးနွေးပွဲ (၁)ရက်တို့ဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီတို့ ပူးပေါင်းပြုလုပ်သည့် လုပ်ငန်းညှိနှိုင်း ပူးပေါင်းအစည်းအဝေး အမှတ်စဉ် (၁)/၂၀၁၆

ပထမနေ့ကို ၂၇. ၁၀. ၂၀၁၆ နံနက် ၁၀ နာရီ

ဒုတိယနေ့ကို ၂၈. ၁၀. ၂၀၁၆ နံနက် ၁၀ နာရီ တို့တွင်ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီ ခန်းမ၌ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အမိန့်ကြေငြာစာအမှတ် ၂/၂၀၁၅

ပဲခူးတိုင်းဒေသကြီး လွှတ်တော် အမိန့်ကြေငြာစာ အမှတ် ၇/၂၀၁၅

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက် ၇/၂၀၁၅ နှင့် ၈/၂၀၁၆ တို့အရ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ငန်းများကို ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးကြောင်း အကြောင်းပြန်ကြားမှုသာ ကတိကဝတ်ကော်မတီမှ ပယ်ဖျက်နိုင်မည်ဖြစ်သဖြင့် အစိုးရအဖွဲ့မှ အချိန်နှင့်တပြေးညီ အထောက်အထား ခိုင်လုံစွာဖြင့် လစဉ်အကြောင်းပြန်ကြားပေးပါရန် လိုအပ်သည့် ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည့် မေးမြန်းဆွေးနွေးမှုအား

နိုဝင်ဘာ (၈) ရက်နေ့ နံနက် (၁၀) နာရီတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ

နိုဝင်ဘာ (၉) ရက်နေ့ နံနက် (၁၀) နာရီတွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး နှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ

နိုဝင်ဘာ (၁၀) ရက်နေ့ နံနက် (၁၀) နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ

နိုဝင်ဘာ (၁၁) ရက်နေ့ နံနက် (၁၀) နာရီတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ

နိုဝင်ဘာ (၁၁) ရက်နေ့ နေ့လည် (၁) နာရီတွင် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများတို့နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ရေးရာကော်မတီ ခန်းမတွင် ပြုလုပ်ခဲ့ပါသည်။

## ကော်မတီမှ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး

- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့် ပတ်သတ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေး လုပ်ငန်း အဖွဲ့ ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များအားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။
- ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆို အချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်း အဖွဲ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့် အကြံဉာဏ်များ ရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး (၄) ခရိုင်အလိုက် ဇုန်နယ်များသတ်မှတ်၍ အဖွဲ့ (၄) ဖွဲ့ခွဲ တာဝန်ယူကြပါသည်။
- လုပ်ငန်းများ ကွင်းဆင်းစိစစ်ရေးအဖွဲ့အတွက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီ အဖွဲ့ဝင်အားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။

## လုပ်ငန်းစဉ်

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃-၁၀-၂၀၁၆ မှ ၆-၁၀-၂၀၁၆ နေ့အထိ) ကျင်းပကာလရက် (၄) ရက်တွင် ကိုယ်စားလှယ်များ မေးမြန်းခဲ့သော အဆို မေးခွန်းအရေအတွက်မှာ အဆို(၁)၊ ကြယ်ပွင့်ပြမေးခွန်း(၁၂၄)၊ ကြယ်ပွင့်မပြမေးခွန်း (၁၁၇)ခုတို့ဖြစ်ပါသည်။

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃-၁၀-၂၀၁၆ မှ ၆-၁၀-၂၀၁၆ နေ့အထိ) ကျင်းပကာလရက် (၄) ရက်တွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေများအား ကော်မတီမှ အောက်ပါအတိုင်း အကောင်အထည်ဖော် စိစစ်နိုင်ခဲ့ပါသည်။

**အဆိုများ**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန (၁) ခု

**စုစုပေါင်း အဆို (၁) ခု**

**ကြယ်ပွင့်ပြမေးခွန်းများ**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန (၅) ခု

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး ၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၃၂) ခု

ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် (၁) ခု

ထိန်းသိမ်းရေးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန(၁၅) ခု

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဌာန (၃၉) ခု

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၁) ခု

**စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း (၉၃) ခု**

**ကြယ်ပွင့်မပြမေးခွန်းများ**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန (၁၄) ခု

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန (၇) ခု

ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် (၁) ခု

ထိန်းသိမ်းရေးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန(၁၃) ခု

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဌာန (၃၂) ခု

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် (၁) ခု

**စုစုပေါင်းကြယ်ပွင့်မပြမေးခွန်း (၆၈)ခု** တို့ဖြစ်ကြပြီး

အဆိုတင်သည့်ကိုယ်စားလှယ်ပေါင်း (၁) ဦး

ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၃၆) ဦး

ကြယ်ပွင့်မပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၂၄) ဦးတို့ ဖြစ်ပါသည်။

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ပြုမှု စုစုပေါင်း အဆို (၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၉၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၆၈) ခုတို့ကို စာရင်းပြုစုပြီး စနစ်တကျ နံပါတ်တပ်၍ စိစစ်သုံးသပ် မှတ်တမ်းတင် သိမ်းဆည်းခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ၏ ဒုတိယပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ် ဖြစ်မှု၊ မဖြစ်မှု အရေအတွက် အနှစ်ချုပ်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ မေးခွန်းများ ဖြေကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတိကဝတ်မပြုခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၃၁)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၄၉)ခု ပေါင်း (၈၀)ခုတို့အား မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

## ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

- တိုင်းဒေသကြီး ဝန်ကြီးဌာန အသီးသီးမှ တိုင်းဒေသကြီး လွှတ်တော်သို့မေးခွန်းများ ဖြေကြားရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့ထံ တင်ပြတောင်းခံမည့် လုပ်ငန်းများနှင့် ပတ်သတ်၍ မည်သည့်အချိန်တွင် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တစ်ပါတည်း ထည့်သွင်းဖြေကြားပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တိုက်တွန်းရန်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် မေးမြန်းသော ဆက်စပ်မေးခွန်းနှင့် အဖြေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မေးခွန်းဖြေကြားရာတွင် တစ်ဆက်တစ်စပ်တည်း ပေါင်းချုပ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ ပြန်လည်ပေးပို့ရန်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသည့် လွှတ်တော်ကော်မတီများ၏ အစီရင်ခံစာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ချက်များနှင့် လုပ်ငန်း အကောင်အထည်ဖော် အောင်မြင်မှုများကို အစိုးရအဖွဲ့မှ လွှတ်တော်သို့ စနစ်တကျ အစီရင်ခံ တင်ပြရန်။

- လွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားသည့် တိုင်းဒေသကြီးလွှတ်တော်၏ ဒုတိယနှင့် တတိယအကြိမ် မေးခွန်းများကို အရေးကြီးဆောင်ရွက်မှုအတိုင်း အဆင့်သတ်မှတ်၍ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများ စိစစ်ရွေးချယ် A* သတ်မှတ်၍ ပထမအကြိမ်

ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးမှုအတိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မေးမြန်း တွေ့ဆုံရန်။

- ကတိကဝတ်အဖြစ် သတ်မှတ်ခြင်းခံရသော ဖြေဆိုချက်များနှင့် ပတ်သတ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းအား သက်ဆိုင်ရာ ကတိကဝတ်ကော်မတီသို့ လစဉ်ပေးပို့ ညှိနှိုင်းဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးစီးကြောင်း အကြောင်းပြန်ကြားခြင်း လုပ်ငန်းအဆင်ပြေချောမွေ့ရန် နှင့် ကတိကဝတ်မှ ပယ်ဖျက်ရန်အလို့ငှာ ကြားနာခြင်း တစ်စိတ်တစ်ဒေသအဖြစ် လိုအပ်သည့် မေးမြန်းဆွေးနွေးမှုများ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာ ဌာနများမှ စာဖြင့်လွှတ်တော်သို့ ဖြေကြားရန်။

- ကော်မတီ၏ ပြည်သူ့အကျိုးရှေးရှုသော လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းအဆင့်အဖွဲ့အစည်းများဖြစ်သည့် အခြားသော လွှတ်တော်ဆိုင်ရာ ကော်မတီများနှင့်လုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး ကော်မတီနှင့် စီမံရေးရာကော်မတီတို့ (၂)လ (၁) ကြိမ် ပူးပေါင်းအစည်းအဝေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ ပူးပေါင်းအစည်းအဝေးအား အခါအားလျော်စွာ ပူးပေါင်းကျင်းပသွားရန်။

**နိဂုံး**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက်မှုများအား ပြသနိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ကတိကဝတ် အာမခံချက်များစိစစ်ရေး ကော်မတီမှ စနစ်တကျကဏ္ဍအလိုက် စိစစ် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူ့လိုလားချက်များနှင့်အညီ တင်ပြခဲ့သော အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်း ဖြေကြားပေးခြင်း၊ ကတိကဝတ် အကောင်အထည်ဖော်ခြင်းနှင့် ကျန်ရှိလုပ်ငန်းများကို ကော်မတီ၏ စိစစ်ညှိနှိုင်းမှုများအရ စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် များစွာဆောင်ရွက်နိုင်မည်ဟု ကော်မတီမှ ရှုမြင်သုံးသပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီသည် ပြည်သူ့ဘဝကို ပြောင်းလဲပေးနိုင်မည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အင်အားတစ်ခုအဖြစ် ပါဝင်နေမည် ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး" အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေထုတ်ပြန်ကြေငြာထားသည့် အမိန့်ကြော်ငြာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေးအဆို

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကဏ္ဍ၊ ပြဋ္ဌာန်းချက် (၃၅၄)-

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့) ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

- မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

- လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်
- အသင်းအဖွဲ့ (သို့မဟုတ်) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်

ဟု ဖော်ပြထားပြီး နိုင်ငံတော်၏ အခြေခံမူများ ၂၁ (ဃ) နိုင်ငံသားများ၏လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေ ပြဋ္ဌာန်းရမည်ဟုလည်း ဖော်ပြထားပါသည်။

နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် Mother Law ပင်မ အဓိက ဥပဒေပင် ဖြစ်ပါသည်။ ထိုဥပဒေကို ဆန့်ကျင်မလိုက်နာဘဲ ဥပဒေ(သို့မဟုတ်) အမိန့်ထုတ်ပြန်ခဲ့လျှင် ထိုအမိန့်သည် မူလကတည်းက ပျက်ပြယ်ပြီးဖြစ်ပါသည်။ သို့သော် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး အဆက်ဆက်သည် ဒီမိုကရေစီ အစိုးရ၏ ပုံရိပ်၊ ပြည်သူတို့၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသော အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ကြေညာ ခဲ့ပါသည်။ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၃ (၁. ၁၁. ၂၀၁၃)နှင့် ၅ /၂၀၁၆ (၁. ၃. ၂၀၁၆)တို့တွင် ပဲခူးမြို့နယ်၏ အဓိကလမ်းမကြီး(၃)ခုဖြစ်သည့် တောင်ငူလမ်း၊ ဘုရားလမ်း၊ သနပ်ပင်လမ်း တစ်လျှောက်သာမက လမ်းဝဲယာ ရပ်ကွက်အတွင်းရှိ လမ်းသွယ်များ၊ ပဲခူးမြစ်ကူးတံတားမှစ၍ တပ်မ(၇၇)ရှေ့၊ နာရီစင်လမ်းဆုံမှစ၍ ကမာနတ်ဓါတ်အားခွဲရုံရှေ့စသည့် မြို့ပေါ်တစ်ခုလုံး၏ နေရာဒေသများကို ကန့်သတ်အမိန့် ထုတ်ပြန်ခဲ့ပါသည်။ ရှင်းရှင်းပြောရရင် လူစည်ကားသည့် နေရာများတွင် ပြည်သူ့အခွင့်အရေး ဘာမှလာမသုံးနဲ့ဆိုသလို ဖြစ်နေပါသည်။

သို့သော် အထက်ပါလမ်းမများပေါ်တွင်ပင် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပခြင်း၊ စီတန်းလမ်း လျှောက်ခြင်း၊ ပြည်ထောင်စုနေ့အခမ်းအနားကြီးများကို လူဦးရေထောင်ကျော်ဖြင့်ကျင်းပခြင်း၊ အာဇာနည်နေ့ အခမ်းအနားကျင်းပခြင်းတို့ကိုလည်း ပြုလုပ်နေရပြန်ပါသည်။

အထက်ပါအချက်များကို ကြည့်ခြင်းဖြင့် မလျော်ကန်သည့် အမိန့်ထုတ်ပြန်ချက်တစ်ခုကြောင့် တာဝန်ယူနေရသည့် အစိုးရနှင့် ပြည်သူများလည်း အလိုလို ဥပဒေကို မလိုက်နာသူ၊ ချိုးဖောက်သူများအဖြစ်ကို ရောက်ရှိခဲ့ကြရပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာထုတ်ပြန်သည့် အချိန်များသည် ပြည်သူများ အေးချမ်းစွာနေထိုင်နေပြီး မည်သည့်မငြိမ်မသက်ဆူပူမှုမှ မရှိသည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် အုပ်ချုပ်ရေးမှူးထုတ်ပြန်ခဲ့သော အမိန့်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၈၈) (၁၄၁)တို့တွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို ကျော်လွန်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွန်အကျွံ အသုံးပြုခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုလုပ်ပိုင်ခွင့်ကို ကျော်လွန်၍ မယောင်ရာဆီလူးဥပဒေကြောင့် နိုင်ငံတော်၏ အရေးအကြီးဆုံးအချိန် တိုင်းပြည်၏ အဓိကလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးအတွက် ၂၁ ရာစုပင်လုံညီလာခံ ထောက်ခံပွဲကျင်းပရန် အတွက်ပင် အနှောင့်အယှက်ကြီးစွာ ဖြစ်ခဲ့ရပါသည်။

ဒီမိုကရေစီနိုင်ငံရေးတွင် ပြည်သူစိတ်ဝင်စားမှုကိုဖော်ဆောင်၍ ပြည်သူကိုပါဝင်လာစေခြင်းဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာအောင် တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ပြည်သူကို နိုင်ငံရေးစိတ်ပါဝင်စားမှု ရေချိန်လျော့ကျစေသည့် အမိန့်၊ ဥပဒေများသည် ယခုအချိန် ဒီမိုကရေစီအစိုးရခေတ်တွင် လုံးဝမရှိသင့်တော့ပါ။

မြန်မာနိုင်ငံတွင် အမြို့မြို့အနယ်နယ်၌ ၂၁ ရာစု ပင်လုံညီလာခံ ထောက်ခံပွဲကြီးများ ခြိမ့်ခြိမ့်သဲ ကျင်းပနေချိန်၊ ရန်ကုန်တိုင်းဒေသကြီး၏ မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလပန်းခြံ၏ လွတ်လပ်ရေးကျောက်တိုင်ကြီးရှေ့တွင် ၂၁ ရာစု ပင်လုံညီလာခံ ထောက်ခံပွဲကြီး ကျင်းပခွင့်ရချိန်တွင် ပဲခူးတိုင်းဒေသကြီး၏ တိုင်းမြို့တော်တွင် မယောင်ရာ ဆီလူးသော အမိန့်ထုတ်ပြန်ခံခဲ့ရသဖြင့် ကန့်သတ်နယ်မြေများကြောင့် မြို့အစွန်တွင် သွားရောက်ကျင်းပရမလို ဖြစ်နေခဲ့ပြီး အရေးကြီးသည့်သမိုင်းမှတ်တိုင်ကြီးကို တရားဥပဒေစိုးမိုးမှု၏စံပြ ဥပဒေဘောက်တော်သားများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရန်နှင့် ကျင်းပရန်နေရာ အခက်အခဲ ဖြစ်နေရပါသည်။

အထက်ပါအချက်များကို ထောက်ရှု၍ နိုင်ငံတော်တွင် ပြည်သူ့အစိုးရနှင့် ပြည်သူများပူးပေါင်း၍ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ရန်အတွက် ညီညွတ်ရေးကို ရှေးရှုရာမရောက်ဘဲ အခက်အခဲပေါင်းစုံ ဖြစ်ပေါ်စေသည့် အမိန့်များ၊ ပြည်သူတို့၏ အခွင့်အရေးများကို ပိတ်ပင်ထားသည့် အမိန့်များကို ဖျက်သိမ်း ပေးပါရန် အဆို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) က ဒေါက်တာစောညိုဝင်း၏ အဆိုကိုထောက်ခံ ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ထောက်ခံဆွေးနွေး သည့်အခါတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါအချက်အလက်များနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးမည်ဖြစ်ပါသည်။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(ခ)တွင် ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူ ဆိုင်ရာနေရာတွင် မိမိသဘောဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက် ပိုသူများက သတ်မှတ်စည်းကမ်းများ နှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုလိုပါသည်။ ပုဒ်မ ၂(ဂ)တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုသည်မှာ သတ်မှတ်ခွင့်ပြုထားသည့် အများပြည်သူဆိုင်ရာလမ်းတွင် မိမိသဘောဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက် မပါဘဲ ငြိမ်းချမ်းစွာစနစ်တကျ လှည့်လည်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆို ထားရှိပါသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအခန်း(၃) ပုဒ်မ (၄) တွင် အသိပေး အကြောင်းကြားခြင်းနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ (၄၈) နာရီ ကြိုပြီးတင်ပြရမည်ဖြစ်ပါသည်။ တင်ပြသည့်အခါတွင် ရည်ရွယ်ချက်များ၊ နေရာ၊ နေ့ရက်၊ အချိန်၊ အပိုင်းအခြား၊ အကြောင်းအရာ၊ မည်သူကဦးဆောင်မည်စသည့် အချက်အလက် များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ တင်ပြရပါမည်။ အခန်း(၄) ပုဒ်မ (၅)တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် အကြောင်းစုံအသိပေးစာရောက်ရှိ လာသည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ထံသို့ ဆောလျင်စွာ တင်ပြပေး ရမည်ဖြစ်ပါသည်။ ယင်းအချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ထပ်ဆင့်တင်ပြပေးရပါမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ဆောလျင်စွာထပ်ဆင့်ပြီး တင်ပြပေးရပါမည်။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအခန်း(၆) ပုဒ်မ ၁၂ (ဃ) တွင် ငြိမ်းချမ်းစွာစုဝေးခြင်း၊

စီတန်းခြင်း၊ လှည့်လည်ခြင်းများပြုသည့်အခါတွင် ဤဥပဒေပါစည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်း မရှိကြောင်း တွေ့ရှိရလျှင်၊ လိုက်နာခြင်းမရှိကြောင်း တိုင်ကြားချက်ကိုလက်ခံရရှိလျှင် ပထမဦးစွာ ဦးဆောင်သည့်သူကို သတိပေးရမည်ဖြစ်ပါသည်။ (ခ)အနေဖြင့် သတိပေးချက်ကိုလိုက်နာခြင်းမရှိသည့် အချိန်တွင်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ဆောလျင်စွာတင်ပြရမည်ဖြစ်ပါသည်။ တင်ပြပြီးမှ မြို့နယ်အုပ်ချုပ်ရေးမှူးက တားမြစ်စာထုတ်ပြန်ပေးရပါမည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ဆောင်ရမည့်အချက်ကို တရားဝင်ထည့်သွင်းပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်။ ယခုအခါ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းတင်ပြသည့် အဆိုတွင် မူလကတည်းက စီတန်းလှည့်လည်ခြင်းနှင့် စုဝေးခြင်းကို စာမတင်ခင်ကတည်းက မည်သည့်နေရာ များကို သွားလာခွင့်မရှိ၊ စုဝေးခွင့်မရှိ၊ စီတန်းလှည့်လည်ခွင့်မရှိဟု ဥပဒေကိုကျော်လွန်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့်သဘော ဖြစ်သည့်အတွက် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်း၏ အဆိုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ပါကြောင်းထောက်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်း၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းတင်ပြသွားသည့် အဆိုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးမည်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သည် ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သကဲ့သို့ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးလွှတ်တော်ဆိုသည့် ဌာနကြီးများရှိသည့် အတွက် ပဲခူးမြို့၏ပုံရိပ်၊ ပဲခူးတစ်တိုင်းလုံး၏ပုံရိပ်လည်း ဖြစ်ပါသည်။ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး အဆက်ဆက်သည် ဒီမိုကရေစီနှင့် မလျော်ညီသည့် အမိန့်များနှင့် ပြည်သူများ၏ ဒီမိုကရေစီရပိုင်ခွင့်များကို ဟန့်တားသည့် အမိန့်ကြော်ငြာစာများ ထုတ်ထားသည်ကိုလည်း တွေ့ရပါသည်။ ယာဉ်စည်းကမ်းကင်းဝေးရေး ဆိုသည့် အကြောင်းပြချက်တစ်ခုဖြင့် ပြည်သူများ၏ ဒီမိုကရေစီရပိုင်ခွင့်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီး ပဲခူးမြို့၏ အဓိကလမ်းမကြီးများဖြစ်သည့် တောင်ငူလမ်း၊ ဘုရားလမ်း၊ သနပ်ပင်လမ်း တစ်လျှောက်တွင် သာမကဘဲ ၎င်းလမ်းများနှင့် ဆက်စပ်နေသည့် ရပ်ကွက်ဝင်သည့် လမ်းသွယ်များ အားလုံးကိုပါ ကန့်သတ်နယ်မြေအဖြစ် ပိတ်ပင်ခဲ့ပါသည်။ ၎င်းပိတ်ပင်သည့် အမိန့်စာကို (၁-၁၁-၂၀၁၃)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၇/၂၀၁၃)ဖြင့်လည်းကောင်း၊ (၁-၃-၂၀၁၆)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၆) ဖြင့်လည်းကောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ၎င်းထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အများပြည်သူလိုက်နာရန်နှင့် အပ်နှင်း ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေများကိုကျင့်သုံး၍ အောက်ပါအတိုင်း အမိန့်ထုတ်ပြန်လိုက်သည်-

ပဲခူးမြို့နယ်အတွင်း ဖော်ပြပါနေရာများတွင် ဘုရားဝတ္တကမြေရှိခြင်း၊ အစိုးရရုံးများရှိခြင်း၊ တရားရုံးများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဆေးရုံဆေးခန်းများတည်ရှိခြင်း၊ ရောင်းဝယ်ဖောက်ကားမှုထူပြောခြင်း၊ လမ်းမပေါ်တွင် ယာဉ်နှင့်လူသွားလမ်းများတွင် လမ်းသွားလမ်းလာများ ဥဒဟိုရှိခြင်းတို့ကြောင့် ယာဉ်အန္တရာယ်

ရှိနိုင်ခြင်း၊ နိုင်ငံရေးအသွင်ဆောင်သော လှုပ်ရှားမှုများ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ ဟောပြော ဆွေးနွေးခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းများ မပြုလုပ်ရ နယ်မြေအဖြစ် သတ်မှတ်လိုက်သည်။

- ရန်ကုန်၊ ပဲခူး၊ တောင်ငူပုံမှန်လမ်း၊ ပဲခူးမြစ်ကူးတံတားမှ တပ်မ(၇၇)ရှေ့ထိ လမ်းတစ်လျှောက်နှင့် လမ်းဘေးဝဲယာရှိ ညောင်ဝိုင်းတောင်/မြောက်၊ ဈေးပိုင်း၊ ရုံးကြီး၊ မြို့သစ် ဟံသာဝတီရပ်ကွက် များသို့ ဝင်ထွက်သွားလာသော လမ်းသွယ်များအားလုံး။
- နာရီစင်လမ်းဆုံမှ ကမာနတ်ဓါတ်အားခွဲရုံရှေ့ထိ သနပ်ပင်လမ်းတစ်လျှောက်နှင့် လမ်းဘေးဝဲယာရှိ လိပ်ပြာကန်၊ ရှင်စောပု၊ ကျောက်ဖူးကုန်း၊ နန်းတော်ရာ၊ ဗိုလ်ကုန်း၊ ဟင်္သာကုန်းရပ်ကွက်များသို့ ဝင်ထွက်သွားလာသော လမ်းအားလုံး။
- ရွှေမော်ဓေါဘုရားလမ်းမျက်နှာစာ(၄)ဖက်နှင့် လမ်းဝဲယာရှိ မြို့တွင်းကြီး၊ ဟံသာဝတီ၊ ရှင်စောပု ရပ်ကွက်များသို့ ဝင်ထွက်သွားလာသော လမ်းသွယ်များအားလုံး။

အထက်ပါသတ်မှတ်ချက်သည် သာမန်ဘာသာရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော တရားပွဲကျင်းပခြင်း၊ ရဟန်းခံရှင်ပြုခြင်း၊ ရှင်လောင်းလှည့်လည်ခြင်း၊ ဘုံကထိန်လှည့်လည်ခြင်း၊ ဘာသာရေးဆိုင်ရာ စုဖွဲ့လှုပ်ရှားမှုများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာစုဖွဲ့လှုပ်ရှားမှုများနှင့် မသက်ဆိုင်စေရ။

ဤတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း၊ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာလိုက်သည်။ ဤစာကို ၂၀၁၆ခုနှစ် မတ်လ ၃ ရက်နေ့က ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ၎င်းအမိန့်ကြော်ငြာစာအရ ပဲခူးမြို့ပေါ်၏ လူစည်ကားရာနေရာ ဒေသအားလုံးကို ပိတ်ပင်ထားခြင်းဖြစ်သည်။ ပဲခူးမြို့နယ်၏ လူမှုရေးအခမ်းအနားကျင်းပသည့်နေရာများ မှာလည်း မိမိတို့က အစွန်အဖျားနေရာများတွင်သာ ကျင်းပ၍ရပါသည်။ လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည့် နေရာမှာ နိုင်ငံတော်၏ နောက်ဆုံး(၂၁)ရာစု ထောက်ခံပွဲများကို အစွန်အဖျားနေရာများတွင် သွားရောက်ပြုလုပ် ရသည့် သဘောရှိပါသည်။ သို့ပါ၍ မိမိအနေဖြင့် တင်ပြလိုသည်မှာ ယခုအချိန်အခါတွင် ပြည်သူက ထောက်ခံထားသည့် အစိုးရသစ်လည်း ပေါ်ပေါက်လာပြီဖြစ်သည့်အပြင် ပြည်သူရဲ့စိတ်၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်သည့် လွှတ်တော်ကြီးတစ်ရပ်လည်းရှိနေပြီဖြစ်သည့်အတွက်ကြောင့် ၎င်းအမိန့်ကြော်ငြာစာမျိုးကို ဖျက်သိမ်းရန်သင့်နေပြီဟု ယူဆပါသည်။ ၎င်းအမိန့်ကြော်ငြာကို ထုတ်ပြန်ခဲ့သည့်ကာလကို ပြန်ကြည့်မည်ဆိုလျှင် ၂၀၁၆ခုနှစ် မတ်လ (၁)ရက်နေ့ ဖြစ်ပါသည်။ မတ်လ (၁)ရက်နေ့သည် အစိုးရသစ်အာဏာမလွှဲပြောင်းမီ အချိန်ကာလကတည်းက ထုတ်ပြန်ထားသည့် အမိန့်စာဖြစ်ပါသည်။ ယခုအချိန်အခါမှာ ပြည်သူကို ဗဟိုပြုသည့် အစိုးရ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးမည့်လွှတ်တော်ကြီးလည်း ပေါ်ပေါက်နေပြီဖြစ်၍ ပြည်သူများ၏ အခွင့်အရေးကို ပိတ်ပင်တားဆီးသည့် အမိန့်ကြော်ငြာမျိုး မရှိသင့်တော့၍ ဆက်လက်မဖြစ်ထွန်းသင့်တော့ကြောင်း၊ ပြောင်းလဲချိန်တန်ပြီဖြစ်သည့်အတွက်ကြောင့် ပြည်သူတို့၏ ဒီမိုကရေစီလူ့အခွင့်အရေးကို ဖော်ဆောင်ပေးရန် အတွက် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းတင်ပြသည့် အဆိုကို ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမအကြိမ် လွှတ်တော်အစည်းအဝေးကြီးတွင် ဆက်လက်ဆွေးနွေးသင့်ပါကြောင်း လေးနက်စွာ ထောက်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာစောညို၀င်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညို၀င်း၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံး၀န်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညို၀င်းတင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး၀န်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၂၂)ပါ အစီအစဉ်ကို ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်အတွက် နောက်တစ်နေ့အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၄း၅၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၃)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၁၃ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]နှင့် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]တို့သည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့်လည်းကောင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်သည် ကျန်းမာရေးမကောင်းပါသဖြင့် (၁၃-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးကော်မတီက တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်[အတွင်းရေးမှူး၊ ဥပဒေပြုရေးကော်မတီ]**။ ။(၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ**။ ။၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]**။ ။၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ(၁၂)ရက် (တနင်္လာနေ့) ၊ (၁၀း၀၀)နာရီအချိန်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၂၁-၁၁-၂၀၁၆ ရက်စွဲပါ ၊ စာအမှတ် ၁၂/၅-၂/ဦး ၅ ဖြင့် အကြောင်းကြားချက်အရ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ(၁၂)ရက် (တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီအချိန် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပမည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့် တိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

**သက်ဆိုင်ရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်း နှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ(င)နှင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)တို့အရ သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့ပါ ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု ရှေ့နေချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား တာဝန်ခံ၍လည်းကောင်း၊ လုပ်ငန်းတာဝန်များအား ထမ်းဆောင်လျှက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံရေးနှင့် လုံခြုံရေးအစည်းအဝေးအား တစ်ပတ်လျှင် (၃)ကြိမ်တက်ရောက်ပြီး ဥပဒေရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်များပေးခြင်း၊ တင်ပြဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet) အစည်းအဝေးကို (၂)ပတ်တစ်ကြိမ် (ကြာသပတေးနေ့)တိုင်း ကျင်းပရာတွင် တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် တက်ရောက်ပြီး ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး

ဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်ပြီး နိုင်ငံရေး၊ စီးပွားရေး ၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေးကိစ္စများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်တောင်းခံလာမှုများအပေါ် ဥပဒေအကြံဉာဏ် ပေးခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ၊ နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ(က)တို့အရ အစီရင်ခံသည့် ကာလအတွင်း အောက်ပါပြစ်မှုဆိုင်ရာ အမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ် တောင်းခံလာခြင်းများအပေါ် ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်-

- အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ပဲခူးတိုင်းဒေသကြီး ၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စု ၊ နတ်ကတော်ခင်ကျေးရွာနေ ဒေါ်သန်းသန်းရီပါ-၂ဦးကမြေတိုင်းစာရေး-၄ ဦးမင်းရွှေအပေါ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)ရရှိရေးဆောင်ရွက်ပေးရာတွင် လယ်သမားများထံမှ ငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူမှု၊
- ဝေါမြို့မရဲစခန်း (ပ)၂၁၁/၂၀၁၆၊ တရားလိုဦးနိုင်ဝင်း၊မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဝေါမြို့နယ်နှင့်တရားခံဒေါ်လွင်လွင်ဦး၊ ကြီးကြပ်ရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဝေါမြို့ ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉အရ အရေးယူမှု၊
- ဒိုက်ဦးမြို့နယ်၊ အေးသုခနယ်မြေ ရဲစခန်း (ပ) ၆၈ / ၂၀၁၆တရားလိုဦးမြင့်လွင် လက်ထောက်ညွှန်ကြားရေးမှူး (စက်ရုံမှူး)၊ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံနှင့် တရားခံအေးကို သမအသင်းလီမိတက်၊ ထူးကြီးမြို့၊ အင်ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ရာဇသတ်ကြီး ပုဒ်မ ၄၀၉အရ အရေးယူမှု၊
- ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ၊ ဇိုင်းဂနိုင်းတောင်ပိုင်း ၊ မင်းလမ်း၊ အမှတ် (၅)အဆောက်အဦ၏ အောက်ထပ်ရှိ ဌာနပိုင် အခန်းအား ဈေးပြိုင်တင်ဒါခေါ်ယူငှားရမ်းရာတွင် တင်ဒါအောင်မြင်ခြင်းမရှိသည့် မူလငှားရမ်းသူမှ ဖယ်ရှားပေးခြင်းမရှိသည့်အပေါ် တရားစွဲဆိုနိုင်ရေး ဥပဒေအကြံဉာဏ် တောင်းခံလာမှု၊
- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင် မြေပေါ်ရှိအဆောက်အဦတွင် ခွင့်ပြုချက် ကုန်ဆုံးပြီးနောက် တရားမဝင်ဆက်လက်နေထိုင်သူအား ၁၉၅၅ခုနှစ်၊ အစိုးရ အိမ်ဉပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ ဖယ်ရှားနှင်ထုတ်နိုင်ရေးအတွက် အခွင့်ရ အာဏာပိုင် အပ်နှင်းနိုင်ရေး ဥပဒေအကြံဉာဏ် တောင်းခံလာမှု၊

- ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင် ဦးသန်းအောင်မှ ၎င်းအပေါ် ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန် လုပ်ကြံ၍ တရားစွဲဆိုခဲ့သည့်အပြင် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူလူထုအပေါ် ယုံကြည်မှုကင်းမဲ့စေပြီး ဂုဏ်သိက္ခာကျဆင်းအောင် ဝေဖန်ပုတ်ခတ်ပြောဆိုခဲ့ကြသည့်နတ်တလင်းမြို့နယ်မှ ကိုသန့်ဇင်ထက် ဦးဆောင်သောအဖွဲ့၊ ဇီးကုန်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဒု-ဥက္ကဋ္ဌ ဦးစောမောင်သိန်း ၊ အတွင်းရေးမှူး ဦးခင်ဆွေ၊ မြို့နယ်အလုပ်အမှုဆောင် ဦးအောင်မြတ်သူ ၊ ဒေါ်သန့်သန့်ထွန်း၊ ဒေါ်ဖြူဖြူသိန်းတို့ ဦးဆောင်သောအဖွဲ့၊ ဇီးကုန်းမြို့နယ် အမျိုးသားတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း မောင်မောင်ဝင်းနှင့် ၂၀၁၅ရွေးကောက်ပွဲ စောင့်ကြပ်ရေးမှူး ဦးညွန့်ဝင်းတို့ပါ ပူးပေါင်းအဖွဲ့အပေါ် တရားစွဲဆိုနိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ခွင့်ပြုအကူအညီပေးနိုင်ပါရန် တင်ပြလာသည့်အမှု၊
- ပြည်မြို့နယ်တရားရုံး ၊ တရားမဇာရီမှုအမှတ် - ၄၉/၂၀၁၄ ၊ တရားနိုင် မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်နှင့် တရားရှုံး ဒေါ်လှလှဝင်းပါ - ၂ ၊ ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်သို့ တရားမအထွေထွေမှု တင်သွင်း လျှောက်ထားမှု၊

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြအပ်ခြင်း**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းအတွင်း ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈၊ ဇယား(၂)အရ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၃၆)ခုအနက် အစီရင်ခံသည့် ကာလအတွင်း နည်းဥပဒေ(၇)ခုသာ ထုတ်ပြန်နိုင်ခဲ့သဖြင့် ကျန်ရှိသည့်နည်းဥပဒေများအား သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ အရ ထုတ်ပြန်ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြံပြု တင်ပြဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး၏လမ်းညွှန်မှု၊ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီးအသေးစားနှင့် အလတ်စားလျှပ်စစ်ဓါတ်အားလုပ်ငန်း နည်းဥပဒေ ထုတ်ပြန်ဆောင်ရွက်နိုင်ရေး အကူအညီတောင်းခံမှုအရ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် လိုအပ်သည့် နည်းဥပဒေအား ဥပဒေရေးထုံးရေးနည်းနှင့်အညီ ကူညီရေးဆွဲဆောင်ရွက်ပေးခဲ့ပါသည်။

၎င်းအပြင် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် ၂၅-၃-၂၀၁၄ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေသည် လက်ရှိပြောင်းလဲလာသည့်အခြေအနေနှင့် ဆီလျော်မှုမရှိခြင်းကြောင့် လည်းကောင်း၊ ဥပဒေတွင် အားနည်းချက်၊ ချို့ယွင်းချက်များအရလည်းကောင်း ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းရေးဆွဲရေး ကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်သူ့အကျိုးအတွက်ရည်ရွယ်၍ အချိန်ယူရေးဆွဲခဲ့သည့် ၂၀၁၆ခုနှစ်၊

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)အပေါ် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ဥပဒေကြောင်းအရ အကြံပြုဆောင်ရွက်ပေး ခဲ့ပါသည်။

ဆက်လက်ပြီး အစီရင်ခံသည့်ကာလအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)နှင့် ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနက ပေးပို့တင်ပြလာသည့် မကြာမီပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းမည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ် (မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကို ဥပဒေနှင့်အညီ စိစစ်ပြီးလိုအပ်သည်များကို ဥပဒေရှုထောင့်မှ အကြံပြု ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ပေးပို့လာသည့် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)အပေါ် ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်ပြီး လိုအပ်သည်များကို ဥပဒေရှုထောင့်မှ အကြံပြုပေးခဲ့ပါသည်။ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ဥပဒေကြမ်း ရေးဆွဲရေးကော်မတီ၊ ဥပဒေ ပညာရှင်အဖွဲ့များနှင့် ပူးပေါင်းကာ ဥပဒေ(မူကြမ်း)များ ရေးဆွဲခြင်းနှင့်အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများစိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၈-၆-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၀၀(၀)/၇/သမ္မတရုံး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စာချုပ်များချုပ်ဆို ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရေး ၊ နိုင်ငံတော် အတွက်ရသင့်ရထိုက်သော အခွန်အခများ နစ်နာဆုံးရှုံးမှုမရှိစေရေးတို့အတွက် စာချုပ်များချုပ်ဆိုခြင်းမပြုမီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်များ တောင်းခံရယူ၍ အဆိုပါသဘောထား မှတ်ချက်များနှင့်အညီ ပြင်ဆင်ပြီးမှ ဆောင်ရွက်သွားရန် ညွှန်ကြားချက်နှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့်ဒေသဆိုင်ရာ စာချုပ်စာတမ်းများနှင့် ပတ်သက်၍ သဘောထားမှတ်ချက်များ တောင်းခံလာမှုများအပေါ် ဥပဒေရှုထောင့်မှစိစစ်အကြံပြုခဲ့ပါသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်သည့် သဘောတူစာချုပ်များအပေါ်တွင်လည်း ဥပဒေရှုထောင့်မှ စိစစ်အကြံပြုပေးခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီး ဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေအကြံဉာဏ် တောင်းခံလာသည့် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများအပေါ် ဥပဒေနှင့်အညီ စိစစ်အကြံပြုခဲ့ပါသည်-

- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် The International Oganization for Migration ( IOM ) အဖွဲ့တို့ လုပ်ငန်းများပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးမည့် ( MoU ) အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ ။

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ စိုက်ပျိုးရေး ၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံး ငွေရင်း ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား တင်ဒါအောင်မြင်သည့် စစ်မင်းဇရော ကုမ္ပဏီနှင့် ချုပ်ဆိုဆောင်ရွက်မည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း ကိစ္စ၊
- ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် GOLD Energy Co.Ltd တို့အကြား ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) (မုန်း၊ ဇောင်းတူ၊ မြစ်ကျိုးမြို့နယ်မှအပ) မြို့နယ်၊ မြို့များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချရေးလုပ်ငန်းအတွက် ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ၊
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ ချုပ်ဆိုမည့် လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်များ (မူကြမ်း) အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နယ်မြေဒေသ ဖွံ့ဖြိုးမှုစီမံကိန်း ( Spatial Development Plan )အား ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ခိုင်မာတိကျသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ အကြံပြုရေးဆွဲပေးပါရန် အကြောင်းကြားခြင်းကိစ္စ၊
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တောင်ငူပညာရေးကောလိပ် ကျောင်းသစ်အတွင်းရှိ လေ့ကျင့်ရေးကျောင်း၊တည်ဆောက်ရေးလုပ်ငန်းများအတွက် ပစ္စည်း ပေးသွင်းတပ်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့် Kaung Dana Aung (Myanmar) Co,Ltd နှင့် ချုပ်ဆိုမည့်သဘောတူညီချက် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

**ဝန်ကြီးချုပ်ခရီးစဉ်နှင့်အတူလိုက်ပါ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအမှူးများနှင့် အတူ တိုင်းဒေသကြီးအတွင်းရှိ၊ ခရိုင် ၊ မြို့နယ်များသို့သွားရောက်ကာ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအား ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မှုအခြေအနေအား တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ အရ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့် ယင်းဥပဒေပုဒ်မ ၂၇ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် ပြစ်မှုဆိုင်ရာအမှုများအား တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီဖြစ်စေရေးအတွက် တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ်တောင်းခံလာမှုအပေါ် ဥပဒေအကြံဉာဏ်ပေးခဲ့မှု (၇၅၂)မှု ရှိခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တရားစွဲအဖွဲ့အစည်းက တရားစွဲတင်ခြင်းမပြုနိုင်သဖြင့် ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသည့်အမှုများအနက် စုံထောက်မရမှုဖြင့်ပိတ်သိမ်းမှု(၄၆)မှု၊ ရဲအရေးမပိုင်မှုဖြင့် ပိတ်သိမ်းမှု(၅)မှု၊ မှားယွင်းမှုဖြင့် ပိတ်သိမ်းမှု(၁၁)မှု၊ လွှဲပြောင်းမှုဖြင့် ပိတ်သိမ်းမှု(၁၂)မှု၊ တရားခံသေဆုံးမှုဖြင့် ပိတ်သိမ်းမှု(၁၇)မှု၊ စုစုပေါင်း ပိတ်သိမ်းမှု(၉၁)မှု အား ပိတ်သိမ်းခွင့် ပြုခဲ့ပါသည်။

၎င်းအပြင် အစီရင်ခံသည့်ကာလအတွင်း ပြည်သူအချင်းချင်းဖြစ်ပွားခဲ့သည့်အမှုများအနက် ရုပ်သိမ်းခွင့်ပြုပါရန် နစ်နာသူများကိုယ်တိုင်တင်ပြ လျှောက်ထားလာသည့်အပေါ် ပြည်ထောင်စု ရှေ့နေချုပ်နည်းဥပဒေများ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှုပေါင်း(၉၀)မှုအား သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီရုပ်သိမ်းခွင့်ပြုခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ကိုယ်စား သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်တွင် လိုက်ပါဆောင်ရွက်ခဲ့သည့် အမှုများအနေဖြင့် မူလမှု (၄၄၆၅)မှုဖြစ်ပါသည်။ အဆိုပါအမှုများတွင် ရုပ်သိမ်းခွင့်ပြုခဲ့သည့် အမှု(၉၀)မှု၊ စွဲချက်မတင်မီတရားရှင်လွှတ်ခဲ့မှု (၃၃)မှု၊ တရားသေလွှတ်ခဲ့မှု (၂၆)မှု၊ ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမှု (၄၃၁၆)မှု၊ စုစုပေါင်း (၄၄၆၅)မှု ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တရားရုံးအဆင့်ဆင့်သို့ တင်သွင်းခဲ့သည့် ပြင်ဆင်မှု (၂၄၇)မှု၊ အယူခံမှု (၃၇)မှု၊ အထွေထွေ လျှောက်ထားမှု (၁၆)မှုဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ်ပါဝင်သည့် ဘဏ်ချေးငွေစွဲဆိုမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်တွင် လိုက်ပါဆောင်ရွက်ခဲ့ရာတွင် တရားမမှုကြီး မှု(၂၆)မှု၊ တရားမဇာရီမှု (၅၂၆)မှု ဖြစ်ပါသည်။

**လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်းနှင့် အခမ်းအနားများသို့ တက်ရောက်ခဲ့ခြင်းများနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အောက်ပါလုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊ အခမ်းအနားများသို့ တက်ရောက်ခဲ့ကာ ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်-

- ၃. ၁၀. ၂၀၁၆ ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေး၊
- ၄. ၁၀. ၂၀၁၆ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် စက်မှုဇုန်အစည်းအဝေး၊

- ၅. ၁၀. ၂၀၁၆ ရက်နေ့မှ ၇. ၁၀. ၂၀၁၆ ရက်နေ့အထိ တိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေး ၊
- ၈. ၁၀. ၂၀၁၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် ပုံမှန်အစည်းအဝေး၊
- ၉. ၁၀. ၂၀၁၆ ရက်နေ့မှ ၁၀. ၁၀. ၂၀၁၆ ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် (Cabinet)အစည်းအဝေး၊
- ၁၃. ၁၀. ၂၀၁၆ ရက်နေ့တွင် ရွှေဝါထွန်းဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အခမ်းအနား၊
- ၁၇. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် စက်မှုဇုန်မြေငှားရမ်းမှုနှုန်းထားများ သတ်မှတ်မှုအစည်းအဝေး၊
- ၁၉. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် တိုင်းဒေသကြီး အခွန်ဦးစီးမှူးနှင့် တာဝန်ရှိသူများတွေ့ဆုံပြီး ကျင်းပပြုလုပ်ခဲ့သည့် သတ်မှတ်ထားသည့် အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိရေးနှင့် အခွန်ပုန်း၊ အခွန်ရှောင်များ ဖော်ထုတ်အရေးယူ ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး၊
- ၂၁. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် (Cabinet)အစည်းအဝေး၊
- ၂၅. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊
- ၂၆. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်နှင့် ကေတုမတီတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၊
- ၂၈. ၁၀. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၊
- ၃. ၁၁. ၂၀၁၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊
- ၉. ၁၁. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် စက်မှုဇုန်များတွင် ကျူးကျော်သူများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊
- ၁၇. ၁၁. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေအသစ်(မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊

- ၁၈. ၁၁. ၂၀၁၆ ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် (Cabinet)အစည်းအဝေး။

**တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအပေါ် တင်ပြအပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တာဝန်ပေးအပ်ချက်အရ နစ်နာသူများအနေဖြင့် နိုင်ငံတော်အကြီးအကဲများထံပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာ (၁၁)စောင်နှင့်ပတ်သက်၍ မှန်ကန်မှုရှိမရှိ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့တင်ပြဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့လာသည့် အောက်ပါတိုင်ကြားစာများအပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်တစ်ကွ ပြန်လည်တင်ပြဆောင်ရွက်ခဲ့ပါသည်-

- တိုင်ကြားသူ မောင်ဟိန်းသက်စိုး (ဘ)ဦးခင်မောင်ထွေး၊ ၇/ပမန(နိုင်)၁၇၆၃၄၆၊ အောင်သုခရပ်၊ ရွာဘဲရပ်ကွက်၊ပြည်မြို့နေသူက ၁၃. ၁၀. ၂၀၁၆ ရက်စွဲပါစာဖြင့် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံလိပ်မူပြီး ရှေ့နေတစ်ယောက်၏လုပ်ပိုင်ခွင့် ၊ အခွင့် အာဏာကိုသုံးပြီး ပြည်သူအားမဟုတ်မမှန်လုပ်ကြံ၍ တရားစွဲဆိုခြင်းနှင့် ငွေတောင်းခံခြင်း အပြင် အမှုတစ်ခုနှင့်ပတ်သက်ပြီး လိမ်လည်၍ ငွေတောင်းခံခြင်းအား စစ်ဆေးဖော်ထုတ် အရေးယူပေးပါရန် တိုင်ကြားစာ၊
- ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ထန်းတပင်မဲဆန္ဒနယ်မြေ၊ တောင်ငူခရိုင်၏ ၄. ၁၁. ၂၀၁၆ ရက်စွဲပါစာဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံ လိပ်မူပြီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၉/၂၀၁၆ ၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုတွင် နစ်နာသူ တရားလိုဒေါ်စန်းရီ၏ အမှုရုပ်သိမ်းခွင့် တင်ပြလျှောက်ထားမှုအပေါ် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ခွင့်မပြုခဲ့သည့်အပေါ် ပြန်လည် စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြစာ။

**အထွေထွေ**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဇယား ၂၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၊ အပိုဒ် ၆ ၊ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ အပိုဒ်ခွဲ(ဇ) အရ " ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပဲခူးတိုင်း ဒေသကြီးအတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများဆိုင်ရာ ဆောက်လုပ်ရေး ဆိုင်ရာဥပဒေ (မူကြမ်း) "**အား ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန် ပေးအပ်ချက်အရ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ ပြင်ပဥပဒေပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အကြံဉာဏ်များရယူ ဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု၊ ဆောက်လုပ်ရေးအပိုင်းအတည်ပြုချက်လုပ်ငန်းနှင့် ရန်ပုံငွေများ အဆိုပြုရာတွင် ကြိုတင်ဆောင်ရွက်သင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြံပြုချက်များ တင်ပြဆောင်ရွက်ခဲ့ပါသည်။

ဂင်းအပြင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း/ ပြည်ပကုမ္ပဏီများ၊ အဖွဲ့စည်းများ၏ချေးငွေများ၊ အထောက်အပံ့များရယူ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချုပ်ဆိုသည့်စာချုပ်စာတမ်းများတွင် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပက်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ထည့်သွင်းချုပ်ဆိုသည့် သဘောတူစာချုပ်သည် မူဘောင်သဘောတူ စာချုပ်အသွင်ဆောင်သည့်စာချုပ်၊ မူဘောင်သဘောတူညီချက်အသွင်မဆောင်သည့် စာချုပ်၊ မူဘောင် စာချုပ်အရ နောက်ဆက်တွဲချုပ်ဆိုရမည့်စာချုပ်များ ချုပ်ဆိုခြင်းအားဖြင့် နိုင်ငံတော်နှင့် ဌာနအပေါ် ကျရောက်မည့်အခွင့်အရေးနှင့် တာဝန်များကိုရှင်းလင်းတင်ပြ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဥပဒေအကြံပြုချက်များ တင်ပြဆောင်ရွက်ခဲ့ပါသည်။

ဂင်းအပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃၀. ၉. ၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာ စာအမှတ် ၁၄၆/၂၀၁၆ ဖြင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနောက်ဆက်တွဲဇယားပြင်ဆင်သတ်မှတ်ချက်များ နှင့်အညီ ချုပ်ဆိုဆောင်ရွက်မည့်စာချုပ်စာတမ်းများအား မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဥပဒေအကြံပြုချက်များ တင်ပြဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်အစိုးရပိုင် ဘဏ်ချေးငွေကြွေးကျန်များနှင့် စပ်လျဉ်း၍ တရားရုံး၌အပေါင်ဒီကရီ ရလိုမှုစွဲဆိုရာတွင် တရားလိုဘဏ်များကအနိုင်ဒီကရီမှုများ ဖွင့်လှစ်ဆောင်ရွက်သည့်အခါလေလံကြမ်းခင်း ဈေးတင်ပြရာ၌ကြမ်းခင်းဈေးနှင့် ကာလပေါက်ဈေးကွာဟမှုရှိခြင်းကြောင့် လေလံများမအောင်မြင်ပဲ အမှုများ ကြန့်ကြာလျက်ရှိနေခြင်းအပေါ် တရားနိုင်ဘဏ်များအနေဖြင့် ဌာနဆိုင်ရာအကြီးအကဲများပါစုံစမ်းစစ်ဆေး ရေးအဖွဲ့များအကူအညီဖြင့်ကြမ်းခင်းဈေးကိုတင်ခန့်မှန်း တင်ပြဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)အရ အရေးယူသည့်မှုခင်းများအား တရားစွဲဆိုခြင်းမပြုမီဥပဒေနှင့်အညီဖြစ်စေရေး အတွက် တရားစွဲအဖွဲ့အစည်းကဥပဒေအကြံပြုတောင်းခံလာသည့်အခါ ဥပဒေရုံးအဆင့်ဆင့်သည် ပြည်ထောင်စု ရှေ့နေချုပ်နည်းဥပဒေများ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသေချာစွာစိစစ်ပြီး ဥပဒေနှင့် အညီ တရားခံအပေါ်တရားစွဲ ဆိုနိုင်ရေးအတွက် အဓိကအားဖြင့် တရားခံသည် ဆက်သွယ်ရေးကွန်ရက်အား အသုံးပြုခဲ့ကြောင်း၊ တရားစွဲအဖွဲ့အစည်းက စုံစမ်းဖော်ထုတ်၍ ရဲစက္ကူအမှုတွဲတွင် အထောက်အထား ခိုင်မာစွာတင်ပြစေရန်ညွှန်ပြခဲ့ပါသည်။

**နိဂုံး**

ယနေ့အချိန်အခါသည် အစိုးရသစ်အနေဖြင့်နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုတိုးတက်မြင့်မားလာစေရန် အလေးထားဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်တွင် ပါဝင်ဆောင်ရွက်နေသည့် တစ်ခုတည်းသော ဥပဒေဆိုင်ရာအဖွဲ့အစည်းဖြစ်ပါသည်။

**တရားဥပဒေစိုးမိုးရေးအတွက်ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်းသည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်၏ မျှော်မှန်းချက်ဖြစ်သည်**နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် နိုင်ငံတော်အစိုးရ၏ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ မူဝါဒများပိုမိုခိုင်မာ အားကောင်းလာစေရန်ရည်ရွယ်ပြီး ကောင်းမွန်မျှတသော ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး၊ ဥပဒေရေးရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် လိုအပ်သည့် ဥပဒေအကြံဉာဏ်များပေးရေး၊ နိုင်ငံတော်ကိုယ်စားလိုက်ပါ ဆောင်ရွက်သည့် ပြစ်မှုများ၊ တရားမမှုများတွင် မျှတသောတရားစီရင်ရေးရရှိစေရန် ပါဝင်ဆောင်ရွက်ရေး၊ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှု (Justice Sector Reform)တွင် တက်ကြွစွာပါဝင် ဆောင်ရွက်ရေး၊ စသည့် လုပ်ငန်းစဉ်များကို တရားဥပဒေစိုးမိုးရေး အထောက်အကူပြုဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေရုံး အဆင့်ဆင့်သည် မဟာဗျူဟာစီမံကိန်း (၅)နှစ်အစီအစဉ် UACO Five YEARS STRATERY (၂၀၁၅-၂၀၁၉) အား ရေးဆွဲပြီး ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်လာစေရေးနှင့် တရားစီရင်ရေးစနစ်အပေါ် အများပြည်သူယုံကြည်ကိုးစားမှု မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေ စာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လျှပ်စစ်နှင့် ပတ်သက်၍ ဒေသဆိုင်ရာလိုအပ်ချက်မှာ အလွန်များပါသည်။ ပြည်သူများနှင့်အတူ ကိုယ်စားလှယ်များ၏ လိုအပ်ချက်မှာလည်း ကျေးရွာလျှပ်စစ်မီးရရှိရေးပင်ဖြစ်ပါသည်။ ယခု လျှပ်စစ်နှင့် ပတ်သက်၍ NEP စီမံကိန်းကို ပြည်သူများမှ စောင့်စားလျက်ရှိပါသည်။ မိမိတို့စိုက်ထုတ်ရမည့်ငွေပမာဏကို မရှိသည့်ကြားမှ စုဆောင်းလျက် ဒေသခံပြည်သူများအတွေးများနှင့် ပျော်ရွှင်လျက်ရှိကြသည်ကို မိမိတို့ကိုယ်စားလှယ်များ နယ်မြေဆင်းလျှင် တွေ့ရှိရမည်ဖြစ်ပါသည်။

ယခင်နှစ်များ ငွေနှင့်လိုက်မှ ကျေးရွာများမှာ စီမံကိန်းအတွင်းပါသည်ဆိုသောစကားမှာ အစွဲတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ ယခုကျေးရွာမီးလင်းရေးတွင် ပါဝင်နေသော ကျေးရွာများသည်ပင် ငွေပေး၍ လျှပ်စစ်မီးရသလား အထင်မှားနိုင်ပါသည်။ ကျေးရွာအချို့မှ ၁၁ ကေဗွီအနေနှင့် (၂)မိုင် အတွင်း ဝင်သောကျေးရွာများတွေ့ရှိရသည့်အပြင် (၂. ၅)မိုင်ကျေးရွာများလည်း တွေ့ရှိရပါသည်။

ထို့ကြောင့် နောက်နောင်တွင် မိမိတို့ကိုယ်စားလှယ်များအနေဖြင့် (၂. ၅)မိုင် တွင်းကျေးရွာများ လျှပ်စစ်မီးလင်းရေးတောင်းဆိုလာပါက တိုင်းဒေသကြီးအစိုးရဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးနိုင်မည်လားဟု မေးခွန်းထုတ်စရာဖြစ်လာပါသည်။

ထို့ပြင် ပြည်မြို့နယ်တွင် Full Load ဖြစ်နေပါသဖြင့် တင်ပြထားခြင်းများ ရှိပါသည်။ မိမိတို့ဒေသတွင်ပင် Over Load ဖြစ်နေသည် များစွာရှိနေပါသည်ကို မသိလေသလားဟု ပဲခူးတိုင်း (ခွဲ)လျှပ်စစ်အင်ဂျင်နီယာရုံး(ပြည်)၏ ဆောင်ရွက်မှုကိုလည်း မေးခွန်းထုတ်ရန်လိုအပ်နေပါသည်။ (တိကျစွာသက်သေပြရန်လိုအပ်ပါက မိမိရွာအပါအဝင် ပတ်ဝန်းကျင် ကျေးရွာတွင်ရှိပါသည်။)

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမြို့နယ်မှ ခရိုင်/တိုင်းသို့ အဆင့်ဆင့်တင်ပြရသည်လည်းဖြစ်ပါသည်။ သို့ရာတွင် ဆောင်ရွက်ပြီးလုပ်ငန်းများအား ထပ်မံတောင်းဆိုထားသည်လည်းတွေ့ရှိရပါသည်။ ပေါင်းတည်မြို့နယ်၏ အစားထိုးလုပ်ငန်း(၁၃၇)နှင့် (၁၄၀)တို့မှာ (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်တွင် ပါဝင်ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ရွှေတောင်မြို့နယ်၏ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၈၁)သည်လည်း ဆောင်ရွက်ပြီးလုပ်ငန်းများဖြစ်ကြောင်း သိရှိရပါသဖြင့် ယခုတင်ပြသောလုပ်ငန်းများ၏ မှန်ကန်တိကျမှုကိုလည်း သတိထားစရာဖြစ်လာပါသည်။

ပြည်မြို့နယ်သည် ပဲခူးတိုင်းတစ်တိုင်းလုံး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတိုးချဲ့/အစားထိုးဘဏ္ဍာငွေ၏ ၁၂. ၅%ခန့်ဖြင့် လုပ်ငန်းပေါင်း(၅၇)ခုဖြင့် အများဆုံးထိ သုံးစွဲထားကြောင်းတွေ့ရှိရပါသည်။ ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့နယ်သည် ၁. ၄၄%ခန့်သာသုံးစွဲထားကြောင်း တွေ့ရှိရ၍ ပေါက်ခေါင်းမြို့နယ်၏၁၁% ပိုကြောင်းတွေ့ရှိရပါသည်။တစ်တိုင်းလုံးတွင်သုံးစွဲမှုမှာ (၉၉၃၀. ၆၄၉)သန်းခန့်ရှိသဖြင့် ရာခိုင်နှုန်းအရ ၁% တွင် (၉၉)သန်းကျော် ကွာခြားနေသည်ကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ပြည်မြို့လျှပ်စစ်ဓါတ်အားခွဲဝေမှု လွန်စွာများနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ခရိုင်မြို့များအလိုက်နှိုင်းယှဉ်ပါလျှင် ပဲခူခရိုင်မြို့သည်- ၈. ၀၂%ခန့်၊ တောင်ငူခရိုင်မြို့သည်- ၄. ၉%ခန့်၊ သာယာဝတီခရိုင်မြို့သည်-၂. ၁၃ခန့်တွေ့ရှိရပြီး ပြည်ခရိုင်မြို့သည်-၁၂. ၅%ခန့်ဖြင့် အများဆုံးဖြစ်ကြောင်းတွေ့ရှိရမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးမှ ပြည်ထောင်စု၏ဘဏ္ဍာငွေခွဲဝေမှုသည် မူဝါဒ(၆)ရပ်ဖြင့်ခွဲဝေကြောင်း ပြောကြားခဲ့ပါသည်။ ထို့ကြောင့် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းအား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် မည်သည့်မူဝါဒကို အခြေခံ၍ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ပေးကြောင်းကိုလည်း သိရှိလိုပါသည်။

ယခုတင်ပြထားသော (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်တွက်ချက်မှု တင်ပြထားခြင်းမရှိသဖြင့် အသေးစိတ်တွက်ချက်မှုများလည်း လွှတ်တော်သို့ ပို့ပေးရန် လိုအပ်လိမ့်မည်ဖြစ်ပါသည်။

ယခင်အစားထိုးရင်းနှီးလုပ်ငန်းလုပ်ကိုင်ခဲ့သော ထရန်စဖော်မာဟောင်းများ၊ ကြိုးဟောင်းများ၊ သံတိုင်ဟောင်းများ၊ သစ်သားတိုင်ဟောင်းများကို လေလွင့်မှုမရှိစေရန် မည်သို့ထိန်းသိမ်း ဆောင်ရွက်ထား သည်ကိုလည်း သိရှိလိုပါတယ်။

(၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးလျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် စဉ်းစားစေချင်သောအချက်မှာ **လုံးဝမရှိ၍တောင်းသူကိုပေးမလား၊ ရှိပါလျှက် ဖြင့်အပြည့်အဝမရ၍ တောင်းတဲ့သူကိုပေးမလား** မည်သူ့ကို ဦးစားပေး ဆောင်ရွက်သင့်သည်ကို ဦးစားပေးစဉ်းစားပေးစေ လိုကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြ သော လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။

ကျွန်တော်တင်ပြဆွေးနွေးသွားမှာကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်း ဦးစီးဌာနနှင့် ပတ်သက်၍ လျာထားမှုများမှ တစ်စိတ်တစ်ဒေသဖြစ်သည့် ကျွဲတဲကုန်း၊ မတော့ကုန်း၊ ကြို့ကုန်း၊ နှမ်းကုန်းကျေးရွာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူတို့၏ လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်လျက်ဟူသော ဆောင်ပုဒ်နှင့်အညီ ၇၀%ခန့်ရှိသော ကျေးလက်နေ ပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ချောမွေ့စေရန်နှင့် လျှပ်စစ်ရေးရရှိရေးတို့ကို ၎င်းတို့၏ အလိုလားဆုံး အပြင်းပြဆုံးဆန္ဒအဖြစ် ဖွင့်ဟတောင်းဆို နေကြသည်ကို လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပဥ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအားလုံး အသိဖြစ်ပါတယ်။

ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပြီဆိုလျှင် ကျေးလက်မြို့ပြ ကွာဟမှုကျဉ်းပြီး ဒီမိုကရေစီ အုတ်မြစ်မှာလည်း အခြေခိုင်မာလာမည်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ် ရေးနှင့် ပတ်သက်ပြီး မိုးညိုမြို့နယ်တွင် တွေ့ရှိထားသော အခြေအနေကို တင်ပြလိုပါတယ်။ မိုးညို မြို့နယ်ရှိ ကျွဲတဲကုန်း၊ မတော့ကုန်း၊နှမ်းကုန်း လမ်းအရှည် ၃. ၀၅ မိုင်သည် ကျေးရွာချင်းဆက်လမ်း ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာနအောက်မှာမရှိဘဲ လမ်းဦးစီးဌာနခေါင်းစဉ်အောက် ရောက်နေသည် မှာလည်း ထူးခြားဖြစ်စဉ် ဖြစ်နေပါသည်။ အဆိုပါလမ်းသည် ၂၀၁၅-၂၀၁၆တွင် ကျွဲတဲကုန်းမှ မတော့ကုန်း အထိ (၁. ၀၅)မိုင်သာ လုပ်ငန်းစီမံချက်ပြီးစီးခြင်းဖြစ်ပါသည်။ ကျန်(၂)မိုင်မှာလည်း လုပ်ငန်းစီမံချက် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ လုပ်ငန်းစီမံချက် မပြီးပြတ်သေးသောလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပြင်ဆင်ထိန်းသိမ်းမှု ကျပ်သိန်း (၆၇. ၁၃၅) သန်းတောင်းခံထားမှုမှာလည်း လမ်းစည်းကမ်း သတ်မှတ်ချက်ကို ချိုးဖောက်တောင်းဆိုထားခြင်းဖြစ်ပါသည်။ လက်ပံတန်း- တော်လသာ- ထိန်တော- မိုးညို- တာပွန်- နတ္တလင်း

(၃)မြို့နယ်ချင်းဆက်လမ်းသည် လူဦးရေ(၅)သိန်းကျော်ကို အကျိုးပြုနေသော လမ်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၎င်းလမ်းသည် ရန်ပုံငွေကျပ်သိန်း (၆၀၈၃) ရရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (BE) လျာထားမှုတွင် (၈၈၂)သန်းသာ လျာထားသည်မှာ ပြည်သူများ၏ မျှော်လင့်ချက်ကို သရော်သလို လှောင်ပြောင်သလို ဖြစ်နေပါသည်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်မှ လက်ပံတန်း-တော်လသ- ထိန်တော -မိုးညို - တာပွန် - နတ္တလင်း(၃)မြို့နယ် ဆက်သွယ်ရေးကားလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အပြီးသတ် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းလည်း မေးမြန်းပြီး ဖြစ်ပါသည်။ ထိုအရေးကြီးသည့်လမ်း ပြည်သူအများ၏ လိုအပ်ချက်ကို အမှန်တကယ် ဖြည့်ဆည်းဆောင်ရွက်ပေးမှသာ ပြည်သူ့နှလုံးကို သိမ်းကျုံးယူနိုင်မည် ဖြစ်ပါသည်။ ဤသည်မှာ မိုးညိုမြို့နယ်မှ အခြေအနေတစ်ရပ်ကိုသာ ထောက်ပြဆွေးနွေးခြင်းသာဖြစ်ပြီး တိုင်းအတွင်းရှိ အခြားမြို့နယ်များတွင်လည်း အလားတူဖြစ်ရပ်များ ရှိမည်မှာသေချာလှပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများ၏ ပကတိလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှသာ ဆင်းရဲတွင်းနွံထဲနစ်နေသော ပြည်သူများ၏ လူမှုဘဝများအမှန်တကယ် ကယ်တင်ရာ ကူညီရာရောက်မှာဖြစ်ပြီး သို့မှသာ လွှတ်တော်၏ပုံရိပ်၊ အစိုးရ၏ပုံရိပ်များကောင်းလာမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်၏ ဆွေးနွေးမှုအပေါ် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင် ဆွေးနွေးသွားသည့် လျှပ်စစ်နှင့်ပတ်သက်သည့် ဆွေးနွေးချက်အပေါ်မှာ ရန်ပုံငွေဘတ်ဂျက်ကို မည်သည့် အပေါ်တွင် မူတည်ပြီး၊ မည့်သည့်မူဝါဒနှင့် ရေးဆွဲထားသလဲဆိုသည့် အချက်နှင့်ပတ်သက်ပြီး ဖြေကြားပေး ရမည် ဖြစ်ပါသည်။ အဓိက ဘတ်ဂျက်သည် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဘတ်ဂျက်ကို ရေးဆွဲထားခြင်း မဟုတ်ပါ။ လူဦးရေ အနည်းအများအပေါ် မူတည်ပြီး လျှပ်စစ်လုပ်ငန်းတိုးချဲ့ခြင်း၊ လျှပ်စစ်နှင့် သက်ဆိုင်သည့် System instrument အပေါ်တွင် မီးအားနည်းသည်ကို မီးအားမြင့်အောင် ကြိုးများလဲခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။ သို့အတွက် (၁)ခရိုင်နှင့် (၁)ခရိုင်၊ (၁)မြို့နယ်နှင့် (၁)မြို့နယ် ရန်ပုံငွေချထားမှု မတူညီခြင်းဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကို၏ ဆွေးနွေးမှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်နှင့် ဦးဝင်းကိုတို့ မေးမြန်းသည်မှာ ကောင်းမွန်သည့် လုပ်ငန်းဖြစ်ပြီး မေးသင့်မေးထိုက်သည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၇)ရက် (၈)ရက်က နေပြည်တော်တွင် အေးရှားဖောင်ဒေးရှင်းက မြန်မာနိုင်ငံပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေခွဲဝေပြောင်းလဲအပ်နှံခြင်း၊ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး မိမိတို့ဖြစ်နေသည့် အခြေအနေမှာ နိုင်ငံတကာ၏ အခြေအနေနှင့် ကွဲလွဲနေသည်ဖြစ်သည့်အတွက် ယနေ့ဖြစ်ပေါ်နေသည့် ပြဿနာမှာ ဘတ်ဂျက်ဆွဲရာတွင် ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များနှင့် မကိုက်ညီသည်ကို တွေ့ရပါကြောင်း၊ အထူးသဖြင့် ဘတ်ဂျက်ဆွဲရာတွင် အောက်ခြေမှသွားရမည်ဆိုတာထက် ဗဟိုချုပ်ကိုင်မှုစနစ်သည် ယခုအချိန်အထိ ဘတ်ဂျက်ဆွဲသည့်နေရာတွင် ရှိဆဲဖြစ်ပါကြောင်း၊ အထူးအားဖြင့် ဘတ်ဂျက်ဆွဲပေးသည့် စနစ်မှာ ဌာနဆိုင်ရာ များကို ပေးတာများပါသည်။ ပြည်နယ်/တိုင်းတွင်ရှိသည့် ဌာနဆိုင်ရာများအတွက် ဘတ်ဂျက်ရေးဆွဲတာဖြစ်ပြီး မြို့နယ်အလိုက် ဘတ်ဂျက်ရေးဆွဲခြင်းမဟုတ်သည့်အတွက် ဖြတ်တောက်၊ လျှော့ချသည့်အခါတွင် အများကြီး ဖယ်လို့ရသည်ကို ဖယ်ပါသည်။ အထူးသဖြင့် သက်ဆိုင်ရာလက်တွေ့ လုပ်ဆောင်နေရသည့် လွှတ်တော် ကိုယ်စားလှယ်များ၊ မိဘပြည်သူများ၏ ခံစားချက်များနှင့် ကွဲလွဲမှုများတွေ့ရပါသည်။ ဥပမာ-ပဏာမဘတ်ဂျက်ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများအားတောင်းခံသည့်အခါတွင် ဘတ်ဂျက်စုစုပေါင်း (၂၂၇)ဘီလီယံတောင်း၍ တင်လိုက်သည့်အခါတွင် ပြည်ထောင်စုမှ ပံ့ပိုးမှု(၄)ဘီလီယံထပ်ရပါသည်။ ယခင်နှစ်က (၁၄၈)ဘီလီယံရ၍ ယခင်နှစ်ထက် (၄)ဘီလီယံ၊ (၅)ဘီလီယံခန့် ပိုမည်ဟု အထင်ဖြင့် အချိန်နှင့်တစ်ပြေးညီ တောင်းခံခဲ့ရာတွင် (၁၅၇)ဘီလီယံနှင့်ပြန်ပြီး လျှော့၍ဆွဲပါကြောင်း၊ နိုဝင်ဘာလထဲရောက်သည့်အခါ အတိအကျရ၍ နောက်ဆုံး (၁၅၃)ဘီလီယံနှင့် ဆွဲရသည့်အခြေအနေမျိုး ဖြစ်ပါသည်။

သို့ပါ၍ ယင်းတို့ကို ဆွဲသည့်အခါတွင် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ဆွဲခြင်းမျိုးမဟုတ်ဘဲ ဌာနဆိုင်ရာများမှ ပေးလိုက်သည့် ဘတ်ဂျက်များအပေါ် ညှိနှိုင်းရေးဆွဲရခြင်း ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ရေးဆွဲရာတွင် ပြီးခဲ့သည့် အစည်းအဝေးတွင် Indicator နှင့်ပတ်သက်ပြီး တိုင်းအဆင့်မကဘဲ မြို့နယ်အဆင့်များပါ Dataများ ရေးဆွဲနေသည်ကို တွေ့ရပါကြောင်း၊ တိုင်းနှင့်ပြည်နယ် Data များတွင် တိုင်းနှင့်ပြည်နယ် အကျယ်အဝန်း၊ လူဦးရေ၊ တစ်ဦးကျထုတ်လုပ်မှုတန်ဖိုး၊ ဆင်းရဲမွဲတေမှုအသင်းအခြေအနေ၊ မြို့နေလူဦးရေ၊ တစ်ဦးကျအခွန်ရရှိမှု၊ မည်မျှရှိသည်ဆိုသည့် Indicator သော့ချက်နှင့်ဆွဲလိုက်သည့်အခါတွင် ၎င်းအပေါ်မူတည်ပြီး ပြည်ထောင်စုမှ တိုင်းနှင့်ပြည်နယ်များအပေါ် ခွဲဝေပေးရခြင်းဖြစ်ပါသည်။ မြို့နယ်များမှာ ယင်းကဲ့သို့မဟုတ်ဘဲ တိုင်းနှင့်ပြည်နယ်တွင်ရှိသည့် ဌာနဆိုင်ရာများကို ပြန်ချုပ်လိုက်သည့်အခါတွင် လိုအပ်သည့်နေရာတွင် မသုံးဘဲနှင့် မလိုအပ်သည့် နေရာတွင် ဖြစ်နေသည်ဆိုပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဖော်ပြချက်များတွင် တွေ့ရှိနေ ရပါသည်။ ထို့အတူ ဦးရဲလင်းနိုင်တင်ပြထားသည့် ထပ်နေသည့်နေရာများ တွေ့ရသည့်အတွက် လွှတ်တော်၏ တွေ့ရှိချက်များသည် တန်ဖိုးရှိသည့် တွေ့ရှိချက်များဖြစ်ပါကြောင်း၊ ငွေစာရင်းကော်မတီမှလည်း ယင်းကိစ္စကို ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဥပမာအားဖြင့် ညီတူညီမျှ ခွဲမည်ဆိုလျှင် (၂၈)မြို့နယ်တွင် (၁)မြို့နယ် (၅. ၄)ဘီလီယံရမည်ဖြစ်ပါသည်။ သို့သော်လည်း Data ဘဲရှိ၍ ပြဿနာဖြစ်လာသည့်အခါတွင် မြို့နယ်များကို Indicator နှင့် တွက်မလားဆိုပြီး မြို့နယ်အထိ Indicator တွက်ပြီးပေးမည်ဆိုလျှင် သင့်တော်ပါသည်။ နိုင်ငံတကာမှာဆိုလျှင် ဆွီဒင်နိုင်ငံမှာ ဘတ်ဂျက်ဆွဲရာတွင် မည်သည့်အရာကို ဦးစားပေးမည်ဆိုပြီး တစ်ခု၊ နှစ်ခုသာ ဦးစားပေးသည်ကို တွေ့ရပါကြောင်း၊ မြန်မာပြည်က ရှုံးသည့်နေရာများကိုလည်း စီမံကိန်းတွင် ရေးဆွဲနေသည်ကို တွေ့ရပါကြောင်း၊ ရေအရင်းအမြစ်ဌာနမှ ရေတင်လုပ်ငန်းများသည် အရှုံးသိပါလျက်နှင့် ရေးဆွဲထားသည်ကို တွေ့ရပါကြောင်း၊ ၎င်းလုပ်ငန်းများသည် လျှော့ချမည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ တိုင်းနှင့် ပြည်နယ် Data လုပ်သကဲ့သို့ ကုလသမဂ္ဂကမှ ကဝမြို့နယ်မှာ လူဦးရေကို အခြေခံပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သည်ကို တွေ့ရပါကြောင်း၊ ကဝမြို့နယ်တွင်ရှိသည့် လူဦးရေကို (၁)ဦးလျှင် (၁)ဒေါ်လာနှုန်းနှင့် နောက်ပိုင်းပဲခူးတိုင်း အတွင်း လုပ်ဆောင်တော့မည်ဖြစ်ကြောင်းကို မြို့နယ်များကို စိတ်ဝင်စားလာအောင် ကြိုတင်ပြီး ပြောပြထားခြင်းဖြစ်ပါသည်။

လူဦးရေကိုအခြေခံပြီး လူ(၁)ဦးလျှင် (၁)ဒေါ်လာနှုန်းနှင့် ဒေါ်လာ(၂)သိန်းမျှရပါကြောင်း၊ ယင်းငွေဒေါ်လာ(၂)သိန်းပေါ်မှာ မည်သည်တို့ကို သတ်မှတ်ပေးသလဲဆိုရင် အချက်(၅)ချက်ပေးပြီး အောက်ခြေမှာရှိသည့် အုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများ၊ မြို့နယ်မှာရှိသည့် အောက်ခြေဝန်ထမ်းများနှင့်ပေါင်းစပ်ပြီး စီမံကိန်းများရေးဆွဲပါကြောင်း၊ အောက်ခြေအထိ Data များကို တွက်ချက်ပြီးလုပ်လျှင် နောင်လာမည့်ကိစ္စများတွင် ပို၍အဆင်ပြေသွားနိုင်ပါသည်။ ၎င်းကို ကြိုးစားပြီးလုပ်ဆောင်သွားရန် အစီအစဉ်ရှိပါသည်။ ယခုဆိုလျှင် ဘတ်ဂျက်ကို ရေးဆွဲသည့်အခါ (၃)နှစ်ကြိုပြီးရေးဆွဲ၍ လာမည့်နှစ်များတွင် ဘတ်ဂျက်ကိုကြိုပြီး ယူမည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် အနည်းဆုံး(၆)လ ကြိုတင်ပြီးဘတ်ဂျက်ကို ရေးဆွဲပါသည်။ ပြည်သူကိုချပြသည့်အခါ ပြည်သူများက ဝမ်းသာသဘောတူပြီး ဘတ်ဂျက်ကို ဝိုင်းဝန်းပြီး အတည်ပြုခြင်းဖြစ်ပါသည်။ ဆွီဒီနိုင်ငံသည် ဘတ်ဂျက်မှာ ကမ္ဘာတွင်အကောင်းဆုံး ၈၈% ရှိပြီး မိမိတို့နိုင်ငံ၏ ဘတ်ဂျက်တွက်ချက်မှု အခြေအနေမှ “ ၀” ဖြစ်ပါသည်။ မိမိတို့ဘတ်ဂျက်သည် မပွင့်လင်းဘူး၊ ပြည်သူကို အောက်ခြေမပါဘူးဆိုသည့် စနစ်များနှင့်

ရေးဆွဲနေပါသည်။ ဦးရဲလင်းနိုင်နှင့် ဦးဝင်းကို တင်ပြသည့်ဘတ်ဂျက်ကိစ္စနှင့်ပတ်သက်ပြီး ရေရှည်တွင် ဒီထက်မက အောက်ခြေမှာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နောင်နှစ်များတွင် ယခုကဲ့သို့ မဖြစ်ရလေအောင် ကြိုးစားရာတွင် အောက်ခြေမှာရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ယခုမှစပြီး BE စစ်ပါသည်။ BE ပြီးပါက ဖြည့်စွက်ရန်ပုံငွေလာပါမည်။ ဖြည့်စွက်ရန်ပုံငွေလာပါက ကြိုတင်ပြီး တွက်ချက်ထားရန်လိုမည်ဖြစ်ပါသည်။

မိမိနိဂုံးချုပ်ပြောရမည်ဆိုလျှင် ယနေ့ဘတ်ဂျက်ဆွဲနေခြင်းသည် ဌာနကို မူတည်ပြီးရေးဆွဲနေခြင်း ဖြစ်ပါကြောင်း၊ ဌာနမှ တိုင်းအဆင့်ဌာနအကြီးအကဲများ ပေးသည့်ကိစ္စရပ်များကို ကြည့်၍ရေးဆွဲနေရခြင်း ဖြစ်ကြောင်း၊ အောက်ခြေမှလည်း မတင်ပြပါဘူး၊ ထို့အတူ မြို့နယ်ဌာနမှတင်ပြလာသည့် လုပ်ငန်းများအပေါ်တွင် ရေးဆွဲရခြင်းဖြစ်ပါသည်။ ငွေကြေးနှင့်လုပ်ငန်းများကို ဌာနမှပေးသည်ကိုဘဲ ရေးဆွဲရခြင်းဖြစ်ပါကြောင်း၊ အားလုံးတင်ပြကြသည့်အတိုင်း မညီမျှသည့်ကိစ္စ မလိုအပ်သည့်ကိစ္စများလည်း ရှိပါကြောင်း၊ ထပ်နေသည့်ကိစ္စများ ပါလာခြင်းသည် ယခုသိသာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်သည့်ဟု တင်ပြလိုပါသည်။ မိမိနှင့်အတူ လက်တွဲလုပ်ဆောင်နေသည့် ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံရန် လိုအပ်ပါက ယနေ့ညနေ ပေါင်းတည်မှ ဦးရဲလင်းနိုင်နှင့် မိုးညိုမှ ဦးဝင်းကိုတို့ကို မိမိထံအကြောင်းကြားပြီး မိမိတို့ဖြစ်ချင်သည်ကို ဖြစ်နိုင်အောင်ဆောင်ရွက် လိုသည့် ကိစ္စများကို ဆက်စပ်ပြီးဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင် မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၀-က)ကွင်းရှိ စားကျက်မြေဧရိယာ (၁၁၈)ဧကနှင့် တပြေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၆၁-ဂ) ကွင်းရှိ စားကျက်မြေ ဧရိယာ(၁၁၆. ၂၈)ဧက စုစုပေါင်း စားကျက်မြေ (၂၃၄. ၂၈)ဧကပေါ်တွင် အောင်မြေယာရွာ ကျေးရွာအဖြစ် တည်ရှိခဲ့သည်မှာ (၂၄)နှစ်ခန့် ကြာမြင့်လာပြီ ဖြစ်သောကြောင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၁၉၉၂ခုနှစ်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်ချုပ်အေးသောင်၏အမိန့် ဖြင့် အရှေ့ရိုးမတောင်ပေါ်ရှိ ရွာရှောင်များ၊ ရှားစေးဘို၊ တောကုန်း၊ ရေလျှံ၊ ဇီးဖြူကုန်း ကရင်တိုင်းရင်းသားကျေးရွာများအား စစ်ဆင်ရေးအရ စုပေါင်း၍ ပြောင်းရွှေ့

ပေးခဲ့ပြီး အောင်မြေယာကျေးရွာအဖြစ် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၀-က)ကွင်းရှိ စားကျက်မြေဧရိယာ(၂၇၄. ၄၂)ဧကေ အနက် ဧရိယာ(၁၁၈)ဧကေနှင့် တပြေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၁-ဂ)ကွင်းရှိ စားကျက်မြေဧရိယာ(၁၁၆. ၂၈)ဧကေအနက် ဧရိယာ(၁၁၆. ၂၈)ဧကေ စုစုပေါင်း (၂၃၄. ၂၈)ဧကေပေါ်တွင် ရွှေ့ပြောင်းနေထိုင်စေခဲ့ပါသည်။

ဎင်းစားကျက်မြေ(၂၃၄. ၂၈)ဧကေပေါ်တွင် အောင်မြေယာရွာ ကျေးရွာအဖြစ် တည်ရှိခဲ့သည်မှာ (၂၄)နှစ်ခန့် ကြာမြင့်လာပြီဖြစ်သောကြောင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင် မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၀-က)ကွင်းရှိ စားကျက်မြေဧရိယာ (၁၁၈)ဧကေနှင့် တပြေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၆၁-ဂ) ကွင်းရှိ စားကျက်မြေ ဧရိယာ(၁၁၆. ၂၈)ဧကေ စုစုပေါင်း စားကျက်မြေ (၂၃၄. ၂၈) ဧကေ ပေါ်တွင် အောင်မြေယာရွာကျေးရွာအဖြစ် တည်ရှိခဲ့သည်မှာ (၂၄)နှစ်ခန့် ကြာမြင့်လာပြီ ဖြစ်သောကြောင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျီတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၆၀-က)၊ ကွင်းရှိ စားကျက်မြေ ဧရိယာ (၂၇၄. ၄၂)ဧကေအနက် ဧရိယာ(၁၁၈) ဧကေနှင့် တပြေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆၁-ဂ)ကွင်းရှိ စားကျက်မြေဧရိယာ (၁၁၆. ၂၈)ဧကေ စုစုပေါင်း(၂၃၄. ၂၈)ဧကေကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အေးသောင်၏ အမိန့်အရ ရှားစေးဘိုကျေးရွာ အုပ်စုအတွင်းရှိသော ရှားစေးဘို၊ တောကုန်း၊ ဇီးဖြူကုန်း၊ ရေလျှံကျေးရွာများ စုပေါင်း၍ ရွှေ့ပြောင်းပေးခဲ့ပြီး အောင်မြေယာ စံပြကျေးရွာအဖြစ် သတ်မှတ်ပေးခဲ့သော မြေနေရာဖြစ်ပါသည်။

လက်ရှိရွာမြေအဖြစ် အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း(၂၄)နှစ်ခန့်ရှိပြီဖြစ်၍ မြေအသုံးချမှုအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့် မူလစားကျက်မြေအား ပယ်ဖျက်ခွင့်ပြု၍ ရွာမြေအဖြစ် သတ်မှတ်ပေးပါရန် အောင်မြေယာကျေးရွာနေ ရပ်မိ/ရပ်ဖများနှင့် ကျေးရွာပြည်သူများ၏တင်ပြချက်အရ ကျီတော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ (၁၉. ၂. ၂၀၁၆) ရက်စွဲပါစာဖြင့် တင်ပြလျှောက်ထားလာသဖြင့် စားကျက်မြေအတွင်း ကျေးရွာတည်ရှိမှု အခြေအနေအား မြေပုံများနှင့်တကွ စိစစ်တင်ပြရန် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ (၂၉. ၂. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၄ / ၁ - ၆ / ဦး၁(၁၂၄) ဖြင့် အကြောင်းကြားခဲ့ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏(၁၅. ၈. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၃၅/မအ-၁ ဖြင့် စားကျက်ပယ်ဖျက်ခွင့်လျှောက်ထားသည့် မြေနေရာသည် ကျေးရွာအုပ်စု၊ ကွင်းအမှတ်၊

မြေအမျိုးအစား၊ဧရိယာ(ဧက)အချက်အလက်များ မှန်ကန်ပြည့်စုံမှုရှိကြောင်း၊ လျှောက်ထားမြေအား မူလချထားပေးစဉ်က ကျေးရွာတစ်ရွာတွင်တည်ရှိရမည့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး အဆောက်အဦ မြေနေရာ(၈)နေရာအပါအဝင် လူနေအိမ်ခြံမြေကွက်ပေါင်း(၂၀၅)ကွက်အားပြောင်းရွှေ့လာသည့်ကျေးရွာအလိုက် မြေနေရာချထားပေးခဲ့သော်လည်း (၁)နှစ်(၂)နှစ်ခန့် နေထိုင်ပြီး နောက်ပိုင်းတွင် မူလနေထိုင်ခဲ့သောရွာသို့ အချို့နေထိုင်သူများမှ ပြန်လည်ရွှေ့ပြောင်းသွားသဖြင့် လက်ရှိတွင်အမှန်အတည်တကျ နေထိုင်သူ အိမ်ထောင်စုဦးရေ(၁၁၃)စုသာ နေထိုင်လျက်ရှိပြီး ကျန်ရှိသည့်ပြောင်းရွှေ့သွားသော ခြံလွတ်မြေနေရာများအား ကျေးရွာဘုံမြေအဖြစ်သတ်မှတ်ပြီး ကျေးရွာတွင်နေထိုင်သူများမှ လုပ်ကိုင်လျက်ရှိကြောင်း၊ ပညာရေးမြေဧရိယာ(၃. ၆၄)ဧကကိုကျောင်းမြေအဖြစ်လည်းကောင်း၊ ကျန်းမာရေး မြေဧရိယာ(၁. ၉၂) ဧကကို ဆေးပေးခန်းဆောက်လုပ်အသုံးပြုလျက်ရှိသော်လည်း အားကစားကွင်းမြေ ဧရိယာ(၃. ၆၄)ဧကကို ဘောလုံးကွင်း မြေအဖြစ်လည်းကောင်း၊ ခရစ်ယာန်ဘုရားကျောင်းမြေဧရိယာ (၁. ၈၄)ဧကကို ဘုရားကျောင်းမြေ အဖြစ် လည်းကောင်း၊ ကျန်ရှိသည့် ပန်းခြံ၊ ဈေး၊ ခန်းမ၊ အုပ်ချုပ်ရေးမှူးရုံး မြေနေရာများမှာ စိုက်ပျိုးမြေ အဖြစ်လည်းကောင်း အသုံးပြုလျက်ရှိပါကြောင်းပြန်လည်တင်ပြလာပါသည်။

မူလစားကျက်မြေအားပယ်ဖျက်ခွင့်ပြုပြီး ကျေးရွာမြေအဖြစ် အသုံးပြုရန်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၃. ၁၀. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၆/၃-၂ /ဦး၆ အရ **"စားကျက်မြေပယ်ဖျက်ခွင့်ဆိုင်းငံ့ထားရန်"** ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ဝန်ကြီးချုပ်မှ မှတ်ချက် ပြုထားပါသဖြင့် စားကျက်မြေပယ်ဖျက်ခွင့်နှင့် ပတ်သက်၍ ဆိုင်းငံ့ထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး၊ အရန်မီးသတ်စခန်းအား မီးသတ်ကားတစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ထန်းတပင်မြို့နယ်၊ သက်န်းတုံးတူးမြောင်းအား ရေစီးရေလာပိတ်ဆို့၍ ငါးဖမ်းသော ငါးဆီးလှောင်အင်း ဂရန်ပိုင်ရှင်အား ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် နောင်နှစ်များတွင် သက်န်းတုံး တူးမြောင်းအား ပိတ်ဆို့ငါးဖမ်းခြင်းမပြုရန် စည်းကမ်းသတ်မှတ်ပေး နိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"စာသင်ကျောင်းများကို အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ခြင်းမရှိသော ဆောက်လုပ်ရေး ကုမ္ပဏီများအား တရားစွဲဆို၍ အမည်ပျက် (Black List) စာရင်းထည့်သွင်းခဲ့ခြင်း ရှိ/မရှိနှင့် နောက်နောင်တွင် အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ခြင်းမရှိသော ဆောက်လုပ်ရေး ကုမ္ပဏီများအား ထိုကဲ့သို့ တရားစွဲဆို၍ အမည်ပျက် (Black List) စာရင်းထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထန်းတပင်မြို့နယ်ရှိ ဇရပ်ကြီး ကျေးရွာအုပ်စုသည် ထန်းတပင်မြို့နယ်၏ အလယ်ဗဟို တွင်တည်ရှိ၍ မြို့တစ်မြို့အလား အိမ်ခြေထူထပ်ပြီး စည်ပင်ဝပြောဆုံးကျေးရွာအုပ်စုတစ်ခု ဖြစ်ပါသည်။ ထို့ပြင် တစ်ဆက်တစ်စပ်တည်းရှိသော ကင်မွန်းချို ကျေးရွာအုပ်စု၊ မိုးကောင်းကင် ကျေးရွာအုပ်စုနှင့် အင်းကျော်ကျေးရွာအုပ်စုတို့သည် မြို့နယ်၏ ဒုတိယ အကြီးဆုံးနှင့် တတိယအကြီးဆုံးလူနေထူထပ်သော ကျေးရွာအုပ်စုများဖြစ်ပါသည်။ မီးဘေးအန္တရာယ် ဆိုးဝါးစွာ ကျရောက်ဘူးခြင်းမရှိခဲ့သော်လည်း ကျရောက်လာပါက ဆုံးရှုံးမှုအလွန်များပြားနိုင်ပါသည်။ ကျောထောက်နောက်ခံပြုထားသော ကျေးရွာအုပ်စု(၁၄)ခုရှိပါသည်။ အခြေခံပညာအထက်တန်းကျောင်း (၂)ကျောင်းနှင့် အ. ထ. က(ခွဲ)(၇)ကျောင်းရှိပြီး စာစစ်ဌာန(၂)ခုရှိသောဒေသ ဖြစ်ပါသည်။ နွေရာသီ တက္ကသိုလ်ဝင်တန်း ဖြေဆိုသောအခါ မေးခွန်းလွှာနှင့်အဖြေလွှာများ လည်းထားရှိပါသည်။ စီးပွားရေး ဘဏ်တွင်လည်း စက်ရုံအလုပ်ရုံများစွာ တည်ရှိသောဒေသဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူနေအိမ်ထူထပ်များပြားပြီး စည်ကားသိုက်မြိုက်သော ဇရပ်ကြီးဒေသတွင် မီးသတ်ကား တစ်စီးနှင့် မလုံလောက်ပါသဖြင့် နောက်ထပ်မီးသတ်ကားတစ်စီးချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း အပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထန်းတပင်မြို့နယ်ရှိ သက်န်းတုံး တူးမြောင်းသည် တောင်သူလယ်သမားများအတွက်သာ ဖောက်လုပ်ထားသော တူးမြောင်းဖြစ်ပါသည်။ ယခုအခါ ၎င်းတူးမြောင်းအတွင်း ရေစီးရေလာပိတ်ဆို့ရန် ရည်ရွယ်၍ ယင်းများအထပ်ထပ် ပိတ်ဆို့ ကာရံထားသည့်အပြင် မိုးကာများနှင့် ပိတ်ဆို့ကာ ငါးထောင်ဖမ်းခြင်းပြုလုပ်နေသည်ကို ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်တို့ ပူးပေါင်းအဖွဲ့က လေ့လာတွေ့ရှိရပါသည်။ ထိုကဲ့သို့ ရေစီးရေလာပိတ်ဆို့ထားမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာစိုက်ခင်းများ ရေနစ်မြုပ်၍ စပါးများ ရိတ်သိမ်းနိုင်ခြင်းမရှိသည့်အပြင် ဆောင်းသီးနှံဖြစ်သော မတ်ပဲကိုလည်း အချိန်မီစိုက်ပျိုးနိုင်ခြင်း မရှိတော့ပါ။ တောင်သူလယ်သမားများနှင့် နိုင်ငံတော်အကျိုးစီးပွား များစွာထိခိုက်နစ်နာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့နယ်၊ သက်န်းတုံးတူးမြောင်းအား ရေစီးရေလာပိတ်ဆို့ငါးဖမ်းသော ငါးဆီးလှောင်အင်းဂရန်ပိုင်ရှင်အား ရေချိုငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန၏ ဥပဒေအရ လည်းကောင်း၊ တရားစွဲဆိုရန် အစီအစဉ်ရှိ/မရှိနှင့် နောင်နှစ်များတွင် သက်န်းတုံးတူးမြောင်းအား ရေစီးရေလာပိတ်ဆို့၍ ငါးဖမ်းခြင်းမပြုရန် အင်းဂရန်စည်းကမ်း သတ်မှတ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများ ဆောက်လုပ်ခဲ့ကြသော အချို့ကုမ္ပဏီများ ဆောက်လုပ်ခဲ့သည်မှာ စာချုပ်သက်တမ်းမပြည့်မီ အဆောက်အဦများမှာ မြေကျွံနိမ့်ကျခြင်း၊ နံရံအက်ကွဲခြင်း၊ အရည်အသွေးမမီသောသစ်များ သုံးထားသောကြောင့် သစ်များကောက် ကွေးခြင်း၊ ပိုးစားခြင်း၊ ကွာဟခြင်းများရှိခဲ့သည်ကို လေ့လာကြားသိရပါသည်။ ထိုကဲ့သို့ အရည် အသွေးမပြည့်မီခြင်းများ ဖြစ်ပေါ်အောင်ဆောက်လုပ်ခဲ့သည့် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ရှင်အား တရားစွဲဆို၍ အမည်ပျက်(Black List)စာရင်းထည့်သွင်းပေးရန် အစီအစဉ်ရှိ မရှိနှင့် နောက်နောင်စာသင်ကျောင်းများဆောက်လုပ်မည့် ကုမ္ပဏီများသည် ထိုကဲ့သို့ အရည်အသွေးမပြည့်မီခြင်းများ ဖြစ်ပေါ်အောင် ဆောက်လုပ်ခဲ့ပါက ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ရှင်အား တရားစွဲဆို၍ အမည်ပျက်(Black List)စာရင်းထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး၊ အရန်မီးသတ်စခန်းအား မီးသတ်ကား တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရရှိထားသော မီးငြိမ်းသတ် ယာဉ်(၄)စီးအား တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များသို့ ခွဲဝေချထားပေးရန် လျာထားခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ မီးငြိမ်းသတ်ယာဉ် (၄)စီးအား အောက်ပါအတိုင်းခွဲဝေချထားပေးရမည် ဖြစ်ပါသဖြင့် ခရိုင်မီးသတ်စခန်းများသို့ ခွဲဝေချထားပေးနိုင်ခဲ့ခြင်းမရှိပါ -

- ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ (၁) စီး
- ထန်းတပင်မြို့နယ်၊ ရွာသာယာကျေးရွာ (၁) စီး
- အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာ (၁) စီး
- ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ (၁) စီး

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လိုအပ်လျက်ရှိသော မီးငြိမ်းသတ်ယာဉ်(၂၀)စီး ဖြည့်တင်းဆောင်ရွက်ရန် ဘဏ္ဍာငွေတင်ပြ တောင်းခံခဲ့သော်လည်း (၁၆)စီးသာ ရရှိခဲ့ပါသဖြင့် မီးငြိမ်းသတ်ယာဉ်များ ခွဲဝေချထားမှုအပေါ် ပြန်လည် စိစစ်ပြီးမှသာ ခွဲဝေချထားပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ သက်န်းတုံးတူးမြောင်းအား ရေစီးရေလာ ပိတ်ဆို့၍ ငါးဖမ်းသော ငါးဆီးလှောင်အင်း ဂရန်ပိုင်ရှင်အား ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် နောင်နှစ်များတွင် သက်န်းတုံးတူးမြောင်းအား ပိတ်ဆို့ငါးဖမ်းခြင်းမပြုရန် စည်းကမ်းသတ်မှတ်ပေး နိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် ငါးစီးလှောင် အင်းဂရန်ပိုင်ရှင်နှင့် ပဲစိုက်ပျိုးသော တောင်သူလယ်သမားများအား ညှိနှိုင်းပြီး ကျားချက်အားဖွင့်ပေးခဲ့သဖြင့် ယခုနှစ်တွင် ရေလျှော့ပြီး ပဲများအချိန်မီ စိုက်ပျိုးနိုင်ခဲ့သောကြောင့် အင်းဂရန်ပိုင်ရှင်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တရားစွဲဆိုရန် မရှိတော့ပါ။ နောင်နှစ်တွင် အင်းလုပ်ကိုင်သူနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူများ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်မည့် အင်းဂရန်စည်းကမ်းချက်များကို ပြင်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အင်းလုပ်ကိုင်သူနှင့် စိုက်ပျိုးလုပ်ကိုင်သူများ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်မည့် အင်းဂရန်စည်းကမ်းချက်များကို ပြင်ဆင်ဆောင်ရွက်ပေးမည်ဆိုသည်ကို လက်ခံနိုင်ပါသည်။ ကျားချက်ရေစီးရေလာပိတ်ဆို့သည့်ကိစ္စကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းပါ။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိမိကိုယ်တိုင်သွားကြည့်သည့်အခါ ယင်းကို နှစ်ထပ်ပိတ်ဆို့ထား၍ ရေမှာ လုံးဝမစီးတော့ပါ။ အထက်ဘက်မှ လယ်သမားများမှာ စပါးများရေလျှံပြီး ပဲလည်း ကြဲ၍ မရပါကြောင်း၊ ရေစီးရေလာပိတ်ဆို့ထားသည့်သူကို တရားစွဲဆိုရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂) ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ထန်းတပင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး မိမိတို့ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်းဂရန်၊ အင်းလေလံများကို ချပေးသည့်အခါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချပေးထားခြင်းဖြစ်ပြီး၊ လက်ရှိစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ပြီး ရေစီးရေလာပိတ်ဆို့ထားသည့် လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တိုင်ကြားချက်နှင့်အညီ ငါးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ရေမြောင်းကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်လမ်းညွှန်ပြီး၊ သက်ဆိုင်ရာ အင်းလေလံရသည့် ပုဂ္ဂိုလ်ကလည်း ဖွင့်ပေးပြီးဖြစ်ပါသည်။ စည်းမျဉ်း

စည်းကမ်းနှင့်အညီ မလုပ်မှသာ စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူ၍ရမည်ဖြစ်ပါသည်။ ယခုသူတို့က စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်သည်ဖြစ်၍ ရေစီးရေလာလည်းကောင်းသွားပါပြီ၊ နောင်နှစ်များတွင် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကိုလည်း ဝန်ကြီးဌာနအနေဖြင့် ဖြေကြားထားပြီး ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"စာသင်ကျောင်းများကို အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ခြင်း မရှိသော ဆောက်လုပ်ရေးကုမ္ပဏီများအား တရားစွဲဆို၍ အမည်ပျက် (Black List) စာရင်းထည့်သွင်းခဲ့ခြင်း ရှိ/မရှိနှင့် နောက်နောင်တွင် အရည်အသွေး ပြည့်မီစွာ ဆောက်လုပ်ခြင်း မရှိသော ဆောက်လုပ်ရေး ကုမ္ပဏီများအား ထိုကဲ့သို့ တရားစွဲဆို၍ အမည်ပျက် (Black List) စာရင်းထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများ ဆောက်လုပ်ခဲ့ကြသောအချို့ကုမ္ပဏီများသည် စာချုပ်သက်တမ်းမပြည့်မီအဆောက်အဦများမှာမြေကျွံနိမ့်ကျခြင်း၊ နံရံများအက်ကွဲခြင်း၊ အရည်အသွေးမမီသောသစ်များ သုံးထားသောကြောင့်သစ်များကောက်ကွေးခြင်း၊ ပိုးစားခြင်း၊ ကွာဟခြင်းများ လေ့လာကြားသိခဲ့ရပါသည်။ ထိုကဲ့သို့အရည်အသွေးမပြည့်မီဘဲ ဆောက်လုပ်ခဲ့သည့် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ရှင်အား ဆက်သွယ်အကြောင်းကြားခြင်း၊ ပျက်စီးသွားသည်များကို ပြန်လည်ပြုပြင်စေခဲ့ပါသည်။ ဆက်သွယ်ဆောင်ရွက်၍မရသည့် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ရှင်တို့အား အမည်ပျက်(Black List) စာရင်းထည့်သွင်း ကြေငြာခဲ့ပါသည်။

ထို့ပြင် နောက်နောင်စာသင်ကျောင်းများဆောက်လုပ်မည့်ကုမ္ပဏီများသည် ထိုကဲ့သို့ အရည်အသွေးမပြည့်မီဘဲ ဆောက်လုပ်ခဲ့ပါက ကုမ္ပဏီနှင့်ကုမ္ပဏီပိုင်ရှင်တို့အား တရားစွဲဆို၍ အမည်ပျက် (Black List) စာရင်းတွင်ပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား ကတိကဝတ်အဖြစ် မှတ်တမ်းတင်ထားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က မေးခွန်းအမှတ်စဉ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ယနေ့နံနက်ပိုင်း အစီအစဉ်မှာ မိမိမေးခွန်း(၉)ခုပါဝင်ပါသည်။ မိမိ၏ မေးခွန်း(၉)ခုကို မိမိအနေဖြင့် (၁)၊ (၂)၊ (၃)နှင့်(၄)ကိုသာ နံနက်ပိုင်းမေးမြန်းပြီး ကျန်သည့်မေးခွန်းများကို နေ့ခင်းပိုင်းတွင် မေးခွင့်ပြုပါရန် အားလုံးကို လေးစားလျက် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပြည်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံတွင်လိုအပ်နေသော ယာဉ်ထိန်းရဲများကို တာဝန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ချထားပေးမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပြည်မြို့နယ်တွင် လိုင်စင်မဲ့ရောင်းချနေသော အရက်ဆိုင်များနှင့် အရက် ရောင်းချနေသော ကုန်စုံဆိုင်များ၊ စတိုးဆိုင်များကို အရေးယူရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပြည်မြို့နယ်၊ ရွှေတံခါးနယ်မြေအတွင်း ဖွဲ့စည်းထားရှိသော အရန်မီးသတ် တပ်ဖွဲ့ တပ်စု(၂၃)အတွက် လိုအပ်သော မီးသတ်ကားချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်ခရိုင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံတွင် လိုအပ်နေသော ယာဉ်ထိန်းရဲများကို တာဝန်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ချထားပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့နယ်တွင် လိုင်စင်မဲ့ရောင်းချနေသော အရက်ဆိုင်များနှင့် အရက်ရောင်းချနေသော ကုန်စုံဆိုင်များ၊ စတိုးဆိုင်များကို အရေးယူရန် အစီအစဉ် မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ်ရှိ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ချထားပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်မြို့နယ်၊ ရွှေတံခါးနယ်မြေအတွင်း ဖွဲ့စည်းထားရှိသော အရန်မီးသတ်တပ်ဖွဲ့၊ တပ်စု(၂၃)အတွက် လိုအပ်သောမီးသတ်ကား ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံတွင်လိုအပ်နေသော ယာဉ်ထိန်းရဲများကို တာဝန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ချထား ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိ(၂၁) ဦးနှင့် အခြားအဆင့်(၈၈)ဦး၊ စုစုပေါင်း(၁၀၉)ဦးသာ တာဝန်ချထား ပေးနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအပြည့်တာဝန်ခွဲဝေချထားပေးနိုင်ခြင်းမရှိသေးပါ။ တာဝန်ချထားခဲ့သည့် တပ်ဖွဲ့ဝင် (၁၀၉)ဦးအား ဒုတပ်ဖွဲ့ခွဲမှူးရုံးနှင့် ခရိုင်(၄)ခရိုင်၌အခြေပြုထားရှိသော တပ်ဖွဲ့စု(၄)စုသို့ မျှဝေဖြန့်ခွဲ တာဝန်ထမ်းဆောင်နေရပါသည်။ အမှတ်(၁၃)ယာဉ်ထိန်းရဲ တပ်ဖွဲ့စု(ပြည်)တွင် ဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့်ပေါင်း(၃၆)ဦး ထားရှိရမည်ဖြစ်သော်လည်း ယခုအခါ တပ်ဖွဲ့ဝင်အရာရှိ နှင့်အခြား အဆင့်ပေါင်း(၃၀)ဦးထိ ဖြည့်ဆည်းတာဝန်ပေးထားရှိပါသည်။

လတ်တလောအခြေအနေတွင် အင်အားအခြေအနေအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖြည့်ဆည်း ပေးနိုင်ခြင်းမရှိသေးပါသဖြင့် ဖွဲ့စည်းပုံအပြည့်တာဝန်ချထားပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြား အပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်တွင် လိုင်စင်မဲ့ရောင်းချနေသော အရက်ဆိုင်များနှင့် အရက်ရောင်းချနေသော ကုန်စုံဆိုင်များ၊ စတိုးဆိုင်များကို အရေးယူရန် အစီအစဉ် ရှိ/မရှိ"** သိရှိလို ပါကြောင်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်း တရားမဝင် အရက်ဆိုင်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ယစ်မျိုးဥပဒေကို မလိုက်နာသည့် အရက်အရောင်းဆိုင်၊ စတိုးဆိုင်များအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ သတင်းရယူခြင်း ရှာဖွေဖမ်းဆီးခြင်း များအား ဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင် အရက်ရောင်းချမှုများအား ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း (၂၅၃၁)မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ အထိ (၁၅၀၈)မှု ဖမ်းဆီးအရေးယူထားရှိပြီးဖြစ်ပါသည်။ ဖမ်းဆီးအရေးယူမှုနှင့်ပတ်သက်၍ ယခင် ၂၀၁၅ခုနှစ်နှင့် နှိုင်းယှဉ်ပြီး ယခု၂၀၁၆ခုနှစ်တွင် ယစ်မျိုးဖမ်းဆီးမှုအား တွန်းအားပေး တိုးမြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ပဲခူးတိုင်းဒေသကြီး၊ **ပြည်ခရိုင်၊ ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန် မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အစိုးရမှစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး မြို့မြေအဖြစ် သတ်မှတ်ထားသည့် မြေများအတွက် လူနေထိုင်ရန် စက်မှုလက်မှု လုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေငှားဂရန်များ လျှောက်ထားလာပါက အောက်ပါအချက်များဖြင့် တင်ပြ လျှောက်ထား ရမည်ဖြစ်ပါသည်-

- လျှောက်ထားသော လျှောက်လွှာတွင် ရုံးအခွန်တော် တံဆိပ်ခေါင်း ကပ်ရပါမည်၊ လျှောက်ထား လွှာတွင် လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်အပြည့်အစုံ ဖော်ပြရပါမည်။
- လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးနှင့် အတည်ပြုလက်မှတ် ရေးထိုး ထားသော မြေစာရင်းပုံစံ (၁၀၅)(၁၀၆) (၂)စုံပါရှိပြီး (၁)စုံတွင် တံဆိပ်ခေါင်း ကပ်ပါရှိရပါမည်။
- အဆောက်အဦ ရှေ့မြင်၊နောက်မြင် ဓာတ်ပုံ(၂)ပုံပါရှိရပါမည်၊ အဆောက်အဦ ဆောက်လုပ် ထားခြင်းမရှိသေးပါက ဆောက်လုပ်မည့် အဆောက်အဦ အရွယ်အစား၊ အမျိုးအစား၊ တန်ဖိုးတွက်ချက်မှုစာရင်းနှင့် သက်ဆိုင်ရာ အင်ဂျင်နီယာလက်မှတ်၊ ရာထူး၊ တံဆိပ်ပါ ရှိရပါမည်။
- မြေပိုင်ဆိုင်မှု အထောက်အထားပူးတွဲတင်ပြရပါမည်၊ မြေပေးမိန့် ဖြစ်ပါက မူရင်းတင်ပြရန်။
- မြေပေးမိန့်မူရင်းပျောက်ဆုံးပါက မူလမြေပေးမိန့်ထုတ်ပေးသည့် ကော်မတီ/ အဖွဲ့အစည်းသို့ ပျောက်ဆုံးမိတ္တူမှန်လျှောက်ထား၍ ပြန်လည်တင်ပြရပါမည်။ သို့မဟုတ် မြေပေးမိန့် ပျောက်ဆုံးကြောင်းကို သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းတို့မှ ပျောက်ဆုံးမှန်ကန်ကြောင်း ထောက်ခံချက်၊ နိုင်ငံပိုင်သတင်းစာများတွင် လျှောက်ထားမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာပူးတွဲပါရှိရပါမည်။
- လျှောက်ထားမြေကွက်အား မြေပေးမိန့်ထုတ်ပေးခဲ့သည်မှာ မှန်ကန်ကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်နှင့် ဦးပိုင်- ၁(က) စာရင်းတင်ပြရပါမည်။ စာချုပ်စာတမ်းများဖြစ်ပါက စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိပြီး သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အမွေ ဆက်ခံပိုင်ခွင့်ရှိသူများ၊ ရောင်းသူ/ ဝယ်သူ အဆင့်ဆင့်မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မြေအရောင်း/ အဝယ်စာချုပ်နှင့် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတို့ပါရှိရပါမည်။
- အမည်ပြောင်း၊ ခွဲစိတ်လျှောက်ထားပါက မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် ထားသော အရောင်းအဝယ်စာချုပ်၊ တရားအနိုင်ဒီကရီတင်ပြရပါမည်။
- စက်မှု/စီးပွားဂရန် လျှောက်ထားမှုတွင် လ/ယ(၃၀)ခွင့်ပြုမိန့်၊ စက်မှုလိုင်စင် (သို့မဟုတ်) စည်ပင်သာယာရေးလုပ်ငန်းလိုင်စင်များ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း ထောက်ခံချက် ပါရှိရပါမည်။

အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံပါက သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ နည်းဥပဒေပ-၁၁အရ လျှောက်ထားရပါမည်။ ခရိုင်ကော်လိတ္တော်အရာရှိမှ အထက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာဖြင့် လျှောက်ထားလာသော လျှောက်လွှာများအား အမှုတွဲဖွင့်လှစ်၍ သက်ဆိုင်ရာမြို့နယ်များသို့ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အတူ ဆောင်ရွက်နိုင်ရေး အတွက် အမှုတွဲများပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာမြို့နယ်များမှ ရောက်ရှိလာသည့် အမှုတွဲအား အောက်မြန်မာပြည်မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၁၉(၁)နှင့်(၂)တို့အရ ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ မြေငှားခ နှုန်းထားတွက်ချက်စေခြင်း၊ လိုအပ်သော သက်သေထွက်ဆိုချက်များရယူခြင်း၊ လျှောက်ထားသည့်နေရာသို့ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ-၁၄အရ သက်ဆိုင်ရာ မြေတိုင်းစာရေးနှင့်အတူ လျှောက်ထားဧက၊ ဦးပိုင်၊ အလားလေးရပ် မှန်/မမှန်၊ ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ပြီး ပြည့်စုံသောအခါ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ အမှုတွဲအား ပေးပို့ရပါမည်။

ခရိုင်ကော်လိတ္တော်အရာရှိမှ ပြန်လည်တင်ပြလာသည့်အမှုတွဲအပေါ် ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း၊ လျှောက်ထားနေရာသို့ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေတိုင်းစာရေးတို့နှင့်အတူ ထပ်မံကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လျှောက်ထားမြေကွက်သည် လူနေထိုင်ရန်၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ဆောက်လုပ်ထားရှိသည့် အဆောက်အဦခိုင်မာမှုပေါ် မူတည်၍ နှစ်တို/နှစ်ရှည် မြေငှားဂရန်များ ခွင့်ပြုချထားပေးလျက်ရှိပါသည်။ သက်ဆိုင်ရာ ကာယကံရှင်များအနေဖြင့် မြေငှားဂရန် လျှောက်ထားလိုပါက ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

ပြည်မြို့နယ်ရှိမြို့ပေါ်ရပ်ကွက်များတွင် မြေငှားဂရန်များခွင့်ပြုချထားနိုင်ရေး၊ လွှဲပြောင်းလက်ခံရရှိသည့် အချိန်မှစ၍ ယနေ့အထိ သတ်မှတ်စည်းကမ်းများနှင့်ညီညွတ်သည့် မြေငှားဂရန်များအား ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် (၁၉၁)ခု၊ ၂၀၁၂ခုနှစ်တွင် (၃၃)ခု၊ ၂၀၁၃ ခုနှစ်တွင် (၁၁၄)ခု၊ ၂၀၁၄ ခုနှစ်တွင် (၂၅)ခု၊ ၂၀၁၅ ခုနှစ်တွင်(၇၁)ခု၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ (၇၇)ခု၊ စုစုပေါင်း (၆၂၇)ခုအား မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ်ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြို့မြေများကို မြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လူနေထိုင်ရန် (သို့မဟုတ်)စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် မြေဂရန် လျှောက်ထားလာပါက ခွင့်ပြုပေးရန်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်၊ ရွှေတံခါးနယ်မြေအတွင်း ဖွဲ့စည်းထားရှိသော အရန်မီးသတ်တပ်ဖွဲ့ တပ်စု(၂၃)အတွက် လိုအပ်သော မီးသတ်ကားချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရရှိထားသော မီးငြိမ်းသတ်ယာဉ်(၄)စီးအား တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များသို့ ခွဲဝေချထားပေးရန် လျာထားခဲ့သော်လည်း

လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ မီးငြိမ်းသတ်ယာဉ် (၄)စီးအား အောက်ပါအတိုင်း ခွဲဝေချထားပေးရမည်ဖြစ်ပါသဖြင့် ခရိုင်မီးသတ်စခန်းများသို့ ခွဲဝေချထားပေးနိုင်ခဲ့ခြင်း မရှိပါ -

- ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ (၁)စီး
- ထန်းတပင်မြို့နယ်၊ ရွာသာယာကျေးရွာ (၁)စီး
- အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာ (၁)စီး
- ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ (၁)စီး

ထို့အပြင် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လိုအပ်လျက်ရှိသော မီးငြိမ်းသတ်ယာဉ်(၂၀)စီး ဖြည့်တင်းဆောင်ရွက်ရန် ဘဏ္ဍာငွေတင်ပြ တောင်းခံခဲ့သော်လည်း (၁၆)စီးသာ ရရှိခဲ့ပါသဖြင့် မီးငြိမ်းသတ်ယာဉ်များ ခွဲဝေချထားမှုအပေါ် ပြန်လည် စိစစ်ပြီးမှသာ ခွဲဝေချထားပေးနိုင်မည် ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကြယ်ပွင့်ပြမေးခွန်းအမှတ်စဉ်(၃)အတွက် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဂရန်ကိစ္စမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ဂရန်လျှောက်ထားပါက ဂရန်မြေများကို ခွင့်ပြုပေးပါမည်ဟု ဖြေကြားပေးထားပြီး ဖြစ်ပါတယ်။ မရှင်းလင်းသည့်အချက်များရှိပါက မေးမြန်းရန်ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြေကြားချက်ထဲတွင် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဂရန်လျှောက်ထားလာပါက သက်ဆိုင်ရာ ကော်လိတ္တော်အရာရှိက ခွင့်ပြု ပေးရန် ရှိပါကြောင်း ဖြေကြားသွားပါသည်။ အမှန်တကယ်မှာ လက်တွေ့တွင် မလွယ်ကူပါ။ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ရေးဆွဲရာတွင်လည်း ငွေကြေးပမာဏ၊ မြေစာရင်းပုံစံ(၃) ခ ရေးဆွဲရာတွင်လည်း ငွေကြေး ပမာဏများ၊ ပိုက်ဆံတောင်းမြွက်ဟဝန်ခံချက်များတွင် ငွေကြေးပမာဏများကို တရားမဝင်တောင်းယူနေ ကြသည်ကိုလည်း သိနေရပါသည်။ ၎င်းအတွက် တတ်နိုင်သူများအတွက် ငွေကြေးပမာဏ သိန်းဆယ်ဂဏန်း မျှသည် ကိစ္စမရှိသော်လည်း သာမန်လူများအတွက် ခက်ခဲနေပါသည်။ ကျေးရွာများတွင် စီမံချက်ရေးဆွဲပြီး ဂရန်မြေများထုတ်ပေးသကဲ့သို့ ပိုင်ဆိုင်မှုအထောက်အထား ရှင်းလင်းသည့် ရပ်ကွက်အချို့များမှ အကွက်များကို စီမံချက်ဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် လုပ်ဆောင်သွားမည်ဆိုသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃) **“ ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန်”** နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ငွေကြေးတောင်းခံမှု ရှိသည်ဆိုပါက စာရင်းနှင့်တိုင်ကြားပါက မိမိတို့အရေးယူလျက်ရှိပါသည်။ ဒိုက်ဦးမြို့နယ်မှာလည်း မြေစာရင်းမှ ယခုကဲ့သို့ ပြုလုပ်ရ၍ ဥပဒေအကြံပေးချက်နှင့် အရေးယူလျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးမြို့ပေါ်မှာ၊ ခရိုင်မှာ၊ မြို့နယ်မှာ မည်သူဆိုပြီး နာမည်ထွက်သူများကို တိုင်ကြားပါ။ မိမိတို့က အလုပ်မ်းကွာဝေး၍ တိုင်ကြားမှသိမည် ဖြစ်ပါသည်။ မြို့နယ်များတွင် ကျေးရွာများ၌ဂရန်ပြုလုပ်ပေးသည်မှာ နိုင်ငံတော်အစိုးရ၏ စီမံချက် ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးဌာန၏ စီမံချက်ဖြစ်၍မြို့တိုင်းတွင် ကျေးရွာများ၌ ဆောင်ရွက်ပေးသည့်အချိန်၌ မြေတိုင်းခ၊ မြေဆွဲခ (၁)စတုရန်းလျှင် မည်မျှဆိုပြီး အနည်းငယ်ရပ်တန့်သွားပါသည်။ ကုန်ကျစရိတ်များစွာရှိပါကြောင်း၊ နိုင်ငံတော်စီမံချက် ပြည်ထောင်စုဝန်ကြီးဌာန၏ စီမံချက်ဖြစ်၍ မြို့တိုင်း၌ ယခုလောလောဆယ်၌ အစီအစဉ် မရှိသေးပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ စီမံချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီးမှ မြို့များ၌ ဆောင်ရွက်ရမည်ဖြစ်၍ ယခု လောလောဆယ်မြို့များ၌ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဂရန်မြေရရှိရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ပြည်သူများကို ဆောင်ရွက်ပေးရမည့်တာဝန်ရှိပါသည်။ OSS တစ်နေရာတည်း၌ တစ်ခါတည်းအပြီး လုပ်ကိုင် ဆောင်ရွက်ပေးသည့် စနစ်ကို စီမံချက်ချမှတ်၍ ဆောင်ရွက်ပေးနေပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် အဂတိတရားကင်းရှင်းစေရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝိုင်းဝန်းပြီး အထောက်အထားခိုင်လုံစွာဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တိုင်ကြားသင့်သည်ကို တိုင်ကြားပြီး အရေးယူဆောင်ရွက်သင့်သည်ကို တင်ပြကြရန် ဖြစ်ပါသည်။ ထိုကဲ့သို့ တင်ပြသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် တိတိကျကျနှင့် ပြည်သူ့အကျိုးစီးပွားအတွက် အရေးယူ ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၄း၃၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၃း၂၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၅) **"ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချနေသော မှောင်ခိုဈေးကွက်မှ ဝင်ရောက်နေသော မြေဩဇာနှင့် ဆေးဝါးများ၊ မြန်မာစာ ရေးထိုးသုံးစွဲမထားသော မြေဩဇာနှင့် ဆေးဝါးများကို စိစစ်ကြပ်မတ် အရေးယူသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) **"ပြည်မြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော ရိတ်သိမ်း ခြွေလှေ့စက်(၆)စီးသည် မည်သို့စီစဉ်၍ ငှားရမ်းထားသည်ကို သိရှိလိုပါကြောင်းနှင့် အဆိုပါ(၆)စီးသည် ပြည်မြို့နယ်အတွက် လုံလောက်မှုမရှိပါသဖြင့် ထပ်မံချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း၊။

(၇) **"ပြည်မြို့နယ်၊ သမဝါယမဦးစီးဌာန လက်အောက်တွင်ရှိသော လေးကျွန်းမဏ္ဍိုင် ဆီစက်အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှတစ်ဆင့် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်များတွင် ရောင်းချနေသော မှောင်ခိုဈေးကွက်မှ ဝင်ရောက်နေသော မြေဩဇာနှင့် ဆေးဝါးများ မြန်မာစာရေးထိုးသုံးစွဲ မထားသော မြေဩဇာနှင့် ဆေးဝါးများကို စိစစ်ကြပ်မတ်အရေးယူသွားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာန တွင် အသုံးပြုလျက်ရှိသော ရိတ်သိမ်းခြွေလှေ့စက်(၆)စီးအား မည်သို့စီစဉ်၍ ငှားရမ်းထားသည်ကို သိရှိလိုပါကြောင်းနှင့် အဆိုပါရိတ်သိမ်းခြွေလှေ့စက်(၆)စီးသည် ပြည်မြို့နယ်အတွက် လုံလောက်မှုမရှိပါသဖြင့် ထပ်မံချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်မြို့နယ်၊ သမဝါယမဦးစီးဌာန လက်အောက်တွင်ရှိသော လေးကျွန်းမဏ္ဍိုင်ဆီစက်အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှတစ်ဆင့် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏“**ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချနေသော မှောင်ခိုဈေးကွက်မှ ဝင်ရောက်နေသော မြေသြဇာနှင့် ဆေးဝါးများ၊ မြန်မာစာ ရေးထိုးသုံးစွဲမထားသော မြေသြဇာနှင့် ဆေးဝါးများကို စိစစ်ကြပ်မတ် အရေးယူသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း** ” နှင့်စပ်လျဉ်း၍

- စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်များတွင် ရောင်းချနေသော မြေသြဇာများသည် မြေသြဇာဥပဒေပုဒ်မ ၈(ခ)အရ မှတ်ပုံတင်ထားသော မြေသြဇာများဖြစ်ရပါမည်။
- ဖြန့်ဖြူးရောင်းချသူသည် ပုဒ်မ ၁၄(ခ)အရ လိုင်စင်ရှိရပါမည်။
- ပုဒ်မ(၁၆)အရ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုး (သို့) ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန် အချက်များဖော်ပြရန်ဆိုရာ၌ ရွက်ဖျန်းမြေသြဇာ(Foliar)သည် မြန်မာစာအညွှန်းသာ ပါရှိရမည်ဖြစ်ပြီး၊ ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ်၊ ကွန်ပေါင်းမြေသြဇာများတွင် ပါဝင်သောအာဟာရဓါတ် (Nutrient)များ၏ စံချိန်စံညွှန်း (N;P;K)ကို ဖော်ပြရန်ဖြစ်ပါသည်။
- အထက်ပါဥပဒေအပေါ် လိုက်နာဆောင်ရွက်နိုင်မှု ရှိ/မရှိကို စိုက်ပျိုးရေးဦးစီးဌာန၏ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့များမှ မြို့နယ်များသို့ လစဉ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ မြေသြဇာဥပဒေနှင့် မကိုက်ညီသော ဖြန့်ဖြူးရောင်းချမှုများအားတွေ့ရှိပါက စိစစ်ကြပ်မတ် အရေးယူသွားမည်ဖြစ်ပါသည်။
- ပိုးသတ်ဆေး လက်လီ/လက်ကားအရောင်းဆိုင်များအား စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ပေးအပ်ထားသော ခရိုင်၊ မြို့နယ်စစ်ဆေးရေးမှူးများနှင့်အဖွဲ့များသည် လစဉ်၊ ရှောင်တခင် အရေးပေါ်စစ်ဆေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်မြို့နယ်တွင် ပိုးသတ်ဆေးအရောင်းဆိုင်များကို (၄. ၁၁. ၂၀၁၆)နေ့၌ ပိုးသတ်ဆေးဥပဒေပါအချက်များအား ရှင်းလင်းဆွေးနွေးပြီး မှောင်ခိုဈေးကွက်မှ ဝင်ရောက်နေသောဆေးဝါးများ မြန်မာစာရေးထိုးသုံးစွဲမထားသော ဆေးများကိုရောင်းချခြင်း မပြုရန်နှင့်အရေးယူဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးကြေညာပြီးဖြစ်ပါသည်။
- ပြည်မြို့ မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့သည် (၆. ၁၂. ၂၀၁၆)နေ့က လိုက်လံစစ်ဆေးရာတွင် ဓနမြိုင်အရောင်းဆိုင်မှ တရားမဝင်ပိုးသတ်ဆေး(၈)မျိုး ရောင်းချသည်ကိုစစ်ဆေးတွေ့ရှိရပါသည်။ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး တွေ့ရှိပစ္စည်းများအားသတ်မှတ်ပုံစံများနှင့်အညီ စိုက်ပျိုးရေးရုံးတွင် သိမ်းဆည်းထားပြီး ဖြစ်ပါသည်။
- သို့ပါ၍ မှောင်ခိုဈေးကွက်မှ ဝင်ရောက်နေသော မြေသြဇာနှင့် ဆေးဝါးများ၊ မြန်မာစာတန်းထိုးသုံးစွဲမထားသော မြေသြဇာနှင့်ဆေးဝါးများကို စဉ်ဆက်မပြတ် စစ်ဆေးပြီးတွေ့ရှိပါက စိစစ်ကြပ်မတ်အရေးယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပြည်မြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော ရိတ်သိမ်း ခြွေလှေ့စက်(၆)စီးအား မည်သို့စီစဉ်၍ ငှားရမ်းထားသည်ကို သိရှိလိုပါကြောင်းနှင့် အဆိုပါ(၆)စီးသည် ပြည်မြို့နယ်အတွက် လုံလောက်မှုမရှိပါသဖြင့် ထပ်မံချထား ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော စပါးရိတ်သိမ်းခြွေလှေ့စက်(၆)စီးအား ပြည်စက်မှု လယ်ယာစခန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်၊ ရွှေတောင်၊ ပန်းတောင်းမြို့နယ်(၃)မြို့နယ်ရှိ တောင်သူများ၏ ငှားရမ်းဆောင်ရွက်လိုကြောင်း တင်ပြတောင်းခံမှုအပေါ် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း များနှင့်အညီ ငှားရမ်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ စပါးရိတ်သိမ်းခြွေလှေ့စက်များအား ပြည်ထောင်စု အစိုးရ ရန်ပုံငွေဖြင့်ဝယ်ယူပြီး ဒေသအလိုက် ပညာပေးလုပ်ငန်းဆောင်ရွက်ရန်အနေဖြင့်သာ အလှည့် ကျဖြည့်တင်းပေးနေရခြင်းဖြစ်ပါသောကြောင့် ပြည်မြို့နယ်၌ လက်ရှိ(၆)စီးရှိပြီးဖြစ်၍ ထပ်မံချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပြည်မြို့နယ်၊ သမဝါယမဦးစီးဌာန လက်အောက်တွင် ရှိသော လေးကျွန်းမဏ္ဍိုင် ဆီစက်အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှတစ်ဆင့် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပြည်မြို့နယ်သမဝါယမဦးစီးဌာန လက်အောက်ရှိ လေးကျွန်းမဏ္ဍိုင်ဆီစက်အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှတစ်ဆင့် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါ။

ဇင်းဆီစက်သည် ပြည်သူပိုင်ဆီစက်မဟုတ်ခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံ ထားခြင်းလည်း မရှိခြင်း၊ သမဝါယမအသင်းသားပိုင်ဆီစက်ဖြစ်သောကြောင့် ပုဂ္ဂလိက ပိုင်ပြုလုပ်ရေး ကော်မရှင်နှင့်လည်း မသက်ဆိုင်ပါ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှတစ်ဆင့် ပုဂ္ဂလိကသို့လွှဲပြောင်းပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကြယ်ပွင့်ပြမေးခွန်းအမှတ်စဉ်(၇)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။မေးခွန်းအမှတ်စဉ်(၇)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။တိုင်းဒေသကြီးဝန်ကြီး ဖြေဆိုသွားရာတွင် ဇင်းဆီစက်သည် ပြည်သူပိုင်သိမ်းဆီစက်မဟုတ်ခြင်းဟုပါဝင်ပါသည်။ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ တက်လာပြီး နောင်ပိုင်းတွင် ပြည်မြို့နယ်တွင်ရှိသည့်ကျောင်းများ၊ ရုပ်ရှင်ရုံများသည် ဇင်းဆီစက်နှင့်အတူ

ပြည်သူပိုင်သိမ်းခံခဲ့ရပါသည်။ လက်ရှိမှာလည်း သမဝါယမအသင်းပိုင်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်ကို ငှားရမ်းထားခြင်းဖြစ်ပါသည်။ ပြည်မြို့မှာရှိသည့် ရုပ်ရှင်ရုံအချို့ကို မူလလုပ်ငန်းရှင်ကို ဦးစားပေးပြီး လွှဲပြောင်းပေးခဲ့ပါသည်။ သို့အတွက်ကြောင့် ၎င်းလေးကျွန်းမဏ္ဍိုင်ဆီစက်ကိုလည်း မူလလုပ်ငန်းရှင်သို့ သမဝါယမမှဦးစားပေး၍ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင် မေးမြန်းသည့်မေးခွန်းအမှတ်စဉ်(၇)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအပေါ် မူလလုပ်ငန်းရှင်သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ / မရှိ နှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးမှ ပြန်လည်ရှင်းလင်းပေးရန်ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပြည်မြို့နယ် သမဝါယမဦးစီးဌာန လက်အောက်ရှိ လေးကျွန်းမဏ္ဍိုင်ဆီစက်အား မူလပိုင်ရှင်လက်သို့ ပြန်လည်လွှဲပြောင်းပေးရန် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး မိမိအနေဖြင့် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုမှချပေးသည့် လုပ်ငန်းများအပေါ်မှာ ထိန်းကျောင်းတည့်မတ်ရန်သာဖြစ်ကြောင်း အသင်းစုပိုင်၊ အသင်းသားပိုင်လုပ်ငန်းများကို မိမိတို့အနေဖြင့် ဝင်ရောက်ပတ်သက်ခြင်းမရှိပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အသင်းစုပိုင်အခန်းငယ် (၁)ခန်းကိုမျှ အစိုးရ၏စီမံကွပ်ကဲမှုဖြင့် ငှားရမ်းရန် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုရုံးချုပ်မှနေ၍ခွင့်မပြုပါကြောင်း၊သမဝါယမ လုပ်ငန်းများသည် အဓိကအားဖြင့် နိုင်ငံတကာချေးငွေ၊ အဓိကချေးငွေများ အိတ်ဆန်းဒါးချေးငွေနှင့် လုပ်ကိုင်နေခြင်းဖြစ်ပြီး လက်ရှိကိုယ်စားလှယ်ကြီးတင်ပြသည့် လေးကျွန်းမဏ္ဍိုင်ဆီစက်က သမဝါယမ အသင်းစုပိုင်ဟု ဖော်ပြထားခြင်းဖြစ်ပြီး အစိုးရအဖွဲ့၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိ/မရှိကို စုံစမ်းစစ်ဆေးပြီး ကိုယ်စားလှယ်ကြီးထံ အကြောင်းပြန်ကြားပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့်မေးခွန်း အမှတ်စဉ်(၇)နှင့် ပတ်သက်ပြီး ကတိကဝတ်အဖြစ်မှတ်တမ်းတင်ပေးရန်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(က) **"ပြည်မြို့နယ်၊ မြို့မဈေးကြီးအနောက်ဘက် ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် ကမ်းနားလေဟာပြင်နေ့ဈေး အစီအစဉ်တစ်ခု ဆောက်လုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) **"ပြည်မြို့နယ်၊ ငါးရွာအုပ်စု စက်သုံးဆီအရောင်းဆိုင်ဘေးရှိ ပုဂ္ဂလိက ထွန်စက်စခန်းသည် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုနေခြင်း၊ ရွှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေအတွင်း ကျရောက်နေခြင်းတို့ကြောင့် တည်ဆဲဥပဒေများအရ**

**အရေးယူရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် မြို့မဈေးကြီး၌ တိုးချဲ့ဆိုင်များ၊ လမ်းဘေးခေါင်းရွက် ဗျက်ထိုးဈေးသည်များကြောင့် ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာ၊ ကုန်တင်ကုန်ချခက်ခဲမှု ပြဿနာများကို ပြေလည်စေရန်အတွက် မြို့မဈေးကြီး အနောက်ဘက် ဧရာဝတီ မြစ်ကမ်းပါးပေါ်တွင် ကမ်းနားလေဟာပြင်နေ့ဈေး အစီအစဉ်တစ်ခု ဆောက်လုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့နယ်၊ ငါးရွာအုပ်စု၊ စက်သုံးဆီ အရောင်းဆိုင်ဘေးရှိ ပုဂ္ဂလိက ထွန်စက်စခန်းသည် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေပေါ်တွင် အခြားနည်း အသုံးပြုနေခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှုဇုန်နယ်မြေအတွင်း ကျရောက်နေခြင်းတို့ကြောင့် တည်ဆဲ ဥပဒေများအရ အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပြည်မြို့နယ်၊ မြို့မဈေးကြီးအနောက်ဘက် ဧရာဝတီမြစ်ကမ်းပါး ပေါ်တွင် ကမ်းနားလေဟာပြင်နေ့ဈေးအစီအစဉ်တစ်ခု ဆောက်လုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်းလုပ်ငန်းများ လျာထားတွက်ချက်တင်ပြထားပြီး အဆိုပါ လေဟာပြင်နေ့ဈေး ဆောက်လုပ်ခြင်း လုပ်ငန်း ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။ သို့သော် တစ်ဆက်တစ်စပ်တည်း ဖြေကြားရမည်ဆိုလျှင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ ညှိနှိုင်းပြီး အကောင်းဆုံးမည်ကဲ့သို့ ဆောင်ရွက်ရမည် ဆိုသည်ကို စဉ်းစားဆုံးဖြတ်ပြီး စာဖြင့်အကြောင်းပြန်ကြားပေးမည် ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပြည်မြို့နယ်၊ ငါးရွာအုပ်စု စက်သုံးဆီအရောင်းဆိုင်ဘေးရှိ ပုဂ္ဂလိက ထွန်စက်စခန်းသည် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေပေါ်တွင် အခြားနည်း အသုံးပြုနေခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှုဇုန် နယ်မြေအတွင်း ကျရောက်နေခြင်းတို့ကြောင့် တည်ဆဲဥပဒေများအရ အရေးယူရန်**

**အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပြည်မြို့နယ်၊ ငါးရွာကျေးရွာအုပ်စု၊ တာဂွနယ်မြေ စက်သုံးဆီအရောင်းဆိုင်နှင့် လော့သော့ချောင်းကြား ရှိ ပုဂ္ဂလိကထွန်စက်စခန်း၏နေရာသည် သရေခေတ္တရာမြို့ဟောင်းအား ကမ္ဘာ့အမွေအနှစ်အဖြစ်စာရင်းသွင်း မသတ်မှတ်မီက ယဉ်ကျေးမှုဇုန်၏ပြင်ပတွင် ကျရောက်ပါသည်။ ၂၀၁၃-ခုနှစ်၌ သရေခေတ္တရာမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ် အဖြစ်သတ်မှတ်ရန်အတွက် ဇုန်နယ်မြေများတိုးချဲ့သတ်မှတ်ခဲ့ရာတွင် အဆိုပါနေရာသည် ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone ) အတွင်း ကျရောက်ပြီး ကာကွယ်ထိန်းသိမ်းထားသောဇုန်၏နယ်နိမိတ်မျဉ်းဖြစ်သော လော့သော့ချောင်း အနီးတွင်ကပ်လျက်တည်ရှိပါသည်။

ယခုထွန်စက်စခန်းပြုလုပ်ထားသောနေရာတွင် ၂၀၁၃-ခုနှစ်မတိုင်မီက တည်ဆောက်ထားခဲ့သော (၂၀ ပေ× ၁၅ ပေ) အကျယ်အဝန်းရှိသည့် အဆောက်အအုံဟောင်း တစ်လုံးတည်ရှိခဲ့ပါသည်။ ထိုအဆောက်အအုံငယ်သည် သရေခေတ္တရာ ကမ္ဘာ့အမွေအနှစ်ဒေသအတွက် ဇုန်နယ်မြေမတိုးချဲ့ခင်ကတည်းက ယဉ်ကျေးမှုဇုန်နှင့်လွတ်ကင်းစွာ တည်ရှိခဲ့သော အဆောက်အအုံဖြစ်သောကြောင့် ဇုန်နယ်မြေတိုးချဲ့ခဲ့သည့် ဧရိယာရှိ အခြားအဆာက်အအုံများနည်းတူ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ နောက်ကြောင်းပြန် ပြန်လည်ဖျက်သိမ်း၍မရသည့် အနေအထားဖြစ်ပါသည်။ အဆိုပါ အဆောက်အအုံဟောင်းနှင့် အနီးတစ်ဝိုက်တွင် ထွန်စက်နှင့်အခြားစက်ယန္တရားပစ္စည်းများကိုထားရှိခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိသောကြောင့် တရားစွဲဆိုရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ထွန်စက်နှင့် ယန္တရားများထားရှိရန်အတွက် လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်မရရှိသေးပါက သက်ဆိုင်ရာဌာနများ၏ အစီအစဉ်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားနိုင်ပါရန် ဖြေကြားတင်ပြအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းနံပါတ်(၉) ကိုဆက်စပ်မေးခွန်းမေးခွင့်ပြုပါရန် ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့်မေးခွန်း အမှတ်(၉)နှင့် ပတ်သက်ပြီးတရားစွဲဆိုရန် အရေးယူဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားပြီးဖြစ်၍ ၎င်းနှင့်ပတ်သက်ပြီး ကွဲလွဲသည့် မရှင်းလင်းသည့် အချက်များရှိပါက မေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား အဖြေထဲတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စုံတစ်ရာထိခိုက်မှု မရှိသောကြောင့် တရားစွဲဆိုရန်အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်ဟု ပါဝင်ပါသည်။ မြေအောက်မှာရှိနေပြီး သဘောမပေါက်ဘဲ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ထိခိုက်မှုမရှိပါဟုဆိုခြင်းမှာ မည်ကဲ့သို့ခန့်မှန်းပြီးဖြေဆိုခြင်းဖြစ်ပါသလဲ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်မြို့နယ်တွင်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် လုပ်ငန်းရှင်ကမြေကြီးပေါ်တွင်

ကွန်ကရစ်လောင်းလျှင်လက်ခံပါသည်။ ဒေသဖွံ့ဖြိုးရေးအတွက်မြေညီလမ်းခင်းရာ၌ ကားများဖြတ်သန်းသည်ကို တားဆီးပါသည်။ ထွန်စက်စခန်းကပြောကြားသည်မှာ ၂၀၁၃ခုနှစ်ယဉ်ကျေးမှုနယ်မြေသတ်မှတ်ရာတွင် အဆောက်အအုံ (၂)ခု ထပ်မံတိုးချဲ့ ဆောက်လုပ်နေပါသည်။ယခင်အကြိမ် ကြယ်ပွင့်မပြမေး ခွန်းအဖြေတွင် လယ်ယာမြေဥပဒေ အရ လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ဖြေကြားထားပါသည်။ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေအသုံးပြုမှုကို တည်ဆဲ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ ဆက်လက်အရေးယူရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၉)နှင့် ပတ်သက်သော ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ပြည်မြို့ သရေခေတ္တရာရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေသည် ပြည်ထောင်စုမှ တိုက်ရိုက်စီမံခန့်ခွဲခြင်း ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးရှေးဟောင်းသုတေသနအဖွဲ့မှ ၎င်းဇုန်နယ်မြေကို စီမံခန့်ခွဲခြင်း မဟုတ်ပါကြောင်း သို့သော်လည်း ၎င်းအဆောက်အဦသည် ရှေးဟောင်းဇုန်နယ်မြေ မသတ်မှတ်ခင် ကတည်းကရှိသည့် အဆောက်အဦဖြစ်ပါကြောင်း၊ သို့သော်လည်း ရှေးဟောင်းဇုန်နယ်မြေသတ်မှတ်ပြီးသည့် အချိန်တွင် ၎င်းအဆောက်အဦကို တိုးချဲ့ခြင်းအသစ်ဆောက်လုပ်ခြင်းမရှိပါကြောင်း၊ သို့ပါ၍ ၎င်းမှာလက်ရှိ ရှိပြီးသားဖြစ်၍ တိုးချဲ့ခြင်းမရှိပါ၍ ဥပဒေအရအရေးယူရန် အစီအစဉ်မရှိပါကြောင်းနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်သည် မိမိနှင့်မသက်ဆိုင်၍ မိမိဖြေကြားမည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းပါသည်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အင်းများချထားမှုကို မြို့နယ်အလိုက် စီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကို မိုးသီးနှံ (စပါး)နှင့် ဆောင်းသီးနှံ(ပဲမျိုးစုံ) တစ်ပြေးညီထုတ်ချေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အင်းများချထားမှုကို မြို့နယ်အလိုက်စီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကို မိုးသီးနှံ(စပါး)/ဆောင်းသီးနှံ (ပဲမျိုးစုံ)တစ်ပြေးညီ ထုတ်ချေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အင်းများချထားမှုကို မြို့နယ်အလိုက် စီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရသင့်ရထိုက်သော အခွန်အခများဆုံးရှုံးနစ်နာမှုမရှိစေရန်ကာကွယ်နိုင်ရန်နှင့် ရသင့်ရထိုက်သောအခွန်အခများရရှိစေရန်အတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဂရန်အင်းများအား ပွင့်လင်းမြင်သာစွာဖြင့် လေလံတင်ရောင်းချခြင်းကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်း ဂရန်အင်းများအား ပွင့်လင်းမြင်သာစွာဖြင့် လေလံတင်ရောင်းချခြင်းကို ၂၀၁၅-ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့တွင် ထုတ်ပြန်သည့် ပဲခူးတိုင်းဒေသကြီးရေချို ငါးလုပ်ငန်း နည်းဥပဒေ၊ အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း အခန်း(၃)၊ အပိုဒ်-၅၊ အပိုဒ်ခွဲ(က)အရ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး၊ ဝန်ကြီးမှ တာဝန်ပေးအပ်သူ အရာရှိ(၁)ဦး၊ တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်အရာရှိ(၁)ဦး၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်အရာရှိ(၁)ဦးတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သောအဖွဲ့မှ လေလံတင် ရောင်းချခြင်းကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဂရန်အင်းများအား လေလံတင်ရောင်းချရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ တာဝန်ပေးအပ်သူ အရာရှိ(၁)ဦး၊ ခရိုင်ဦးစီးဌာနမှူး(၁)ဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် အရာရှိ(၁)ဦး တို့ပါဝင်သောအဖွဲ့ဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပွင့်လင်းမြင်သာစွာဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ၂၇. ၄. ၂၀၁၆ ရက်နေ့တွင် ပထမအကြိမ်၊ ၁၂. ၅. ၂၀၁၆ ရက်နေ့တွင် ဒုတိယအကြိမ်၊ ၂. ၆. ၂၀၁၆ ရက်နေ့တွင် တတိယအကြိမ်၊ ၁၆. ၆. ၂၀၁၆ ရက်နေ့တွင် စတုတ္ထအကြိမ်၊ ၁၂. ၇. ၂၀၁၆ ရက်နေ့တွင် ပဉ္စမအကြိမ်၊ ၁၂. ၈. ၂၀၁၆ ရက်နေ့တွင် နောက်ဆုံးအကြိမ် စသည်ဖြင့် လေလံတင်ရောင်းချပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို ၂၀၁၅-ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့တွင် ထုတ်ပြန်သည့် ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေ၊ အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း အခန်း(၃)၊ အပိုဒ်-၅၊ အပိုဒ်ခွဲ(က)အရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဂရန်အင်းများ လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့နှင့် လေလံတင်ရောင်းချရေးအဖွဲ့များသည် ပဲခူးမြို့တွင်ရှိသောကြောင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ဂရန်အင်းများအား လေလံတင်ရောင်းချရခြင်းဖြစ်ကြောင်းနှင့် ၂၀၁၇-၂၀၁၈ ခု၊ဘဏ္ဍာရေးနှစ်တွင်လည်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများ လေလံတင် ရောင်းချခြင်းကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လေလံတင်ရောင်းချရန် အစီအစဉ်မရှိဘဲ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနရုံး၌သာ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကို မိုးသီးနှံ (စပါး)နှင့် ဆောင်းသီးနှံ(ပဲမျိုးစုံ) တစ်ပြေးညီ ထုတ်ချေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေအတွက် ရန်ပုံငွေကို ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရသာ ထုတ်ချေးရပါသည်။ ခွင့်ပြုရရှိသော ရန်ပုံငွေအတွက် ငွေကြေးကို မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံတော်ဗဟိုဘဏ်တို့မှ ချေးယူရပါသည်။

၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ချေးငွေရန်ပုံငွေကျပ် (၁၇၀၀)ဘီလီယံ ခွင့်ပြုခဲ့ပါသည်။ ဆောင်းသီးနှံ(ပဲမျိုးစုံ) တစ်ဧကလျှင်(၂၀၀၀၀)ကျပ်နှုန်းမှ စပါးချေးငွေတစ်ဧကနှုန်းထား (၁၅၀၀၀၀)ကျပ်နှုန်းအတိုင်း ထုတ်ချေးပေးမည်ဆိုပါက လိုအပ် သောရန်ပုံငွေမှာ ယခင်နှစ်ခွင့်ပြုရရှိသော ရန်ပုံငွေ၏ (၂)ဆနီးပါးရှိမည်ဖြစ်ပါသည်။ ၎င်းငွေကြေးကို မြန်မာ့စီးပွားရေးဘဏ်နှင့် ဗဟိုဘဏ်တို့မှ ထုတ်ချေးပေးရန် ငွေကြေးမလုံလောက်သဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေကို မိုးသီးနှံ(စပါး)၊ ဆောင်းသီးနှံ (ပဲမျိုးစုံ)တပြေးညီ ထုတ်ချေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၃) **“ရွှေကျင်မြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်အတွင်းရှိ အ-လ-က(ခွဲ)ကျောင်းအား ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွင်း အသစ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုအတွင်းရှိ ကျပ်သန်း(၆၀၀)တန် ကုတင် (၁၆)လုံးဆံ့ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်နိုင်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **“ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျပ်သန်း(၆၀၀)တန် ကုတင် (၁၆)လုံးဆံ့ ဆေးရုံအတွင်း ရေရရှိရေးကိစ္စနှင့် မည်သည့်အချိန်တွင် ဖွင့်လှစ်မည်ကို သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) **“ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် လာမည့်ဘတ်ဂျက်နှစ်တွင် စည်းစနစ်ကျနစွာ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ရွှေကျင်မြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်အတွင်းရှိ အ. လ. က(ခွဲ)ကျောင်းအား ၂၀၁၇-၂၀၁၈ဘတ်ဂျက်နှစ်အတွင်း အသစ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ / မရှိ မေးမြန်းအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုအတွင်းရှိ ၂၀၁၅ခုနှစ်အတွင်း အပြီးတည်ဆောက်ခဲ့သော ကျပ်သန်း(၆၀၀)တန်ဖိုးရှိ ကုတင်(၁၆)လုံးဆံ့ ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်နိုင်မည်ကို သိလို၍ မေးမြန်းအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျပ်သန်း(၆၀၀)တန် တန်ဖိုးရှိ ကုတင်(၁၆)လုံးဆံ့ ဆေးရုံအတွင်းရှိ ရေရရှိရေးကိစ္စနှင့် မည်သည့်အချိန်တွင် ဖွင့်လှစ်မည်ဆိုသည်ကို ပြည်သူများမှမေးမြန်းလာ၍ မေးမြန်းအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်စနစ်ဖွံ့ဖြိုးတိုးတက်လာအောင် လာမည့်ဘတ်ဂျက်နှစ်တွင် စည်းစနစ်ကျနစွာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရွှေကျင်မြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်အတွင်းရှိ အ-လ-က(ခွဲ)ကျောင်းအား ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွင်း အသစ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ အခြေခံပညာအလယ်တန်း

ကျောင်း(ခွဲ)သည်သာသနာ့မြေပေါ်တွင်တည်ရှိပြီး ကျောင်းပိုင်မြေပုံစံ (၁၀၅) မရှိသေးသောကြောင့် ရန်ပုံငွေခွင့်ပြုပေးနိုင်ခြင်း မရှိခြင်းဖြစ်ပါသည်။ ကျောင်းပိုင်မြေပုံစံ(၁၀၅) ရရှိရန်လိုအပ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုအတွင်းရှိ ကျပ်သန်း(၆၀၀)တန် ကုတင် (၁၆)လုံးဆံ့ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်နိုင်မည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ်ပဒဲကောကျေးရွာအုပ်စုအတွင်းရှိ ၂၀၁၅-ခုနှစ်အတွင်း အပြီးတည်ဆောက်ခဲ့သော ပဒဲကောတိုက်နယ်ဆေးရုံသည်ဆေးရုံသုံးပစ္စည်း ရရှိထားပြီးဖြစ်ပါသည်။ မရရှိသေးသောမွေးကုတင်(၁)လုံးအား ရွှေကျင်ပြည်သူ့ဆေးရုံမှယူ၍အသုံးပြုမည်ဖြစ်ပါသည်။ ဆရာဝန် တစ်ဦး၊ သူနာပြုတစ်ဦးနှင့် ဆေးစပ်ဝန်ထမ်းတစ်ဦးခန့်ထားပြီး လုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ အငယ်တန်းဝန်ထမ်းများ ခန့်ထားရန်အတွက်ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုသို့ တင်ပြတောင်းခံပေးမည်ဖြစ်ပါသည်။

ပဒဲကောတိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရန်အတွက် ဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ ၂၀၁၇-ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျပ်သန်း(၆၀၀)တန် တန်ဖိုးရှိ ကုတင် (၁၆)လုံးဆံ့ ဆေးရုံအတွင်း ရေရရှိရေးကိစ္စနှင့် မည်သည့်အချိန်တွင် ဖွင့်လှစ်မည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကွမ်းဆိပ်တိုက်နယ်ဆေးရုံသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်တည်ဆောက်ခဲ့ပါသည်။ တည်ဆောက်မှု ၇၅%အတွက် ရန်ပုံငွေပေးချေထားပြီး ၂၅%အတွက် ရန်ပုံငွေပေးချေရန်ကျန်ရှိနေပါသည်။ လုပ်ငန်း(၁၀၀%) ပြီးစီးပြီဖြစ်ပါသည်။ လုပ်ငန်းပြီးစီးမှု အပ်နှံထားခြင်းမရှိသေးပါ။

ရေရရှိရေးမှာ အဆင်မပြေသေးသဖြင့် လက်ရှိဘုန်းကြီးကျောင်းမှာ ပိုက်ဖြင့်သွယ်ယူ၍ အသုံးပြုလျက်ရှိပါကြောင်းနှင့် ရေရရှိရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၄)နှင့် (၅)တို့အား ကတိကဝတ်အဖြစ် မှတ်တမ်းတင်ထားရန်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် လာမည့် ဘတ်ဂျက်နှစ်တွင် စည်းစနစ်ကျနစွာ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် အခွန်ဆောင်သူသည် လူညံ့ဖြစ်ပြီး၊ အခွန်ရှောင်သူသည် လူလည်လူကောင်း ဖြစ်နေပါသည်။ အခွန်ယဉ်ကျေးမှုအလွန်သိမ်ငယ်နေသည့်သဘောဖြစ်ပါသည်။ မိမိတို့အစိုးရတက်လာသည့် ကာလတစ်လျှောက်တွင် မိမိတို့ကြိုးစားအားထုတ်မှုသည် မနှစ်ကထက် စာလျှင် တိုးတက်လာသော်လည်း ကျေနပ်လောက်သည့်အခြေအနေမျိုးမရှိပါကြောင်း၊ ဦးဝင်းမြင့်တင်ပြသွားသကဲ့သို့ မြေခွန်ယာခွန်များသည် ခေတ်စနစ်နှင့်မညီတော့သည့် အခြေအနေဖြစ်ကြောင်းကို ပြည်ထောင်စုအစိုးရတွင် တင်ပြထားပြီး ဖြစ်သော်လည်း ၎င်းကိစ္စနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအားလုံးက ညီညီညွတ်ညွတ်နှင့်တင်ပြပြီး၊ ပြည်ထောင်စုမှ ဥပဒေအဖြစ်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအနေနှင့် အခွန်(၅)မျိုး ကောက်ခံပါကြောင်း၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေ သိန်းဆုအခွန်တို့ဖြစ်ပါသည်။ လျာထားပုံလျာထားနည်းမှာ လွန်စွာလေ့လာရမည် ဖြစ်ပါသည်။ လျာထားမှု အပေါ် ရာခိုင်နှုန်းမည်မျှအောင်မြင်သည်၊ မည်မျှလျော့ကျသည်ဆိုသည့်အပေါ်တွင် အခွန်ကိုစည်းကြပ် နေရသည်ဖြစ်သည့်အတွက် လွန်စွာလေ့လာရ မည့်ကိစ္စရပ်လည်းဖြစ်ပါသည်။ လေ့လာရန်အတွက် နိုင်ငံတကာ နှင့်ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းလျာထားသည့် အခွန်ငွေမှာ ကျပ်သိန်းပေါင်း ၂၅၉၉၉ သန်း ဖြစ်ပါကြောင်း၊ ယခုရရှိပြီးသည့်အခွန်မှာ ကျပ်သန်းပေါင်း ၁၃၄၀၁. ၃၆၁ ဖြစ်ပါသည်။ သို့ပါ၍ လက်ရှိအခြေအနေထိရရှိပြီးသည့်အခွန်မှာ (၁၈-၁၁-၂၀၁၆) ရက်နေ့အထိ ခန့်မှန်းထားသည်မှာ ၅၁% ရှိပြီးဖြစ်ပါသည်။ ၎င်းထဲတွင် အထူးကုန်စည်ခွန်မှာ ရာခိုင်နှုန်း အားဖြင့် ၂၉၆% ပိုလျှံပြီး ကောက်ခံထားပြီး ဖြစ်ပါသည်။ တံဆိပ်ခေါင်းခွန်အနေဖြင့် ၁၃၆% ကောက်ခံထားပြီး၊ အောင်ဘာလေသိန်းဆုအခွန် ၇၇% နှင့်ဝင်ငွေခွန် ၃၃%ဖြစ်ပြီး၊ ကုန်သွယ်လုပ်ငန်း အခွန်က ၃၅% ဖြစ်ပါသည်။ ၎င်းတို့ကို ၂၀၁၇ မတ်လတွင် ပြည့်မီအောင်ကောက်ခံရန် ရည်မှန်းထားပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လက်ရှိကျင့်သုံးလျက်ရှိသော အခွန်စည်းကြပ်မှု စနစ်မှာ အခွန်ရုံးမှ အခွန်စည်းကြပ်သောစနစ် (Office Assement System-OAS)ဖြစ်ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်စည်းကြပ်ခြင်းဖြစ်ပါသည်။ မြို့နယ်ရုံးများရှိ အခွန်မှူးများအနေဖြင့် နှစ်စဉ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးသည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရလည်းကောင်း၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်ဥပဒေတို့ အရ လည်းကောင်း အခွန်စည်းကြပ် ကောက်ခံလျက်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IMF, World Bank, ADB တို့အပြင် မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်သည့် UMFCC. မြန်မာစာရင်းကိုင် ကောင်စီတို့နှင့်

တွေ့ဆုံပြီး ၎င်းတို့၏ အကြံပြုချက်များအရ ခေတ်မမီတော့သည့် အခွန်ဆိုင်ရာမူဝါဒနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တွေကို ၂၀၁၁မှစတင် ပြုပြင်ပြောင်းလဲခဲ့ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရာတွင် အခြေခံအချက်ဖြစ်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ အခွန်စည်းကြပ်ကောက်ခံသည့်စနစ် (Office Assement System-OAS)အား နိုင်ငံတကာနည်းတူ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သောစနစ် (Self Assement System-SAS) သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပြည်တွင်းရှိပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအကူအညီများအနေဖြင့် World Bank, IMF, ADB, JICA, အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ငွေကြေးနှင့်နည်းပညာ အကူအညီများ အဓိကရယူဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များကို ငှားရမ်း၍ မိမိဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်းကာ ခေတ်စနစ်နှင့်လျော်ညီသော ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများနှင့် နိုင်ငံတကာ အခွန်အကောက်စနစ်များအတိုင်း အခွန်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲခြင်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေး ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

ပြုပြင်ပြောင်းလဲမှု အစီအမံအရ ၁. ၄. ၂၀၁၄ရက်နေ့တွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayer's Office-LTO)ကို ဖွင့်လှစ်ခဲ့ပြီး အခွန်ထမ်းကြီးများက မိမိတို့၏ လုပ်ငန်းအတွက် မိမိတို့ကိုယ်တိုင် အခွန်တွက်ချက်ပြီး အခွန်ပေးဆောင်နေကြပြီ ဖြစ်ပါသည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) (Medium Taxpayer's Office-MTO-1) ကို ဖွင့်လှစ်၍ အလယ်အလတ်အဆင့်ရှိ အခွန်ထမ်းများအား ၎င်းတို့ကိုယ်တိုင် ၎င်းတို့၏လုပ်ငန်းကို ကြေညာလွှာတင်သွင်းကာ အခွန် တွက်ချက်လျက် အခွန်ပေးဆောင်နေကြပြီ ဖြစ်ပါသည်။

ထိုနည်းအတူ လာမည့်ရှေ့ဘဏ္ဍာနှစ်များတွင်လည်း အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးအမှတ်(၂)၊ အမှတ်(၃) စသည်ဖြင့် ဆက်လက်ပြုပြင်ပြောင်းလဲ ဖွင့်လှစ်သွား မည်ဖြစ်ပါသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးရုံးများအား အသေးစားအခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၊ (Small Taxpayer's Office-STO) များအဖြစ် ပြောင်းလဲဖွင့်လှစ်၍ အသေးစား အခွန်ထမ်းများက မိမိတို့ လုပ်ငန်းအတွက် မိမိတို့ကိုယ်တိုင် အခွန်စည်းကြပ် အခွန်ပေးဆောင်သည့်စနစ်ကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ အခွန်စနစ်ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး အနေဖြင့် ( Office Assement System-OAS) ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းရန် ပညာရှင်များနှင့် ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ဆောင်သည့်ပုဂ္ဂိုလ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်/တိုင်း အခွန်ဦးစီးမှူးရုံးများ၏ လူမြင်ကွင်း၌ ကပ်ထားရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ သို့ပါ၍ ရှေ့ဆက်ပြီး အခွန်ရရှိမှုကို ပိုမိုရရှိအောင် အစိုးရအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းအခွန်ဦးစီးဌာနကို အနီးကပ်ကြီးကြပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စု အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းအား အန္တရာယ်ဆောင်အဖြစ် ဖျက်သိမ်းပြီး အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စုရှိ အမှတ်(၃)ရပ်ကွက်တွင်တည်ရှိသော အခြေခံပညာမူလတန်းကျောင်းသည် နှစ်ပေါင်း(၆၀)ခန့် သက်တမ်းကြာမြင့်နေ ပြီဖြစ်သဖြင့် အမိုးများပျက်စီးနေခြင်း၊ အခင်းများဆွေးမြေ့နေခြင်း၊ တိုင်များပျက်စီးနေပြီး အုတ်ခုံနှင့် တိုင်ခြေများ ကွာဟနေခြင်းများဖြစ်ပေါ်နေသဖြင့် စာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးမှာစိုးရိမ်နေရပါသဖြင့် အန္တရာယ်ဆောင်အဖြစ် ဖျက်သိမ်းပြီး အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ကျောက်ကြီးမြို့နယ်၊ မုန်းကျေးရွာအုပ်စု အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းအား အန္တရာယ်ဆောင်အဖြစ် ဖျက်သိမ်းပြီး အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် ၊ မုန်းကျေးရွာအုပ်စု၊ အမှတ်(၃) ရပ်ကွက်အခြေခံပညာမူလတန်းကျောင်းရှိကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန်အတွက်(၂၂-၁၁-၂၀၁၆)ရက်နေ့တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင် မေးမြန်းထားသည့်မေးခွန်းကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပန်းတောင်းမြို့နယ်၊ ကျွန်းမီးအုပ်စု၊ ရွှေတောင်စုရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကွ္ဍန်းမီးအုပ်စု၊ ရွှေတောင်စုရွာ အခြေခံပညာမူလတန်းကျောင်းဆောင်မှာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းကျောင်းဆောင်မှာ ယခုအခါ ခြစားခြင်း၊ လေဒဏ်၊ မိုးဒဏ်ခံရခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် ပျက်စီးယိုယွင်းနေပါသည်။ အဆိုပါဒေသသည် မြစ်ရေကြီးရေလျှံလေ့ရှိသော သဘာဝဘေးအန္တရာယ်နှင့် နှစ်စဉ်ကြုံတွေ့ရပြီး ဒေသခံပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျလျက်ရှိပါသည်။ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်မည်ဆိုပါက သဘာဝဘေးအန္တရာယ်အား ကာကွယ်နိုင်ရန်လည်း ကြိုတင်တွက်ဆ၍ ဆောက်လုပ်ပေးရမည်ဖြစ်ပါသည်။ အဆိုပါကျောင်းတွင် ကျောင်းသားဦးရေ(၆၂)ဦး ပညာသင်ကြားနေပြီး ကလေးများအတွက် သီးသန့်သင်ကြားရန်လည်း အခက်အခဲရှိနေပါသည်။ ထိုကြောင့် ကျောင်းသား/ကျောင်းသူများ၏ မိဘများမှလည်း ကျောင်းဆောင်သစ် တည်ဆောက်ပေးပါရန် လက်မှတ်ထိုးများနှင့်အတူ တင်ပြထားပါသည်။

ထိုကြောင့် ပန်းတောင်းမြို့နယ်၊ ကွ္ဍန်းမီးအုပ်စု၊ ရွှေတောင်စုရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်အား သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သော ကျောင်းဆောင် သစ်ဆောက်လုပ်ပေးရန်အစီ အစဉ်ရှိ/မရှိနှင့် အစီစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်လုပ်ပေးမည်ကိုသိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ပန်းတောင်းမြို့နယ်၊ ကွ္ဍန်းမီးအုပ်စု၊ ရွှေတောင်စုရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကွ္ဍန်းမီးအုပ်စု၊ ရွှေတောင်စုရွာ အခြေခံပညာ မူလတန်းကျောင်းသည် သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသား(၆၂)ဦးရှိပြီး ဆရာအင်အားမှာ မူအုပ်(၁)ဦး၊ မူပြ(၄)ဦး စုစုပေါင်း (၅) ဦးရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၃၂×၂၃)ပေ သစ်သား တစ်ထပ်ဆောင်တစ်ဆောင်ရှိပါသည်။

အဆိုပါကျောင်းရှိကျောင်းဆောင်ဟောင်းအားဖျက်သိမ်း၍ (၆၀×၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်မြို့နယ် အဆင့်ဦးစားပေး(၄)ဖြင့် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန် မေးမြန်းထားသည့်မေးခွန်းကို ကတိကဝတ်အဖြစ်မှတ်တမ်းတင်ရန်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာ (၄/၂၀၁၆)

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီသည် ကျေးလက်နေတောင်သူများ၊ ကျေးလက်နေပြည်သူများ၊ ကျေးလက်မြို့ပြကွာဟမှုများ နည်းနိုင်သမျှနည်းပြီး ခေတ်နှင့်အညီ အလျှင်အမြန်ဖွံ့ဖြိုး တိုးတက်စေရေး ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေတွင် ကြုံတွေ့နေရသော ပကတိအခြေအနေ များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေခြင်းငှာ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကော်မတီ၏အစီရင်ခံစာများကို တင်သွင်းနိုင်ခဲ့ပါသည်။ ယခုပဉ္စမပုံမှန်အစည်းအဝေးတွင် ကော်မတီ၏အစီရင်ခံစာကို ပထမပိုင်း၊ ဒုတိယပိုင်းဟူ၍ (၂)ပိုင်းခွဲ၍ တင်ပြသွားမည်ဖြစ်ပါသည်။

**ပထမပိုင်း**

- ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ တာတမံများ ကျိုးပေါက် ခဲ့ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် တောင်သူများ စိုက်ပျိုးထားသော သီးနှံများ ထိခိုက်ပျက်စီးမှုများရှိနေခြင်း၊ ဆန်စပါးဈေးနှုန်းများကျဆင်းနေခြင်းသည် တောင်သူများကြုံတွေ့နေရသော လတ်တလောအခြေအနေများဖြစ်ပါသည်။
- ထိုအခြေအနေများမှ ကျော်လွှားနိုင်စေရေးအတွက် အစိုးရမှဝင်ရောက်ကူညီ ကျားကန်ပေးခြင်း၊ ပြည်ပဈေးကွက်များ၊ပြည်ပမှနည်းပညာပါသော ရင်းနှီးမှုများကို ဖိတ်ခေါ်ပြီး ဖော်ဆောင်မည် ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများလည်းပွင့်လာ ဝင်ငွေတိုး၊ အခက်အခဲများကိုလည်း ဖြေရှင်းပြီးသားဖြစ်မည် ဖြစ်ပါသည်။
- ပုံစံ(၇)များထုတ်ပေးရာတွင် မြေစာရင်းပုံစံ(၁၀၅)(၁၀၆)မြေပုံများထည့်သွင်းရေးဆွဲပေးရန်

လိုသလို၊ မြေရာဇဝင်မှတ်တမ်း၊ မြေစာရင်းပုံစံ ၁(က) တို့ကိုစနစ်တကျစိစစ်ဆောင်ရွက်မည်ဆိုလျှင် မြေယာကိစ္စရပ်များ ဖြေရှင်းရာတွင် လွယ်ကူအဆင်ပြေမည်ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီး၏ အနောက်ဘက်နယ်နိမိတ်သည် ဧရာဝတီမြစ်နှင့် ထိစပ် နေသည်ဖြစ်ရာ မြစ်ကြောင်းအပြောင်းအလဲများနှင့်အတူ မြေနုကျွန်းများလည်းပြောင်းလဲပေါ်ထွန်းမှုများရှိနေပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ ရွှေတောင်၊ မိုးညို၊ လက်ပံတန်းနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူမြို့နယ်များရှိ တောင်သူများကြား မြေနုကျွန်းအငြင်းပွားမှုများ ရှိနေလေရာ ကျွန်းပေါ်ရှိ တောင်သူများ လုံခြုံအေးချမ်းစွာ ဝမ်းစာရှာမှီးနိုင်စေရေး တိုင်းနှစ်တိုင်း နယ်နိမိတ်အငြင်းပွားမှုများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- နွေစပါးစိုက်ပျိုးရာတွင် လိုအပ်သောဆည်ရေရရှိရေးအတွက် အဆင်ပြေချောမွေ့ မှုများရှိစေရန် အုပ်ချုပ်ရေး၊ ဆည်မြောင်းနှင့် တောင်သူများညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သင့်ပေသည်။
- မြေလွတ်၊ မြေရိုင်းများရှိသော ခရိုင်မြို့ကြီးများတွင် မွေးမြူရေးဇုန်များ ထူထောင် ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရာ ရောက်သလို ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများပါ တစ်ပါတည်းရရှိမည်ဖြစ်ပါသည်။
- လယ်ယာမြေနှင့် ပတ်သက်ပြီး အခွန်စည်းကြပ်ရာတွင် ခေတ်နှင့်ညီသော အခွန်အခများ ရရှိရေးဆောင်ရွက်မှသာ ခိုင်မာအားတောင့်တင်းသော အစိုးရတစ်ရပ်ဖြစ်လာရေး အထောက်အကူဖြစ်မည်ဖြစ်ပါသည်။

**အပိုင်း(ခ)**

- စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအနေဖြင့် (၁-၉-၂၀၁၆)ရက်စွဲဖြင့် ဝေါမြို့နယ်မှ ဦးဝင်းသိန်းပါ(၆)ဦး၏ တိုင်စာကြားနာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်ကို ပဲခူးတိုင်းလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။
- ကော်မတီက(၁၉-၁၀-၂၀၁၆)ရက်စွဲဖြင့် ကဝမြို့နယ် အဆင့်မြင့်အားကစားကွင်းနှင့် ဈေးမြေနေရာအား မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခြံကွက်ရိုက်ရောင်းစားသည့်ကိစ္စ ကြားနာစစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်သွင်းခဲ့ပါသည်။
- မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု၊ ဦးထိုကျေးရွာမှ ဦးမြင့်ရွှေပါ(၈)ဦး၏ အပူကျော်ချောင်းငါးမွေးမြူရေးကိစ္စ တိုင်ကြားစာနှင့် ပတ်သက်ပြီး ကော်မတီ၏တွေ့ရှိချက်၊ သုံးသပ်ချက်၊ အစီရင်ခံစာကို (၂၇-၁၀-၂၀၁၆)ရက်စွဲဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ထံသို့ တင်သွင်းခဲ့ပါသည်။
- အထက်တင်ပြပါ ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်အစီရင်ခံစာအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အရေးယူဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအနေဖြင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကော်မတီ၏အစီရင်ခံစာ(၁/၂၀၁၆)ကိုလည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးတွင် (၂/၂၀၁၆)အစီရင်ခံစာကိုလည်းကောင်း၊ စတုတ္ထပုံမှန်အစည်းအဝေးတွင် (၃/၂၀၁၆) အစီရင်ခံစာကိုလည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ကော်မတီအစီရင်ခံစာ များကို တင်သွင်းနိုင်ခဲ့ပါသည်။
- သို့ပါသောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ လွှတ်တော်သို့ တင်သွင်းခဲ့ပြီးသော ကော်မတီအစီရင်ခံစာ(၃)ခုနှင့် မြေယာကိစ္စ၊ ပြည်သူများ၏တိုင်ကြားစာ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်အစီရင်ခံစာ(၃)ခုတို့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အရေးယူ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးပို့ပြီးဖြစ်သောကြောင့် တိုင်းအစိုးရအဖွဲ့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရေးကော်မတီမှ အလေးအနက်တိုက်တွန်းအပ်ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် မိမိတို့တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများ လက်ညှိုးထိုးမခံရလေအောင် ပဲခူးတိုင်းဒေသကြီး၏အကျိုးစီးပွားဘဲဖြစ်ဖြစ်၊ အများပြည်သူတို့၏ အကျိုးစီးပွားဘဲဖြစ်ဖြစ် ကြောင့်ကြစိုက်ထုတ်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ထား အစီရင်ခံတင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာပါ မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု (၃)စုတို့နှင့် ရေသပြာကျေးရွာမှ ဦးမြင့်ရွှေ၊ ဦးသန်းထွန်းပါ(၈)ဦး ငါးမွေးမြူရေးကိစ္စတိုင်ကြားစာကို လွှတ်တော်မှ အရေးယူဆောင်ရွက်ချက်နှင့် အစိုးရအဖွဲ့၏အရေးယူဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို ၁၂-၁၂-၂၀၁၆ ရက်စွဲဖြင့် ကော်မတီသို့မိတ္တူပေးပို့ပြီးဖြစ်ပါ၍၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းထံ အကြောင်းပြန်ကြားပေးရန် ဖြစ်ပါတယ်။ ဆက်လက်ပြီးအရေးယူဆောင်ရွက်ရန် ဖြစ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ

## နိဒါန်း

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နှစ်အလိုက်အသုံးပြုသော ငွေလုံး၊ ငွေရင်းအသုံးစရိတ်နှင့် ပြုလုပ်သောလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲမှုလုပ်ငန်းများ NEP စီမံကိန်းနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် လုပ်ငန်းစဉ်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန် အရေးကြီးသော တာဝန်ဝတ္တရားများဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

## ရည်ရွယ်ချက်

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရောက်ရှိလာသည့် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီနှင့် မီးသုံးစွဲမှုများအကြား ဖြစ်ပေါ်နေသော ပြဿနာများကို အကောင်းဆုံးနည်းဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် NEP တစ်နိုင်ငံလုံးမီးလင်းရေး စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်ကို ပြည်သူများသိရှိနိုင်ပါရန် ရည်ရွယ်ပါသည်။

## လုပ်ငန်းစဉ်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆)ဆုံးဖြတ်ချက်အရ ကျေးရွာမီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူများအကြား ဖြစ်ပေါ်နေသောအခက်အခဲများကို သက်ဆိုင်ရာကျေးရွာများသို့ ကွင်းဆင်းကြားနာနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြခဲ့ပါသည်။

အဆိုပါတင်ပြချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ အကြံပြုချက်အရ ကျေးရွာများသို့မဆင်းဘဲ လွှတ်တော်ရုံးတွင် ခေါ်ယူကြားနာမှုပြုပါရန် တိုက်တွန်းမှုကြောင့် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာ(၁၅)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ အလယ်ရွာကျေးရွာအုပ်စုနှင့် သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ မီးလင်းရေး

ကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း (၁၆)ရက် နေ့တွင် ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာနှင့် သူရဲသမိန်ကျေးရွာမီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း၊ (၁၇)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွှေပြည်အေး ကျေးရွာမီးလင်းရေးကော်မတီနှင့် တိုင်ကြားသူအားလည်းကောင်း၊ (၁၈)ရက်နေ့တွင် ဇီးကုန်းမြို့နယ်၊ သပြေစိန်ကျေးရွာ၊ ချောင်းစောက်ကျေးရွာနှင့် ဆိတ်ဖူးကျင်းကျေးရွာ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံကြားနာခဲ့ပါသည်။

အဆိုပါ ကျေးရွာပေါင်း(၈)ရွာအား ကြားနာခဲ့ရာတွင် ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ၊ ဇီးကုန်းမြို့နယ်၊ သပြေစိန်ကျေးရွာနှင့် ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွှေပြည်အေး ကျေးရွာမီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများ နှစ်ဦးနှစ်ဖက် ဖိတ်ခေါ်ချက်များအရ လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးဆောင်၍ စေ့စပ်ညှိနှိုင်း ပေးနိုင်ရန်အတွက် (၂၉-၁၁-၂၀၁၆)ရက်နေ့တွင် ဝေါ မြို့နယ်၊ သူရဲသမိန်စံပြကျေးရွာသို့လည်းကောင်း၊ (၃-၁၂-၂၀၁၆)ရက်နေ့တွင် ဇီးကုန်းမြို့နယ်၊ သပြေစိန်ကျေးရွာသို့လည်းကောင်း၊ (၁၀-၁၂-၂၀၁၆) ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွှေပြည်အေးကျေးရွာသို့လည်းကောင်း ကွင်းဆင်းညှိနှိုင်းခွင့်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် အစီရင်ခံခဲ့ပါသည်။

ကျန်သောကျေးရွာ(၅)ရွာမှာ လွှတ်တော်ရုံးကြားနာစဉ်ကပင် အချင်းချင်းပြေလည်မှုများရရှိခဲ့ကြပါသည်။ ကွင်းဆင်းညှိနှိုင်းပေးရန် တောင်းဆိုထားသော ကျေးရွာများဖြစ်သော သူရဲသမိန်ကျေးရွာ၊ သပြေစိန်ကျေးရွာနှင့် ရွှေဝါရွှေပြည်အေးကျေးရွာများသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်ပြထားသည့်အတိုင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာသို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ဇီးကုန်းမြို့နယ် သပြေစိန်ကျေးရွာသို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ရွှေဝါ ရွှေပြည်အေးကျေးရွာသို့လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပူးပေါင်း၍ ကွင်းဆင်းညှိနှိုင်းမှု ပြုပေးခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများနှင့် ပတ်သက်၍ နောင်လာမည့် NEP စီမံကိန်းတွင်လည်း မီးလင်းရေးကော်မတီများနှင့် ပြည်သူများအကြား ယခုကဲ့သို့သော ပြဿနာများဖြစ်ပေါ်လာမှု လျော့ပါးစေရေး အတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှ အောက်ပါအတိုင်း အကြံပြုတိုက်တွန်းခဲ့ပါသည်-

- ဒီမိုကရေစီနည်းကျ အများသဘောတူ ရွေးကောက်ခံရသူများနှင့်သာ ကော်မတီဖွဲ့စည်းရန်
- ပေါ်ပေါက်လာသော ကော်မတီမှ ငွေကြေးကောက်ခံမှုများနှင့် ပတ်သက်၍ အများပြည်သူ သဘောတူလက်ခံသည်အထိ ချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူရန်
- ငွေစာရင်းစာအုပ်ပြုလုပ်ထားရှိပြီး ကောက်ခံရရှိငွေအား လက်ဝယ်မထားဘဲ ဘဏ်၌ ငွေစုစာအုပ်ပြုလုပ်၍အပ်နှံထားရန်
- ငွေထုတ်ယူသုံးစွဲမည့်အခါတိုင်း မည်သည့်အတွက် ထုတ်ယူမည်ဖြစ်ကြောင်း အများပြည်သူအား အသိပေးပြီး နောက်သုံးစွဲပြီးသည့်အခါ မည်၍မည်မျှ ငွေပမာဏဖြင့် မည်သည့်လုပ်ငန်းများကို

မည်သို့လုပ်ဆောင်ခဲ့ကြောင်းနှင့် အနည်းဆုံး(၆)လတစ်ကြိမ်အများပြည်သူသို့ ငွေစာရင်းရှင်းတမ်းချပြရန်

- ကျေးရွာမီးလင်းရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သည့်နောက်ပိုင်းတွင် မီးလင်းရေးကော်မတီများ၏ သက်တမ်းကို (၃)နှစ်တစ်ကြိမ် အသစ်ရွေးချယ်ရန်
- ကော်မတီအဟောင်းနှင့် ကော်မတီအသစ်လွှဲပြောင်းပေးရာတွင် ငွေစာရင်းရှင်းတမ်းနှင့်တကွ ပစ္စည်းလက်ကျန်၊ ငွေသားလက်ကျန်၊ ဘဏ်လက်ကျန်များကို နှစ်ဖွဲ့သဘောတူပွင့်လင်းမြင်သာလွှဲပြောင်းလက်ခံပြုလုပ်ရန်
- ကော်မတီအသစ်မှ မိမိစတင်တာဝန်ယူသည့်နောက်ပိုင်းတွင်လည်း ပြည်သူလူထုအား (၆)လတစ်ကြိမ် ငွေစာရင်းရှင်းလင်းရန်

**နိဂုံး**

လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူပြည်သူများသည် ကော်မတီနှင့် ပြည်သူအကြားအပြန်အလှန်စေတနာထားမှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကိုယ်ကျိုးမဖက်မှုနှင့် အများအကျိုးရှေးရှုသော ပရဟိတစိတ်များထားရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မိမိတို့ရပ်ရွာအကျိုး၊ မိမိတို့ဒေသအကျိုး၊ မိမိတို့ တိုင်းပြည်အကျိုးကို ယခုလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရသောကာလတွင် တာဝန်ကျေသောနိုင်ငံသားကောင်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတည်ဆောက် ပေးရာရောက်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကိုရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အများနှင့် သက်ဆိုင်သောမြေနေရာများ၊ မြို့ရွာ သန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဦးကျော်ဇေယျအဆိုကို ကျွန်တော် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မှ အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်း ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံ ဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျတင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး " အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသောကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး "** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများ အနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး အဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒီကနေ့ လွှတ်တော်ခန်းမထဲမှာ ရောက်ရှိနေတဲ့ ပုဂ္ဂိုလ်များအားလုံးကြားဘူးတဲ့စကားတစ်ခွန်း ရှိပါတယ်။ **"ဇီးသီးပန်းမှောက်ခြင်း"** ဆိုတာပါ။ ဒီစကားဟာ ပြီးခဲ့တဲ့အစိုးရ ပြီးခဲ့တဲ့လွှတ်တော် သက်တမ်းမှာပေါ်ထွက်လာတာပါ။ အဓိပ္ပာယ်ကတော့ ချပေးလိုက်တဲ့၊ ကျလာတဲ့ဘတ်ဂျက်ငွေကို တစ်စစီ ဝိုင်းအုံလုယက်ကြတဲ့ သဘောကိုရည်ညွှန်းတာပါ။

ကျွန်တော်တို့တစ်တွေ ကော်မတီအစည်းအဝေးတွေ၊ work shop တွေမှာလည်းပြောဆိုဆွေးနွေးကြပါတယ်။ စည်ပင်၊ ကျေးလက်လမ်းတံတားတွေ၊ ပညာရေး၊ ကျန်းမာရေး တခြားဌာနဆိုင်ရာတွေရဲ့ အဆောက်အဦဆောက်တာတွေ အဲ့ဒါတွေနဲ့ ပတ်သက်တဲ့ ဘတ်ဂျက်တွက်ချက်မှုတွေဟာ အလွန်များပြားနေတယ်ဆိုတာတွေ တွေ့ရပါတယ်။

လက်ရှိကာလပေါက်ဈေးတွေ၊ လက်တွေ့လုပ်ဆောင်ကြတဲ့ ကိုယ်ထူကိုယ်ထ လုပ်ငန်းတွေရဲ့ ကုန်ကျမှုနဲ့ နှိုင်းယှဉ်ပါက အင်မတန်ကွာနေတာကိုလည်း ကိုယ်စားလှယ်အားလုံးအသိဘဲဖြစ်ပါတယ်။ ဒါ့အပြင် လုပ်ဆောင်တဲ့လုပ်ငန်းတွေကိုလည်း သတ်မှတ်ချက်အတိုင်းစံချိန်စံညွှန်းနဲ့ အညီမလုပ်ဘဲ ဖြစ်သလိုလုပ်ပြီး အိတ်ထဲအရထည့်သွားတာတွေ ဖြစ်ခဲ့ပါတယ်။

နိုင်ငံတော်အနေဖြင့် စီးပွားရေးကျပ်တည်းမှုကြားထဲက ပြည်သူလူထု အကျိုးအတွက်ချပေးလိုက်တဲ့ ဘတ်ဂျက်များဟာ ပြည်သူလူထုထံ အပြည့်အဝမရောက်ဘဲ လေလွင့်မှုတွေဖြစ်နေပါတယ်။

အဆိုပါဖြစ်ရပ်အတွက် ယခင်အစိုးရလက်ထက်က လုပ်ဆောင်ခဲ့သည့် ကိစ္စများတွင်သတ်မှတ် ကာလမတိုင်မီ ယိုယွင်းပျက်စီးမှုများအား သက်ဆိုင်ရာကုမ္ပဏီများကို လွှတ်တော်မှ ခေါ်ယူကြားနာခြင်းများ လုပ်ခဲ့ရတာကိုအားလုံးအသိဘဲ ဖြစ်ပါတယ်။ ပြန်လုပ်ပေးတာရှိသလို မလုပ်ပေးတာတွေလည်း အများကြီး ရှိပါတယ်။

တင်ဒါစနစ်နဲ့ဆက်လက်လုပ်နေတာရယ် တင်ဒါတွေကချထားပြီးသားဖြစ်နေတာရယ်ကြောင့် ငွေကြေးတွက်ချက်မှု ကွာဟချက်များကို မပြောလိုသော်လည်း ချထားပေးသည့်တင်ဒါ စည်းမျဉ်း စည်းကမ်းပါ အချက်အလက်များအတိုင်း သတ်မှတ်သည့်အရည်အသွေး ပြည့်မီအောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ချပေးလိုက်သည့် ဘတ်ဂျက်ဟာ အလေအလွင့်နည်းမှာ ဖြစ်ပါတယ်။ ဒါကြောင့်လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွေ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တွေဖွဲ့ဖို့ လိုအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေနဲ့ လုပ်တဲ့လုပ်ငန်းတွေဆိုရင် ကော်မတီတွေဖွဲ့ပြီး ကြီးကြပ် လုပ်ဆောင်နေပါတယ်။ ပညာရေး၊ အားကစားစသည့် ဌာနတစ်ချို့လည်း ကျောင်းတွေ အဆောက်အဦတွေ အတွက် လုပ်ငန်းစစ်ဆေးရေးကော်မတီတွေ ဖွဲ့စည်းလုပ်ဆောင်ကြတာရှိပါတယ်။

သို့သော်ဌာနအများစုကတော့ ဖွဲ့စည်းဆောင်ရွက်ခြင်းမရှိသေးပါ။ ဌာနဆိုင်ရာအနေနဲ့ ကုမ္ပဏီ အနေနဲ့ သူတို့ဘာသာ ဆောင်ရွက်တာဘဲရှိပါတယ်။ ယခုဆို ကျေးလက်၊ စည်ပင်၊ လမ်းဦးစီး စတာတွေဟာ လုပ်ငန်းတွေ စတင်နေပါပြီ။

ဒါကြောင့် ချထားပေးသည့် ဘတ်ဂျက်ကို ပြည်သူလူထုထံ အပြည့်အဝရောက်ရှိရေး၊ လုပ်ငန်းများ သတ်မှတ်ချက် စံချိန်စံညွှန်းကိုက်ညီရေး၊ ဇီးသီးဗန်းမှောက်သည့် ကိစ္စလျော့နည်းသက်သာ စေရေးအတွက် စိစစ်နိုင်ရန် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပေးသင့်ပါသဖြင့် ဦးခင်မောင်ဝင်း၏ အဆိုအားထောက်ခံကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဦးခင်မောင်ဝင်း၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသောကုမ္ပဏီများနှင့် ဦးစီးဌာနများ အနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို**

**စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး”** အဆိုသည် မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းများဖြစ်ပါသည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် အစိုးရအဖွဲ့ကို ကူညီရာရောက်သလို မြို့နယ်အဆင့်လုပ်ငန်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ လုပ်ငန်းများအား တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန်အတွက် စိစစ်နိုင်ခြင်း၊ တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအား မှန်ကန်သည့် Data များ၊ အကြံဉာဏ်များပေးနိုင်ခြင်း၊ ကိုယ်စားလှယ်တစ်ဦးတည်းကစိစစ်သည်ထက် အဖွဲ့အစည်းနှင့် စိစစ်သည်က ပိုမိုထိရောက်မြန်ဆန်မှုရှိခြင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကို စိစစ်ရာတွင် မိမိတို့ဆီက ပြီးခဲ့သည့် နှစ်ကမှ လုပ်ငန်းအပ်ပြီးသား လမ်းတံတားများကို ပြင်ထိန်းအနေဖြင့် တောင်းခံသည်ကို တွေ့ရပါသည်။ မနှစ်ကမှ ဆောက်ထားသည့်လုပ်ငန်းများကို ယခုနှစ်ထဲတွင် ပြင်ထိန်းအနေနှင့် တောင်းခံသည်ကို တွေ့ရပါသည်။

ယင်းကဲ့သို့သော လုပ်ငန်းများ၏ အလေအလွင့်များမှာ အမှန်တကယ်လည်း ပျက်စီးနေပါသည်။ မုန်း-အုတ်ဖြတ်-ဖြူးလမ်းသည် မနှစ်ကမှပြီးပါသည်။ ယခုနှစ်မှာ ပဲခူးမြို့ရှောင်လမ်းကဲ့သို့ ပေါက်ပြဲပျက်စီးနေပါသည်။ ယင်းကဲ့သို့သော လုပ်ငန်းများကို ယင်းသို့မဖြစ်စေရန်အတွက် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသကဲ့သို့ ဇီးသီးဗန်းမှောက်သွားသည့် ကိစ္စများလိုမဖြစ်ရအောင် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဆင့်၊ မြို့နယ်အဆင့် လုပ်ငန်းစိစစ်ရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းပေးနိုင်ရန်အတွက် ဦးခင်မောင်ဝင်းတင်သွင်းသည့် အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ဝင်းတင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်း၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံ ဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်းတင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၆း၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁၄)ရက် (ဗုဒ္ဓဟူးနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၁၄ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၁ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၀.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တတိယနေ့ နံနက်ပိုင်းအစည်းအဝေး အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင် [ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်[စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ဌေး [လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ဒေါ်နော်ပွယ်စေး [တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်း၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦးတို့သည် တာဝန်ထမ်းဆောင်ရန် ရှိပါသဖြင့်လည်းကောင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သိန်းလွင်ဦးတို့သည် ကျန်းမာရေးမကောင်း ပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊

တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခနှင့် မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်တို့သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း (၁၄-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁. ၉. ၂၀၁၆)ရက်မှ (၃၀. ၁၁. ၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁. ၉. ၂၀၁၆)ရက်မှ(၃၀. ၁၁. ၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ရွှေ(တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်)။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးသို့ တင်ပြသော ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် နှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တင်ပြချက်အစီရင်ခံစာ

**လေးစားအပ်ပါသောပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်-**

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ (၁. ၉. ၂၀၁၆)ရက်နေ့မှ (၃၀. ၁၁. ၂၀၁၆)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး(၃)ဦးတို့ဖြင့် အမှုများကြားနာစစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အစီရင်ခံခဲ့သည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ (၁. ၉. ၂၀၁၆)နေ့ စာရင်းဖွင့်လက်ကျန်မှာ (၄၅၈)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၁၅၁) ဖြစ်၍ စစ်ဆေးရန်ကျန်ရှိသည့်အမှုပေါင်းမှာ (၆၀၉)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၆၉)မှု ဖြစ်သဖြင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်း ပိတ်လက်ကျန်မှာ(၄၄၀)မှုဖြစ်ပါတယ်။

ဆက်လက်၍တရားမမှုခင်းများနှင့်ပတ်သက်လို့တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ ( ၁. ၉. ၂၀၁၆ )နေ့တရားမမှုခင်း စာရင်းဖွင့်လက်ကျန်မှာ (၂၄၅)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၁၆၃)မှုဖြစ်သဖြင့် စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ(၄၀၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၂၄)မှုဖြစ်သဖြင့် (၃၀. ၁၁. ၂၀၁၆ )ရက်နေ့ စာရင်းပိတ်လက်ကျန် မှာ(၂၈၄)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့်တရားမမှုများကို စုစုပေါင်းဖော်ပြရလျှင် (၁. ၉. ၂၀၁၆) နေ့စာရင်းဖွင့် လက်ကျန်မှာ (၇၀၃)မှုဖြစ်ပြီး စွဲဆိုတင်ပို့ သည့်အမှုပေါင်းမှာ(၃၁၄) မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်း (၁၀၁၇)မှု ရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၂၉၃)မှု ဖြစ်သဖြင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းပိတ် လက်ကျန်အမှုမှာ (၇၂၄)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၂၉%) ရှိကြောင်းတင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများရဲ့ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက် ချက်များကို တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံး၊ တောင်ငူခရိုင် တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ သာယာဝတီခရိုင်တရားရုံးများမှ စီရင်ခဲ့သည့်(၁. ၉. ၂၀၁၆) ရက်နေ့မှ (၃၀. ၁၁. ၂၀၁၆)ရက်နေ့အထိ ကာလအတွင်း စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့် တရားမမှုများစစ်ဆေး ကြားနာစီရင်နိုင်မှု အခြေအနေ ကို တင်ပြပါမယ်။

ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးများ၏ (၁. ၉. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်

လက်ကျန်မှာ(၃၃၉)မှုဖြစ်ပြီး စွဲဆိုတင် ပို့သည့်အမှုပေါင်းမှာ (၄၅၈)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၇၉၇) ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု(၅၁၄)မှုဖြစ်သောကြောင့်(၃၀. ၁၁. ၂၀၁၆) ရက်နေ့စာရင်းပိတ်လက်ကျန်မှာ (၂၈၃)မှု ရှိပါတယ်။

တရားမများနှင့်စပ်လျဉ်း၍ (၁. ၉. ၂၀၁၆) ရက်နေ့ စာရင်းဖွင့် လက်ကျန်မှာ(၁၀၆၉)မှု ဖြစ်ပြီးစွဲဆိုတင်ပို့သည့်အမှုမှာ (၄၀၃)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၁၄၇၂)မှုရှိပါတယ်။ စစ်ဆေး ပြီးပြတ်မှုမှာ(၃၉၃)မှု ဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၀၇၉)မှုဖြစ်ပါတယ်။

ရာဇဝတ်မှုနှင့်တရားမမှု စုစုပေါင်းကို ဖော်ပြရလျှင် (၁. ၉. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၁၄၀၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၈၆၁)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်း မှာ(၂၂၆၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၉၀၇)မှုဖြစ်သဖြင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့စာရင်းပိတ်လက်ကျန်မှာ (၁၃၆၂)မှုဖြစ်ပါ တယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၄၀% )ရှိကြောင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး (၂၈) ရုံးတွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ (၁. ၉. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုမှာ(၃၈၄၆)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၂၄၀၂၉)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၂၇၈၇၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၂၄၀၁၀)မှု ဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၃၈၆၅)မှု ဖြစ်ပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၉. ၂၀၁၆) ရက်နေ့ စာရင်း ဖွင့်လက်ကျန်အမှုမှာ(၂၉၈၂)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၁၂၀)မှု ဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၁၀၂)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၀၈၉)မှုဖြစ်သဖြင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၃၀၁၃)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့် တရားမမှုများကို စုပေါင်းဖော်ပြရလျှင် (၁. ၉. ၂၀၁၆) ရက်နေ့ စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၆၈၂၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၂၅၁၄၉)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၃၁၉၇၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၅၀၉၉)မှု ဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၆၈၇၈)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ (၇၉%)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလ အတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၄၁)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုမှာ(၄၀)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၈၁)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၁)မှုဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၆၀)မှုဖြစ်ပါတယ်။

၁၉၈၆ ခုနှစ် လောင်းကစားဥပဒေအရစွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၂၁၆)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁၃၅)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့် အမှုပေါင်းမှာ (၃၅၁)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၁၇)မှု ဖြစ်သောကြောင့်

(၃၀. ၁၁. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၂၃၄)မှု ဖြစ်ပါတယ်။ ၂၀၀၅ခုနှစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှု ပေါင်းမှာ (၄) မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှုပေါင်းမှာ(၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁)မှုဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၄)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ အရမုဒိမ်းမှုဖြင့်စွဲဆိုသောအမှု မှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၄၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၄၀)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှု ပေါင်းမှာ(၈၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၃၄)မှုဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၅၄)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၁၀၈)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၃၂)မှုဖြစ်၍ စစ်ဆေးစီရင် ရန်ရှိသည့် အမှုပေါင်းမှာ(၁၄၀)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၆၁)မှုဖြစ်သောကြောင့် (၃၀. ၁၁. ၂၀၁၆) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၇၉)မှု ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှာဖြစ်ပွားတဲ့ မော်တော်ယာဉ်ဥပဒေကို ဖောက်ဖျက်ကျူးလွန်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု (၁၆၇၉၆) မှုနှင့် အခြားရာဇဝတ်မှု (၃၄၇၁)မှုများ ကိုစစ်ဆေးစီရင်ခဲ့ပါတယ်။အစီရင်ခံသည့်ကာလအတွင်း သက်သေဦးရေ (၁၈၀၇၉)ဦး စစ်ဆေးခဲ့ပြီး သက်သေစရိတ်ငွေ (၅၇၂၁၀၉၀/-)ကျပ် ထုတ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး တရားစီရင်ရေးလုပ်ငန်းနဲ့ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနဲ့ ပတ်သက်လို့ တင်ပြပါမယ် ။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများနဲ့ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၉၉၇အရ ပုံမှန်စစ်ဆေးခြင်းနဲ့ ရှောင်တခင် စစ်ဆေးခြင်း များကို အစီရင်ခံတဲ့ကာလအတွင်းရုံးစစ်ဆေးရေးစီမံချက်နဲ့အညီ တာဝန်ခွဲဝေချထားတဲ့ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/ ၂၀၁၃) နှင့်အညီ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးမောင်မောင်အေးက (၂. ၉. ၂၀၁၆)ရက်နေ့ တွင် သာယာဝတီဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအားမှာကြားထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်လို့ တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးများရဲ့ ဝန်ထမ်းအင်အား အခြေအနေကို တင်ပြရမယ်ဆိုလျှင် တရားရေးအရာရှိ ခွင့်ပြုအင်အားမှာ (၁၄၇) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၉၉) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၄၈) ဦးဖြစ်ပါတယ်။ အခြားအဆင့် ဝန်ထမ်းခွင့်ပြုအင်အားမှာ (၅၈၃)

ဦးဖြစ်ပြီး လက်ရှိ အင်အားမှာ (၃၈၇) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၁၉၆)ဦး ဖြစ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်၏ကြီးကြပ်မှုဖြင့် ပဲခူးခရိုင်တရားရုံးက ဖွင့်လှစ်သည့်စာရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် ၁/၂၀၁၆က ၁၀. ၉. ၂၀၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။သင်တန်းသား(၂၃)ဦး တက်ရောက်ပြီး (၂. ၁၀. ၂၀၁၆) ရက်နေ့တွင် သင်တန်းဆင်းခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများအပေါ် အရေးယူ အပြစ်ပေးခြင်းနှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ်တရားရုံးမှ ဒုတိယမြို့နယ်တရားသူကြီး(၁)ဦးနှင့် သာယာဝတီမြို့နယ်တရားရုံးမှ ဆင့်စာလုလင်(၁)ဦးတို့အား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့်ပြစ်ဒဏ်နှင့် ပြည်ခရိုင်တရားရုံးမှ အကြီးတန်းစာရေး(၁)ဦး၊ ထန်းတပင်မြို့နယ်တရားရုံးမှ အငယ်တန်းစာရေး(၁)ဦးတို့အား ၎င်းတို့၏လစာအား လစာနှုန်းအတွင်း (၁. ၁၁. ၂၀၁၆)ရက်နေ့မှစ၍ အနိမ့်ဆုံးလစာသို့(၂)နှစ်ထိ လျှော့ချသည့်ပြစ်ဒဏ်များ ချမှတ်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဘတ်ဂျက်နှင့် ထောက်ပံ့ရေးရာကိစ္စရပ်များနှင့် ပတ်သက်လို့ တင်ပြပါမယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သာယာဝတီခရိုင်နှင့် မြို့နယ်တရားရုံးအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်း(ပထမပိုင်း) ပြီးစီးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်(ဒုတိယပိုင်း) ဆောက်လုပ်ခြင်း လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်၍ မကြာမီရုံးသစ်ဖွင့်ပွဲကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း/ ခရိုင်/ မြို့နယ်တရားရုံး အဆင့်ဆင့်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့နှင့်အညီ တရားစီရင်ရေးတရားရုံး စီမံခန့်ခွဲရေးစသည့်လုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်ထိရောက်စွာ စစ်ဆေးရေးအတွက်လည်းကောင်း၊ အနီးကပ်ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

## ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက စိစစ်ဆွေးနွေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား စိစစ်ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်ကတော့ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး ဖြစ်ပါတယ်။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ စိစစ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ပုဒ်မ ၂ (တ) (၂)**

- အများပြည်သူဆိုင်ရာလမ်းများတွင် မီးထွန်းပေးခြင်းအတွက် ကောက်ခံသည့်မီးခွန်

**ပြင်ဆင်ချက်**

- အများပြည်သူလမ်းများနှင့် **နေရာများတွင်** မီးထွန်းပေးခြင်းအတွက် ကောက်ခံသည့်မီးခွန်

**အကြောင်းပြချက်**

**အခန်း(၆) စည်ပင်သာယာရေးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၃ (စ)**

- စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သော လမ်းနှင့်နေရာများ တွင် မီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
- ရှေ့/ နောက် ကျိုးကြောင်း ညီညွတ်စေရန်အတွက် တင်ပြဆွေးနွေးခြင်း ဖြစ်ပါသည်။

**ဆွေးနွေးချက် (၂)**

**အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ပုဒ်မ ၂ (ပ)**

မြို့ပြနှင့် ဒေသကို ဖြုတ်ပေးစေချင်ပါတယ်။

**အကြောင်းပြချက်**

"အဲဒီအပိုဒ်မှာပါတဲ့ "**မြို့ပြ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြို့အဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။ " ဟူသော စကားရပ်အရမြို့ပြဆိုတာ မြို့ပဲလို့ပြောနေတာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒီစကားရပ်အရဆိုရင် ပြီးခဲ့တဲ့ ၂၀၁၅ ကမှ မြို့အဖြစ် သတ်မှတ်ခဲ့တဲ့ ညောင်လေးပင် မြို့နယ်မှာရှိတဲ့ ပိန်းဇလုပ်မြို့နှင့် ကျောက်တံခါးမြို့နယ်မှာရှိတဲ့ ဖဒိုမြို့ တို့လို ပိန်းဇလုပ်မြို့ပြ၊ ဖဒိုမြို့ပြလို့ ခေါ်ရမလိုဖြစ်နေပါတယ်။

ဒေသဆိုတာဟာလည်း(၂)မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတိုင်း "**ဒေသ** ဆိုသည်မှာ မြို့ပြနှင့် မြို့ပြ အနီးဝန်းကျင်ရှိ သတ်မှတ်ထားသော ဆက်စပ်နယ်မြေများကိုဆိုသည်။" ဟူသော စကားရပ်အရ မှန်ပါတယ်။ ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်နဲ့ ဥပမာပေးရရင် ညောင်လေးပင်မြို့နယ်မှာ မြို့ (၃) မြို့ ရှိပါတယ်။ အဲဒီမြို့ရဲ့အနီးတဝိုက်မှာရှိတဲ့ ကျေးရွာအုပ်စုတွေကိုစုပြီး ပွန်တန်ဆာဒေသ၊ ပိန်းဇလုပ်ဒေသ၊ မဒေါက်ဒေသ ဆိုပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ကတည်းက ခေါ်ဝေါ်သုံးစွဲခဲ့ တာဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်း အားဖြင့် မြို့နယ်ဧရိယာ တစ်ခုလုံးဟာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်လို့ သတ်မှတ်ရမလို ဖြစ်သွားမှာ ဖြစ်ပါတယ်။

ဒီထက်ပိုဆိုးတာကတော့ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) နိုင်ငံတော် ဖွဲ့စည်း

တည်ဆောက်ပုံ ပုဒ်မ ၅၁ နဲ့ ကိုက်ညီခြင်းမရှိတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၁ တွင် " နိုင်ငံတော်ကို အောက်ပါအတိုင်း စုစည်းသည် -

- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် စုစည်းသည်၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် စုစည်းသည်၊
- ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့အဖြစ်စုစည်းသည်၊
- မြို့နယ်များကို ခရိုင်အဖြစ် ဖွဲ့စည်းသည်၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် စုစည်းသည်၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်။
- တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ် စုစည်းသည်။" ဟူ၍ ပါရှိပါသည်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုတဲ့နေရာမှာလည်း ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ မရတာကိုလည်း ချင့်ချိန်သတိပြုဖို့လိုပါတယ်။ ကျွန်တော့အနေနဲ့ကတော့ မြို့ပြနဲ့ဒေသဆိုတဲ့ သတ်မှတ်ချက်(၂)ခုဟာ ၂၀၀၈ဖွဲ့စည်းပုံကို ကျော်လွန်နေတယ်လို့ ထင်မြင်ယူဆတဲ့အတွက် ယခုလိုတင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။

## ဆွေးနွေးချက်(၃)

**မြို့အုပ်ချုပ်ရေးမှူးရုံး (မြို့အုပ်ချုပ်ရေးမှူး)**

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁နှင့်အညီ ဖြစ်စေရန် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၃)အရ မြို့နယ်ခွဲ (၈၄)ခုပယ်ဖျက်၍ မြို့အဖြစ်သတ်မှတ်ပြီး ကျန်(၃၀) ကိုပါ ထပ်ဖြည့်၍(၁၁၄)မြို့ကို မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်ကာ ဝန်ထမ်း (၁၇)ဦးနှင့် မြို့အုပ်ချုပ်ရေးမှူးတွေ အုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅) အုပ်ချုပ်ရေး၊ ပုဒ်မ ၂၈၈၊ ၂၈၉အရ ကိုက်ညီမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၏ အကြံဉာဏ်ရယူသင့်ပါတယ်။

**နိဂုံး**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား-

ကျွန်တော်တို့လွှတ်တော်နှင့် ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးကဏ္ဍမှာ ယခုလိုစည်ပင်သာယာရေးဥပဒေ (မူကြမ်း)ကို ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး/စည်ပင်သာယာရေးနှင့်

ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်ပေါင်းစပ်၍ ဥပဒေပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များ ကြိုးစား၍ ဝိုင်းဝန်းရေးဆွဲခဲ့မှုအပေါ် လေးစားဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ယနေ့နိုင်ငံတော် အစိုးရအနေနှင့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းနေတဲ့ အချိန်အခါမှာ ပြည်သူလူထုပူးပေါင်းပါဝင်ရေးဟာလည်း အရေးပါသည့်ကဏ္ဍတစ်ခုအနေနှင့် ပါဝင်နေတယ်ဆိုတာ မမေ့သင့်ပါဘူး။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ ကြိုးစားရေးဆွဲတဲ့ ဥပဒေတစ်ခုကို ပြည်သူလူထု ဘယ်လောက် လက်ခံနိုင်သလဲဆိုတာ ဆန်းစစ်ဖို့လိုသလို သူတို့ကိုယ်တိုင် သိရှိပြီး ပါဝင်ဆွေးနွေးခွင့်ပြုဖို့လိုပါတယ်။

ယခင်လွှတ်တော်သက်တမ်းမှာ ထွက်ရှိခဲ့တဲ့ စည်ပင်သာယာရေးဥပဒေ ရေးဆွဲစဉ်က မြို့နယ်ရှိ ဌာနဆိုင်ရာများထံ အကြံပြုချက်များ တောင်းခံခဲ့တယ်လို့သိရပါတယ်။ ယနေ့ပွင့်လင်းလာတဲ့ခေတ်မှာ လူမှုကွန်ယက် စာမျက်နှာဖြစ်တဲ့ Bago Region Hluttaw Page မှတစ်ဆင့် ပြည်သူထံသို့ တင်ပြပေးဖို့ရာ အကြံပြုဆွေးနွေးလိုသလို ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသူပြည်သူများ တွေ့ဆုံပြီး ဝိုင်းဝန်းဆွေးနွေး၍ အကြံပြုချက်များရယူသင့်ကြောင်းကိုလည်း အလေးထားဆွေးနွေးတင်ပြ အပ်ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနှင့်လည်း ဥပဒေကြမ်းလက်ထဲရောက်ရှိတဲ့အချိန်နဲ့ ဆွေးနွေးရတဲ့အချိန်ဟာ ကာလတိုတောင်းတဲ့အတွက် ဥပဒေအသေးစိတ်ကို လေ့လာဖို့လိုအပ်ချက်တွေ ရှိနေသေးတာကို နားလည်ပေးစေလိုပါတယ်။

သို့ဖြစ်ပါသောကြောင့် ယခုတင်သွင်းလာသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)အား အဆောတလျင် အတည်ပြုခြင်း မလုပ်သေးဘဲ အချိန်အနည်းငယ်ယူ၍ သေချာစွာ ဝိုင်းဝန်းဆွေးနွေးပြီးမှသာလျှင် အတည်ပြုသင့်ကြောင်း တိုက်တွန်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးသူရဇော် ၊ဒိုက်ဦးမဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(တတိယနေ့) နံနက်ပိုင်းအစီအစဉ်သို့တက်ရောက်လာကြတဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် ဖြစ်ပါတယ်။ (၁၃. ၁၂. ၂၀၁၆)ရက်နေ့တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

စည်ပင်သာယာရေးဥပဒေ (မူကြမ်း) အခန်း(၁) အပိုဒ် ၁(ဇ) စည်ပင်သာယာရေးအဖွဲ့ဆို သည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြား သတ်မှတ်၍ဖွဲ့စည်းသော ဝန်ထမ်းအဖွဲ့

နှင့် စည်ပင်သာယာရေးကော်မတီတို့ပေါင်းစပ်ဖွဲ့စည်းထားသည့် အဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့စည်ပင်သာယာရေးအဖွဲ့ တို့ပါဝင်သည်။ အဓိပ္ပာယ်ကတော့ ရှင်းပါတယ်ခင်ဗျာ၊

သို့သော် အခန်း(၆) အပိုဒ် ၁၃ စာမျက်နှာ (၁၄) ၊(ဆ) မှာ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး များ စာမျက်နှာ (၁၅) (မ) စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေပေါ်ရှိ ကျူးကျော်အိမ်များ၊ အခန်း(၇) အပိုဒ် ၁၅ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အပိုဒ် ၁၆ မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် အောက်ပါလုပ်ငန်းများအပေါ် အခြေခံ၍ အခွန်စည်းကြပ်ကောက်ခံခြင်းပြု ရမည်။ အခန်း (၈) အပိုဒ် ၂၅မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ခွင့်ပြုချက် ဖြင့် အခန်း (၁၃) အပိုဒ် ၄၂၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျွဲ ၊ နွား ၊ မြင်း၊ သိုး ဆိတ်၊ဝက်တို့ကို အခန်း(၁၃)မှာဘဲ၊ အပိုဒ် ၄၆ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခန်း(၁၄) အပိုဒ် ၅၂ (က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော (င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့် မညီညွတ်သော အခန်း (၁၅) အပိုဒ် ၅၃ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက် အခန်း (၁၉) အပိုဒ် ၆၅ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် အပိုဒ် ၆၆ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် အပိုဒ် ၆၇၊၆၉၊၇၀၊ ၇၁၊၇၂၊၇၃ တို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင်ဆိုပြီး ပါရှိနေပါသည်။

သို့ဖြစ်ပါသောကြောင့် ဆိုလိုချင်တာက စည်ပင်သာယာရေးအဖွဲ့ဆိုသည်မှာ ဝန်ကြီးအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့ပေါင်းစပ်ဖွဲ့ထားသည့် အဖွဲ့ကိုဆိုသည်။ ယေဘုယျအားဖြင့် စာသားနှင့် အဓိပ္ပာယ်ဖွင့်ဆိုပြီးပေါင်းထားတာဖြစ်ပါတယ်။ လက်တွေ့မှာပေါင်းထားတာဖွဲ့စည်းထားတဲ့ ဖွဲ့စည်းခြင်း မတွေ့ရှိရပါဘူး။ လေထဲကအဖွဲ့လိုဖြစ်နေပါတယ်။ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အဖွဲ့အင်အားလိုနေပါတယ်လို့ ဆွေးနွေးတင်ပြပါတယ်။

ထိုမှတဖန် အခန်း (၂၁)ပြစ်မှုနှင့်ပြစ်ဒဏ်များ ပတ်သက်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခန်း (၂၁) အပိုဒ် ၈၁ ထောင်ဒဏ်အနည်းဆုံးတစ်လမှ အများဆုံးတစ်နှစ်ထိချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) မှ အများဆုံးကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်း)ထိ ဖြစ်စေ ချမှတ်ခြင်း၊ အပိုဒ် ၈၅ ထောင်ဒဏ် အနည်းဆုံးသုံးလမှ အများဆုံးနှစ်နှစ်ထိချ မှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်း) ထိချမှတ်ခြင်းခံရမည်။

စည်ပင်သာယာရေး ဥပဒေသည်အများပြည်သူအကျိုးအတွက် မြို့နယ်များဖွံ့ဖြိုးတိုးတက်စေရန် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူ့အတွက်ကာကွယ်ပေးနိုင် သောဥပဒေများ ပြဋ္ဌာန်းထားသော်လည်း စည်းမျဉ်းစည်းကမ်း ဥပဒေများလိုက်နာရန် ပျက်ကွက်လျှင်၊ ဖောက်ဖျက်ကျူးလွန်လျှင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်အပြင် ငွေဒဏ်ကျပ် (၁၀၀၀၀၀၀) (ကျပ်တစ်သန်း)ဆိုတာ ပြင်းထန်တဲ့အတွက် ပြင်ဆင်ရန် စဉ်းစားဖို့လိုကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)** ။ ။ စည်ပင်သာယာရေး ဥပဒေကို ပြန်လည်ပြင်ဆင်ရန်အတွက် အနည်းအကျဉ်း ဆွေးနွေးပါမည်။အခန်း(၁) ပုဒ်မ ၂ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အစိုးရဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရကိုဆိုသည်။ အစိုးရအဖွဲ့ ဆိုသည်မှာ ထည့်ပြီးသားဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့ဆိုသည်မှာ သဒ္ဒါအရ အဓိပ္ပာယ်ဖောင်း ပွနေသည်ဟု သုံးသပ်မိပါသည်။ ဥပဒေတစ်ခုပြုရာတွင် (၁) သဒ္ဒါမှန်ရမည်။ (၂)တိကျရမည်။ (၃)အဓိပ္ပာယ်နှစ်ခွမဖြစ်ရပါ။ (၄) ပြည်သူကို ချုပ်ချယ်ချင်သည့်သဘောမျိုး မသက်ရောက်စေရပါ။ (၅) ကော်မတီဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စည်ပင်သာယာရေးလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်သော စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါသည်။

အခန်း(၂) ရည်ရွယ်ချက်များက အလွန်ကောင်းမွန်ပါသည်ဟု ထောက်ခံတင်ပြပါသည်။

အခန်း(၃) မြို့နယ်စည်ပင်သာယာရေးကော်မတီကို သတ်မှတ်ထားသော စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ပြည်သူလူထုက ရွေးချယ်ထားသောပုဂ္ဂိုလ် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂)ဦးကို မြို့နယ်စည်ပင်သာယာရေး ကော်မတီကိုမထည့်ဘဲ မြို့နယ်စည်ပင်သာယာရေးကော်မတီတွင် မြို့နယ်မှပုဂ္ဂိုလ် တစ်ဦးစီထည့်ပြီး ဖွဲ့စည်းသင့်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မြို့နယ်သေးအတော်များများသည် ဝင်ငွေသိပ်မရှိပါကြောင်း၊ ဝင်ငွေများတိုးလာပါမှ မြို့နယ်စည်ပင်သာယာရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းမည်ဆိုလျှင် သင့်တော်ပါသည်။ မိမိအနေဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီကို မထည့်ချင်ပါကြောင်း ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) ၊ ပုဒ်မခွဲငယ်(၇)တွင် "ကွယ်လွန်ခြင်း"ကိုမထည့်သင့်ပါကြောင်း၊ ပုဒ်မခွဲငယ် (၄)တွင် "အစည်းအဝေး (၃)ကြိမ် တစ်ဆက်တည်းပျက်ကွက်လျှင် သက်ဆိုင်ရာမြို့နယ်တွင် နေထိုင်မှုမပြုတော့လျှင် မိမိ၏နေရပ်မှအပြီးတိုင်ထွက်ခွာသွားလျှင်" တွင် အစည်းအဝေး (၃)ကြိမ်ပျက်ကွက်လျှင် အကျုံးဝင်သွားသဖြင့် မိမိအနေဖြင့် ကျန်အကြောင်းအရာများပါဝင်ရန် မသင့်ဟု ယူဆပါကြောင်း ဆွေးနွေးတင်ပြပါသည်။

အခန်း(၄)ကော်မတီအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များတွင် "တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီသည် ဝန်ကြီးချုပ်(သို့မဟုတ်) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဌာန၊ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးဌာနများ၏ တည်ဆဲဥပဒေများနှင့် အညီလမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း" များတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနကို မထည့်သင့်ပါကြောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် "စည်ပင်သာယာရေးအဖွဲ့များနှင့်" အဓိပ္ပာယ်က အဖွဲ့ဆိုသည်မှာဘာကို ဆိုလိုမှန်း မသိသည့်အတွက် ကော်မတီဟူ၍ သုံးနှုန်းစေလိုကြောင်း၊ ပုဒ်မခွဲ(ဆ) "မြို့နယ်စည်ပင်သာယာရေး အဖွဲ့များက တင်ပြလာသော အမှုထမ်းခန့်ထားခြင်းကို စိစစ်ပြီးဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း"တွင် ဌာန(သို့မဟုတ်) ကော်မတီဆိုပြီး တိတိကျကျ ပါဝင်စေချင်ပါကြောင်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(စ) တွင် "တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးရေးနှင့်သန့်ရှင်းရေး စသည့်ဝန်ဆောင်မှု

လုပ်ငန်းများနှင့် အခွန်ကောက်ခံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီကို တင်ပြ၍" တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်မရှိလျှင် မြို့နယ်စည်ပင်သာယာရေး ကော်မတီက ဘာမျှလုပ်၍မရသည့်သဘောမျိုး ဖြစ်နေသည်။ အဓိကမှာ ကိုယ့်မြို့မှရသည့်ငွေကို ကိုယ်သုံးတာ ဖြစ်သည့်အတွက် ထိုခွင့်ပြုချက်က ကြီးကျယ်လွန်းအားကြီးနေပါ၍ တင်ပြ၍ဆိုသည့်စကားရပ်နှင့် အစားထိုးရန်၊ ပုဒ်မခွဲ (ဇ)တွင် "တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့်တင်ပြ၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်စေခြင်း" တွင် ကော်မတီ၏လုပ်ပိုင်ခွင့်မှာ ကော်မတီသည် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးဌာန၏ စာရင်းဇယား၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးနိုင်သည်။ တောင်းယူနိုင်သည်ဆိုသည့် စာပိုဒ်တစ်ပိုဒ်ကို ပုဒ်မခွဲတစ်ခု အနေဖြင့် ထည့်သွင်းစေချင်ပါသည်။

အခန်း(၆) ပုဒ်မ ၁၃၊ စည်ပင်သာယာရေးဌာနသည် ကော်မတီ၏လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ပါတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ အခွန်ထမ်း ပြည်သူများထမ်းဆောင်သော ကြော်ငြာဆိုင်းဘုတ်များကို စိုက်ထူရမည်ဆိုသည့် အချက်ကို ထည့်သွင်း လိုပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အခွန်ထမ်းပြည်သူများ စာရင်းကို ထည့်သွင်းထား မည်ဖြစ်၍ မိမိတို့မြို့နယ်အတွင်း မည်သူသည် မည်မျှအခွန်ဆောင် ထားသည်ကို သိရှိနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ်ကို ကြည့်လိုက်ခြင်းဖြင့် ပွင့်လင်းမြင်သာ မည်ဖြစ်သည့်အတွက် မိမိတို့ ရွေးကောက်ပွဲ ကြောငြာစာတမ်းနှင့် ကိုက်ညီမည်ဖြစ်၍ ၎င်းအချက်ကို တင်ပြရခြင်းဖြစ်ပါသည်။ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င) "လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်စေခြင်း" လိုအပ်ပါက လမ်းများတွင် အုတ်နံရံ အတိုင်းအတာ များနေလျှင် အတိုင်းအတာတစ်ခု သတ်မှတ်ပေးလိုက်ပါက တစ်မြို့နယ်လုံး အဆင်ပြေသွားမည်ဖြစ်ပါသည်။ သတ်မှတ်ချက်မရှိ၍ ကုန်းများကို ကြိုက်သလိုလုပ်နေကြ၍ အတိုင်းအတာ(၁)ခု သတ်မှတ်ပေးလိုက်ခြင်းဖြင့် ရေစီးရေလာကိုလည်း ထိန်းနိုင်ပါသည်။ ပုဒ်မခွဲ (ဏ) "သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ သားသတ်ရုံမြေနေရာများ ရွေးချယ်သတ်မှတ်ခြင်း၊ အသားရောင်းချမှုကို ကြီးကြပ်ခြင်း" ကြီးကြပ်သည့် နေရာတွင် အသားသတ်သည်ကိုဘဲ ကြီးကြပ်ရန် ထည့်မလား၊ ပုဒ်မခွဲ (ရ) "မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အိမ်မွေးတိရိစ္ဆာန်များ မွေးမြူခြင်းကို မှတ်ပုံတင်ခြင်း" အိမ်မွေးတိရိစ္ဆာန်များသည် ဘာတွေလဲဆိုသည်ကို တိတိကျကျ သတ်မှတ်စေ လိုပါသည်။ ပုဒ်မခွဲ (ဝ)တွင် "လေလွင့်သွားလာနေသော ရှုးသွပ်သူနှင့် တောင်းရမ်းစားသူများကို သက်ဆိုင်ရာသို့ အပ်နှံခြင်း"တွင် တောင်းရမ်းစားသူသည် မည်သူများဖြစ်နိုင်သလဲကို တိတိကျကျစဉ်းစား၍ မရပါကြောင်း၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)တွင် "ကန့်ကွက်လွှာ ခေါ်ယူရာ၌ ကြော်ငြာ၍ ကန့်ကွက်မည့်သူမရှိပါက ကော်မတီမှ စဉ်းစားစရာမလိုတော့ကြောင်း" ကန့်ကွက်မည့်သူရှိပါမှ ပို၍ပြည့်စုံမည် ဖြစ်သည်။ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)တွင် ကန့်ကွက်မည့်သူမရှိပါက နေရာတွင် ကန့်ကွက်မည့်သူရှိပါကဟူ၍ အစားထိုးပါက ကော်မတီကပြန်၍ အစည်းအဝေးခေါ်ယူ၍ လူကြီးထံတင်ပြပြီး ဆုံးဖြတ်၍ အတည်ပြုချက်ရယူမည်ဆိုပါက ပို၍သင့်တော်ပါမည် ဖြစ်ပါသည်။

အခန်း(၇) ပုဒ်မ ၁၅တွင် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများတွင်ဌာနသည် ကော်မတီ၏

သဘောထားရယူ၍ ” ဆိုပြီး ပုဒ်မ ၁၆တွင်လည်း ယင်းကဲ့သို့ဖြစ်၍ အဖွဲ့သည်နေရာတွင် ကော်မတီဆိုပြီး အစားထိုးရန်ဖြစ်ပါသည်။

အခန်း(၈) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)တွင် “အန္တရာယ်ရှိစေနိုင်သည့် သန့်ရှင်းသပ်ရပ်မှုမရှိသည့် မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးကို ထိခိုက်သည့် ခြံဝန်းအတွင်းရှိ သစ်ပင်၊ချုံပင်များကို ခုတ်ထွင်ရှင်း လင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် စီမံဆောင်ရွက်စေခြင်းတွင် စံနှုန်းတစ်ရပ်သတ်မှတ်၍ ရေနုတ်မြောင်းများနှင့် ကုန်းတံတားများကို ပုဒ်မခွဲတစ်ခုအဖြစ် သတ်မှတ်ပြီး ထည့်သွင်းရန်၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(င)တွင် “အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ၊ စားသောက်ဖွယ်ရာများ ပြုပြင်ထုတ်လုပ်သောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာနိုင်လျှင် (သို့မဟုတ်) ထိခိုက်စေနိုင်လျှင် (သို့မဟုတ်) အနှောင့်အယှက်ဖြစ်လာလျှင်” ဆိုသည့်စကားရပ်သည် မည်သည့်အရာကို ခေါ်သည်ကိုမသိပါ၍ ၎င်းစကားရပ်ကို ကျုံ့နိုင်သမျှ ကျုံ့စေချင်ပါသည်။ အဓိပ္ပာယ်မှာ ရှင်းလင်းတိကျမှု မရှိဖြစ်နေပါသည်။

အခန်း(၁၂) ပုဒ်မ ၃၄ “ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ်” “တိုင်းဒေသကြီး ကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့်” ဟုလည်းကောင်း ပုဒ်မ ၃၅တွင် “အမှုဆောင်အရာရှိသည် ကော်မတီ၏ လမ်းညွှန်မှုဖြင့်” အစား “မြို့နယ်ကော်မတီ၏ကြီးကြပ်လမ်းညွှန်မှုဖြင့်”ဟု လည်းကောင်း အစားထိုးသင့်ပါသည်။

အခန်း(၁၃) ပုဒ်မ ၄၄ “ကျေးလက်ဒေသများတွင်အလှူ သာရေး၊ နာရေး ကိစ္စများအတွက် တစ်ပိုင် တစ်နိုင် မွေးမြူထားသော ဝက်၊ ဆိတ် သတ်ခြင်းကိုသက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက် နိုင်သည်။ သို့သော်အသားများအား ပြင်ပသို့ဝေငှခြင်း၊ ရောင်းချခြင်းမပြုရ” စကားရပ်တွင် မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဆိုလျှင် ပို၍သင့်တော်ပါကြောင်း၊ ပုဒ်မ ၄၅ကို ပယ်ဖျက်ချင်ပါကြောင်း၊ ပုဒ်မ ၄၆ကို ဖြုတ်ချင်ပါကြောင်း၊ ပုဒ်မ ၄၇ ဤဥပဒေအရ လုပ်ငန်းလိုင်စင် ရရှိသူသာလျှင် သတ်မှတ်ချက် များနှင့်အညီ ပုဒ်မခွဲ(က) “ ကျွဲ၊ နွားကိုသတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်” ပုဒ်မခွဲ (ခ) “ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသား ရောင်းချခြင်း၊ အသားနှင့်သားရေကိုလက်ဝယ်ထားခြင်း ပြုနိုင်သည်။” ၎င်းတွင် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းဟူသော စကားရပ်ကိုထည့်ချင်ကြောင်း၊ လုပ်ငန်းလိုင်စင် ရရှိသူသည် မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဟု ထည့်သွင်းချင်ကြောင်း ဆွေးနွေးတင်ပြပါသည်။

အခန်း(၁၄) ပုဒ်မ ၄၈တွင် “ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက် (သို့မဟုတ်) ဆောင်ရွက်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်”တွင် ဥပဒေများနှင့်အညီဆိုပြီး ထည့်သွင်းချင်ပါသည်။

အခန်း(၁၉) “ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၁(ဂ)(င)၊ ပုဒ်မ ၂၃(ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၄(ခ) (င) ၊ ပုဒ်မ ၂၅(က)တို့ကို မကျေနပ်လျှင် စည်ပင်သာယာညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်” ညွှန်ကြားရေးမှူးမှ ဝန်ကြီးထံသို့အယူခံဝင်နိုင်သည်။ ပုဒ်မ ၅၅(က)တွင် “အယူခံကာလအတွင်း တရားစွဲဆိုခြင်း မပြုရ” ဆို၍ ၎င်းနေရာတွင် ဝန်ကြီးသည် ရက်ပေါင်း(၃၀)အတွင်း ဆုံးဖြတ်ချက်ချရမည်ဆိုသည့် စကားပိုဒ်ကိုထည့်သင့်ပါသည်။

အခန်း(၁၆) ပုဒ်မ ၅၆တွင် ကော်မတီသည် အမှုဆောင်အရာရှိကတင်ပြလာသော ဟူသည့်စကားရပ်တွင် မည်သည့်ကော်မတီကိုဆိုလိုပါသလဲ၊ ကော်မတီသည်အမှုဆောင်အရာရှိက တင်ပြလာ သော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ကော်မတီက ညွှန်ကြားရေးမှူးထံတင်ပြရမည့်သဘော ဖြစ်နေကြောင်း၊ ကော်မတီက မြို့ကော်မတီလား၊ တိုင်းကော်မတီလား၊ ကော်မတီကတိုင်းဒေသကြီး ညွှန်ကြားရေးမှူးထံတင်ပြစရာမလိုပါကြောင်း ဆွေးနွေးပါသည်။

အခန်း(၁၇) ပုဒ်မ ၆၁ကို ပယ်ဖျက်ချင်ကြောင်း ဆွေးနွေးပါသည်။

အခန်း(၁၉) ပုဒ်မ ၆၅တွင် "မည်သူမျှ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင်(သို့မဟုတ်) ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ မညီညွတ်လျှင်"ဟုဖော်ပြထားပါ၍ ခွင့်ပြုချက်ရှိလျှင် ထိုအရာများကို ပြုလုပ်၍ရသည့်သဘောဖြစ်ပါကြောင်း၊ ပုဒ်မ ၆၅၊ ပုဒ်မခွဲ(ဃ)တွင် "အဖွဲ့ပိုင်ဈေး၊ ခြံစည်းရိုး၊ သစ်ပင်၊လမ်းနယ်နိမိတ်၊ လမ်း၊ လမ်းနယ်နိမိတ်မှ လွတ်ကင်းသော်လည်း အများနှင့်သက်ဆိုင် သည့် မြေလွတ်၊ မြေကွက်လပ်စသည့်နေရာများတွင် ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ တပ်ဆင်ခြင်းမပြုရ" ဟုရေးထားသော်လည်း မိမိအနေဖြင့် ရှုပ်ထွေးပြီးပုဒ်မ ၆၆တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင်ကို မထည့်စေချင်ကြောင်း၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(က)တွင် "အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ" ဆိုရာတွင် ခွင့်ပြုလျှင် ကစား၍ရသည့် သဘောဖြစ်နေ၍ ၎င်းစကားရပ်ကိုပြင်စေချင်ကြောင်း၊ ဆွေးနွေးတင်ပြပါ သည်။

အခန်း(၂၀) ပုဒ်မ ၇၆၊ ပုဒ်မ ၃၁(ဂ)၊ (ဃ)၊ (ဆ)နှင့် ပုဒ်မ ၇၅တွင် မည်သို့ပင်ပြဋ္ဌာန်းထား စေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၅၀၀၀ (ကျပ်ငါးထောင်)မှ အများဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) ထိချမှတ်နိုင်သည်မှာ ဒဏ်ကြေးငွေ နည်းလွန်းသည်ဟုယူဆ၍ ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း)မှ အများဆုံး ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) ထိချမှတ်စေချင်ကြောင်း ဆွေးနွေးပါသည်။

အခန်း(၂၁) ပုဒ်မ ၇၉တွင် ပယ်ဖျက်ပြီး ပုဒ်မ ၈၀တွင် ပြောင်းရွှေ့ပြီးထားချင်ပါကြောင်း၊ ပုဒ်မ ၂၄ (က)ကို ပုဒ်မ ၇၉တွင် ပယ်ဖျက်ပြီး ပုဒ်မ ၈၀သို့ထည့်ချင်ပါကြောင်း၊ ပုဒ်မ ၇၉တွင် ပုဒ်မ ၃၁ (ဂ) နှင့် (ဃ)ကို ထည့်သွင်းစေချင်ပါကြောင်း၊ ပုဒ်မ ၇၉မှ ပုဒ်မ ၆၆(ဂ)ကို ပုဒ်မ ၈၀တွင် ဖြည့်သွင်းစေချင်ပါကြောင်း၊ ပုဒ်မ ၈၀တွင် ပုဒ်မ ၁၃(မ)ကို ထည့်ချင်ပါကြောင်း၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(မ)သည် စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေပေါ်ရှိ ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ဆိုင်ခန်းများ၊ အိမ်ဥပစာရှေ့ ကျူးကျော်ခြင်းများ၊ ကျူးကျော်ရပ်ကွက်များဖျက်သိမ်းခြင်းဆိုသည့်အပိုဒ်ကို ပုဒ်မ ၃၁၊ ပုဒ်မခွဲ(င)တွင် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်တွင်" ဆိုသည့် စကားရပ်အစား မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိဟု ပြောင်းလဲချင်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မီးရထားဌာနများအား သက်ရောက်စေချင်ပါသည်။ အကယ်၍ ဤဥပဒေတွင် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိဆိုသည့် စကားရပ်အား ထည့်လိုက်လျှင် ရထားဌာနများသည် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဖြစ်သည့်အတွက် မြို့နယ်စည်ပင်သာယာရေးဥပဒေကို လိုက်နာရမည်ဖြစ်သည်။

ပုဒ်မ ၄၄တွင် "သာရေး၊ နာရေးကိစ္စအတွက် ခွင့်ပြုချက်ရရှိထားသော အသားများကို ပြင်ပသို့ ဝေငှခြင်း၊ ရောင်းချခြင်း"သည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာဘဲ ဖြစ်သင့်ပါသည်။ ပုဒ်မ ၇၂(ခ) "တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းခြင်း" အပိုဒ် ကို ပုဒ်မ ၈၀ သို့ပြောင်းပြီး ထည့်စေချင်ပါကြောင်း၊ ၎င်းအချက်သည် ပြင်းထန်လွန်းအားကြီးပါကြောင်း ပုဒ်မ ၈၁တွင် ပုဒ်မ ၇၃(ဃ)(စ)(ဆ)တို့ကို ထည့်သွင်းပေးစေချင်ကြောင်း၊ ပုဒ်မ ၈၇(က)"မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား ကိုသတ်ဖြတ်ကြောင်း (သို့မဟုတ်) ကျွဲနွား၏အသား(သို့မဟုတ်) သားရေကို လက်ဝယ်ထား ရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် အနည်းဆုံးကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း)မှ အများဆုံးကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း)ထိချမှတ်ခြင်းခံရမည်" ဆိုသည့်စာပိုဒ်ရှေ့တွင် မည်သူမဆို ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဆိုပြီး ထည့်သွင်းစေချင်ကြောင်း ပုဒ်မ ၈၇(ခ) တွင်လည်း အလားတူ ထည့်သွင်းစေချင်ကြောင်း၊ ပုဒ်မ ၈၇(ဂ) "ဤပုဒ်မအရ တရားဆွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကျွဲနွားကိုသတ်ဖြတ်ကြောင်း (သို့မဟုတ်) လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော (သို့မဟုတ်) အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်" ကျယ်ပြန့်လွန်းအားကြီးနေသည်ဟု ထင်မြင်မိပါကြောင်း၊ အခြားအကြောင်းအရာ တစ်ခုခုကြောင့် သေဆုံးသည်လည်းဖြစ်နိုင်ပါကြောင်း၊ ၎င်းအသားများကို ရောင်းချနေသည်ဆိုလျှင် မြို့နယ် အုပ်ချုပ်ရေးမှူးက ခွင့်ပြုလျှင် တရားစွဲ၍ မရဘူးလား၊ အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုလျှင် တိတိကျကျနှင့် ဖွင့်ဆို စေချင်ကြောင်း၊ ပုဒ်မ ၉၅ "နိုင်ငံတော် ကာကွယ်ရေးနှင့် သက်ဆိုင်သည့် (သို့မဟုတ်) လျှို့ဝှက်အဆင့် သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့သို့ကြိုတင် အကြောင်းကြားရမည်ဆိုသည်မှာ ရက်အတိအကျ သတ်မှတ်ပေးစေချင်ပါကြောင်း၊ ပုဒ်မ ၉၈(ဂ) "ဝန်ကြီးသည် ဤဥပဒေနှင့် သက်ဆိုင်သည့်စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့်လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်"တွင် ဝန်ကြီးသည် ဥပဒေနှင့် မဆန့်ကျင်လျှင်ဆိုသည့်စကားရပ်ကို အစားထိုးစေချင်ပါကြောင်း ဆွေးနွေးတင်ပြ ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့အနေဖြင့် (၂၀၁၆)ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

ဒီဥပဒေကို အတည်ပြုနိုင်ခဲ့မယ်ဆိုရင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရဲ့ ပထမဦးဆုံး ဥပဒေဖြစ်တာကြောင့် ဂုဏ်ယူစရာလည်းကောင်းပါတယ်။ ဒါပေမယ့် ဥပဒေတစ်ခုကို ပြုစုပြဋ္ဌာန်းတာဟာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ ဥပဒေဟာ ရှင်းလင်းပြတ်သားတိကျဖို့ လိုပါတယ်။ သို့လောသို့လော ရှုပ်ထွေး နေလို့မရသလို ရှေ့နောက်ညီဖို့ ပြည်သူအများ လက်ခံလိုက်နာနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့အနေဖြင့် အရင်က ဥပဒေတွေကို ပြစ်တင်ဝေဖန်ခဲ့ပြီး မိမိတို့လက်ထက် ရေးဆွဲတဲ့ ဥပဒေဟာလည်း အားနည်းချက်တွေ တစ်ပုံ တစ်ပင်နဲ့ဆိုပါက မိမိတို့လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ်စားလှယ်များရဲ့ဂုဏ်သိက္ခာ ကျဆင်းနိုင်ပါသဖြင့် အားနည်းချက်များ နည်းနိုင်သမျှ နည်းအောင် အပြုသဘောဖြင့် ဉာဏ်မီသလောက် စိစစ်ဆွေးနွေးတင်ပြ ရခြင်းဖြစ်ပါတယ်။

ကျွန်တော့အနေဖြင့် အဓိကတင်ပြလိုတာကတော့ ကော်မတီနဲ့ ပတ်သက်တာဘဲဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း) အခန်း(၃)၊ ၄(က)မှာ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပုံ ဖော်ပြထားပါတယ်။ အရင်(မူကြမ်း)ထက် ကျုံ့ပြီးဌာနဆိုင်ရာတွေကို လျှော့ချလိုက်ပါတယ်။ အထွေအထူး တင်ပြစရာမရှိပါ။

၄(ခ)မြို့နယ် စည်ပင်သာယာရေးကောမတီ ဖွဲ့စည်းပုံဟာလည်း ယခင်(မူကြမ်း)ကို ပြန်ပြင်လျှော့ချ လိုက်တာပါ။ အဲဒီမှာ တစ်ခုစိုးရိမ်မိတာက ကော်မတီဝင်နည်းနေတာကိုပါ။ ပဲခူး၊ ပြည်၊ တောင်ငူလို မြို့နယ်ကြီး တွေဆိုရင် အဲဒီ(၅)ဦးနဲ့ဖြစ်မလား။ အဲဒီ(၁)ချက်ကို ထည့်သွင်းစဉ်းစားစေလိုပါတယ်။

၄(ဂ)မှာက မြို့စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် ဟု ပြဋ္ဌာန်းထားပါတယ်။

အဲဒီအချက်ကို အဓိကထားဆွေးနွေးတင်ပြလိုပါတယ်။

ပထမ(မူကြမ်း)ကို အကြမ်းဖျဉ်း ဆွေးနွေးစဉ်အခါကလည်းထောက်ပြခဲ့ပါတယ်။ သို့သော်လည်း ကော်မတီ(၂)ခုရဲ့ သဘောထား ဥပဒေပညာရှင်တွေ့ရဲ့သဘောထားက ဖွဲ့သင့်တယ်လို့ ယူဆတဲ့အတွက် ဖွဲ့တယ်လို့ သုံးသပ်ရပါတယ်။ ကျွန်တော့အနေနဲ့ကတော့ မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ ပတ်သက်တဲ့ အားသာချက်၊ အားနည်းချက်များကို သုံးသပ်စိစစ်ဆွေးနွေးတင်ပြမှာဖြစ်ပြီး လိုသလိုထည့်သွင်း စဉ်းစားနိုင်ရန် ဖြစ်ပါတယ်။

ပထမဦးဆုံး ၄(ဂ)ရဲ့ပြဋ္ဌာန်းချက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်း **နိုင်** သည်ဟု ဖော်ပြထားပါတယ်။ ဒီနေရာမှာ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီ တွေကိုတော့ **ရ** မည်ဆိုတဲ့စကားသုံးပါတယ်။

ကျွန်တော် သုံးသပ်ကြည့်ရသလောက်ကတော့ ကော်မတီ(၂)ခုရဲ့ ရည်ရွယ်ချက်က **ရ** မည်ဆိုပါက မဖြစ်မနေဖွဲ့ရမည်။ တချို့မြို့နယ်တွေမှာ မြို့ခွဲတွေမရှိဘဲ မြို့နယ်၊ မြို့တစ်ခုတည်းသာရှိတယ်။ အဲဒီအခါမှာ တစ်မြို့တည်း မြို့နယ်ကော်မတီကော မြို့ကော်မတီကော ရှုပ်ထွေးသွားနိုင်တဲ့အတွက် **ရ** မည်လို့မသုံးဘဲ **နိုင်** သည်လို့ သုံးတယ်လို့ထင်ပါတယ်။ (ဖွဲ့ဖို့ မဖွဲ့ဖို့ ဘယ်သူကဆုံးဖြတ်ရမှာလဲ)

ဒါပေမယ့် ဒီနေရာမှာ **နိုင်** ဆိုတဲ့စကားရပ်က ကျယ်ဝန်းပါတယ်။ **နိုင်** သည်ဆိုတာက လုပ်ချင်လုပ် နိုင်တယ်။ မလုပ်ချင်လဲရတယ်လို့ တစ်ဖက်က ပြန်ယူဆလို့ရပါတယ်။ မဖြစ်မနေလုပ်ရမယ့် သဘောမဟုတ်

တော့ဘူး။ အဲဒီတော့ ဖြစ်လာနိုင်တာက တချို့မြို့နယ်တွေက မြို့ကော်မတီဖွဲ့မယ်။ တချို့ကလည်း မြို့ခွဲတွေတော့ရှိတယ် မလိုအပ်ပါဘူး။ မဖွဲ့တော့ဘူးလို့ဖြစ်လာနိုင်တယ်။ (ဖွဲ့ဖို့ မဖွဲ့ဖို့ ဘယ်သူကဆုံးဖြတ်ရမှာလဲ)

ဒီအချက်ကို ကျွန်တော်တင်ပြလိုတာက မဖြစ်မနေဖွဲ့စေချင်တယ်ဆိုရင် "မြို့စည်ပင်သာယာရေးကော်မတီ" ကို နိုင်ငံသားများဖြင့် အောက်ပါအတိုင်းဖွဲ့စည်း **ရ** မည်။ (မြို့ခွဲမရှိဘဲ မြို့နယ်မြို့တစ်ခုတည်းသာရှိသော မြို့နယ်များအတွက် မလိုအပ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတစ်ခုသာ ဖွဲ့ရမည်) ဆိုရင် ပိုသင့်တော်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဒီနေရာမှာ မြို့ကော်မတီ ဖွဲ့ခြင်းရဲ့ အားသာချက်တွေလည်း အများအပြားရှိပါတယ်။

ယခင် စည်ပင်သာယာဥပဒေ၊ နည်းဥပဒေအတိုင်း ကော်မတီဝင်တွေကို ရွေးချယ်ပါက မဲစနစ်အရ သေးငယ်တဲ့မြို့လေးတွေရဲ့ ကိုယ်စားပြု ပုဂ္ဂိုလ်တွေဟာ မြို့နယ်ကော်မတီမှာ ပါဝင်နိုင်ဖို့ အခွင့်အရေးအင်မတန်နည်းပါတယ်။ အဲ့ဒီအခါမှာ မြို့ငယ်လေးတွေရဲ့ ဖွံ့ဖြိုးရေးဘတ်ဂျက် ရရှိမှုမှာ သံသယဖြစ်စရာရှိလာနိုင်ပါတယ်။ အခုလို မြို့ကော်မတီ သီးခြားဖွဲ့ရင် ကိုယ့်မြို့အတွက် ကိုယ်တိုင်စီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။

မြို့ကော်မတီတွေရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်တွေကိုလည်း ပုဒ်မ ၁၀မှာ (၁၁)ချက်ပြဋ္ဌာန်းထားတာ ကောင်းမွန်လှပါတယ်။

အခွန်ကောက်ခံတာတွေ ဘတ်ဂျက်သုံးစွဲမှုတွေ ကြီးကြပ်တာမှာ ထိရောက်စွာကြပ်မတ်ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ အားနည်းချက်တွေလည်း အများအပြားရှိပါတယ်။

စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းက မြို့နယ်အလိုက် ရလာတဲ့ အခွန်အကောက်ဝင်ငွေတွေထဲက ဝန်ထမ်းလစာပေးတာ၊ တခြားအသေးသုံးတွေ စီစဉ်ပေးရတာက (၄၀%)သုံးရပါတယ်။ (၆၀%)ကိုသာ မြို့နယ် ဖွံ့ဖြိုးရေးအတွက်သုံးတာ။ အဲဒီမှာ ဖွံ့ဖြိုးရေးဘတ်ဂျက်ခွဲဝေသုံးစွဲမှုမှာ ပြဿနာရှိလာနိုင်ပါတယ်။

မြို့ကြီးများမှာ အခွန်ငွေများစွာ ရသော်လည်း မြို့ငယ်များမှာ အင်မတန်နည်းပါတယ်။ ဥပမာ ၂၀၁၇-၂၀၁၈ဘတ်ဂျက်နှစ်အတွက်ဆို ကျွန်တော်တို့ မြို့နယ်မှာ မြို့(၄)ခုရှိရာမှာ ပိန်းဇလုပ်နဲ့ မဒေါက်မြို့တို့ဟာ အခွန်ငွေ သိန်း(၄၀၀)ဝန်းကျင်ဘဲရပါတယ်။ ဘတ်ဂျက်လျာထားရာမှာ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့အတွက် ညောင်လေးပင်မြို့နယ်၊ မြို့ကြီးကရတဲ့ ဝင်ငွေကခွဲထုတ်ပြီး တစ်မြို့သိန်း(၇၀၀)ဝန်းကျင် လျာထားနိုင်ခဲ့ ပါတယ်။ ဒီနေရာမှာ သီးခြားမြို့ကော်မတီများခွဲဖွဲ့ပြီးပါက ညောင်လေးပင်မြို့ကော်မတီအနေနဲ့ သူ့ဝင်ငွေနဲ့ရတဲ့ ဘတ်ဂျက်ကို ပြန်မျှပေးဖို့ရာမှာ ပြဿနာရှိလာနိုင်ပါတယ်။ အဲ့ဒီအခါမှာ ဖွံ့ဖြိုးမှုနည်းသေးတဲ့ မြို့ငယ်လေးတွေအတွက် အခက်အခဲရှိနိုင်ပါတယ်။

ဒါကြောင့် ဘတ်ဂျက်ခွဲဝေချထားရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့အလိုက်မြို့စည်ပင်သာယာရေးအဖွဲ့၊ မြို့စည်ပင်သာယာရေးကော်မတီ မည်သူ့ကို လုပ်ပိုင်ခွင့်ပေးအပ်မလဲစီမံခွင့်ပေးအပ်မလဲ တိကျစွာပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ ရှုပ်ထွေးနေတာ တစ်ခုက "မြို့စည်ပင်သာယာရေးဌာန" ဆိုတာပါပဲ။

အခန်း(၁) ပုဒ်မ ၂(ဇ)မှာ စည်ပင်သာယာရေးအဖွဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာ မြို့စည်ပင်သာယာရေးအဖွဲ့ပါ ပါဝင်ပါတယ်။ ဆိုလိုတာက မြို့စည်ပင်သာယာရေးကော်မတီနဲ့ မြို့စည်ပင်သာယာရေးဌာနတို့ ပေါင်းထားတဲ့အဖွဲ့ကိုပါ။

အခန်း(၄) ပုဒ်မ ၇(က)မှာ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့် မြို့စည်ပင်သာယာရေး ဌာနများ၏လို့ ဖော်ပြထားသလို ၇(ခ)မှာကော ၇(ဂ)မှာပါ မြို့စည်ပင်သာယာရေးဌာနဆိုတဲ့ စကားရပ်များ သုံးထားပါတယ်။

လက်ရှိအခြေအနေအရ အပြင်မှာ "မြို့စည်ပင်သာယာရေးဌာန"ဆိုတာ ဖွဲ့စည်းထားခြင်းမရှိပါ။

ယခင်ဖွဲ့စည်းပုံအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (ဌာန)တွင် ဌာနခွဲ(၂)ခုရှိပါသည်။ စီမံခန့်ခွဲမှု ဌာနခွဲနှင့် အင်ဂျင်နီယာဌာနခွဲတို့ဖြစ်သည်။

စီမံခန့်ခွဲမှု ဌာနခွဲအောက်တွင် (၁) စီမံရေးရာဌာနစိတ် (၂) ငွေစာရင်းဌာနစိတ် (၃) ဈေးနှင့်သားသတ် ဌာနစိတ် (၄) အခွန်ဌာနစိတ် (၅) သန့်ရှင်းရေးဌာနစိတ်ဆိုပြီး (၅)ခုရှိပါတယ်။

အင်ဂျင်နီယာ ဌာနခွဲအောက်တွင် (၁) မြို့ပြဒေသတည်ဆောက်ပြုပြင်ရေးဌာနစိတ် (၂) ရေ/မီး ပေးရေးနှင့် ပန်းဥယျာဉ်ဌာနစိတ် (၃) ကျေးလက်ဒေသတည်ဆောက်ပြုပြင်ရေးဌာနစိတ်ဆိုပြီး (၃)ခုရှိပါတယ်။ မြို့စည်ပင်သာယာရေးဌာနဟူ၍ သီးခြားမရှိပါ။

စည်ပင်သာယာဈေးရှိသောမြို့များတွင် ဈေးတာဝန်ခံ အဆင့်(၁)၊ အဆင့်(၂)၊ ဈေးကောက်၊ ညစောင့်၊ သန့်ရှင်းရေးအလုပ်သမားတွေသာ ထားရှိပါတယ်။

အဲဒါတွေက မြို့နယ်စည်ပင်သာယာရေးဌာနရဲ့ စီမံခန့်ခွဲရေးဌာနခွဲအောက်မှာရှိတဲ့ ဈေးနှင့် သားသတ် ဌာနစိတ်က တာဝန်ပေးထားတဲ့သူတွေ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အခန်း(၁) ပုဒ်မ ၂(ဇ)၊ အခန်း(၄) ပုဒ်မ ၇(က)၊ (ခ)၊ (ဂ)တို့အရ မြို့စည်ပင်သာယာရေး ဌာနဟာ ဖွဲ့ထားတာမရှိတဲ့အတွက် ထပ်ဖွဲ့ရမလိုဖြစ်နေပါတယ်။

အသစ်ဖွဲ့စည်းခန့်အပ်မည်လား။ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများကိုခွဲထုတ်မည်လား။ မြို့စည်ပင်သာယာရေးဌာနဖွဲ့စည်းပုံကို မည်သို့ရေးဆွဲမည်နည်း။ မြို့ဝင်ငွေက လစာပေးမှာလား၊ မြို့နယ် တစ်ခုလုံးခြုံငုံ၍ ဝင်ငွေထွက်ငွေဘတ်ဂျက်မှ လစာပေးမည်လား။ အင်မတန်ရှုပ်ထွေးလှသဖြင့် တိကျစွာ ပြဋ္ဌာန်းရန် လိုအပ်ပါသည်။

အခန်း(၄) ပုဒ်မ ၁၁(က)တွင် ဝန်ကြီးသည် အစိုးရဖွဲ့၏ သဘောထားရယူ၍ အစိုးရဝန်ထမ်းများမှ အပ မြို့နယ်နှင့် မြို့ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ငွေ များ သတ်မှတ်ပေးရမည်။

ပုဒ်မ၁၁(ခ) အဆင့်ဆင့်သော ကော်မတီများအတွက် သင့်လျော်သည့် ရုံးခန်း၊ ရုံးသုံးပရိဘောဂနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာအမှုဆောင်အရာရှိက စီစဉ်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

အဲ့ဒီအတွက် ကုန်ကျငွေတွေအားလုံးဟာ ကောက်ခံရရှိတဲ့ အခွန်အခ၊ ဝင်ငွေထဲကသုံးရမှာ ဖြစ်ပါတယ်။ ဒါဟာ စည်ပင်သာယာရေးအဖွဲ့ လုပ်ထုံးလုပ်နည်းပါ။

ထို့ကြောင့် မြို့စည်ပင်သာယာအဖွဲ့ဆိုသော မြို့စည်ပင်သာယာရေးကော်မတီနှင့် မြို့စည်ပင်သာယာရေး ဌာနများကို ထပ်မံဖွဲ့စည်းပါက ၎င်းတို့အတွက် သင့်လျော်သည့် ရုံးခန်း၊ ရုံးသုံးပရိဘောဂစာရွက်စာတမ်းများ၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား ပေးရမည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်များ၊ ဝန်ထမ်းများ အတွက်လစာ၊ နေ့စားများအတွက် နေ့စားခများ ပေးချေရတော့မည် ဖြစ်ပါသည်။ မြို့ကော်မတီများ သီးခြား

ဖွံ့လိုက်သဖြင့် ကိုယ့်မြို့ကို ကိုယ့်ဖာသာ တာဝန်ယူဆိုပါကလည်း သေးငယ်၍ ဝင်ငွေနည်းသော မြို့ငယ်လေးများမှာ အဆိုပါစရိတ်များနှင့်ပင် ကုန်ပြီးဖွံ့ဖြိုးရေး လုပ်နိုင်တော့မည် မဟုတ်ပါ။ မြို့ကြီးများမှ မျှပေးရန်တောင်းပါကလည်း ကော်မတီသီးခြားစီခွဲထားရန် အခက်အခဲရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ လေးနက်စွာ စဉ်းစားသုံးသပ်ရန်နှင့် မဖြစ်မနေဖွဲ့မည်ဆိုပါကလည်း ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ပြီး ဥပဒေကို တိကျသေချာစွာ ပြဋ္ဌာန်းပါက သင့်လျော်မည်ဖြစ်ကြောင်း အကောင်းဆုံးကို မျှော်တွေး၍ အပြုသဘောဆောင် ဆွေးနွေးတင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားသည့်အခါ အချိန်မီမရောက်ရှိခြင်းနှင့် သတင်းပေးတိုင်ကြားသူ မည်သူဖြစ်သည်ကို ကျူးလွန် သူများအား ထုတ်ဖော်ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူ များအတွက် အန္တရာယ်ကြုံတွေ့နိုင်သည့် အခြေအနေများဖြစ်ပေါ်နေသည့်အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ် အရေးယူ စိစစ်သွားရန် အစီအစဉ်ရှိသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပြည်မြို့တွင် ရေကြောင်းဆက်သွယ်ရေး ပိုမိုဖြစ်ထွန်းစေရန်နှင့် ကုန်တင်ကုန်ချ လျင်မြန်စေရန်အတွက် "ဆိပ်ကမ်း" တစ်ခု ဆောက်လုပ် ပေးသွားရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"သရေခေတ္တရာ ပျူမြို့ဟောင်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်း "**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် အနေဖြင့် မေးခွန်းများကို မေးမြန်းရာတွင် ရည်ရွယ်ချက်ထားရှိသည်မှာ မိမိတို့ဒေသတွင်ရှိသည့် ပြည်သူလူထု ၏အသံကို သင့်တော်၏၊ မသင့်တော်၏ကို စဉ်းစားဆင်ခြင်သုံးသပ်ပြီး ဖြစ်သင့်သည်၊ အကောင်အထည် ဖော်သင့်သည်ဆိုမှ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်မှတစ်ဆင့် လေးလေးစားစား မေးမြန်းရခြင်း ဖြစ်ပါသည်။ ယနေ့မိမိ၏ မေးခွန်း(၃)ခုမှာ (၂)ခုကိုဖြေကြားပေးမည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူမှာ လွှတ်တော်သို့ တက်ရောက်လာခြင်းမရှိပါ၍ ပြည်သူတို့၏အသံကို ကိုယ်စားပြုပြီးတင်ပြရာ၌ ဝန်ကြီးမှ လုပ်နိုင်သည်ဖြစ်စေ၊ မလုပ်နိုင်သည်ဖြစ်စေ၊ အစိုးရဌာနများအနေဖြင့် အကောင်အထည်ဖော်ပေးနိုင်သည်ဖြစ်စေ၊ မဖော်ပေး နိုင်သည်ဖြစ်စေ၊ မိမိတို့၏ ပြည်သူ့အသံ၊ မိမိတို့၏ဆွေးနွေးချက်များ၊ မိမိတို့၏ ထင်မြင်ယူဆချက်များကို လွှတ်တော်ထဲတွင် မှတ်သားလောက်စရာသိသွားစေချင်ပါသည်။ ဒါဟာပြည်သူလူထု၏ အသံများဖြစ်သည် ဟု လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အနူးအညွတ် မေတ္တာရပ်ခံချင်ပါသည်။ မိမိ၏ မေးခွန်း(၂)ခုဖြစ်သည့် မေးခွန်းအမှတ်စဉ်(၁)နှင့်(၃)တို့ကို ဝန်ကြီးဌာနတာဝန်ရှိ ပုဂ္ဂိုလ်များ အစည်းအဝေးတက်ရောက်သည့် အခါမှသာ မေးမြန်းခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်နည်းဥပဒေအရ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးမရှိလျှင် ၎င်း၏ကိုယ်စားဝန်ကြီးတစ်ဦးမှ ဖြေကြား၍ရပါသည်။ ပြည်ထောင်စုလွှတ်တော်တွင်လည်းကောင်း၊ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးမှ ကိုယ်စားပြု ဖြေပေး၍ ရပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးအနေဖြင့် တာဝန်အရ ခရီးသွားလာရခြင်း ဖြစ်၍ သော်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝန်ကြီးချုပ်၊ ဝန်ကြီးများသည် ယခုလို အမြင့်ဆုံး ဖြစ်သည့် ပြည်သူများကို ကိုယ်စားပြုသည့်လွှတ်တော်သို့ သာမန်တာဝန်များထက်ပိုပြီး လွှတ်တော်ကို ဦးစား ပေးရမည်ဖြစ်သည်။ လွှတ်တော်အစည်းအဝေးရက်တွင် ခွင့်တင်ပြီးသွားလာခြင်းကို အများဆုံးဆင်ခြင်ရန် လိုအပ်ပါသည်။ တခြားအစည်းအဝေးရှိပါက လွှတ်တော်ရက်အတွင်း တိုက်ဆိုင်နေလျှင် ပြင်ဆင်ရွှေ့ဆိုင်း၍ လွှတ်တော်ကို ဦးစားပေးပြီး ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ လွှတ်တော်အနေဖြင့်လည်း အစည်းအဝေး အစီအစဉ်များကို ကြိုတင်ပြီးပို့နိုင်ရမည်ဖြစ်ပါသည်။ ၎င်းစာများသည် သက်ဆိုင်ရာဝန်ကြီးများထံ မရောက်ရှိဟု သိရှိရပါသည်။ နောင်တွင်ဝန်ကြီးများထံ ရောက်ရှိအောင်သွားရောက်ပို့ပြီး မပျက်မကွက်တက်ရောက်ရန် လိုအပ်သည်ဟု ညှိနှိုင်းရမည်ဖြစ်ပါသည်။ တာဝန်အရသွားလာသည်ကို နားလည်မှုရှိပါသည်။ သို့သော် လွှတ်တော်ကပိုအရေးကြီးပါသည်။ လွှတ်တော်က အစည်းအဝေးတက်ရောက်မှုကို ထိန်းကျောင်းကြပ်မတ် ပေးရန် လိုအပ်ပြီဖြစ်ပါသည်။ အခမ်းအနားအစီအစဉ်လည်း ပေးပါမည်။ အစည်းအဝေးရှိ၍ မလာနိုင်ဟု မဖြစ်ရန်နှင့် လွှတ်တော်က မဖြစ်မနေလုပ်ရသည့်အစည်းအဝေးဖြစ်ပြီး ကုန်ကျစရိတ်မြောက်များစွာခံပြီး ပြည်သူများအကျိုးရှိအောင် ဆောင်ရွက်ရသည့် အစည်းအဝေးဖြစ်သည်ကို အလေးအနက်ထားပြီး ပြောကြား လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏ တောင်းဆိုချက်ကို သက်ဆိုင်ရာဝန်ကြီး ပြန်လည်ရောက်ရှိ လာမည့်

မနက်ဖြန်အစီအစဉ်တွင် ထည့်သွင်းပေးမည်ဖြစ်ပါသည်။ နောင်တွင်လွှတ်တော်မှ တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ယခုကဲ့သို့မဖြစ်အောင် ဆောင်ရွက်ပါမည်။ လွှတ်တော် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အလေးအနက်ထား တိုက်တွန်းပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် ရေကြောင်းဆက်သွယ်ရေး ပိုမိုဖြစ်ထွန်းစေရန်နှင့် ကုန်တင်ကုန်ချလျှင်မြန်စေရန်အတွက် "ဆိပ်ကမ်း" တစ်ခုဆောက်လုပ်ပေးသွားရန် အစီအစဉ် ရှိ/ မရှိမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်မြို့တွင် ရေကြောင်းဆက်သွယ်ရေး ပိုမိုဖြစ်ထွန်းစေရန်နှင့် ကုန်တင်ကုန်ချ လျှင်မြန်စေရန်အတွက် "ဆိပ်ကမ်း" တစ်ခု ဆောက်လုပ် ပေးသွားရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် မန္တလေးမြို့၊ ဧရာဌာနခွဲမှ စီမံကိန်းရေးဆွဲ စေလွှတ်သည့် မန္တလေး-ပြည် လူစီးကုန်တင်သင်္ဘောအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှ ယနေ့အထိ ရပ်နားထားပြီး ရန်ကုန်မြို့၊ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ စီမံကိန်းရေးဆွဲစေလွှတ်သည့် ရန်ကုန်- ပြည် လူစီး/ကုန်တင်သင်္ဘောအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ယနေ့ထိ ရပ်နားထားပါသည်။ သို့ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် "ဆိပ်ကမ်း"တစ်ခု ဆောက်လုပ်ပေးသွားရန် အစီအစဉ် မရှိပါကြောင်းနှင့် JICA အဖွဲ့မှ ပြည်မြို့ဆိပ်ကမ်းသို့ လာရောက်လေ့လာသွားမည်ဟု သတင်းရရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိမိတို့ ပြည်-ရန်ကုန်၊ ပြည်-မန္တလေး လူစီးကုန်တင်သင်္ဘောများသည် ပြည်တွင်ဆိုက်ကပ်ရပါသည်။ ကုန်စည်အတင်အချ မလွယ်ကူတော့၍ ယခုအခါ ဆိုက်ကပ်ခြင်းမရှိတော့ပါ။ ထို့အတူယခုအခါ ရထားနှင့် လာရောက်လေ့လာရပါသည်။ အစိုးရ ဌာနများမှသတင်း ရရှိသည် ဆိုသည်မှာ ဆိပ်ကမ်းတစ်ခုလည်း ဖြစ်သင့်ပါသည်။ အမှန်တကယ် ဖြစ်စေရန် တွန်းအားပေးခြင်း၊ ကူညီပေးခြင်းများ မဆောင်ရွက်တော့ဘူးလား၊ အစိုးရအနေဖြင့် ဝိဝါဒမရှိဘူးလားဆိုပြီး ဆက်စပ်မေးခွန်းမေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျ၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် တကယ်တမ်းကိုင်တွယ်သည်မှာ ပြည်ထောင်စုမှ ကိုင်တွယ်ခြင်း ဖြစ်ပါသည်။ သို့သော် တိုင်းဒေသကြီးအနေဖြင့် တာဝန်မရှိဟု မပြောလိုပါ။ ထို့အတွက် ပြည်မြို့ဆိပ်ကမ်းကို လာရောက်လေ့လာမည့် JICA အဖွဲ့မှ လာရောက်လေ့လာသည့်အခါ လိုအပ်ချက် တကယ်ရှိ/ မရှိ လေ့လာစုံစမ်းပြီး တကယ်လိုအပ်ချက်ရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးမြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုတွင် သဲစုပ်၊ သဲမှုတ် လုပ်ငန်းများကြောင့် ချောင်းကမ်းပါးပြိုကျခြင်း၊ စုပ်ယူပြီး သဲများအား ပုံစံ(၇)ရ လယ်ယာမြေများပေါ်တွင် စုပုံထားခြင်းကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းများကို မည်သို့ကာကွယ်ထိန်းသိမ်းပေး နိုင်မည်ဆိုသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ် (၁၃၁၆) ကျိုက်ပွန်ဘုရား တောင်ကွင်းရှိ မြတ်စောညီနောင် ဘုရားနှစ်ဆူ သာသနာမြေအမှန် ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်ရှိ Bright Polite Star အထည်ချုပ်စက်ရုံ အလုပ်ပိတ်သိမ်းခဲ့မှုနှင့် ပတ်သက်၍ တာဝန်ရှိ အလုပ်သမား ရေးရာဌာနများသည် လုပ်ငန်းစတင်ခွင့်ပြုစဉ်ကတည်းက စက်ရုံတွင် အသုံးပြုမည့် လုပ်သားများ၏ လုပ်ခလစာ နစ်နာကြေးတို့နှင့် ညီမျှသော အာမခံကြေးကို Deposit အဖြစ် တင်သွင်းစေခြင်းမပြုဘဲထားခဲ့သလား (သို့မဟုတ်) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား အာမခံအဖြစ်တင်သွင်းစေခြင်းမပြုဘဲ လုပ်ငန်းလုပ်ခွင့် ပြုပါသလားနှင့် နစ်နာနေသူ အလုပ်သမားများ၏ အရေးကို မည်သို့ဆက်လက် ဆောင်ရွက်ပေးမည် ဆိုသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုတွင် ပဲခူးချောင်းထဲမှ သဲစုပ်ထုတ်ယူနေမှု အများဆုံးကျေးရွာအုပ်စုတစ်ခုဖြစ်ပြီး၊ ယနေ့တိုင်း သဲစုပ်၊ သဲမှုတ် လုပ်ငန်းများ ဆောင်ရွက်နေမှုကြောင့် ချောင်းကမ်းပါးပြိုကျခြင်းများစုပ်ယူပြီး သဲများအား စိုက်ပျိုးလယ်ယာမြေများပုံစံ(၇)ရပြီးမြေများပေါ်တွင် လယ်ယာစိုက်ပျိုးခြင်းမပြုတော့ဘဲ၊

သဲများ စုပုံထားခြင်းကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းများ၊ အမှန်တကယ်လယ်ယာစိုက်ပျိုးမှု မရှိပါဘဲနှင့် စိုက်ပျိုးစရိတ်များ ထုတ်ယူထားခြင်းများကိုလည်း တွေ့မြင်နေရပါသည်။ အထက်ဇိုင်းဂနိုင်းကြီး၊ ပဲခူးလမ်း တစ်လျှောက် လမ်းဘေးတွင် စုပုံထားသော သဲပုံကြီးများ အမြောက် အများတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးလယ်မြေများ ဆုံးရှုံးခြင်း၊ ကမ်းပါးပြိုကျနေခြင်းကိစ္စရပ်များကို တိုင်းဒေသကြီး အစိုးရမှ မည်သို့ကာကွယ်ထိန်းသိမ်းပေးနိုင်မည်ဆိုသည်ကို သိရှိလိုပါကြောင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်းမေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဘုရားသုံးဆူကျေးရွာ၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ် (၁၃၁၆) ကျိုက်ပွန်ဘုရားတောင်ကွင်းတွင် ရတနာပုံခေတ် ရွှေဟောင်းနောင်တော်၊ ညီတော် မြတ်စောညီနောင် ဘုရားနှစ်ဆူတည်ရှိခဲ့ပါသည်။ ၎င်းဘုရားနှစ်ဆူတွင် ဘုရားပရဝဏ်နှင့်မုခ် လေးဝရှိခဲ့သော်လည်း ယခုအခါ စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးမှ မုခ်(၃)ဘက်ကိုပိတ်ပြီး အုတ် တံတိုင်းများ ကာရံထားပါသည်။ တောင်ဘက်မုခ်ဝဘက်လမ်း တစ်ခုတည်းကိုသာ (၆)ပေခန့် လမ်းကျဉ်းလေးတစ်ခုပေးထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ဘုရားနှစ်ဆူအား ထောင်သွင်းအကျဉ်းချထားသကဲ့သို့ ဖြစ်နေပါသည်။ ဘုရားထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီမှ ဘုရားများ၏မုခ်လေးဘက်သို့ သွားလာဝင်ထွက် နိုင်သော ယခင်ကတည်းက ရှိပြီးဖြစ်သော သာသနာမြေအတိုင်း ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးပါရန် တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရှိလာပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် ဗုဒ္ဓဘာသာဝင်ပြည်သူတို့ လိုလားတောင့်တ နေသော သာသနာမြေအမှန် ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၈၈) တွင် Bright Polite Star ကြယ်စင်ဝိုင်းအမည်ဖြင့် အထည်ချုပ်စက်ရုံ တည်ရှိပြီး၊ ၎င်းစက်ရုံကို ရန်ကုန်မြို့မှ သူဌေးဦးမင်းကျော်သူက ပဲခူးမြို့မှ စက်ရုံနှင့်မြေနေရာပိုင်ရှင် ဦးအောင်ခြိမ့်ထံမှ ငှားရမ်းဖွင့်လှစ်သော အထည်ချုပ်စက်ရုံဖြစ်ပါသည်။ အလုပ်သမားဦးရေ (၃၃၁)ဖြင့် လည်ပတ်စေခဲ့ပြီး၊ ၂၀၁၆ခုနှစ်၊ ဧပြီလတွင် အလုပ်ပိတ်သိမ်းခဲ့ပါသည်။ အလုပ်သမားများ၊ သက်ဆိုင်ရာ အလုပ်သမားဦးစီးဌာန အရာရှိများနှင့် အလုပ်ရှင်တို့၏ ချုပ်ဆိုသော စာချုပ်အရ အလုပ်ရပ်နစ်နာကြေး (ကျပ်နှစ်ရာ့ငါးဆယ့်ငါးသိန်းခြောက်သောင်းတိတိ)ပေးဆောင်ရပါမည်။ အလုပ်ရှင်ဘက်မှ ကတိစာချုပ် အကြိမ်ကြိမ်ချိုးဖောက်ပြီး၊ ယနေ့တိုင် အလုပ်သမားများမှာ ၎င်းတို့၏ ခံစားခွင့်ဖြစ်သော နစ်နာကြေးများ မရကြသေးပါ။ သက်ဆိုင်ရာ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အလုပ်ရှင်အား အခွန်မှုဖွင့်လှစ်ရန် အရေးယူရန် ညွှန်ကြားခဲ့သော်လည်း အလုပ်ရှင်သူဌေးက ၎င်းနေထိုင်ရာ ရန်ကုန်မြို့ရှိ နေရပ်လိပ်စာ (၄)နေရာ ဖော်ပြထားပါသည်။ ၎င်း(၄)နေရာစလုံးတွင် ၎င်းပိုင်ဆိုင်ထားခြင်းမဟုတ် လိမ်လည်ပြဆိုထားကြောင်းသာဖြစ်ကြောင်း၊ ပဲခူးမြို့ရှိ အလုပ်သမားရေးရာဌာနမှ တာဝန်ရှိသူများ

သွားရောက်စစ်ဆေးသောအခါ တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အခွန်အမှုဖွင့်အရေးယူခြင်းကို ယာယီပိတ်သိမ်းရန် တင်ပြထားကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ တာဝန်ရှိအလုပ်သမားရေးရာဌာနများသည် ၎င်းစက်ရုံဖွင့်လှစ်မည့် သူဌေး အားလုပ်ငန်းစတင်ခွင့်ပြုစဉ်ကတည်းက စက်ရုံတွင် အသုံးပြုမည့် လုပ်သားများ၏ လုပ်ခလစာ၊ နစ်နာကြေးတို့နှင့်ညီမျှသော အာမခံငွေကြေးကို Deposit အဖြစ် တင်သွင်းစေခြင်းမပြုဘဲ ထားခဲ့သလား (သို့မဟုတ်) မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား အာမခံအဖြစ် တင်သွင်းစေခြင်းမပြုဘဲ လုပ်ငန်းလုပ်ခွင့် ပြုပါသလော။ နစ်နာသူအလုပ်သမားမှ သိလိုပါသည်။ နစ်နာသူအလုပ်သမားများ၏အရေးကို မည်သို့ဆက်လက်ဆောင်ရွက်ပေးမည်လဲဆိုတာကို သိလိုပါကြောင်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုတွင် သဲစုပ်၊ သဲမှုတ် လုပ်ငန်းများကြောင့် ချောင်းကမ်းပါးပြိုကျခြင်း၊ စုပ်ယူပြီး သဲများအား ပုံစံ(၇)ရ လယ်ယာမြေများပေါ်တွင် စုပုံထားခြင်းကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းများကို မည်သို့ ကာကွယ်ထိန်းသိမ်းပေး နိုင်မည်ဆိုသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုအတွင်းသဲထုတ်ယူမှုများနှင့် ပတ်သက်၍ ယခင်နှစ်၂၀၁၅-၂၀၁၆ သဲထုတ်ရာသီတွင် သဲစုပ်လုပ်ငန်းများ အားသက်ဆိုင်ရာ သို့ခွင့်ပြုကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့သော်လည်း အဆိုပါလုပ်ငန်းရှင်များသည် သတ်မှတ်ထားသောစည်းကမ်းများကို အပြည့်အဝ လိုက်နာမှုမရှိသည့်အတွက်ယခုနှစ်သဲထုတ်ရာသီ (၂၀၁၆-၂၀၁၇)ခုနှစ်တွင်မြို့ရှောင်လမ်းတံတား အောက်ဘက်မှစ၍ ပဲခူးလမ်းတစ်လျှောက် သဲထုတ်လုပ်ခြင်းကို ခွင့်မပြုသင့်ပါကြောင်း သက်ဆိုင်ရာသို့ သဘောထားမှတ်ချက် ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့်သဲထုတ်ခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါသဖြင့် ကမ်းပြိုခြင်းများ၊ စိုက်ပျိုးမြေဆုံးရှုံးခြင်းလျော့နည်းသက်သာလာမည်ဖြစ်ပြီး တရားမဝင်သဲထုတ်လုပ်မှုများကိုလည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်ဥပဒေ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)သည် ကတိကဝတ်ဖြစ်သည့်အတွက် မှတ်တမ်းတင်ထားရန်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား ဝန်ကြီးတစ်ဦးမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအား ဖြေကြားရာတွင် လိုအပ်ချက်များရှိပါက စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးထံ စာဖြင့်အကြောင်းကြား၍ မေးမြန်းရန်ဖြစ်ပါသည်။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးမှ ပြန်လည်ဖြေကြားပေးပါမည်ဟု မှာကြားသွားပါသည်။ သက်ဆိုင်သည့်ဌာနသည် စည်ပင်သာယာရေးဌာနဖြစ်၍ ယင်းဌာနမှ ဖြေကြားမှုကို ဖြေကြားပေးမည်ဖြစ်ပါသည်။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးမှ ဖြေကြားပေးရမည်ဖြစ်၍ မိမိမှသူ၏ ကိုယ်စားဖြေကြားပေးခြင်းဖြစ်ပါသည်။

ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ် (၁၃၁၆) ကျိုက်ပွန်ဘုရား တောင်ကွင်းရှိ မြတ်စောညီနောင် ဘုရားနှစ်ဆူ သာသနာမြေအမှန် ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ရတနာပုံခေတ် ရှေးဟောင်း နောင်တော်ညီတော် မြတ်စောညီနောင်ဘုရား (၂)ဆူသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာ၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၉)ရပ်ကွက် (ယခင်ဘုရားသုံးဆူကျေးရွာ)၊ ကွင်းအမှတ် (၁၃၁၆)၊ ကျိုက်ပွန် ဘုရားတောင်ကွင်း၊ အထူးဇုန်(၂)၊ ပြည် တွင်းစက်မှုဇုန် နယ်မြေအတွင်းရှိပြီး ပဲခူးတိုင်း ဒေသကြီး၊ စက်ရုံ/အလုပ်ရုံတည်ထောင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ (၁၉. ၃. ၂၀၁၅) ရက်စွဲဖြင့် ခွင့်ပြုချထားပေးခဲ့သည့် မြေကွက်အမှတ်(၃+၄)၊ မြေဧရိယာ(၁၀) ဧက၊ ပိုင်ဆိုင်သူ ဒေါ်ခင်အုန်းဆွေနှင့် ခွင့်ပြုချထားပေးခဲ့သည့် မြေကွက်အမှတ်(၆)၊ မြေဧရိယာ(၄. ၄၀၈) ဧက၊ ပိုင်ဆိုင်သူဦးကြည်မြင့်ပါ(၂)ဦး အမည်မှ ဒေါ်ခင်ရတနာဝင်းအမည်သို့ ပြောင်းလဲလုပ်ကိုင် ဆောင်ရွက် ခွင့်ပြုကြောင်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၁၂. ၁. ၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၇/၁-၂၁/ထောက်၃(၁၃၁)အရ အမည်ပြောင်းလဲ လုပ်ကိုင်ခွင့်ပြုခဲ့သောမြေများနှင့် ဆက်စပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၏မေးခွန်းပါ စီးပွားရေး လုပ်ငန်းရှင်(၂)ဦးမှ မခ်(၃)ဘက်ပိတ်ပြီး အုတ်တံတိုင်းကာရံထားကြောင်း တင်ပြထားသည့် မြေကွက်များမှာ မြေကွက်အမှတ် (၄)၊ ပိုင်ဆိုင်သူ ဒေါ်ခင်အုန်းဆွေနှင့် မြေကွက်အမှတ် (၆)ပိုင်ဆိုင်သူ ဒေါ်ခင်ရတနာဝင်းတို့ ဖြစ်ကြသည်။ ဒေါ်ခင်အုန်းဆွေသည် ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့မြေအမှုတွဲအမှတ်၊ ၆၄၈/ငါး/၂၀၁၆-၂၀၁၇ဖြင့် ဧရိယာ(၁၀)ဧကကို စက်မှုမြေငှားဂရန်ရရှိရေးမှုတွဲဖွင့်လှစ်၍ ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ စိစစ်တင်ပြရန် ၂၀၁၆ခုနှစ်၊ ဩဂုတ်လတွင် အမှုတွဲပေးပို့ထားပါသည်။ ဒေါ်ခင်ရတနာဝင်းသည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့မြေအမှုတွဲအမှတ် ၁၉၁၆/ ငါး/ ၂၀၁၅-၂၀၁၆ဖြင့် ဧရိယာ(၄. ၄၀၈)ဧကကို စက်မှုမြေငှားဂရန် ရရှိရေးအတွက် (၄. ၁၁. ၂၀၁၆)ရက်စွဲဖြင့် ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားပါကြောင်း စိစစ်တွေ့ရှိ ရပါသည်။ ၎င်းဘုရားနှစ်ဆူအား သာသနာမြေ ရရှိရေးအတွက် မြေကွက်ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (သို့မဟုတ်) မြေပေးမိန့်အား ပြန်လည်စိစစ်၍ ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၃)အား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက်ရှိ Bright Polite Star အထည်ချုပ် စက်ရုံ အလုပ်ပိတ်သိမ်းခဲ့မှုနှင့် ပတ်သက်၍ တာဝန်ရှိ အလုပ်သမား ရေးရာဌာနများသည် လုပ်ငန်းစတင်ခွင့်ပြုစဉ်ကတည်းက စက်ရုံတွင် အသုံးပြုမည့် လုပ်သားများ၏ လုပ်ခလစာ နစ်နာကြေးတို့နှင့် ညီမျှသော အာမခံကြေးကို Deposit အဖြစ် တင်သွင်းစေခြင်းမပြုဘဲ ထားခဲ့သလား (သို့မဟုတ်) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား အာမခံအဖြစ် တင်သွင်းစေခြင်းမပြုဘဲ လုပ်ငန်းလုပ်ခွင့် ပြုပါသလားနှင့် နစ်နာနေသူ အလုပ်သမား များ၏ အရေးကို မည်သို့ဆက်လက် ဆောင်ရွက်ပေးမည် ဆိုသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ Bright Polite Star အထည်ချုပ်စက်ရုံကိစ္စသည် အစိုးရသစ်ဖွဲ့စည်းပြီးသည်နှင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ ဆန္ဒပြမည့် အခြေအနေမျိုးမှာ ပဲခူးမြို့တွင်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ပြီး အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ဆောင်ရွက်သည့် အခါ ဆန္ဒပြမည့်ကိစ္စက ရပ်စဲသွားပေမယ့် ယခုဆက်လက်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်ရုံတွင်ရှိသည့်အလုပ်သမားများ၊ အလုပ်ရုံနှင့် ပတ်သက်သည့် ဌာနဆိုင်ရာများအားလုံးနှင့် အသေးစိတ်ညှိနှိုင်းပြီး မိမိတို့ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့် အချက်အားလုံးကို လွှတ်တော်မှာရှိသည့် ဦးညွန့်ရွှေ၏ မေးခွန်းနှင့် ပတ်သက်ပြီး အသေးစိတ် ပြည့်ပြည့်စုံစုံ ဖြေကြားပေးမည်ဖြစ်ပါသည်။

အလုပ်ရှင်ဦးမင်းကျော်သူသည် လုပ်ခပေးချေမည့်နေ့ရက်များကို အကြိမ်ကြိမ် ချိန်းဆိုခဲ့ရာ နောက်ဆုံးချိန်းဆိုခဲ့သည့်နေ့ရက်ဖြစ်သော (၃၁. ၅. ၂၀၁၆)ရက်နေ့တွင် အလုပ်သမားများအား ပေးချေနိုင်မည့် အခြေအနေမရှိကောင်းမရှိသည့်အတွက် အလုပ်ရှင်မှ ဌာနဆိုင်ရာများအား အဆက်အသွယ် ဖြတ်တောက်ထားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် လုပ်ခ ပေးမည်ဟုချိန်းဆိုသည့် (၃၁. ၅. ၂၀၁၆) ရက်နေ့တွင် အလုပ်သမားများနှင့်ပတ်သက်၍ မလိုလားအပ်သည့်ပြဿနာများ မဖြစ်ပေါ်စေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် (၃၀. ၅. ၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းဒေသကြီး အတွင်းရေးမှူး ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်(၃)ဦးအား ခေါ်ယူတွေ့ဆုံ၍ သက်ဆိုင်ရာဌာနများ၏ဥပဒေအရ အရေးယူဆောင်ရွက်နေမှုများကို ရှင်းလင်းချပြခဲ့ပါသည်။

သို့ပါ၍ အလုပ်ရှင်ချိန်းဆိုသော အဆိုပါ (၃၁. ၅. ၂၀၁၆)ရက်နေ့တွင် အလုပ်ရှင် ဦးမင်းကျော်သူ လာရောက်ရန် ပျက်ကွက်ခဲ့သော်လည်း လုပ်ခထုတ်ယူရန် လာရောက်ကြသော အလုပ်သမားများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး အပါအဝင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ များပါ အလုပ်ရှင်ဦးမင်းကျော်သူအား သက်ဆိုင်ရာဥပဒေလမ်းကြောင်းများအရ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သောကြောင့် အလုပ်သမားများမှ ယင်းအချိန်တွင် ဆန္ဒမပြဘဲ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

အလုပ်သမား(၃၃၁)ဦးတို့အား ပေးချေရန်ရှိသည့် (၄/၂၀၁၆)လ လုပ်ခလစာ ငွေ(၃၈၀၂၄၃၄၇)နှင့်

စက်ရုံပိတ်သိမ်း၍ နစ်နာကြေးငွေ(၂၅၅၆၁၅၀၀)၊ စုစုပေါင်း(၆၃၅၈၅၈၄၇)အား သတ်မှတ်ရက်များတွင် ပေးချေနိုင်ခြင်းမရှိခဲ့သဖြင့် ဝန်ကြီးဌာနလက်အောက်ခံ အောက်ဖော်ပြပါဌာနများက တရားစွဲဆိုခဲ့ပါသည်-

- အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)ရုံးမှ အလုပ်ရှင်အား အခကြေးငွေပေးချေရေး ဥပဒေပုဒ်မ ၂၄အား ချိုးဖောက်သဖြင့် ပဲခူးမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီး အမှုအမှတ်(၁၃၈၉/၂၀၁၆)ဖြင့်လည်းကောင်း
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ပဲခူးမြို့နယ်ရုံး)မှ အလုပ်ရှင်အား ၂၀၁၃ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၃၉အရ ပဲခူးမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးအမှုအမှတ်(၁၆၃၆/၂၀၁၆)ဖြင့်လည်းကောင်း။
- အလုပ်သမားဆက်ဆံရေးဦးစီးဌာန (ပဲခူးမြို့နယ်ရုံး)မှ အလုပ်ရှင်အား အငြင်းမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၃အရပဲခူးမြို့နယ် တရားရုံးတွင် ရာဇဝတ်ကြီးအမှုအမှတ် (၂၀၃၉/၂၀၁၆)ဖြင့် လည်းကောင်း တရားစွဲဆိုခဲ့ပါသည်။

အထက်ဖော်ပြပါ တရားစွဲဆိုမှုများအရ အလုပ်ရှင်က အလုပ်သမားများ၏ (၄/၂၀၁၆)လ လုပ်ခ လစာငွေများအား ၂၈-၆-၂၀၁၆ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန (ပဲခူးတိုင်းဒေသကြီးရုံး)မှ တစ်ဆင့် ထုတ်ပေးပြီးဖြစ်၍ ပဲခူးမြို့နယ် တရားရုံးမှ ၁၂-၇-၂၀၁၆ ရက်နေ့တွင် အမှုအမှတ်(၁၃၈၉)အတွက် တရားလိုမှ ကျေအေးခဲ့ သဖြင့် အမှုပိတ်သိမ်းခဲ့ပြီး အမှုအမှတ်(၁၆၃၆)အတွက် ဒဏ်ငွေ(၃၀၀၀၀)အားလည်းကောင်း၊ အမှုအမှတ်(၂၀၃၉)အတွက် ဒဏ်ငွေ(၅၀၀၀၀၀)အားလည်းကောင်း ၄. ၈. ၂၀၁၆ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

အဆိုပါအလုပ်ရှင်အား သက်ဆိုင်ရာဌာနများက တရားစွဲဆို၍ အလုပ်သမားများ၏ ရသင့်သော လုပ်ခလစာကျန်ငွေနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးငွေများအား ရရှိစေရန် ဆောင်ရွက်ခဲ့သော်လည်း အလုပ်သမားများ၏ လုပ်ခလစာကျန်ငွေသာ ရရှိခဲ့ပြီး အလုပ်ရပ်စဲနစ်နာကြေးအား ယနေ့ထိ ရရှိခဲ့ခြင်း မရှိသေးပါ။

အလုပ်သမားများ၏ စက်ရုံပိတ်သိမ်း၍ အလုပ်ရပ်စဲမှုနစ်နာကြေးငွေများ ရရှိရေးအတွက် မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံနိုင်သည့် အခွန်အမှုဖွင့်လှစ် ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံတင်ပြခဲ့ရာ အလုပ်သမားရေးရာ အငြင်းပွားမှု ဖျန်ဖြေရေးနည်းဥပဒေ ၂၉အရ အလုပ်သမားများ ရရန်ကျန်ရှိသည့် အလုပ်ရပ်စဲမှုနစ်နာကြေးများ ပေးချေနိုင်ရန် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ မြေခွန်မပြေကျန်ငွေဖြစ်သကဲ့သို့ အခွန်အမှုဖွင့်လှစ်ဆောင်ရွက် ရမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ ပါသည်။

အဆိုပါကိစ္စကိုဆောင်ရွက်နိုင်ရန် မြေနှင့်အခွန်ဥပဒေအရ အခွန်အရာရှိထံသို့ မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့ တောင်းခံပေးရန် လျှောက်လွှာကို အခွန်ပုံစံ(၁)ဖြင့် ပေးပို့ရမည့်အပြင် အလုပ်ရှင်မှ ပေးချေရန် ငွေမည်မျှရှိသည်ကို တိကျစွာဖော်ပြပေးရန်နှင့် အလုပ်သမားများအား ပေးလျော်ရမည့်

ငွေကြေးပမာဏအပေါ် အခွန်အမှုဖွင့်လှစ်၍ ဝရမ်းစွဲကပ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းပိုင်ရှင်၏ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများရှိ/ မရှိကို အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၄၊ နည်းဥပဒေ ၁၆(ဃ)(၃)၊ နည်းဥပဒေ ၁၆(ဃ)(၇)အရ လိုက်နာကျင့်သုံးဆောင်ရွက်ရန် အခွန်အရာရှိထံသို့ ပေးပို့ရမည့် အခွန်ပုံစံ(၁)ကို ဖြည့်စွက်ပေးပို့မှသာ အခွန်အမှုစတင်ဖွင့်လှစ်နိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အခွန်အမှုဖွင့်လှစ်ဆောင်ရွက်နိုင်ရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဥပဒေနှင့်အညီ အောက်ပါကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုရန်နှင့် သက်ဆိုင်ရာဌာနများမှ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနက အကြောင်းပြန်ကြားခဲ့ပါသည်။

ဝရမ်းစွဲကပ်ဆောင်ရွက်နိုင်ရန် ပစ္စည်းစာရင်းကောက်ယူစိစစ်ရေးကော်မတီ၊ ဝရမ်းစွဲကပ်ပစ္စည်းစာရင်းထိန်းသိမ်းရေးကော်မတီ၊ အလုပ်ရှင်ပိုင်ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီဆိုပြီး ဖွဲ့စည်းခဲ့ပါသည်။ အခွန်အမှုဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့က (၂၆. ၁၀. ၂၀၁၆) ရက်နေ့ဖြင့် ရုံးအမိန့်အမှတ်(၁၉၈/၂၀၁၆)ဖြင့် တိုင်းဦးစီးမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေလျက် အဖွဲ့ဝင်(၇)ဦးဖြင့် ဝရမ်းစွဲကပ် ဆောင်ရွက်နိုင်ရန် ပစ္စည်းစာရင်းကောက်ယူစိစစ်ရေးကော်မတီကိုလည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအား ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်စေလျက် အဖွဲ့ဝင်(၆)ဦးဖြင့် ဝရမ်းစွဲကပ် ပစ္စည်းစာရင်းထိန်းသိမ်းရေးကော်မတီကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စေလျက် အဖွဲ့ဝင်(၈)ဦးဖြင့် အလုပ်ရှင်ပိုင် ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။၎င်းကော်မတီများအနက် ရှေးဦးစွာဝရမ်းစွဲကပ်ဆောင်ရွက်နိုင်ရန် ပစ္စည်းစာရင်းကောက်ယူစိစစ်ရေးကော်မတီသည် ပဲခူးတိုင်းအတွင်း ဦးမင်းကျော်သူပိုင်ဆိုင်သည့် စာရင်းကို အဖွဲ့ဝင်များနှင့်အတူ (၂၈. ၁၀. ၂၀၁၆)ရက်နေ့တွင် ပဲခူးမြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ သနပ်ပင်လမ်း အမှတ်(၁၈၈)ရှိ Bright Polite Star အထည်ချုပ်စက်ရုံသို့ သွားရောက်စစ်ဆေး စာရင်းကောက်ယူခဲ့ရာ ကွန်ပျူတာ(၁)စုံ၊ Cannon အမျိုးအစားပရင်တာ(၁)လုံး၊ Cannon အမျိုးအစား Fax(၁)လုံး၊ မီးထိန်းစက် ၁၁၀ဗို့(၁)လုံး၊ TY တံဆိပ်မီးပူတိုက်ခုံ(စက်၊မီးပူအပါ အဝင်)(၁၈)စုံ၊ ၄. ၅ပေ×၂ပေ သံဖရိန်သစ်ခင်း(၅၂)လုံး၊ ၄ပေ×၂. ၅ပေ×၃. ၅ပေ ၃ဆင့်ပစ္စည်း တင်စင်(၈)လုံး၊ ၅ပေ×၅. ၅ပေ×၄လက်မ ပစ္စည်းတင်ကွပ်ပစ်(၂၈)လုံး၊ ၃ပေ×၂. ၅ပေ×၃ပေ QC စားပွဲခုံ(၁)ခု၊ ၃. ၅ပေ×၂ပေ×၂. ၅လက်မ အံတစ်ခုပါစားပွဲခုံ(၇)လုံးတို့ကို စာရင်းကောက်ယူ ရရှိခဲ့ပြီး ဖြစ်ပါသည်။

အလုပ်ရှင်ဦးမင်းကျော်သူ၏ ပစ္စည်းများမှာ ယခုကာလပေါက်ဈေးအနေဖြင့် ငွေကျပ် (၁၀)သိန်းခန့်သာ တန်ဖိုးရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အလုပ်ရှင်ဦးမင်းကျော်သူနှင့် ပတ်သက်သော မှတ်တမ်းများအရ ၎င်းနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၄)မြို့နယ်မှ လိပ်စာ(၄)ခုအား ရန်ကုန်တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက စိစစ်ခဲ့ရာ ဖော်ပြထားသော လိပ်စာရှိနေအိမ်များမှာလည်း အလုပ်ရှင်ကိုယ်ပိုင် မဟုတ်သည်ကို စိစစ်တွေ့ရှိခဲ့ရပါသည်။ ထိုကဲ့သို့ဖြစ်သည့်အတွက် အလုပ်သမားများ၏ အလုပ်ရပ်စဲနစ်နာကြေးဖြစ်သည့် စက်ရုံရှိ ၎င်းပိုင်ပစ္စည်း တန်ဖိုးကို (၁၀)သိန်းနှင့် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ စုစုပေါင်း အလုပ်ရပ်စဲနစ်နာကြေးလျော်ပေးရမည့်

ငွေမှာ သိန်းပေါင်း (၂၅၅)သိန်းဖြစ်ပါသည်။ သို့သော်လည်းတန်ဖိုးသင့်သည့်အခါမှာ အိမ်မှာ ၎င်းအိမ်မဟုတ်ခြင်း၊ ပဲခူးတွင် (၁၀)သိန်းခန့်သာရှိ၍ လုံလောက်မှုမရှိသည့်အတွက် အခွန်မှုဖွင့်လှစ် ဆောင်ရွက်နေခြင်းကို ယာယီပိတ်သိမ်းခွင့်ပြုရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာရုံးချုပ်သို့ အလုပ်သမားရုံးအဖွဲ့မှ ဆက်လက်တင်ပြလာပါသည်။ ထို့အပြင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဤကဲ့သို့ဖြစ်သည့် အကြောင်းအရာအရ အရေးယူခြင်းကို လက်တွေ့ဆောင်ရွက်ရန်လမ်းညွှန်မှု စာတမ်းအပိုဒ်(၅၁)အရ အခွန်အမှုကို ရုပ်သိမ်းသည့်အခါ အောက်ပါအချက်များနှင့် ပြည့်စုံရပါမည် -

- ပျက်ကွက်သူအလုပ်ရှင်ပိုင်ဆိုင်သည့် ပစ္စည်းမရှိခြင်း
- ပျက်ကွက်သူတွင် ငွေပေးနိုင်သောအခြေအနေ မရှိခြင်း
- ပျက်ကွက်သူအား ရှာဖွေမတွေ့နိုင်ခြင်း စသည့်အချက်(၃)ချက်နှင့်အညီ တွေ့သည့်အခါ အခွန်အမှု ပိတ်သိမ်းမှု ယာယီရပ်ဆိုင်းရန် တောင်းဆိုလာသည့် ကိစ္စသည် တရားဝင်သည်ဟု မိမိတို့က သုံးသပ်မိပါသည်။

သို့သော်လည်း ၎င်းကိစ္စကို ဆက်လက်ပြီး လေ့လာသည့်အခါတွင် (၁၂)နှစ်အတွင်း အလုပ်ရှင်သည် အလုပ်များပြေလည်ပြီး ငွေများကို ပြန်လည်လျော်ပေးနိုင်မည်ဆိုလျှင် (၁၂)နှစ်အတွင်း သူ့ကိုစုံစမ်းပြီး လျော်ပေးပိုင်ခွင့်၊ တရားစွဲပိုင်ခွင့်ရှိသည်။ ၎င်းအချက်မှာ မသေချာသည့်အတွက် ဆက်လက်ပြီးမည်သည့်အမှုနှင့် ဆောင်ရွက်ရမည်ကို လေ့လာရန်အတွက် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ထံဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှိသည်ကို လူကိုယ်တိုင်လေ့လာမေးမြန်းထားပြီးဖြစ်ပါသည်။ ဆက်လက်ပြီး ဥပဒေနှင့် အညီ ဥပဒေအကြံပေးထံတွင် တရားဝင်ဆက်လက်တောင်းခံသွားမည်ဖြစ်သည့် အကြောင်းလေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၏ မေးခွန်း(၄)ခုနှင့် ဒေါ်ဇင်မိုးထိုက်တို့၏ မေးခွန်း(၅)ခုတို့အား နေ့လယ်ပိုင်းတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းနှင့် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ နံနက်ပိုင်းကို (၁၂း၀၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဝက်ပုတ်၊ ကိုယ်ဝန်ဆောင်၊ ကျွန်းကုန်း၊ ညောင်ပင်သာ၊ စပါးကြွယ်၊ ဇရပ်လှ၊ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရန်ကုန်-ပြည်ကားလမ်းနှင့် ချိတ်ဆက်လျက်ရှိသော နတ်ပုတီး-ကန်ငယ် မြောက်ကုန်းကြီး ကျေးလက်စည်ပင်လမ်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ပေါင်းတည်မြို့နယ်၊ အင်္ဂကွင်းအုပ်စု အနီးတဝိုက်တွင် ပြန့်ကျဲနေသော အိမ်ငယ် (၁၀၀)ကျော်အား စုစည်း၍ သစ်တောကျေးရွာအဖြစ် ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပေါင်းတည်မြို့ရှိ မီးရထားဘူတာတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေး နိုင်ရေးနှင့် ဘူတာဝင်းအတွင်း ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အစပ် ဝက်ပုတ်နှင့် ပေါင်းတည်မြို့နယ် ကိုယ်ဝန်ဆောင်၊ ကျွန်းကုန်း၊ ညောင်ပင်သာ၊ စပါးကြွယ်၊ ဇရပ်လှ ဆက်သွယ်သော ကျေးရွာချင်း ဆက်လမ်းမှာ ပျက်စီးနေပါသည်။ကြုံးကြုံးကျအုပ်စု ၊ ကြို့ကုန်းအုပ်စု၊ နတ်တလင်းမြို့နယ်၊ ပေါက်ကုန်းအုပ်စု၊ မုံရွာကြီးအုပ်စု၊ ကျွဲသေအုပ်စု၊ မိုးညို့မြို့နယ်၊ သဲကုန်းမြို့နယ်၊ ကြို့ပင်သာအုပ်စုတို့မှ ကုန်စည်များစီးဆင်းရာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် အားထားရသော လမ်းဖြစ်ပါသည်။ နေ့စဉ်လူဦးရေ (၅၀၀၀)ခန့်မှီခိုအားထားသွားလာ နေရသောလမ်းဖြစ်ပါသည်။ ထိုလမ်းအား ရေရှည်တည်တံ့ပြီး ခိုင်ခန့်သော လမ်းအဖြစ်တည်ရှိနိုင်ရန်အတွက် ကွန်ကရစ်လမ်း တည်ဆောက်ပေးရန် လိုအပ်နေပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော ကွန်ကရစ်လမ်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တည်ဆောက်ပေးရန်အစီအစဉ်မရှိပါက မည်သည့်အတွက် တည်ဆောက်မပေးနိုင်ကြောင်း ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်တွင် ကြူတောကန်အုပ်စု၊ တောင်ဘိုးလှအုပ်စု၊ ကံငယ်အုပ်စု၊ မြောက်ကုန်းကြီးအုပ်စုတို့အား ဆက်သွယ်ထားသော ကျေးလက်စည်ပင်လမ်း တည်ရှိပါသည်။ ထိုလမ်းကို နတ်ပုတီး-ကန်ငယ်-မြောက်ကုန်းကြီးလမ်းဟု သတ်မှတ်ထားပါသည်။ ထိုလမ်းမှာ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်း(၂)မိုင် ခင်းပေးရန် သတ်မှတ် အတည်ပြုပြီးလည်း ဖြစ်ပါသည်။ မြောက်ကုန်းကြီးနှင့် ကံငယ်ဆက်သွယ်သောလမ်းမှာ လွန်စွာပျက်စီးနေပါသည်။ကား၊ ဆိုင်ကယ်သွားရန် လမ်းပင်မပေါက်တော့ပါသဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အခက်ခဲများနှင့် ကြုံတွေ့နေရပါသည်။

ထို့ကြောင့် မြောက်ကုန်းကြီး-ကန်ငယ်ဆက်သွယ်သောလမ်းအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ပါရန်နှင့် ပြုပြင်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အင်္ဂကွင်းအုပ်စုအနီးတွင် ဝဲကြီးဆည်တည်ရှိပြီး ကျောက်ကြီးတောင်လည်းတည်ရှိပါသည်။ ကျောက်ကြီးတောင်ပေါ်တွင် စေတီဘုရားပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းလည်း ရှိပါသည်။ ထိုအနီးတဝိုက်တွင် ပြန့်ကျဲနေသော အိမ်ငယ်များ(၁၀၀)ကျော်ရှိပြီး တောင်ယာလုပ်ကိုင်စားသောက်သူများနှင့် တံငါလုပ်ကိုင် စားသောက်သူများ ရှိပါသည်။ ထိုကဲ့သို့ ပြန့်ကျဲနေသော အိမ်ငယ်များအားစုစည်း၍ သစ်တောဥပဒေ၊ နည်းဥပဒေများနှင့်အညီ သစ်တောကျေးရွာအဖြစ်ထူထောင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့တွင် ရန်ကုန်-ပြည်၊ ရန်ကုန်-ပုဂံ မီးရထား ဘူတာတည်ရှိပါသည်။ မီးရထားဘူတာတွင် ဝန်ထမ်းဦးရေ (၁၁)ဦးတာဝန်ထမ်းဆောင်လျက်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်က တည်ဆောက်ပေးခဲ့သော ဝန်ထမ်း အိမ်ရာအချို့မှာ ၂၀၀၉ ခုနှစ်တွင် ပြိုကျပျက်စီးခဲ့ပါသည်။ မီးရထားဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများလို အပ်လျက်ရှိပါသည်။

ထို့ပြင်မီးရထားဘူတာဝင်းအတွင်းရှိ ခရီးသည်များ ဝင်ထွက်သွားလာရာလမ်းမှာလည်း ပျက်စီးယိုယွင်းလျှက်ရှိပါသည်။ လမ်းအရှည်မှာ ၆၅၀ ပေ ဖြစ်ပြီး လမ်းအကျယ်မှာ ၁၂ ပေ ရှိပါသည်။ ရာသီဥတုဒဏ်ခံနိုင်သော ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် လိုအပ်လျက် ရှိပါသည်။

ထို့ကြောင့်ပေါင်းတည်မြို့ရှိ မီးရထားဘူတာတွင် ဝန်ထမ်းအိမ်ရာတည်ဆောက် ပေးနိုင်ရေးနှင့် ဘူတာဝင်းအတွင်း ခရီးသည်များဝင်ထွက်သွားလာရာလမ်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝက်ပုတ်၊ ကိုယ်ဝန်ဆောင်၊ ကျွန်းကုန်း၊ ညောင်ပင်သာ၊ စပါးကွယ်၊ ဇရပ်လှ၊ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အပိုင် ဝက်ပုတ်ရွာမလမ်းနှင့် ပေါင်းတည်မြို့နယ် အပိုင် ကိုယ်ဝန်ဆောင်-ကျွန်းကုန်း-ညောင်ပင်သာ-စပါးကွယ်-ဇရပ်လှ-ကြုံးကြုံးကျနှင့် ကြို့ကုန်းရွာ (မြေပြန့်) ဆက်သွယ်ထားသောလမ်းမှာ အရှည် (၆/၂)မိုင် ရှိပြီး မြေနီလမ်း ဖြစ်ပါသည်။ ဇရပ်လှရွာနှင့် စပါးကွယ် ရွာလမ်းမှာ လမ်းအကျယ် (၉')ခန့်သာရှိပြီး ဇရပ်လှ ရွာအထွက်နေရာများတွင် အကျယ် (၇')ခန့်သာရှိသော လမ်းပိုင်းများရှိနေပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဆောင်ရွက်လျှက်ရှိသော လမ်းအကျယ်ရရှိနိုင်ရေးအတွက် မြေနေရာတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လမ်းဘေးမြေယာများ၊ လယ်မြေများဖြင့် ဆက်စပ်နေပြီး အခြား တစ်ဘက်တွင်လည်း ချောင်းရှိနေသောကြောင့် လမ်း ဘောင်ကျဉ်းမြောင်းနေပြီး လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောအကျယ်ရရှိနိုင်ခြင်း မရှိပါ။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိသည့်အပြင် ၂၀၁၇-၂၀၁၈ခုနှစ် ခန့်မှန်းရန်ပုံငွေစာရင်းများ မှာလည်း ရေးဆွဲပြီးဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးရန် အခွင့်အရေးမရရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရန်ကုန်-ပြည်ကားလမ်းနှင့် ချိတ်ဆက်လျက်ရှိသော နတ်ပုတီး-ကန်ငယ် မြောက်ကုန်းကြီး ကျေးလက်စည်ပင်လမ်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြူတောကန်အုပ်စု၊ တောင်ဘို့လှအုပ်စု၊ ကန်ငယ်အုပ်စု၊ မြောက်ကုန်းကြီးအုပ်စုတို့အား ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အရှည် (၇/၀)မိုင် ရှိပါသည်။ နတ်ပုတီး ရွာထိပ်မှ အုတ်တွင်းကုန်းရွာအထိ အရှည်(၃/၀)မိုင်ရှိ မြေနီလမ်းဖြစ်ပါသည်။ အုတ်တွင်းကုန်းရွာမှ မြောက်ကုန်းကြီးရွာအထိ အရှည် (၄/၀)မိုင်ရှိ မြေသားလမ်း ဖြစ်ပါသည်။ အုတ်တွင်းကုန်းရွာမှ ကံငယ်ရွာအထိ မြေသားလမ်း (၂/၀)မိုင်ခန့်သာ လမ်းအသားပိုင်းကျန်ရှိပြီး ကျန် (၂/၀)မိုင်ခန့်ရှိ မြောက်ကုန်ကြီးရွာအပိုင်းမှာ မိုးရေ တိုက်စားခြင်း၊ လမ်းမြေတိုးချဲ့ခြင်းနှင့် လမ်းသား ပြိုကျခြင်းတို့ကြောင့် လမ်းအကန့်လိုက် ပျက်စီးလျက်ရှိပြီး လှည်းလမ်းသာသာဖြစ်ပြီး မြက်ခြုံများ ပေါက်ရောက်လျက် သွားလာအသုံး ပြု၍မရပါ။ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်

နတ်ပုတီး-တောင်ဘို့လှလမ်း (၂/ဝမိုင်×၁၂'×၇") မြေနီခင်းခြင်း လုပ်ငန်းအား ရန်ပုံငွေ ကျပ်(၂၂. ၇၇)သန်းဖြင့် Royal Asia Crown ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် (၂/ဝမိုင်×၁၂'×၇") မြေနီခင်းခြင်း လုပ်ငန်းသာ ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ကျန်လမ်းပိုင်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ပေါင်းတည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့်မေးခွန်းအမှတ်စဉ်(၂)တို့ကို တစ်ခါတည်းဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင်မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲရာတွင်လည်း ပါဝင်ခြင်းမရှိသည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် အကြောင်း ဖြေကြားသွားသည့်အတွက်မေးခွန်းမှာ ဆက်စပ်မျေးခွန်းမေးမြန်းရန် မလိုအပ်သည့်အတွက် နောက်ဘတ်ဂျက်အမီကြိုတင်ပြီး ဆက်လက်မေးမြန်းရမည်ဖြစ်ပါသည်။ မေးခွန်းအမှတ်စဉ်(၂)ကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ပေါင်းတည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၁)ဖြေကြားမှုသည် လွဲနေပါကြောင်း၊ မေးခွန်းနှင့်အဖြေလွဲနေသည့်အတွက် မိမိမှဒေသခံပြည်သူကို ပြန်ချပြရန်အခက်အခဲရှိပါသည်။ မိမိမေးမြန်းသည့်နံပါတ်(၁)မေးခွန်းမှာ ဇရပ်လှကြီးပါပါသည်။ ယခုဖြေကြားရာ တွင်ကြုံးကြုံးကျကျေးရွာ၊ ကြို့ကုန်းကျေးရွာအုပ်စုအထိ ဖြေကြားထားသည်များရှိပါသည်။ ၎င်းနေရာများ တွင်ပေါင်းတည်မြို့နယ်အပိုင် ကိုယ်ဝန်ဆောင်- ကျွန်ကုန်း- ညောင်ပင်သာ- စပါးကြွယ်အထိ ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက အဆင်ပြေနိုင်ကြောင်းကို ဖြေကြားချက်အရတွေ့ရှိရပါသည်။ ကိုယ်ဝန်ဆောင်နှင့်စပါးကြွယ်၏အထက် စပါးကြွယ်နှင့်ဇရပ်လှလမ်းသည်(၉)ပေခန့်ကျယ်သည့်အကြောင်း၊ ဇရပ်လှအထွက်လမ်းမှာလည်း (၇)ပေခန့်ကျယ်သည့်အကြောင်း ဖြေကြားထားပါသည်။ပေါင်းတည်မြို့နယ်အပိုင်ကိုယ်ဝန်ဆောင်-ကျွန်းကုန်း-ညောင်ပင်သာ-စပါးကြွယ်လမ်းကို ဆောင်ရွက် ပေးနိုင်ကြောင်းကိုတွေ့ရှိရပါသည်။ ၎င်းအပိုင်းကိုမဆောင်ရွက်ပေးနိုင်သည့်လမ်းကိုမစဉ်းစားဘဲ စပါးကြွယ်-ဇရပ်လှအပိုင်းရှိနေသည့်အတွက် မဆောင်ရွက်ပေးနိုင်ကြောင်းကို ဝန်ကြီးကဖြေကြားထားပါသည်။

နံပါတ်(၁)မေးခွန်းကို မေးမည်ဖြစ်သော်လည်း လွှတ်တော်ဥက္ကဋ္ဌကြီး၏မိန့်ကြားချက်ကို နားထောင်ပြီး နံပါတ်(၂)မေးခွန်းကိုသာ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ နံပါတ်(၂)မေးခွန်းကို ဆက်စပ်မေးခွန်းအဖြစ်မေးမြန်းပါ။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။နံပါတ်(၂)မေးခွန်းအနေဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မေးခွန်းတွင်ပါသော်လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင်ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားထားခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇တွင် မပါသည်ကို မိမိတို့သိပြီးဖြစ်ပြီး ၂၀၁၇-၂၀၁၈တွင်မပါသည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီးဖြစ်၍ မိမိတို့သိရပါကြောင်း၊ ၂၀၁၆-၂၀၁၇ နှင့်၂၀၁၇-၂၀၁၈ မှာပါသလားဟု မေးမြန်းခြင်း မဟုတ်ပါ။ မိမိတို့မေးမြန်းသည်မှာ မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင် ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မေးမြန်းထားခြင်းဖြစ်ပါသည်။ ၎င်းအပိုင်းနှင့်ပတ်သက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များအပိုင်းတွင်ပြဋ္ဌာန်းထားရှိပါကြောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၅၁တွင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်လည်းကောင်း မဆန့်ကျင် စေဘဲတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့်စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဆိုသည့်အပိုင်းကို ဖော်ပြထားပြီး၊ နောက်တစ်ပိုင်းမှာ အုပ်ချုပ်ရေး အပိုင်းနှင့်ပတ်သက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၅၆တွင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် အစိုးရသည် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက် များနှင့်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။

မိမိတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုနိုင်သည်။ အပိုင်းများကိုအုပ်ချုပ်ရေးအပိုင်းအနေဖြင့် ပြဋ္ဌာန်းထား ခြင်းဖြစ်ပြီး ၎င်းနေရာတွင် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် ဝန်ထမ်းအပိုင်းနှင့်ပတ်သက်ပြီး အပိုင်းခွဲထားတာရှိပါသည်။ နယ်ဘက်ဝန်ထမ်းနှင့် စစ်ဘက်ဝန်ထမ်းများ(၂)ပိုင်းခွဲထားသည်များရှိပါသည်။ စစ်ဘက်ဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအနေဖြင့် ညွှန်ကြားခြင်းမဆောင်ရွက်နိုင်သည်ကိုတွေ့ ရပြီး၊ နယ်ဘက်ဝန်ထမ်းများအား ညွှန်ကြားခြင်းအပိုင်းနှင့်အုပ်ချုပ်ရေးအပိုင်းကို ပူးတွဲဆောင်ရွက်နိုင် ကြောင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်တစ်ရပ်အနေဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ၎င်းနေရာတွင် မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံပါအချက်များနှင့် ပတ်သက်ပြီးဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း လမ်းညွှန်နိုင်ကြောင်းကိုတွေ့ရှိရပါသည်။ ထို့ကြောင့် လွှတ်တော်အတွင်းမေးမြန်းသည့် မေးခွန်းများနှင့် ပတ်သက်၍ မည်သည့်ကိစ္စမဆို ပြည်ထောင်စုအစိုးရ သို့တောင်းခံရသည့်အတွက် ဘဏ္ဍာငွေဖြစ်သည့် အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများကို ဘဏ္ဍာငွေထဲ၊ ညွှန်ကြားမှုထဲတွင် ထည့်သွင်းလျာထားပေးလျှင် တိုင်းဒေသကြီးလွှတ်တော်အတွက် အလွန်အကျိုးရှိ နိုင်မည်ဖြစ်ပါသည်။ ၎င်းအပိုင်းများကိုထည့်သွင်းလျာထားပေးရန် ညွှန်ကြားမှုမရှိလျှင် အစိုးရအဖွဲ့အနေဖြင့်

လွှတ်တော်ကိုယ်စားလှယ်များ၏သဘောဆန္ဒ၊ ပြည်သူများ၏သဘောဆန္ဒများကို မျက်ကွယ်ပြုရာရောက်မှာ ဖြစ်ပါသည်။

သို့ပါ၍ ထည့်သွင်းညွှန်ကြားပေးနိုင်မည့်အတိုင်းအတာ(၁)ရပ်သည် အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့် ထဲတွင်ရှိနေသည့်အတွက် ယင်းကဲ့သို့ထည့်သွင်းညွှန်ကြားပေးနိုင်သည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းသည့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုသို့တင်ပြသည့် ညွှန်ကြားချက်များကိုညွှန်ကြား၍ရပါသည်။ ထို့ကြောင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုယ်စားလှယ်တို့၏တင်ပြချက်များကို ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားနိုင်ပါသဖြင့် ဆက်လက်ပြီးမည်သည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းကို ဆက်စပ်မေးခွန်းမေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင်မေးမြန်းသည့်မေးခွန်းအမှတ်စဉ်(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်၊ဝန်ကြီးစိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**။ ။ လွှတ်တော် ကိုယ်စားလှယ်မေးမြန်းထားသည့်လမ်းမှာ ၂၀၁၆-၂၀၁၇တွင် မူလရန်ပုံငွေတွင်(၂/၀မိုင်×၁၂ပေ×၇လက်မ) ဆောင်ရွက်ရန် ခွင့်ပြုထားပြီး ၂၀၁၆-၂၀၁၇ လုံးဝဆောင်ရွက်ရန်အစီအစဉ်မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားရန်ပုံငွေများကို ပြုစုရေးဆွဲပြီးဖြစ်၍ ၂၀၁၇-၂၀၁၈မှာလည်း ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ်မရှိကြောင်းကို တင်ပြလိုပါသည်။

ဒုတိယအချက်မှာ ဦးရဲလင်းနိုင်ပြောကြားသွားသည့်ဥပဒေနှင့် ပတ်သက်သည့်အချက်မှာလည်း မိမိတို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုမှ ကိုင်တွယ်သည့်ဘတ်ဂျက် ဖြစ်၍ မိမိတို့မှာတင်ပြရုံသာအခြေအနေရှိပါသည်။ ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုကိုယ်စားလှယ်များ သည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် တည်ဆောက်ရေးဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တင်ပြရာတွင် မည်သည့် အချိန်တွင်ပါဝင်မည်ကို မိမိအနေဖြင့် ခန့်မှန်း၍မရပါကြောင်း၊ တင်ပြရုံသာတင်ပြနိုင်မည်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈အထိ ဘဏ္ဍာငွေရေးဆွဲပြီး ဖြစ်သည့်အတွက် တင်ပြရန်အခွင့်အလမ်းမရှိပါကြောင်း၊ သို့ပါ ၍၂၀၁၇-၂၀၁၈မှာ Supplementry grant မှာတင်ပြပေးမည်ဖြစ်ပြီး တင်ပြပေးခြင်းသည် ဆောင်ရွက်ပေးခြင်း မဟုတ်ပါကြောင်း၊ တင်ပြပေးခြင်းမှာ မိမိမှာတင်ပြပေးရမည့်တာဝန်သာရှိပြီး ဆောင်ရွက်ပေးခြင်း၊ မပေးခြင်းမှာ ရန်ပုံငွေရရှိမှ ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါသည်။ ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ဗင်းမေးသည့် မေးခွန်းအား ကတိကဝတ်အဖြစ် မမှတ်စေလိုကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်၊ အဂ္ဂကွင်းအုပ်စု အနီးတဝိုက်တွင် ပြန့်ကျဲနေသော အိမ်ငယ် (၁၀၀)ကျော်အား စုစည်း၍ သစ်တော ကျေးရွာအဖြစ် ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ရှားပြင်ကြိုးဝိုင်းကို လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၉/၂၉-၃-၁၈၇၇အရ ဧရိယာ (၄၅၉၅၂)ဧကဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပေါင်းတည် မြို့နယ်အတွင်း အကွက်(၆)ကွက်၊ (၃၆၉၉)ဧကပါဝင်ပါသည်။

ကျောက်ကြီးတောင်အနီးတဝိုက်၌ အိမ်ခြေ(၁၀၀)ကျော်ရှိသည်ဟု မေးခွန်းတွင်ပါရှိသည့် ၎င်းနေရာသည် ရှားပြင်ကြိုးဝိုင်း အကွက်အမှတ်(၈၀)အတွင်းကျရောက်၍ ၂၀၁၃ခုနှစ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ (၆)ဌာနပူးပေါင်း ကွင်းဆင်း စာရင်းကောက်ယူမှုအရ ပြန့်ကျဲစာရင်းတွင်ပါဝင်ပြီး အိမ်ခြေ(၄၁)လုံး၊ (၁. ၂၉)ဧကနှင့် သာသနာမြေ(၂)ခု၊ (၄. ၈၅)ဧက ရှိပါသည်။ ပြန့်ကျဲစာရင်းတွင် လယ်မြေ(၃၆. ၀၀)ဧကနှင့် ယာမြေ(၁၄၁. ၅၀)ဧက၊ ပြင်ပ ကျူးစာရင်းတွင် လယ်မြေ(၃၂. ၅၀)ဧက၊ ယာမြေ(၉၁. ၅၀)ဧကရှိ၍ စုစုပေါင်း ကျူးလယ် (၆၈. ၅၀)ဧကနှင့် ကျူးယာ(၂၃၃. ၀၀)ဧက ရှိပါသည်။

အိမ်ခြေ(၅၀)အောက်ပြန့်ကျဲ/ပြင်ပကျူးစာရင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးရန် ညွှန်ကြားချက် တစ်စုံတစ်ရာမရှိသေးသော မြေများဖြစ်ပါသည်။

အိမ်ခြေ(၅၀)အောက် ပြန့်ကျဲအိမ်စုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ (၁၁. ၁. ၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၃(၁)/(၇)/သမ္မတရုံးစာအပိုဒ်(၄)၊ အပိုဒ်ခွဲ(ခ)တွင် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်း၌ ပြန့်ကျဲနေထိုင်သည့် အိမ်ထောင်စုများ ရှိပါက အဆိုပါ ကျေးရွာသစ်၌ ပူးပေါင်းနေလိုကချထားရန်နှင့် ပူးပေါင်းနေလိုခြင်းမရှိက မူလအိမ်ထောင်စုစာရင်းအမည်ပေါက်သည့် နေရပ်သို့ ပြန်လည်နေထိုင်စေရန် (ပညာရေး၊ ကျန်းမာရေးအတွက် စီစဉ်ပေးရန်ဖြစ်ကြောင်း နားလည် သဘောက်ပေါက်အောင်ရှင်းပြရန်)ဟု ပါရှိသဖြင့် ပြည်သူများအား ရှင်းပြပြီးဖြစ်ပါသည်။

အိမ်ခြေ(၅၀)အောက် ပြန့်ကျဲအိမ်စုများကို စုစည်းပြီး ကျေးရွာသစ်တွင် စုစည်းနေထိုင် ရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုခံယူ၍ ခရိုင်/ မြို့နယ် (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စိုက်ပျိုးရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး၊ စည်ပင်သာယာရေး)မှ အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သစ်တောကျေးရွာတည်ထောင်မည်ဆိုပါက စိုက်ခင်းလုပ်သားများနှင့် သစ်တောပြုစု ထိန်းသိမ်းခြင်း

လုပ်ငန်းများတွင် လိုက်ပါဆောင်ရွက်သူများအတွက်သာ စုစည်းဆောင်ရွက်ရ မည်ဖြစ်ပြီး မေးခွန်းတွင် ပါရှိသူများသည် တံငါလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းလုပ်ကိုင်စား သောက်နေသည့် တဲစုများဖြစ်၍ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောကျေးရွာအဖြစ် ထူထောင်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် နိုင်ငံတော်သမ္မတရုံး၏ (၁၁. ၁. ၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၃(၁)/(၇)/သမ္မတရုံးအရ ညွှန်ကြားချက်နှင့် အညီသာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့ရှိ မီးရထားဘူတာတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ရေးနှင့် ဘူတာဝင်းအတွင်း ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတွင် ပေါင်းတည်ဘူတာဝန်ထမ်း (၂)ခန်းတွဲလိုင်းခန်း (၁)လုံး၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် (၄)ခန်းတွဲဝန်ထမ်းလိုင်းခန်း (၁)လုံး ပြိုကျပျက်စီးသွားပါသည်။ အဆိုပါ အဆောက်အဦများမှာ နှစ်ပေါင်း (၁၀၀)ခန့်ရှိသည့် အဆောက်အဦများဖြစ်ပါသည်။ လိုင်းခန်းစုစုပေါင်း (၆)ခန်း ပြိုကျပျက်စီးသွားသဖြင့် ဘူတာဝန်ထမ်း (၆)ဦးမှာ မိမိအစီအစဉ်ဖြင့် ယာယီအဆောက်အဦငယ်များ ဆောက်လုပ်နေထိုင်၍ ယနေ့တိုင် တာဝန်ထမ်းဆောင် လျှက်ရှိပါသည်။

ပြိုကျပျက်စီးသွားသောလိုင်းခန်းများ အစားထိုးတည်ဆောက်ပေးနိုင်ရေးအတွက် အင်ဂျင်နီယာမှူး (မြို့ပြ)၊ တိုင်း (၆)မှ မြန်မာ့မီးရထားရုံးချုပ်သို့ တင်ပြတောင်းခံခဲ့ပါသည် -

- ၁၀. ၈. ၂၀၁၄ရက်နေ့တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် အသုံးပြုတည်ဆောက်ရန်၊
- ၁၂. ၆. ၂၀၁၅ ရက်နေ့တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် အသုံးပြုတည်ဆောက်ရန်၊
- ၃၀. ၈. ၂၀၁၅ ရက်နေ့တွင် မဖြစ်မနေဆောင်ရွက်ပေးရမည့်လုပ်ငန်းအနေဖြင့် ခွင့်ပြု ပေးနိုင်ပါရန်၊
- ၃၀. ၆. ၂၀၁၆ရက်နေ့တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် အသုံးပြုတည်ဆောက်ရန်၊

ဝန်ထမ်းလိုင်းခန်းဆောက်လုပ်ခွင့်အား အထက်ပါအတိုင်း (၄)ကြိမ်တိုင် တင်ပြတောင်းခံခဲ့သော်လည်း ဘဏ္ဍာငွေသုံးစွဲခွင့် မရရှိခဲ့သဖြင့် ယနေ့အချိန်အထိ တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါ။ အဆိုပါ ဝန်ထမ်းလိုင်းခန်း တည်ဆောက်ခွင့်ရရှိရေး ဆက်လက်တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးအနေဖြင့် ဘေး(၂)ခန်းလုံး၏ ထောက်ခံချက်များဖြင့် တောင်းခံတင်ပြသွားပါမည်။

ခရီးသည်များဘူတာသို့ ဝင်/ ထွက်သွားလာသော (၁၂)ပေအကျယ်နှင့် အလျား (၆၅၀)ပေ ရှိသောလမ်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်မရှိသေးကြောင်းနှင့် မြန်မာ့မီးရထားရုံးချုပ်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တရားရုံးများတွင် နှစ်ကုန်ကာနီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ အမှုသစ် တင်သွင်းခြင်းအား လက်မခံသည့်အတွက် အမှုသည်များ၏ အခွင့်အရေး နှောင့်နှေးကြန့်ကြာခြင်း မရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"အဆင့်ဆင့်သော တရားရုံးများတွင် တရားသူကြီးများနှင့် ဝန်ထမ်းများ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲကျေးရွာအုပ်စု၊ ဖိုကျေးရွာတွင် လျှပ်စစ်မီး အမြန်ဆုံးရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"အဆင့်ဆင့်သော ဥပဒေရုံးများတွင် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူခြင်း မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၅) **"အဆင့်ဆင့်သော စာရင်းစစ်များနှင့် ရုံးဝန်ထမ်းများအား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူခြင်း မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တရားရုံးများတွင် နှစ်ကုန်ကာနီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နှစ်ချုပ်ရှိသည့်အတွက် မလွဲသာမရှောင်သာ အမှုတွေမှ လက်ခံကြောင်း ဥပဒေမှာ ကာလစည်းကမ်းသတ်မှတ်ချက်အရ မဖြစ်မနေစွဲဆိုမှ ရမည့်အမှုမျိုး၊ ပြစ်မှုဆိုလျှင် အချုပ်နှင့် ရမန်ပြည့်နေသည့် အမှုမျိုးမှ လက်ခံကြောင်း တရားသူကြီးများသည် အမှုသစ်တင်နိုင်မည့် လျှောက်လွှာစာရေးတွေ ရဲစခန်းမှူးတွေနှင့် စီမံဌာနတွေမှ နှစ်ချုပ်လုပ်ပြီးမှ အမှုသစ်တင်ပါဟု ပြောဆိုကြောင်း၊ နှစ်ချုပ်လုပ်ရန် စာဝင်မလာသေးခင်ကြိုတင်ပြုလုပ်ထားရကြောင်း အမှုလက်ကျန်များလျှင် တရားသူကြီးများမှာ အဆူခံရကြောင်း၊ ထို့ပြင် ရပ်ဝေးမှအမှုသည်အား အမှုစစ်ရဲအရာရှိမှ အမှုတင်သွင်းရန် (ရာဇသတ်ဥပဒေပုဒ်မ ၃၃၈)တရားရုံးသို့ ချိန်းဆိုပြီး၊ တရားရုံးရောက်မှ နှစ်ချုပ်တွေရှိနေ၍ မတင်ရန် ပြောသည့်အခါ အမှုသည်များတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

သို့ပါ၍ တရားရုံးများတွင် နှစ်ကုန်ကာနီး နိုဝင်ဘာနှင့်ဒီဇင်ဘာများတွင် အမှုသစ်တင်သွင်းခြင်းအား

လက်မခံသည့်အတွက် အမှုသည်များ အခွင့်အရေးနှောင့်နှေးကြန့်ကြာခြင်းမရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆင့်ဆင့်သော တရားရုံးများတွင် အမှုသည်များမှာ မိမိတို့ အမှုအနိုင်ရရှိရေးအတွက် ဝန်ထမ်းများမှတစ်ဆင့် တရားသူကြီးများထံ လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ လာဘ်ပေးလာဘ်ယူ မှုမပြုသည့်အခါ အမှုအား ရှုံးနိမ့်စေခြင်း၊ လာဘ်ပေးပါက အမှုအား စောစောခေါ်ခြင်း၊ ကိုယ်စားလှယ်လွှဲစာတင်သွင်းသည့်အခါ အမှုသစ်ဖြစ်၍ လာဘ်ပေးရန် ပြောဆိုခြင်း၊ လာဘ်ပေးခြင်းမရှိပါက အမှုသည်အား ကြိမ်းမောင်းခြင်း စသည်ဖြင့် တရားသူကြီးများနှင့် ဝန်ထမ်းများမှ ပြုမူဆောင်ရွက်ခြင်းမရှိစေရန် မည်ကဲ့သို့ ညွှန်ကြားထားကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ခြင်း ရှိ/ မရှိ မည်သူ၊ မည်သည့်အဖွဲ့အစည်းများစောင့်ကြည့်စေခြင်းကို လက်ခံကြောင်း၊ မည်ကဲ့သို့ အပြစ်ပေးကြောင်း သိရှိလိုခြင်းဖြစ်ပါသည်။

သို့ပါ၍ အဆင့်ဆင့်သော တရားရုံးများတွင် တရားသူကြီးများနှင့် ဝန်ထမ်းများ အဂတိ လိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲကျေးရွာအုပ်စု၊ ဖိုကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၅)အိမ်၊ လူဦးရေပေါင်း (၄၂၀)ခန့်နေထိုင်ပြီး လျှပ်စစ်မီးသွယ်တန်းနိုင်ရန် ကျေးရွာတွင် မီးလင်းရေးကော်မတီဖွဲ့စည်းထားပြီး ငွေကြေးစုဆောင်းရာ (၈၀၃၉၀၀၀)(သိန်းရှစ်ဆယ်သုံးသောင်းကိုးထောင်ကျပ်)ရရှိပြီး လျှပ်စစ်မီး မကြာခင်ရရှိတော့မည်ဖြစ်ကြောင်း၊ လမ်းများ(၂၂)ပေ ချဲ့ထားပါပြောသဖြင့် (၂၂)ပေချဲ့ပြီးဖြစ်ပါသည်။ သင်ပင်များ ခုတ်ထွင်ရှင်းလင်းပြီး ဖြစ်ပါသည်။ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့တွင် (၁၁)ကေဗွီဓါတ်အားလိုင်းမှ(၂)မိုင်အတွင်း ဓါတ်အားပေးနိုင်မည့် ကျေးရွာများစာရင်း(ဒုတိယဦးစားပေး) နံပါတ်(၇)တွင်ပါရှိပါသည်။ စာရွက်စာတမ်းများ ပူးတွဲတင်ပြပါသည်။

သို့ပါ၍ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲကျေးရွာအုပ်စု၊ ဖိုကျေးရွာတွင် ကျေးရွာတွင်း(၄၀၀)ဗို့လိုင်း ဦးစွာ သွယ်တန်းထားရှိပြီး လျှပ်စစ်မီးအမြန်ဆုံးရရှိရေး စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆင့်ဆင့်သော ဥပဒေရုံးများတွင် အမှုသည်များမှ တရားလိုသည် တရားခံအား ပြစ်ဒဏ်ကြီးကြီး ရရှိစေရေး၊ အမှုခိုင်မာစွာ တည်ဆောက်နိုင်ရေးနှင့် တရားခံသည်အမှုမှ ပြစ်ဒဏ်မရရှိရေးနှင့် ပြစ်ဒဏ်လျော့ပေါ့သက်သာစေရေးအတွက် ဝန်ထမ်းများမှတဆင့် ဥပဒေ အရာရှိထံလည်းကောင်း၊ ဥပဒေအရာရှိထံ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် မည်ကဲ့သို့ညွှန်ကြား

ထားကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ခြင်းရှိ/ မရှိ မည်သူ၊ မည်သည့်အဖွဲ့အစည်းများ စောင့်ကြည့်စေခြင်းကို လက်ခံကြောင်း၊ မည်ကဲ့သို့ အပြစ်ပေးကြောင်း သိရှိလိုခြင်းဖြစ်ပါသည်။

သို့ပါ၍ အဆင့်ဆင့်သော ဥပဒေရုံးများတွင် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ အဂတိ လိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆင့်ဆင့်သောစာရင်းစစ်များနှင့် ရုံးဝန်ထမ်းများမှ စစ်ဆေးသောဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာငွေများဆုံးရှုံးစေရန် စာရင်းအားဌာနဆိုင်ရာများမှ တင်ပြရာတွင် စာရင်းစစ်မှ လက်ခံ၍ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် မည်ကဲ့သို့ ညွှန်ကြားထားကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ခြင်းရှိ/ မရှိ မည်သူ၊ မည်သည့်အဖွဲ့အစည်းများ စောင့်ကြည့်စေခြင်းကို လက်ခံကြောင်း၊ မည်ကဲ့သို့ အပြစ်ပေးကြောင်း သိရှိလိုခြင်း ဖြစ်ပါသည်။ သို့ပါ၍ အဆင့်ဆင့်သော စာရင်းစစ်များနှင့် ဝန်ထမ်းများ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ် ပေးခြင်းရှိ/ မရှိ သိရှိလို ပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ရွှေ[ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ်]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တရားရုံးများတွင် နှစ်ကုန်ကာနီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ အမှုသစ် တင်သွင်းခြင်းအား လက်မခံသည့်အတွက် အမှုသည်များ၏ အခွင့်အရေး နှောင့်နှေး ကြန့်ကြာခြင်း မရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ တရားရုံးများသည် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ ပုံမှန်ရုံးဖွင့်ရက်များတွင် နံနက် (၁၀)နာရီမှ နေ့လည်(၁)နာရီထိ မနက်ပိုင်း ရုံးထိုင်ချိန်၌ အဆိုလွှာများ၊ တိုင်တန်းချက်များ၊ လျှောက်လွှာများ၊ စွဲဆိုတင်ပို့မှုများကို တရားရုံးများ လက်စွဲနှင့်အညီ ပုံမှန်လက်ခံဆောင်ရွက်လျက်ရှိပါသည်။ တရားရုံးအဆင့်ဆင့်သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်(၄)ရပ်အနက်မှ (၁)ရပ်ဖြစ်သော "အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး"ဟူသော ရည်မှန်းချက်နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊ အထက်တရားရုံး အဆင့်ဆင့်မှ ကြီးကြပ်ခြင်းများ ပြုလုပ် ဆောင်ရွက်လျက်ရှိပြီး၊ တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာ စီမံကိန်း (၂၀၁၅-၂၀၁၇)၏ ဦးစွာသောမဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့် "တရားရုံးဝန်ဆောင်မှု လုပ်ငန်းများကို အလွယ်တကူလက်လှမ်းမီနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်" ဟူသောရည်မှန်းချက်ကို ထိရောက်အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်းရှိပါသည်။

တရားရုံးများတွင် နှစ်ကုန်ကာနီး နိုဝင်ဘာလနှင့်ဒီဇင်ဘာလများ၌ အမှုသစ်တင်သွင်းခြင်းကို လက်မခံခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်ရွှေ(ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ်)**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အဆင့်ဆင့်သော တရားရုံးများတွင် တရားသူကြီးများနှင့် ဝန်ထမ်းများ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများ မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများသည် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းစင်စွာဖြင့် ဆောင်ရွက်ကြရန်နှင့် တရားရုံးနှင့် တရားရုံးပတ်ဝန်းကျင်တွင် လာဘ်ပေးလာဘ်ယူကင်းရှင်းပပျောက်စေရန်အတွက် အထူးဂရုပြု ဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ အစည်းအဝေးနှင့် တွေ့ဆုံပွဲများတွင် မှာကြားခြင်း၊ တရားရုံးများတွင် လာဘ်ပေးလာဘ်ယူစီမံချက်ရေးဆွဲ၍ အဆင့်ဆင့်စောင့်ကြည့် အကဲခတ်ကာ လာဘ်ပေးလာဘ်ယူမှု မရှိစေရန် ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ တရားရုံးတိုင်းတွင် "အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးရမည်၊ တရားရုံးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်၍ လာဘ်ငွေပေးရန်မလိုပါ။ လာဘ်ငွေတောင်းခံလာပါက တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ထံ တိုင်ကြားပါ"ဟူသော တရားသူကြီးချုပ်၏ ဖုန်းနံပါတ်၊ Fax နံပါတ်တို့ ပါရှိသည့် ကြော်ငြာစာကပ်ခြင်း ဆောင်ရွက်ထားရှိပြီး "လာဘ်ပေးလာဘ်ယူကင်းရှင်းပါ"ဟူသော တရားစီရင်ရေး ဆောင်ပုဒ်၊ "ပြည်သူအများက ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး"ဟူသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂)အား ဆက်စပ် မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂)က ကျွန်မမေး မြန်းထားသည်မှာ တရားသူကြီးများနှင့် ဝန်ထမ်းများမှပြုမူဆောင်ရွက်ခြင်းမရှိစေရန် မည်ကဲ့သို့ညွှန်ကြား ထားကြောင်း မေးခွန်းတစ်ချက်ပါရှိပါသည်။ ညွှန်ကြားမှုနှင့်ပတ်သက်၍ ညွှန်ကြားထားသည်ဟု ဖြေကြားမှုတွင် မတွေ့ရပါ။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ညွှန်ကြားထားသည့် ညွှန်ကြားချက်ကို သိရှိလိုပါသည်။ ထို့အပြင် တရားရုံးအဆင့်ဆင့်ကို မည်ကဲ့သို့ ယင်းသို့ပြုလုပ်မှုမရှိအောင် မည်သူ၊ မည်သည့် အဖွဲ့အစည်းများက စောင့်ကြည့်နေကြောင်း ဒုတိယအချက်အနေဖြင့် ကျွန်မမှမေးခွန်း မေးထားခြင်း ဖြစ်ပါသည်။ ဖြေကြားထားသည့်ဖြေကြားချက်များသည် မြို့နယ်ကိုခရိုင် ရုံးကကြီးကြပ်သည်၊ ခရိုင်ကို တိုင်းရုံးက ကြီးကြပ်သည်ဆိုသည့်အဓိပ္ပာယ်မျိုး ဖြေကြားထားပါသည်။ သို့သော် ကျွန်မမေးသည့် အထဲတွင်ပါသည့် မည်သူ၊ မည်သည့်အဖွဲ့အစည်းများ စောင့်ကြည့်စေခြင်းကို လက်ခံကြောင်း ဖြေကြားထားခြင်းမရှိ၍ ထိုအကြောင်းကိုလည်းသိချင်ပါသည်။ အပြစ်ပေးအရေးယူခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့အပြစ်ပေးကြောင်း ဆိုသည်ကို အဓိကဖြေကြားထားခြင်းမရှိပါကြောင်း၊ ကျွန်မမေးသည့် မေးခွန်းထဲတွင်ပါသည့် ပြည်ထောင်စု

လွှတ်တော်ချုပ်မှ ညွှန်ကြားထားသည်ဆိုလျှင် ညွှန်ကြားထားသည့် အကြောင်းနှင့် မည်သည့်အဖွဲ့အစည်း စောင့်ကြည့်သည်ကိုလက်ခံကြောင်းဆိုသည့်အကြောင်း မည်ကဲ့သို့ အပြစ်ပေးသည်ဆိုသည့် အကြောင်းကို တိတိကျကျဖြေရှင်းပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်သည့် ဆက်စပ်မေး ခွန်းအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ရွှေ[တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်]**။ ။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားချက်များနှင့် ပတ်သက်၍ ညွှန်ကြားချက်(၁၂)စောင်ရှိပါသည်။ တရားရုံးချုပ်၏ ၉. ၁၁. ၉၁ရက်စွဲပါ စာအမှတ်၊ ၂၁၂/ စု-၁၄(ဂ)/ ၂၀၊ ၉၁၊ တရားရုံးချုပ်၏ ၃၁. ၁. ၉၁ရက်စွဲပါ စာအမှတ်၊ ၈၆၄/ ၃-၁၄(ဂ)၂၉၊ ၉၁၊ တရားရုံးချုပ်၏ ၂၀. ၃. ၉၁ရက်စွဲပါ စာအမှတ်၆၂၁/ စု-၁၄(ဂ)/ ၂၉၊ ၉၁၊ တရားရုံးချုပ်၏ ၂၈. ၁၁. ၉၁ရက်စွဲပါ စာအမှတ်၊ ၅၃၉/ စု-၁၄(ဂ)/ ၁၄၂၊ ၉၁၊ တရားရုံးချုပ်၏ ၂၄. ၂. ၉၂ ရက်စွဲပါ စာအမှတ်၊ ၄၇၀/ စု-၁၄(ဂ)/ ၄၂၊ ၉၂၊ တရားရုံးချုပ်၏ ၂၀. ၁၀. ၉၂ရက်စွဲပါ စာအမှတ်၊ ၃၄၅/ စု-၁၄(ဂ)/ ၂၉၊ ၉၂၊ တရားရုံးချုပ်၏ ၆. ၁၀. ၂၀၀၈ရက်စွဲပါ စာအမှတ်၊ ၂၉/ညခ/၂၀၀၈၊ တရားရုံးချုပ်၏ ၁၇. ၇. ၂၀၀၉ရက်စွဲပါ စာအမှတ်၊ ၆၉၆/ စု-၁၂/၁၁၂၊ ၂၀၁၀၊ တရားရုံးချုပ်၏ ၂၉. ၃. ၂၀၁၀ရက်စွဲပါ စာအမှတ်၊ ၃၆၁/ စု-၁၂/ ၁၈၄၊ ၂၀၁၀၊ တရားရုံးချုပ်၏ ၁၉. ၈. ၂၀၁၀ရက်စွဲပါ စာအမှတ်၊ ၂၁၀/ ညခ/ ၂၀၁၀၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၃၁. ၁၁. ၂၀၁၁ရက်စွဲပါ စာအမှတ်၊ ၄၂၄/ ညခ/ ၂၀၁၁၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၁၀. ၁၀. ၂၀၁၃ရက်စွဲပါ စာအမှတ်၊ ၅၀၉/ စု-၈/၂၀၁၃(လထန)ဆိုပြီး လာဘ်ပေးလာဘ်ယူ ကျူးလွန်သည့် အတွက် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင် တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများသည် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် သတိပေးအကြောင်းကြားသည့် စာများဖြစ်ပါသည်။

တရားရုံးအဆင့်ဆင့်ကို ယနေ့အချိန်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တိုင်းတရားလွှတ်တော် ကို ကြီးကြပ်ပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်သည် မိမိတိုင်းအတွင်းရှိ ခရိုင်များ၊ မြို့နယ်များကို ကြီးကြပ်ပါသည်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ တိုင်းတရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီး များအား ဘီစီအမ်-၉၉၇ အရ ရှောင်တခင်သော်လည်းကောင်း၊ ပုံမှန်သော်လည်းကောင်း အမြဲတမ်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

အပြစ်ပေးအရေးယူမှုနှင့် ပတ်သက်၍ ၂၀၁၃ခုနှစ်က သဲကုန်းမြို့နယ်တရားရုံးက ဌာနခွဲစာရေး(၁)နှင့် ဆင့်စာလုလင်(၁)ဦးကို ရာထူးမှ ထုတ်ပယ်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့်လည်း လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေကို အဂတိတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆အရ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ တွင် တရားစွဲဆိုခဲ့တာရှိပါသည်။ တိုင်စာနှင့် ပတ်သက်၍ တရားသူကြီးချုပ်ထံ တိုင်တန်းနိုင်သည်နှင့် ပတ်သက်ပြီး ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး

တရားလွှတ်တော် တရားသူကြီးချုပ်များ တိုက်ဖျက်ရေးအစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၃၁အရ ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြပါသည်။

မိမိတို့၏ မဟာဗျူဟာ စီမံကိန်းဖြစ်သည့် ၂၀၁၅-၂၀၁၇ မဟာဗျူဟာစီမံကိန်းအရလည်း ရုံးများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းအနေဖြင့် မိမိတို့၏ ရည်မှန်းချက်(၄)ရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများယုံကြည်ကိုးစားသည့် ပြည်သူ့တရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ အမှုအခင်းများ ဥပဒေနှင့်အညီမှန်မှန်နှင့်မြန်မြန် ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဆိုသည့်ဆောင်ပုဒ်အတိုင်း မိမိတို့မဟာဗျူဟာဖော်ဆောင်သည့် နယ်ပယ်(၅)ရပ်ကို ပိုင်းခြားသတ်မှတ်ဆောင်ရွက်ထားပါသည်-

- အများပြည်သူတရားမျှတမှု လက်လှမ်းမီရေးကိုကာကွယ်စောင့်ရှောက်ရန်၊
- လူထု၏အသိအမြင်ကိုမြှင့်တင်ရန်၊
- တရားစီရင်ရေးလွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ရန်၊
- တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့်ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်များထိန်းသိမ်းရန်၊
- အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရေး အားကောင်းလာစေရန် ဖြစ်ပါသည်။

မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်(၅)ရပ်အတွက် ချမှတ်ထားသည့် မဟာဗျူဟာ ရည်မှန်းချက် (၁၂)ရပ်မှာ-

- တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေးတိုးမြှင့်လုပ်ဆောင်ရန်၊
- ပြည်သူများ၊ အမှုသည်များနှင့် တရားပြိုင်အားလုံးကို ယဉ်ကျေးမှု၊ လေးစားမှုနှင့် လိုလားစွာ ဆက်ဆံပေးရန်၊
- တရားရုံးဝန်ဆောင်မှုများကို ပြည်သူများလက်လှမ်းမီစေရေးအတွက် တရားရုံးများကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံများဖြင့် ပြန်လည်မွမ်းမံရန်၊
- သတင်းမီဒီယာများ၊ ပြည်သူများနှင့် ဆက်ဆံပြောဆိုမှုကို မြှင့်တင်ရန်၊
- တရားရုံးလူ့အဖွဲ့အစည်း၊ သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်၊
- ပြည်သူ့ဘဏ္ဍာငွေ အကျိုးရှိအောင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန် ဘတ်ဂျက်နှင့် အသုံးစရိတ်များကို စီမံကြီးကြပ်ပြီး မှန်ကန်မျှတသည့် ဘတ်ဂျက်ကို ရေးဆွဲရေးအတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန်၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထိရောက်မှုရှိသည့် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များ မြှင့်တင်ရန်၊
- တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ၏ လုပ်ရည်၊ ကိုင်ရည်၊ စွမ်းရည်မြင့်ရန် ဗဟုသုတကို တိုးမြှင့်ပေးရန်၊

- တရားလွှတ်တော် တရားသူကြီးများ၏ တိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့် တင်ပေးရန်၊
- မှုခင်းလုပ်ငန်းစဉ်များ အချိန်မီ ဆောင်ရွက်နိုင်စေရန် တိုးတက်လာစေရေးအတွက် ရွေ့ပြောင်း တရားရုံးများ၏ မှုခင်းစီမံဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံး ကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်၊
- ထိရောက်မှု မြှင့်တင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား စက်များဖြင့် လုပ်ဆောင်ရန်၊ လိုအပ်ပါက ထိရောက်သော လုပ်ငန်းစနစ် အသုံးပြုခြင်းကို စတင်ဆောင်ရွက်ရန်၊
- ရွေ့ပြောင်းတရားရုံးများ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်မှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် မြှင့်တင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်ရန်။

တရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်းကို စီမံချက်ချ ဆောင်ရွက်လျက်ရှိပါသည်။ ဖုန်း fax တို့ဖြင့် ဆက်သွယ်၍ တရားသူကြီးချုပ်ထံတိုင်းကြားသည်မှာ ဇန်နဝါရီလမှစပြီး ယနေ့ထိ တိုင်စာပေါင်း (၂၀)ခန့်ရှိပါသည်။ ၎င်းတိုင်စာများနှင့် ပတ်သက်၍ စိစစ်ရာတွင် အမှုရှုံးသူများက မိမိ၏အမှုရှုံးသည့် ကိစ္စများကို တင်ပြလာခြင်းဖြစ်ပါသည်။ ယခုအစီရင်ခံသည့်(၃)လအတွင်းမှာ တိုင်စာပေါင်းများစွာရှိပါသည်။ ၎င်းတို့ကို စိစစ်ရာတွင် ရှုံးသည့်သူများ၏ တင်ပြစာများဖြစ်ကြောင်းတွေ့ရှိရပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲကျေးရွာအုပ်စု၊ ဖိုကျေးရွာတွင် လျှပ်စစ်မီးအမြန်ဆုံးရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲကျေးရွာအုပ်စု၊ ဖိုကျေးရွာတွင် လျှပ်စစ် ဓာတ်အားရရှိရေးအတွက် 11KV ဓာတ်အားလိုင်း (၀. ၃၈)မိုင်နှင့် (11/0.4)KV (100)KVA ထရန်စဖော်မာ(၁)လုံးတည်ဆောက် ခြင်းလုပ်ငန်းအား အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေးစီမံချက် (NEP)၏ (၂)မိုင်အတွင်း ကျေးရွာများ စာရင်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် (၄၀၀)ဗို့ ဓါတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့်၊ [ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်]။** ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"အဆင့်ဆင့်သော ဥပဒေရုံးများတွင် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်း များအား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူခြင်း မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ အနေဖြင့် "ပြစ်မှုဆိုင်ရာ အမှုကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် တင်ပြချက်များအား စိစစ်ခြင်း" "ပြစ်မှုဆိုင်ရာ အမှုပိတ်သိမ်းခြင်း" "ပြစ်မှုဆိုင်ရာအမှုကို တရားစွဲဆိုခြင်း" "ပြစ်မှုဆိုင်ရာအမှုတွင်လိုက်ပါဆောင်ရွက်ခြင်း" " ပြစ်မှုဆိုင်ရာအမှုရုပ်သိမ်းခြင်း " " ပြစ်မှုဆိုင်ရာပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုတင်သွင်းခြင်း" "တရားခံအား အပြီးအပြတ်လွတ်သည့်အမိန့်ကို အယူခံခြင်း" စသည့် တရားစွဲနှင့် အမှုလိုက် လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်နည်း ဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီလည်းကောင်း၊ သက်ဆိုင်ရာ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၏ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားလွှာနှင့် ညွှန်ကြားချက်များ အရလည်းကောင်း လိုက်နာဆောင်ရွက်ရပါသည်။

၄င်းအပြင် အဆင့်ဆင့်သော ဥပဒေရုံးများတွင် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ အဂတိ လိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းမရှိစေရေး၊ " အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ " " နိုင်ငံ့ဝန်ထမ်း ဥပဒေ " " နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ " များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းများ ရှောင်ကြဉ်ခြင်းစသည့် ဝန်ထမ်းတာဝန်များကို လိုက်နာ စောင့်ထိန်းရန် ညွှန်ကြားထားပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ (၂၄. ၈. ၂၀၀၁)ရက်စွဲပါ စာအမှတ်၊ ၄(၁၂)၂-၃၆/နပတ (၁၁၁)ဖြင့် "ဥပဒေအရာရှိများ အနေဖြင့် လက်ခံတွေ့ဆုံရန် မလျော်ကန်သော အမှုသည်စသည်တို့နှင့် လက်ခံ တွေ့ဆုံခြင်းမပြုရန်" ဟူ၍လည်းကောင်း၊ (၂၀. ၃. ၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၄(၁၂)၂-၇၄/နပတ(၅၉)ဖြင့် "အဂတိလိုက်စားမှုကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူပပျောက်ရေးအတွက် လိုက်နာဆောင်ရွက်ရန်ကိစ္စ" ဟူ၍လည်းကောင်း၊ (၄. ၁၁. ၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၄(၁၂)၁-၇၄/နပတ(၂၁၁)ဖြင့် "ဥပဒေအရာရှိများအနေဖြင့် မည်သည့်နည်းလမ်းနှင့်မျှ အမှုသည်များနှင့် လက်ခံတွေ့ဆုံခြင်းမပြုရန်ကိစ္စ" ဟူ၍လည်းကောင်း၊ (၁၂. ၅. ၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၄(၁၂)၁-၄၅/နပတ(၁၀၂)ဖြင့် " ဥပဒေ အရာရှိများနှင့် ရုံးဝန်ထမ်းများ မှုခင်းကိစ္စများတွင် အမှုပွဲစားသဖွယ် လိုက်ပါဆောင်ရွက်ခြင်းမပြုရန် " ဟူ၍လည်းကောင်း အသီးသီးညွှန်ကြားထားပါသည်။

၄င်းအပြင် နိုင်ငံတော်သမ္မတရုံး၏ (၁. ၄. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၅၈(၂)/၈/ သမ္မတရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ (၈. ၈. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၄(၁၂)၂-၆/နပတ(၁၁၈) ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုများ မဖြစ်ပေါ်စေရေး၊ လက်ဆောင်ပစ္စည်း ပေးခြင်းနှင့် ပတ်သက်၍ ညွှန်ကြားချက်အား တိကျစွာလိုက်နာဆောင်ရွက်စေသည့်အပြင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ (၁၃. ၅. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၄(၁၄)၄-၁၀/နပတ(၃၀၇)ဖြင့် ညွှန်ကြားချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ကြီးကြပ်မှုအောက်ရှိ ဥပဒေရုံးအဆင့်ဆင့်ရှိ

ရုံးများတွင် "ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား လာဘ်ပေးရန်မလို"ကြောင်းနှင့် "လာဘ်လာဘတောင်းခံပါက တိုင်ကြားနိုင်ကြောင်း" ရုံးများ၌ အများပြည်သူ ထင်သာမြင်သာရှိသော ရုံးနေရာများတွင် ချိတ်ဆွဲအသိပေးထားပါကြောင်း တင်ပြအပ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ မရှိစေရန်နှင့် အထက်ဖော်ပြပါညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့ ကိုယ်တိုင်စောင့်ကြည့်ခြင်း၊ တိုင်ကြားစာများအပေါ် စိစစ်၍ သဘောထားမှတ်ချက်များဖြင့် ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်နှင့်အညီ ရှေ့ဦးစုံစမ်းရေးအဖွဲ့များ၊ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပြစ်မှုကျူးလွန်ခြင်းအတွက် အရေးယူအပြစ်ပေးရန်ရှိပါက ၂၀၁၃ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၅၃ ပါ "ဝန်ထမ်းစည်းကမ်း ဆိုင်ရာပြစ်ဒဏ်များချမှတ်ခြင်း" ဖြင့်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရ ထိရောက်စွာ အရေးယူအပြစ်ပေးခြင်း ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယနေ့အချိန်ထိ ပြစ်မှုကြောင်းအရ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိသေးဘဲ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်၊ မေးခွန်းနံပါတ်(၄)အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် လျှောက်ထားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေချုပ်နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းအား မေးမြန်းရန်ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျွန်မမေးသည့်မေးခွန်းထဲမှာ စောင့်ကြည့်ခြင်းနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းက စောင့်ကြည့်ခြင်းကိုလက်ခံကြောင်းရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပြီး၊ ဥပဒေချုပ်ကြီးမှဖြေကြားထားခြင်းမရှိသည့်အတွက် ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့်မေးခွန်း အမှတ်စဉ်(၄)အား ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းမြင့်၊ [ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်]**။ ။ မိမိသည်ဝန်ထမ်းမှလာသည့် Practised Lawyer(၄၈)နှစ်တိုင်တိုင်ဆောင်ရွက်ခဲ့ပြီးမှ ခန့်အပ်ထားသည့်ဥပဒေချုပ်ဖြစ်ပါသည်။ ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းသည် မိမိကိုယ်တိုင်ခံစားခဲ့ရသည့် အဖြစ်အပျက်ဖြစ်ပါသည်။Practised Lawyerမှ ဥပဒေချုပ် ဖြစ်လာသည့်အခါ မိမိဥပဒေချုပ်ဥပဒေစာတမ်းတွင် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များ

ပါဝင်ပါသည်။ ဒေါ်ဇင်မိုးထိုက်မေးသည့်မေးခွန်းသည် ရာနှုန်းပြည့်မှန်ပါသည်။ မှန်သည့်အတွက် မိမိ၏ ဖြေကြားချက် နောင်ဆုံးအပိုဒ်တွင် ဖော်ပြထားသည့် အထက်ပါ ညွှန်ကြားချက် များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့ကိုယ်တိုင် စောင့်ကြည့်ပါမည်။ ဒေါ်ဇင်မိုးထိုက်၏မေးခွန်းတွင် စောင့်ကြည့်ခြင်းဆိုသည့် အဖွဲ့ကို အဖွဲ့မလုပ်တော့ဘဲ မိမိသည်အလုပ်လုပ်သည့်အခါသီအိုရီမဟုတ်ဘဲ Practicalပါ၊ စောင့်ကြည့် သည်ဆိုခြင်းမှာPractised Lawyer လုပ်သည့်အတွက် မန္တလေး -ရန်ကုန်၊ မန္တလေး-မော်လမြိုင် လိုင်းများမှာ ရှေ့နေဖြစ်နေ၍ ရုံးများ၏ ပြုမူဆက်ဆံရေးနှင့် ပတ်သက်ပြီးမကျေနပ်လျှင် ဝင်တိုင်ကြားပါ။ စောင့်ကြည့်အဖွဲ့ဖွဲ့စည်းခြင်း အလုပ်ရှုပ်၍ အဖွဲ့အစည်း မဟုတ်ဘဲ မိမိကိုယ်တိုင်စောင့် ကြည့်ပါမည်။ ရုံးများတွင်ဆက်ဆံရေးမပြေလည်မှု စာတင်သည်ကို ပိုက်ဆံတောင်းခံမှုတို့နှင့် ပတ်သက်၍ ဝန်ခံသူရှိသကဲ့သို့ ဝန်မခံသူလည်းရှိပါကြောင်း၊ မိမိမှ ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ၊ သူ၏ right ကပြောသည့် အကြောင်းအရာအရ မေးမြန်းပါသည်။ ဗမာလူမျိုး၏ ဓလေ့မှာ တိုင်သည့်အခါတိုင်ကြားပြီး တိုင်၍စစ်ဆေးသည့်အခါ စိတ်ဆိုးစဉ် စကားပြော အဆင်မပြေ၍ တိုင်ကြားခြင်း ဖြစ်ကြောင်း ပြောကြားပြီး ၎င်း၏တိုင်ကြားစာကို ရုပ်သိမ်းသည့် သဘော ရှိပါကြောင်း၊ တိုင်ကြားစာရုပ်သိမ်းခြင်း သည် မိမိတိုင်သည့်အချိန်မပြေလည်၍ တိုင်ကြားခြင်းဖြစ်ပြီး လာဘ်လာဘမပေးရဟုလည်းဆိုပါကြောင်း၊ ၎င်းဝန်ထမ်းများအား နောက်နောင်စွပ်စွဲခြင်းကြားလျှင် မိမိမှစ၍ မိမိတပည့်များ သိက္ခာကျပါသည်။ နောက်နောင်မဖြစ်စေရန်နှင့် ဖြစ်သည်ဆိုပါက မိမိကိုယ်တိုင် စုံစမ်း စစ်ဆေးခြင်းမတိုင်မီ မိမိထံတိုက်ရိုက်လာသည့် တိုင်စာကိုခေါ်၍ သတိပေးပါကြောင်း၊ သတိပေးသည့် အပြင် မိမိထံတိုင်စာတိုက်ရိုက်လာသကဲ့သို့ ခုံဖွဲ့စစ်သည့် ရှေ့နေချုပ်ထံလည်း ရောက်ပါကြောင်း၊ ဒေါ်ဇင်မိုးထိုက် တင်ပြသည့် အဖွဲ့အစည်းအား စောင့်ကြည့်စေခြင်းဆိုသည့်အဖွဲ့အစား မိမိကိုယ်တိုင် စောင့်ကြည့်ပြီး မိမိကိုယ်တိုင်ဆောင်ရွက်နေသည်ဟု ပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း[ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"အဆင့်ဆင့်သော စာရင်းစစ်များနှင့် ရုံးဝန်ထမ်းများအား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူခြင်း မရှိစေရန် ညွှန်ကြားခြင်း၊ စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ပြဋ္ဌာန်းထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၂၆(ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင် ရွက်ခြင်းကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း၊ အထူးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ စစ်ဆေးရာတွင် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်ပြည့်မီစေရန် လိုအပ်သည်များ ညွှန်ကြားသည့်အပြင် လာဘ်ပေးလာဘ်ယူကင်းရှင်းစေရေး သတိပေးမှာကြားမှုများ ပြုလုပ်ပါသည်။

အဆင့်ဆင့်သောစာရင်းစစ်ရုံးများမှ စာရင်းစစ်များမှ စာရင်းများ စစ်ဆေးရာတွင် အဂတိ လိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း မရှိစေရန်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၅-၄-၂၀၁၆ရက်စွဲပါစာအမှတ်၊ ရအဖ(စမက)/၁၀၃/(၁၄၀/၂၀၁၆) နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ၇-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅/၁-၆/ဦး ၁ တို့ဖြင့် ပေးပို့သော နိုင်ငံတော်သမ္မတရုံး၏ ၁-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၅၈(၂)/ ၈/ သမ္မတရုံးအရ လက်ဆောင် ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်အား ဒေသစာရင်းစစ်ရုံးများသို့ ဤရုံး၏ ၂၅-၄-၂၀၁၆ ရက်စွဲပါစာဖြင့် လမ်းညွှန်ချက်ဖြန့်ဝေပြီး မိမိဝန်ထမ်းများအားလုံးဖတ်ရှုပြီးကြောင်း လက်မှတ်ရေးထိုးစေပြီး သိရှိလိုက်နာဆောင်ရွက်စေရန် လမ်းညွှန်ထားပါသည်။ ၃-၆-၂၀၁၆ ရက်နေ့တွင် တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်း/ခရိုင်/မြို့နယ်စာရင်းစစ်အရာရှိများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးစာရင်းစစ်ချုပ်မှ အဂတိကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူ ရှောင်ကြဉ်ရေး ကိစ္စရပ်များကို လမ်းညွှန်မှာကြားပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးမှ နိုင်ငံတော်သမ္မတရုံး၏ လက်ဆောင်ပစ္စည်း လက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်အား အသေးစိတ်ဖတ်ကြားပြပြီး အဂတိလိုက်စားမှုကြောင့် အကျင့်စာရိတ္တ ပျက်ပြားမှု (Corruption) မဖြစ်ပေါ်စေရေးအတွက် အလေးအနက်ထား လိုက်နာဆောင်ရွက်ရန် ညွှန်ကြားပြီး ဖြစ်ပါသည်။

အဆင့်ဆင့်သော စာရင်းစစ်ရုံးများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းများနှင့်စပ်လျဉ်း၍ ဥပဒေဘောင်အတွင်းမှ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းများမှ စောင့်ကြည့်စေခြင်းမရှိပါ။

အကယ်၍ ဝန်ထမ်းများမှ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး သက်သေအထောက်အထား ခိုင်လုံပါက နိုင်ငံဝန်ထမ်း နည်းဥပဒေများ အခန်း(၁၉)ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များနည်းဥပဒေ ၂၀၉၊ ၂၁၀ တို့တွင် ဖော်ပြထားသော အောက်ပါပြစ်ဒဏ်(၉)ချက်မှ ဝန်ထမ်း၏အပြစ်နှင့်သင့်လျော်သောပြစ်ဒဏ်အား တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ သတ်မှတ်၍ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ပြစ်ဒဏ်(၉)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- စာဖြင့်သတိပေးခြင်း
- နှစ်တိုးလစာရပ်ဆိုင်းခြင်း
- ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း
- လစာနှုန်းအတွင်းလစာလျှော့ချခြင်း
- ရာထူးအဆင့်လျှော့ချခြင်း
- ဆုံးရှုံးမှုတန်ဖိုးကိုပေးလျော်စေခြင်း
- တာဝန်မှ ယာယီရပ်ဆိုင်းသည့်ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်း (သို့မဟုတ်) ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း
- ရာထူးမှထုတ်ပယ်ခြင်း
- ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း

ထို့အပြင် အဆင့်ဆင့်သောဒေသစာရင်းစစ်ရုံးများမှ လုပ်ငန်းဆောင်ရွက်ရာတွင် အဂတိ လိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများရှိနေကြောင်း ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများမှ သတင်းအချက်အလက်များ တိတိကျကျရရှိပါက တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးသို့ သတင်းပေးပို့နိုင်ပြီး ဤရုံးမှ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စစ်ဆေး၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်၍ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လိုင်စင်မဲ့ကားများ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် အားနည်းနေမှု"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပေါင်းတည်မြို့၊ သာယာရွှေတည်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုကို အမြန်ဆုံး တည်ဆောက်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးတည်ဆောက်ခွင့် ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဖားယားကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ပေါင်းတည်မြို့၊ ကုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ကုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးတွင် လိုင်စင်မဲ့ကားများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ လွတ်လပ်စွာသွားလာနေသည်ကို မျက်မြင်တွေ့ရှိနေရပါသည်။ လိုင်စင်မဲ့ကား/ဆိုင်ကယ်များနှင့် တိုက်မိလျှင်ကား/ဆိုင်ကယ်များကိုထားပြီး ထွက်ပြေးတိမ်းရှောင်နေသည်မှာလည်း အမြဲလိုလို တွေ့ရှိနေရပါသည်။ ယခုအခါ လိုင်စင်မဲ့ဆိုင်ကယ်များကို ပဲခူးတိုင်းအစိုးရမှ လိုင်စင်ပြုလုပ်ပေး နေသဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များအနေဖြင့် လိုင်စင်ပြုလုပ်နေသည့်ကာလဖြစ်ကြောင်းသိရှိရပါသည်။ သို့ရာတွင် လိုင်စင်မဲ့ကားများအနေဖြင့် တရားမဝင်သစ်သယ်ဆောင်ခြင်းအစရှိသည့် ဥပဒေမဲ့လုပ်ငန်းကို ဆောင်ရွက်နေကြပြီး လိုင်စင်မဲ့ကားဖြင့် တိုက်မိခြင်း၊ တိမ်းမှောက်ခြင်းများဖြစ်ပွားပါက ထွက်ပြေးတိမ်းရှောင်ကြပြီး ပိုင်ရှင်မဲ့များသာ ဖမ်းဆီးရမိနေသည်မှာ မကြာခဏ ကြားသိနေရပါသည်။ လိုင်စင်မဲ့ကားများမှာ ယာဉ်အန္တရာယ်ဖြစ်ပွားမှသာ ဖမ်းဆီးအရေးယူ နေသည်ကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတော်သို့ တရားဝင်အခွန်ဆောင်ထားသော ကားများသည် ဈေးနှုန်းမြင့်မားနေပြီး လိုင်စင်မဲ့ကားများမှာ ဈေးနှုန်းသက်သာနေသောကြောင့် လိုင်စင်မဲ့ကားများအား နိုင်ငံတော်မှ အရေးယူ ဆောင်ရွက်မှုမပြုလုပ်လျှင် တရားဝင်အခွန်ဆောင်ပြီး ကားစီးနေသူ ဥပဒေဘောင်အတွင်း နေထိုင်သူများကို ဥပဒေချိုးဖောက်စေရန် လှုံ့ဆော်နေသကဲ့သို့ ဖြစ်နေပါသည်။

ဂျင်းအပြင် ကုန်တင်ယာဉ်များ၊ ဖောကားများသည်လည်း လိုင်စင်မဲ့များနှင့် သက်တမ်းလွန်ယာဉ်များအဖြစ် လမ်းပေါ်တွင် မောင်းနှင်ပြေးဆွဲနေသည်ကိုတွေ့ရပါသည်။ နိုင်ငံတော်အား အခွန်ထမ်းဆောင်ပြီး သုံးစွဲနေသူများ အလွန်နစ်နာပါသည်။ ထိုသို့ စည်းကမ်းမဲ့ယာဉ်များကိုလည်း အစိုးရအဖွဲ့မှ ထိရောက်စွာ အရေးယူကိုင်တွယ်သင့်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တွင် အခွန်ဘဏ္ဍာများစွာနစ်နာစေခြင်း၊ တရားဝင်အခွန်ဆောင်ပြီး စီးနင်းနေသူများမှာ များစွာနစ်နာနေခြင်း၊ ဥပဒေမဲ့တရားမဝင်လုပ်ငန်းများနှင့် ယာဉ်အန္တရာယ် ဖြစ်ပွားမှုများကို များစွာတိုးပွားစေသော လိုင်စင်မဲ့ကားများကို ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု ဖြစ်ပွားပါမှ အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ပဲ စိစစ်ဖမ်းဆီးအရေးယူပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့အတွင်း သာယာရွှေတည် ပန်းခြံသည် အကျဉ်းဦးစီးမှ အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ပန်းခြံကို မြို့နယ်စည်ပင်သာယာကို လွှဲပြောင်းမည့်အမှုတွဲများ ခရိုင်အဆင့်ထိရောက်ရှိနေသည်ကိုလည်း သိရှိရပါသည်။ ယခင် တတိယပုံမှန်အစည်းအဝေးတွင်လည်း တိုင်းဒေသကြီး(၁)ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းချက်တွင်လည်း အကျဉ်းဦးစီးမှ စည်ပင်ကို လွှဲပြောင်းပြီးလျှင် တည်ဆောက်ခွင့်ပေးမည်ဟု စည်ပင်သာယာဖြေကြားထားပါသည်။ မြေပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် ယခုအချိန်အထိ ပြီးစီး ခြင်းမရှိသေးပဲ ကြာမြင့်နေပါသည်။ ယခင်အစိုးရလက်ထက်ကတည်းပင် ပေါင်းတည်မြို့ရှိ ပြည်သူများမှ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုကို တည်ဆောက်ရန် ထည့်ဝင်လှူဒါန်းငွေများအား သိမ်းဆည်းထားရသည်မှာလည်း ကြာမြင့်နေပါသည်။ ပြည်သူများမှလည်း အလှူငွေကောက်ခံသူများနှင့် ကိုယ်စားလှယ်များအား ဗိုလ်ချုပ်ရုပ်ထု ပြုလုပ်ရန် အမြဲမေးမြန်းတိုက်တွန်းလျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ စည်ပင်သာယာအား လွှဲပြောင်းတော့မည် ဖြစ်နေသည့်အတွက် အမည်ပေါက်ပိုင်ဆိုင်သောအကျဉ်းဦးစီးဌာနမှ သာယာရွှေတည်ပန်းခြံတွင် လွတ်လပ်ရေးဗိသုကာကြီး ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုကို ပြည်သူများဆန္ဒကို ဖြည့်ဆည်းသည့်အနေဖြင့် အမြန်ဆုံးတည်ဆောက်ခွင့် ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးတည်ဆောက်ခွင့်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဖားယားကြီး ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ လက်ပံပါပျဉ်း၊ အုံးနဲ့စမ်း၊ ဖားယားကြီး၊ ရှားစီးဘို၊ ကြို့ပင်သာ၊ ထောက်ကြံ့ကြီး၊ ခရာပေါက်၊ ကျွန်းတောလှ၊ ဆင်လူးအစရှိသော ပေါင်းတည်မြို့နယ်အတွင်းရှိ ရွာများသာမက နတ်တလင်းမြို့နယ်ပိုင်ရွာများမှပါ

လာရောက် တက်ရသော ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ ယခုနှစ်တွင် ကျောင်းသားဦးရေ(၆၃၆)ဦးရှိပြီး ဆရာ/ဆရာမဦးရေ(၃၁)ဦးရှိသော ကျောင်းကြီးဖြစ်ပါသည်။ နောင်နှစ်တွင် အခြားကျေးရွာ မူလတန်းမှ တက်လာသော ကျောင်းသား/သူဦးရေများလည်း တိုးပွားလာမှာဖြစ်ပြီး၊ ပြည်သူများနှင့် ဆရာမကြီးမှ အဆင့်မြှင့်ပေးရန် လိုလားလျက်ရှိပါသည်။

ထို့အတွက်ကြောင့် ဖားယားကြီး အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်တွင် လူဦးရေ(၁၃၇၂၃၀)ဦးနေထိုင်ပြီး၊ ပေါင်းတည်ပြည်သူ့ဆေးရုံကြီးသည် မြို့မိမြို့ဖများနှင့် ပြည်သူများ၊ ဆေးရုံကော်မတီအဖွဲ့များ၏ ကြိုးစားအားထုတ်ပြီး ဆောင်ရွက်မှုတို့ကြောင့် ဆေးရုံအတွင်း ပစ္စည်းပရိဘောဂမှအစ လူနာစောင့်များနေထိုင်မှုများကိုပါ စိတ်ပါဝင်စားစွာ လုပ်ဆောင်ခဲ့ပါသည်။ ဆေးရုံဆရာဝန်ကြီးနှင့်တကွ ဆရာဝန်များ၊ ဆရာမများမှလည်း ဆေးရုံကော်မတီဝင်များနှင့် လက်တွဲ ဆောင်ရွက်သဖြင့် လူနာများ စိတ်ချမ်းမြေ့စွာကုသမှုခံရသဖြင့် ဆေးရုံတွင် လူနာအလွန်များပြားပါသည်။ ဆေးရုံတွင်လည်း ဆေးရုံကော်မတီများနှင့် ပြည်သူများကြိုးစားမှုဖြင့် ဆေးပဒေသာပင်များ တည်ထောင်ထားပါသည်။

နိုင်ငံတော်မှ ကျန်းမာရေး၊ ပညာရေးကို အရှိန်အဟုန်မြင့်တိုးတက်အောင် ဆောင်ရွက်မှုအပေါ် ပြည်သူများမှလည်း လိုက်ပါဆောင်ရွက်နေသဖြင့် ဆေးရုံမှလည်း တိုးတက်အောင်မြင်သည်နှင့်အမျှ လူနာများ နေထိုင်ရန် ခက်ခဲလာသဖြင့် ပြည်သူများနှင့် ဆရာဝန်ကြီးမှ ကုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုလားတောင်းတနေပါသည်။ ၂၀၁၆ခုနှစ် ဇူလိုင်လတွင် ပဲခူးတိုင်းအစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ပေါင်းတည် ပြည်သူ့ဆေးရုံသို့ လာရောက်စဉ် မြို့နယ်ဆရာဝန်ကြီးမှ ကုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် တင်ပြပြီး လိုအပ်သောအမှုတွဲဖိုင်ကို ဝန်ကြီးအား ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးမှလည်း အစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြမည်ဟုလည်း ကတိပေးခဲ့ ပါသည်။ ပေါင်းတည်မြို့ရှိ ပြည်သူများ ကျန်းမာရေးမြှင့်တင်ရန်အတွက် ကုတင်(၁၀၀)အဆင့် ဆေးရုံရရှိလျှင် လိုအပ်သော ပါရဂူများ ပါရောက်ရှိမှာဖြစ်သဖြင့် အရေးပေါ်လူနာများ ပြည်ဆေးရုံကြီးသို့ မသွားရတော့ပဲ ပေါင်းတည်တွင်သာ စိတ်ချမ်းမြေ့စွာ ကုသနိုင်သဖြင့် ကုန်ကျစရိတ်များ သက်သာပြီး မလိုအပ်ဘဲ အသက်ဆုံးရှုံးနစ်နာစရာများနှင့် ကြုံတွေ့မှု နည်းပါးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပေါင်းတည်ပြည်သူ့ဆေးရုံကြီးကို ကုတင်(၁၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံး အကောင်အထည်ဖော် သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"လိုင်စင်မဲ့ကားများ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရန်အားနည်းနေမှု"** နှင့် စပ်လျဉ်း၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ပေါမျာ းလာခြင်းကြောင့် နိုင်ငံတော်အတွက် သွင်းကုန်အခွန် မရရှိခြင်းနှင့် လိုင်စင်ကြေးအခွန်မရရှိတို့ကြောင့် နိုင်ငံ့ဘဏ္ဍာငွေဆုံးရှုံးခြင်း၊ လိုင်စင်ရှိ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ အများပြည်သူသွားလာသည့် လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုမှုကြောင့် ယာဉ်ကြော ပိတ်ဆို့မှုပိုမိုဖြစ်ပွားခြင်း၊ ယာဉ်မတော်တဆမှုများ များပြားလာခြင်း၊ ယာဉ်မတော်တဆမှု ဖြစ်ပွားလျှင်လည်း တရားဝင်မှတ်ပုံတင်လိုင်စင်မရှိသည့် ယာဉ်မောင်းက လိုင်စင်မဲ့ မော်တော်ယာဉ်ကို ထားခဲ့ကာ ထွက်ပြေးတိမ်းရှောင်သွားခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို အသုံးပြု၍ ရွှေ/ငွေပစ္စည်း လုယူထွက်ပြေးမှုများ ဖြစ်ပွား၍ တရားဥပဒေ စိုးမိုးရေးအတွက် အဟန့်အတား ဖြစ်နေခြင်းမှာ ပကတိအခြေအနေအမှန်များပင်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်း တရားမဝင်လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော် ဆိုင်ကယ်များ အသုံးမပြုရေးနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူခြင်း၊ ပညာပေးဆွေးနွေးခြင်းများအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဖမ်းဆီး အရေးယူခြင်းများဆောင်ရွက်လျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်း ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ် ဖမ်းဆီးအရေးယူမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- လိုင်စင်မဲ့မော်တော်ယာဉ်(၈၆)စီး၊ အမှု(၈၁)မှု၊ တရားခံ ကျား(၉၁)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၉၃)ဦး၊
- လိုင်စင်မဲ့ဆိုင်ကယ်(၃၁၁)စီး၊ အမှု(၃၀၉)မှု၊ တရားခံ ကျား(၃၀၇)ဦး၊ မ(၇)ဦး၊ ပေါင်း(၃၁၄)ဦး
- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ထိ လိုင်စင်မဲ့ မော်တော်ယာဉ်(၈၇)စီး၊ အမှု(၈၇)မှု၊ တရားခံကျား(၈၅)ဦး၊ မ( - )ဦး၊ စုစုပေါင်း(၈၅)ဦး
- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ထိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၃၇၂)စီး၊ အမှု(၃၇၂)မှု၊ တရားခံကျား(၃၇၂)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၃၇၇)ဦး

လိုင်စင်မဲ့မော်တော်ယာဉ်များကို ဆက်လက်စုံစမ်း ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည် ဖြစ်ပါသည်။ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၁-၁၁-၂၀၁၆ ရက်နေ့မှ ၃၁-၁-၂၀၁၇ ရက်နေ့အထိ (၃)လအတွင်း ပဲခူးဒေသအမှတ်ဖြင့် မှတ်ပုံတင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက မော်တော်ယာဉ် ဥပဒေအရ ထိရောက်စွာ အရေးယူမည်

ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကောင်စီမှ ပြည်သူလူထုသို့ အသိပေးကြော်ငြာထားပြီး ၎င်းရက်ကျော်လွန်ပါက လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ပေါင်းတည်မြို့၊ သာယာရွှေတည်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုကို အမြန်ဆုံး တည်ဆောက်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးတည်ဆောက်ခွင့်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့၊ သာယာရွှေတည်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုထားရှိနိုင်ရေးနှင့် ပတ်သက်၍ သာယာရွှေတည်ပန်းခြံမြေနေရာသည် အကျဉ်းထောင် မြေဧရိယာအတွင်းကျရောက်လျှက်ရှိသဖြင့် အကျဉ်းထောင် လုံခြုံရေး၊ အုပ်ချုပ်ရေးအရ ခွင့်ပြုပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါသည်။

အကျဉ်းဦးစီးဌာနမှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော ပေါင်းတည်မြို့၊ သာယာရွှေဆည်တည်ပန်းခြံ မြေနေရာတွင် လွတ်လပ်ရေးဗိသုကာကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုကို အမြန်ဆုံးတည်ဆောက်ခွင့် တောင်းခံခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားတင်ပြ အပ်ပါသည်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေကြားရမည့် ဝန်ကြီးမရှိသော်လည်း လွှတ်တော်ဥက္ကဋ္ဌကြီး သိစေချင်သည့်အတွက် မိမိအားဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပေးပါ။ ဝန်ကြီးမှာသည့်အတိုင်းစာဖြင့် ဖြေကြားလျှင်လည်းလက်ခံပါသည်။ နံပါတ်(၂) မေးခွန်းကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။နံပါတ်(၂) သာယာရွှေတည်ပန်းခြံ ဆက်စပ်မေးခွန်း မေးမြန်းခြင်းနှင့် ပတ်သက်၍ ခွင့်ပြုပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သာယာရွှေတည်ပန်းခြံ အတွင်းမှာ ဆိုသည့်မေးခွန်းသည် အကျဉ်းဦးစီးပိုင်မြေ ဧရိယာအတွင်းမှာ B S I ကငှားရမ်းပြီး ဘီယာဆိုင်များ ဖွင့်လှစ်ထားပါသည်။ ထိုကဲ့သို့ ဖွင့်လှစ်ထားခြင်းသည် လုံခြုံရေးအရ မစိုးရိမ်ရဘူးလား၊ အကျဉ်းထောင်မှာ စည်ပင်သာယာကို လွှဲပြောင်းတော့မည်ဖြစ်သည့်အတွက် ခရိုင်အဆင့်တွင် ရောက်ရှိနေပြီဖြစ်သည်။ လွှဲပြောင်းတော့မည့်ဖြစ်သည့်အတွက် ပြည်သူလူထုလိုအပ်ချက်ကို ပြည်သူ့အစိုးရက ဖော်ဆောင်ရမည့် ဖြစ်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုကို ဆောက်လုပ်ရန် အကျဉ်းဦးစီးဌာနက လုံခြုံရေးကို မည်သည့် အခြေအနေအထိ လုပ်ပြနိုင်မလဲဆိုသည်ကို ဆက်စပ်မေးခွန်း အနေဖြင့်သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦး မေးမြန်းသည့် မေးခွန်းနံပါတ်(၂) ဆက်စပ်မေးခွန်းအဖြေကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးရောက်ရှိသည့်အခါ စာဖြင့်ဖြေကြားဖို့ဖြစ်ပါတယ်။ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကို မထိခိုက်စေရန် ပကတိအခြေအနေအရ သာယာရွှေတည်ပန်းခြံအတွင်း ဘီယာဆိုင်များ ဖွင့်လှစ်ထားခြင်းကို သက်ဆိုင်ရာဝန်ကြီးမှ စုံစမ်းစစ်ဆေးပြီးမှသာ ပြန်လည်ပြီးစာဖြင့် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ဦးထွန်းထွန်းဦး မေးမြန်းသည့် မေးခွန်းအမှတ်(၂)သည် ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေး နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးထွန်းထွန်းဦး၊ ပေါင်းတည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဖားယားကြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးကိုယ်စား ဖြေကြားမှာဖြစ်ပြီး ဖြေကြားချက်အပေါ်မှာ ပြန်လည်ပြီး မေးခွန်းထုတ်ချင်သည်ဆိုပါက ဝန်ကြီးက မှာကြားသွားသည်မှာ ပြန်လည်ပြီးစာဖြင့် ဖြေကြားပေးမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဖားယားကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သည်မူဆင့်ကျောင်းသား ဦးရေ(၁၇၇)ဦး၊ လယ်ဆင့်ကျောင်းသားဦးရေ (၃၂၉)ဦးနှင့် အထက်တန်းဆင့်ကျောင်းသားဦးရေ ( ၉၅ )ဦး စုစုပေါင်း( ၆၀၁ )ဦးရှိပါသည်။

ပညာရေးဝန်ကြီးဌာန၏ ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ထားသောမူအရ အထက်တန်း ကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ရန်အတွက်အထက်တန်းဆင့် ကျောင်းသား (၂၀၀)ဦးနှင့် အထက်ရှိရမည် ဖြစ်ပါသည်။ သို့သော်အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ် ခွင့်ရရှိရေးအတွက် အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြရန်ဆောင်ရွက် ထားရှိပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ပေါင်းတည်မြို့၊ ကုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ကုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်ဆေးရုံ ကုတင်(၅၀)ဆံ့ ဆေးရုံမှ ကုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်အတွက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြပေးမည် ဖြစ်ပါသည်။ ကုသရေးဦးစီးဌာန၏ ရရှိလာသောညွှန်ကြား ချက်ကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ဖြေကြားမှုနှင့် ပတ်သက်၍ မပြည့်စုံမှုများ

ရှိပါက စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးထံစာဖြင့် အကြောင်းကြား၍ မေးမြန်းပြီး စာဖြင့်ပြန်ကြားပေးမည်ဟု ဖြေကြားခဲ့ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန်ဖြစ်ပါတယ်။ ဦးထွန်းထွန်းဦး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးကိုယ်တိုင် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးနှင့် သွားရောက်တွေ့ဆုံပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံး တင်ပြပေးဖို့ ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်၍ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုးညိုမြို့ဟောင်းသည် မြို့ပြန်တမ်းထွက်ရှိခဲ့သော်လည်း ယခု မိုးညို မြို့သစ်သည် မြို့ပြန်တမ်းထွက်ရှိခြင်း မရှိသေးသဖြင့် မြို့ပြန်တမ်း ထွက်ရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မိုးကာလရောက်တိုင်း ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရဖွယ်ရှိနေသည့် ငါးကျီးကျေးရွာကို သင့်လျော်ရာ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးညိုမြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း တွင် တည်ရှိသောမြို့ဖြစ်ပါသည်။ ၁၉၈၀ပြည့်လွန်နှစ်များတွင် ဧရာဝတီမြစ်ရေတိုက်စားမှု ကြောင့် မူလမြို့ဟောင်းမှာပျက်၍ ပြောင်းရွှေ့ခဲ့ရပါသည်။ ၁၉၈၂ခုနှစ်ခန့်တွင်လည်း ဒုတိယ အကြိမ်ပြောင်းရွှေ့သည့်မြို့များလည်း ထပ်မံ၍ ရေတိုက်စားမှုခံရသဖြင့် ၁၉၈၅ခုနှစ်တွင် ယခုမြို့နေရာသို့ တတိယအကြိမ် ပြောင်းရွှေ့ခဲ့ရပါသည်။ အကြိမ်ကြိမ်ပြောင်းရွှေ့ခံရသောမြို့ဖြစ်သဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးအစရှိသော လူမှုဘဝများအထွေထွေ နောက်ကျကျန်ခဲ့ပါသည်။

သို့သော် ယခင်ရေတိုက်စားသွားသော မြို့မှာ မြို့ပြန်တမ်းရှိခဲ့သော်လည်း လက်ရှိအခြေကျနေထိုင်သောမြို့မှာ ပြန်တမ်းထွက်ရှိမှုမရှိသေးကြောင်း စုံစမ်းသိရှိရပါသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့မြေပြန်တမ်းထွက်ရှိရေးကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရကြောင်း လေ့လာသိရှိရပါသည်။

မြို့မြေပြန်တမ်း၊ စည်ပင်သာယာနယ်နိမိတ်ပြန်တမ်းမရှိပါသဖြင့် ဒေသဖွံ့ဖြိုးရေး ကိစ္စ၊ စီးပွားရေး၊ လူမှုရေးကိစ္စများ၏ အခြေခံလိုအပ်ချက်ဖြစ်သော မြေယာပိုင်ဆိုင်မှု၊ မြေယာ ခိုင်မာမှုမရှိခြင်းကြောင့် အသေးစားစက်မှုလက်မှုစီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကဘဏ်များ အခြေစိုက်နိုင်ခြင်းမရှိပါသဖြင့် မြို့လူထုအတွက်သာမဟုတ်ဘဲ မြို့နယ်ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကိုပါ အတားအဆီးသဖွယ်ဖြစ်နေပါသဖြင့် ပြည်သူများများစွာ ထိခိုက်နစ်နာလျက်ရှိနေပါသည်။

မိုးညိုမြို့နယ် ဇီးပင်အုပ်စု၊ တော်ပြန်ကျေးရွာအား (၂၀၁၅-၂၀၁၆)ခုနှစ်တွင် လည်းကောင်း၊ ပတ္တော်အုပ်စု၊ ပတ္တော်ကျေးရွာအားလည်းကောင်း ကျေးရွာမြေငှားဂရန်များ ဆောင်ရွက်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိုးညိုမြို့နှင့်တကွ မြို့နယ်ပြည်သူများ မြေယာပိုင်ဆိုင်မှု မြေယာခိုင်မာမှု၊ အာမခံထားနိုင်မှုနှင့် ဒေသအကျိုးစီးပွားများဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် မြို့မြေ ပြန်တမ်းထွက်ရှိပြီး မိုးညိုမြို့၏ စနစ်တကျပေါ်ပေါက်အောင်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်း အပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စုနှင့် ကရင်ချောင်းကျေးရွာအုပ်စုရှိ ငါးကျီး ကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၂၀၄)စုရှိပြီး လူဦးရေအားဖြင့် (၇၆၅)ဦးရှိပါသည်။

မြစ်မခမြစ်အနောက်ဘက် ကမ်းပတ်ရေကာတာနှင့် မြစ်မခမြစ်အရှေ့ဘက်ကမ်းပတ် ရေကာတာသည် အဆိုပါငါးကျီးကျေးရွာအနီးတွင် ပေ(၁၄၀၀)ခန့်သာ ကွာဝေးပါသည်။ ရေစီး ကြောင်းတည့်တည့်တွင် ရွာတည်ရှိနေသဖြင့် လွန်ခဲ့သောမိုးရာသီတွင် ရေစီးကြောင်းနောက်သို့ ကျွတ်မျောသည့် အိမ်များမျော ယိမ်းယိုင်ပြီး ကြိုးများဆိုင်ထားရသည့်အိမ်များက ဆိုင်းထားရ၊ လူကျွဲ၊ နွားတိရစ္ဆာန်များလည်း နီးစပ်ရာ ရေကာတာများပေါ်သို့ ဖြစ်သလို၊ ကြုံသလိုရေဘေး ရှောင်နေခဲ့ရပါသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်ပြီး Facebook လူမှုကွန်ယက်များ D.V.B နှင့် ပြည်တွင်း မီဒီယာပေါင်းစုံတို့တွင်လည်း ထိပ်တန်းသတင်းအဖြစ် ပါဝင်နေပြီး သာမန်ငါးကျီးမှ ကမ္ဘာကျော် ငါးကျီးအဖြစ် ပြောင်းလဲသွားပါသည်။

ပြည်သူများမှလည်း လူသားချင်းစာနာသည့် အကူအညီများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း ရွက်ဖျင်ဖျာ၊ အခြားလိုအပ်သည့် အသုံးအဆောင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ မှလည်း ဆေးဝါးများ လှူဒါန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ငါးကျီးကျေးရွာရှိ ပြည်သူများ လုံခြုံအေးချမ်းစွာ အသက်ရှင်နေထိုင်ရေး အတွက် ရေဘေးအန္တရာယ်မှ လွတ်မြောက်ရာ သင့်တော်မည့်နေရာသို့ ယခုပွင့်လင်းရာသီတွင် ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုမေးမြန်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အရေးပေါ်ခရီးထွက်ရသဖြင့် မိမိမှ ကိုယ်စားဖြေကြားခြင်းကို လက်ခံစေလိုပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄တွင် "သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်” ဟုဖော်ပြပါရှိပါသည်။

ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်ထံလမ်းညွှန်မှုခံယူတင်ပြ၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၄အရ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

မိုးညှင်းမြို့နယ်အနေဖြင့် မိုးညှင်းမြို့အား ဧရာဝတီမြစ်ကမ်းပြိုမှုကြောင့် ၁၉၈၅ ခုနှစ်မှ ယခုလက်ရှိမြို့သို့ ပြောင်းရွှေ့တည်ဆောက်ခဲ့ပြီး မြို့မြေအဖြစ်သုံးစွဲခွင့်ကို ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၂၀. ၁. ၁၉၉၁)ရက်စွဲပါ စာအမှတ်၊ ၃၈၄/၂-၇/တဝတဖြင့် မိုးညှင်းမြို့ မြေဧက(၁၀၇၈. ၁၇)ဧကအား ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ မြို့မြေအဖြစ် ကြေညာသတ်မှတ်နိုင်ရန် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင်လည်းကောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ မြို့အဖြစ်ကြေညာနိုင်ရေး လေ့လာစိစစ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးတင်ပြခဲ့ပါသည်။

ယခင်အစိုးရလက်ထက်တွင် တင်ပြခဲ့ပြီး လုပ်ငန်းစဉ်ပြီးပြတ်ခဲ့ခြင်းမရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာ ပြင်ဆင်ဖွဲ့စည်းလိုသည့်ကိစ္စရပ်များအား ယခုအချိန်တွင် တင်ပြမည်ဆိုပါက ယခု တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့လက်ထက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၏ အတည်ပြုချက်နှင့် သဘောထားမှတ်ချက်များ ထည့်သွင်းတင်ပြရမည် ဖြစ်ပါကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ထပ်မံညွှန်ကြားထားပါသည်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့အား မြို့မြေအဖြစ် ကြေညာသတ်မှတ်နိုင်ရေးအတွက် ယခု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ဖြင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုးကာလရောက်တိုင်း ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရဖွယ် ရှိနေသည့် ငါးကျီးကျေးရွာကို သင့်လျော်ရာ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ မိုးညှင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပြိုကမ်းစားဧရိယာနှင့် မြစ်မခမြစ်ကမ်းဘေး အနိမ့်ပိုင်းတို့တွင် ဆက်စပ်နေထိုင်သော စီးပွားရေးနိမ့်ကျသူများအား နေရာသစ်ရှာဖွေ ရွေးချယ်ပြီး နိုင်ငံတော်အစိုးရအစီအစဉ် ဖြင့် ပြောင်းရွှေ့အခြေချနေထိုင်ရေး စီမံဆောင်ရွက်ရာတွင် ကရင်ချောင်းအုပ်စုမှ

ငါးကျီးကျေးရွာအား ကရင်ချောင် ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၁၁၁/က)သို့ ပြောင်းရွှေ့ရန် အိမ်ခြေ(၈၃)လုံးအတွက် မြေဧရိယာ(၁၂)ဧက တန်ဖိုးငွေကျပ်သိန်း(၃၀၀)နှင့် ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ငါးကျီးကျေးရွာအား ရွာသာယာ ကျေးရွာအုပ်စုအတွင်း ကွင်းအမှတ်(၁၀၆)သို့ ပြောင်းရွှေ့ရန် အိမ်ခြေ(၁၁၃)လုံးအတွက် မြေဧရိယာ (၂၆)ဧက တန်ဖိုးငွေကျပ်သိန်း(၆၅၀)လိုအပ်မည်ဖြစ်ကြောင်း၊ ဤခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ (၂၃. ၉. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၃/၁၈-၁/ဦး၆(အထ၃) (၁၈၄၆)ဖြင့် အထက်အဆင့်ဆင့်သို့ တင်ပြထားသော အသေးစိတ်အစီအမံစာရင်းတွင် ၎င်းကျေးရွာ(၂)ရွာ ပါဝင်နေသဖြင့် နိုင်ငံတော်မှ ထောက်ပံ့မှုပေးပါက ယခုနှစ်ပွင့်လင်းရာသီတွင် အချိန်မီပြောင်းရွှေ့ပေးနိုင်မည် ဖြစ်ပြီး၊ ထောက်ပံ့မှုမရရှိပါက ယခုနှစ် ပွင့်လင်းရာသီတွင် အချိန်မီပြောင်းရွှေ့ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်၍ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း၊ မြေနုကျွန်းပေါ်တွင် တောင်သူများ စိုက်ပျိုး၍ တရားစွဲခံထားရခြင်း၊ ကျွန်းနယ်မြေ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"မိုးညိုမြို့နယ်၊ ငါးကယ်-မင်းကြီးကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"မိုးညိုမြို့နယ်၊ ထိန်တော- ထောက်ကြန့်- ရေသပြာ- ဦးတို ကျေးရွာ ချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းတွင် မြေနုကျွန်းများပေါ်ပြီး ကျွန်းပေါ်တွင် ပဲခူးတိုင်းဒေသကြီးရှိ ရွှေတောင်၊ မိုးညိုမြို့နယ်များရှိ နီးစပ်ရာမြေယာမဲ့ တောင်သူများမှ ဆောင်းသီးနှံများ ထွန်ယက်စိုက်ပျိုးအသက်မွေးဝမ်းကျောင်း ပြုနေသော်လည်း ဧရာဝတီတိုင်းဒေသကြီးရှိ ကြံခင်း၊ မြန်အောင်မြို့နယ်များအတွင်း မြေနုကျွန်းနှင့် နီးစပ်ရာတောင်သူအချို့နှင့် ကျွန်းနယ်မြေ အငြင်းပွားမှုများရှိနေသဖြင့် တောင်သူများလုံခြုံအေးချမ်းစွာ စိုက်ပျိုးနိုင်မှုမရှိခြင်း၊ အချို့တောင်သူ များ တရားစွဲဆိုခံထားရပြီး အမှုရင်ဆိုင်နေရမှုများ ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကိုင်းတောင်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ဘေးကင်းလုံခြုံစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် နယ်မြေအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိုးညိုမြို့နယ်၊ ငါးကယ်ကျေးရွာအုပ်စု၊ ငါးကယ်ကျေးရွာသည် အုပ်စုရွာဖြစ်ပါသည်။ အုပ်စုကျေးရွာဖြစ်သော်လည်း ချောင်ကျပြီး သွားရေး၊ လာရေးခက်ခဲသောကျေးရွာဖြစ်ပါသည်။

ငါးကယ်ကျေးရွာနှင့် ငါးကင်းကျေးရွာအုပ်စု၊ မင်းကြီးကျေးရွာတို့ကို ဆက်သွယ်ပြီး မင်းကြီး-ငါးကယ်ကျေးရွာချင်းဆက်လမ်းအဖြစ် ရာသီမရွေးသွားလာနိုင်အောင်ဆောင်ရွက် ပေးမှသာ ဒေသခံပြည်သူများအတွက် သွားလာရေးအဆင်ပြေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာပြည်သူများ၏ အခက်အခဲများကို စာနာထောက်ထားသောအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာအုပ်စုအတွင်းရှိ ထိန်တော-ထောက်ကြန့်-ရေသပြာ- ဦးတိုကျေးရွာချင်းဆက်လမ်းသည် ရေကာတာအတွင်းရှိ ရေကြီးနစ်မြုပ်မှု မရှိသောလမ်းဖြစ် သော်လည်း မိုးရာသီတွင် ရဟန်းရှင်၊ ပြည်သူ၊ ကျောင်းသားများအတွက် သွားရေးလာရေး ခက်ခဲအောင် ဆိုးဝါးလှသောလမ်းဖြစ်ပါသည်။

အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ်ဆောင်ရွက်ပေးပါက မိုးညိုမြို့နယ်၏ တောင်ဘက်ပိုင်းကျေးရွာအုပ်စုများသာမက လက်ပံတန်းမြို့နယ်၊ အနောက်ပိုင်းရှိ ဆင်မနီကျေးရွာအုပ်စု၊ ပျဉ်းကတိုးကျေးရွာအုပ်စု၊ ကွမ်းသီးတပင်ကျေးရွာအုပ်စုများအပြင် ဧရာဝတီမြစ်အနောက်ဘက် နီးစပ်ရာကျေးရွာများရှိ ပြည်သူများအတွက်ပါ အကျိုးပြုပြီး အရေးပါအရာရောက်လာသော လမ်းအဖြစ် ဖြစ်လာမည်ဖြစ်ပါသည်။

၎င်းကျေးရွာချင်းဆက်လမ်းအတွက် အသုံးပြုမည့် မြေအကျယ်အဝန်းအတိုင်းအတာ များကိုလည်း ပိုင်ရှင်လယ်သမားများမှ လတ်မှတ်ထိုးလှူဒါန်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာချင်းဆက်လမ်းကို မှီခိုအားထားနေရသော ပြည်သူများအတွက် အချိန်နှင့် တစ်ပြေးညီအဆင်ပြေချောမွေ့စေနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ရာသီမရွေး သွားလာနိုင်သော ကားလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း၊ မြေနုကျွန်းပေါ်တွင် တောင်သူများ စိုက်ပျိုး၍ တရားစွဲခံထားရခြင်း၊ ကျွန်းနယ်မြေ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိသော ပဲခူးတိုင်းဒေသကြီးမှ

မြို့နယ်များနှင့် အနောက်ဘက်ကမ်း တွင်တည်ရှိသော ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်များသည် ဧရာဝတီမြစ်ဝှမ်းအတွင်း ပေါ်ထွန်းသော မြေနုကျွန်းလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ အချင်းများပြီး မကြာခဏ ပြဿနာဖြစ်ပေါ်နေပါ၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နယ်နိမိတ်များအား တိကျစွာ တိုင်းတာသတ်မှတ်ပြီး ကျေးရွာများအား စီမံအုပ်ချုပ်ခွင့်ကိုလည်း ရှင်းလင်းစွာ နှစ်ဖက်တိုင်းဒေသကြီးအဆင့်မှ ညှိနှိုင်းဆုံးဖြတ် ပေးသင့်ပါကြောင်းနှင့် တိကျသော တိုင်းတာသတ်မှတ်မှုများ ဆောင်ရွက်ပြီးပါက ဧရာဝတီ တိုင်းဒေသကြီးအုပ်ချုပ်မှုအောက်တွင်သာ နေထိုင်လိုသော ကျေးရွာများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး နယ်နိမိတ်အတွင်းသာ နေထိုင်ကြစေ၍ မြေယာဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရန် အထက်အဆင့်ဆင့်သို့ တင်ပြထားပြီး လက်ရှိမြေပြင်အခြေအနေတွင် နှစ်ဖက်တောင်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လုံခြုံစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လယ်မြေအငြင်းပွားမှုများအား ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးညိုမြို့နယ်၊ ငါးကယ်-မင်းကြီးကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ငါးကယ်ကျေးရွာအုပ်စု၊ ငါးကယ်ကျေးရွာနှင့် ရေကင်းအုပ်စု၊ မင်းကြီးကျေးရွာသို့ ဆက်သွယ်သောလမ်းမှာ ခြေလျင်လူသွားလမ်းသာ ဖြစ်ပါသည်။ အဆိုပါ လမ်းတွင် စိုက်ခင်းများရှိ၍ ငါးကယ်ကျေးရွာမှ သပြေတုံးချောင်းအထိ (၁၄၈၀)ပေရှိပြီး ချောင်းထိပ် တစ်ဖက်ကမ်းတွင် မင်းကြီးကျေးရွာ တည်ရှိပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စံနှုန်း သတ်မှတ်ချက်အရ လိုအပ်သော လမ်းအကျယ်ရရှိနိုင်ရေး လမ်းဘေးရှိမြေယာပိုင်ရှင်များ၏ သဘောတူညီချက် ရရှိမှသာ လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၇)ရွာ၊ အိမ်ခြေ (၁၀၁၁)အိမ်၊ လူဦးရေ (၄၀၈၁)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ကြောင်းကို မှတ်တမ်းတင် ထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ၂၀၁၇-၂၀၁၈ခုနှစ် ရန်ပုံငွေလျာထားချက်အား ရေးဆွဲပြီးဖြစ်၍ ဆောင်ရွက်ပေးရန်မရှိပါ။ ၂၀၁၈ Supplementary grantတွင် မိမိအနေဖြင့် တင်ပြပေး သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ် ပါကြောင်းနှင့် ၄င်းအပြင် ယခုလိုဖြေကြားချက်အပေါ် ကတိကဝတ်အဖြစ် မှတ်တမ်းမတင်စေလိုကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးညိုမြို့နယ်၊ ထိန်တော- ထောက်ကြန့်- ရေသပြာ- ဦးတို ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကားလမ်း အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊

ထိန်တောအုပ်စုအတွင်းရှိ ထိန်တော-ထောက်ကြန့်-ရေသပြာ-ဦးတို ကျေးရွာချင်းဆက်လမ်းမှာ အရှည် (၃/၃. ၇၃မိုင်)ရှိပြီး ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင် လူထုဗဟိုပြု စီမံကိန်းရန်ပုံငွေဖြင့် (၂/၀. ၀၆မိုင်× ၅'×၄") ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ လွှတ်တော် သိန်း(၁၀၀၀) ရန်ပုံငွေဖြင့်(၁/၀. ၄၈မိုင်) ကျောက်စရစ်သဲရောလမ်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကျန်ရှိသော (၀/၃. ၁၉မိုင်)မှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာ (၅)ရွာ၊ အိမ်ခြေ (၁၉၀၅) အိမ်၊ လူဦးရေ (၈၁၈၈)ဦး အကျိုးပြုသွားလာလျှက်ရှိကြောင်းကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်များမှာ ရေးဆွဲထားပြီးဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ခု Supplementary grantတွင် မိမိအနေဖြင့် တင်ပြပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိခြင်းမရှိပါက ဆောင်ပေးနိုင်မည် မဟုတ်ပါကြောင်းနှင့် ယခုလိုဖြေကြားချက်ကို ကတိကဝတ်အဖြစ် မှတ်တမ်းမတင်စေလိုကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်၍ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၆) **"ရေလွှမ်းဧရိယာများတွင် ပညာသင်ကြားနေသော ကျောင်းသား/သူများ တာဝန်ကျဝန်ထမ်းများအတွက် လုံခြုံရေးအစီအမံများ ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၇) **"၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ပတ္တော်ကို တက္ကသိုလ်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညိုမြို့နယ်၏ ပထဝီအနေအထားသည် အနောက်ဘက်တွင် ဧရာဝတီမြစ်၊ အရှေ့ဘက်တွင် မြစ်မခမြစ်တို့ ဖြတ်သန်းစီးဆင်းပြီး၊ မြစ်ဝှမ်းလွင်ပြင် နှစ်ခုကြားတွင် တည်ရှိ သော မြို့နယ်ဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် အစ မိုးညိုမြို့နယ်ကဟုဆိုလျှင် မှားမည်မဟုတ်ပါ။ ဆင်ခေါင်း ချောင်းပေါက်၊ မြစ်သာချောင်းပေါက်၊ ထွန့်ချောင်းပေါက်များသည် မိုးညိုမြို့နယ်အတွင်း တည်ရှိပြီး၊ အဆိုပါ ချောင်းပေါက်များသည် မိုးကာလတွင် ဧရာဝတီမြစ်မှ မြစ်မခမြစ်ထဲသို့လျှံ၍ စီးဝင်နေခြင်း သည်ပင်လျှင် မြို့နယ်၏သုံးပုံနှစ်ပုံမှာ ရေလွှမ်းသည့်ဒဏ်ကို ခံနေရခြင်းဖြစ်ပါသည်။

ရေလွှမ်းဧရိယာများတွင် စာသင်ကြားနေသော ကျောင်းသား/သူများ တာဝန်ကျ ဝန်ထမ်းများအတွက် အသက်ကယ်ဘောများ၊ Speed Boat ကဲ့သို့ လုံခြုံမှုပေးနိုင်မည့် ရေယာဉ်များစသည်ဖြင့် စီစဉ် ဆောင်ရွက်ပေးမှသာ လုံခြုံမှုရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေလွှမ်းဧရိယာများရှိ ကျောင်းသား/သူများတာဝန်ကျဝန်ထမ်းများ အတွက် ရေဘေး အန္တရာယ်မှ လုံခြုံစိတ်ချရရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တော်ရွာမှ တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/သူများသည် စာမေးပွဲ ဖြေဆိုရာတွင် ပတ္တော်ကျေးရွာမှ (၇)မိုင်ကျော်ကွာဝေးသော အ.ထ.က ရေကောင်းစာစစ်ဌာနသို့ သွားရောက် ဖြေဆိုကြရပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားမိဘအများစုသည် ဆင်းရဲနွမ်းပါးပြီး လက်လုပ်လက်စားများဖြစ်နေကြပါသည်။ တက္ကသိုလ်ဝင်ကျောင်းသားများ ရေကောင်းစာစစ်ဌာနသို့ သွားရောက် ဖြေဆိုရာတွင် နှစ်စဉ်သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေးမှအစ အစစအရာရာ အဆင်ပြေချောမွေ့မှု မရှိပါ။

အ.ထ.က၊ ပတ္တော်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူ(၁၀၇)ဦး၊ အ.ထ.က (ခွဲ) ညောင်လေးပင်မှ (၇၂)ဦး၊ အ.ထ.က(ခွဲ) မြောက်လွတ်ကုန်းမှ (၈)ဦး၊ စုစုပေါင်း(၁၈၇)ဦး ရှိ၍ စာဖြေရန် စာဖြေခန်း၊ ပရိဘောဂပြည့်စုံမှုနှင့် အခြားလိုအပ်သော တိုက်နယ်ဆေးရုံ၊ နယ်မြေရဲကင်း မေးခွန်းထားရန် ငွေတိုက်စသည်ဖြင့် စာစစ်ဌာနတစ်ခုတွင် ရှိရမည့်အင်္ဂါများလည်း ပြည့်စုံပြီးဖြစ်ပါသည်။

ပတ္တော်အထက်တန်းကျောင်း စာစစ်ဌာနရရှိရေးအတွက် မြို့နယ်ပညာရေးမှူးထောက်ခံချက်၊ သာယာဝတီခရိုင် ပညာရေးမှူးထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ပြည်မြို့(ရုံးခွဲ) ဒုတိယ ညွှန်ကြားရေးမှူးတို့မှလည်း အသီးသီးထောက်ခံချက်ပေးထားပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ လာမည့် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကို ပတ္တော်အထက်တန်းကျောင်းအား ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရေလွှမ်းဧရိယာများတွင် ပညာသင်ကြားနေသော ကျောင်းသား/သူများ တာဝန်ကျဝန်ထမ်းများအတွက် လုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း ရေလွှမ်းမိုးခြင်းခံရသောမြို့နယ်များ၊ မြစ်ကူးချောင်းခြား၍ ကျောင်းတက်ရသောမြို့နယ်များ တွင်ရေဘေးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ပညာပေး ဟောပြောပွဲများ အခါအားလျော်စွာပြုလုပ်စေခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်း စီမံချက်များ ရေးဆွဲထားရှိစေခြင်းနှင့်ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်စေခြင်းတို့ကို ဆောင်ရွက်စေလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာနမှ ခွဲဝေချထားပေးသော အသက်ကယ်အင်္ကျီ (Life jacket) အထည်(၁၀၀)ကို ပဲခူးတိုင်းဒေသကြီး၊

သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ ရေလွှမ်းမိုးခြင်းဖြစ်ပေါ်လေ့ရှိသည့် မြို့နယ်(၁၂)မြို့နယ်အား ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ အခြေခံပညာ ဦးစီးဌာနညွှန်ကြားချက် အရပုံမှန်ချိန် မြစ်ကူးချောင်းခြား ကျောင်းတက်ရသော ကျောင်းသား/ သူများအတွက် အသက်ကယ်အင်္ကျီ (Life jacket)များ ထပ်မံခွဲဝေပေးပါရန် တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ ထပ်မံရရှိပါက ဆက်လက်ခွဲဝေပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ဦးဝင်းကို၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ပတ္တော်ကို တက္ကသိုလ်စာမေးပွဲစာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပတ္တော်ကျေးရွာ၊အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင် စာမေးပွဲစာစစ်ဌာန အသစ်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ထောက်ခံချက်များ အစုံအလင်ရှိပြီး ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းကို မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၆)နှင့် (၇)တို့ကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်၍ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လက်ပံတန်းမြို့နယ်အတွင်းရှိ ရေငံကျေးရွာမှ -စီတုံး ကျေးရွာပါ (၇)ရွာသည် နိုင်ငံတော်လျှပ်စစ်စီမံကိန်း (NEP) (၂)မိုင်အတွင်း ကျရောက်ပြီး ပါဝင်ခြင်းမရှိ ကျန်ရှိနေပါသဖြင့် တိုင်းဒေသကြီး ဘတ်ဂျက်မှ ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"လက်ပံတန်းမြို့နယ် ကုတင်(၅၀)ဆံ့ ဆေးရုံကို အဆင့်မြှင့်တင်ပေးရန်နှင့် အထူးကုဆရာဝန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်းရှိ နိုင်ငံတော်လျှပ်စစ် စီမံကိန်း (NEP) တွင်(၂)မိုင်အတွင်း ကျရောက်ပြီးပါဝင်ခြင်းမရှိသောကျေးရွာများ ကျန်ရှိနေ ပါသည်။ ၎င်းကျေးရွာများမှာ-

| | |
|---|---|
| - ရေငံကျေးရွာမှ-စီတုံးကျေးရွာ | (၂၂၀၀)ပေ၊ |
| - ရေငံကျေးရွာမှ-သရက်တောကျေးရွာ | (၃၅၀၀)ပေ၊ |
| - ရေငံကျေးရွာမှ-တောင်တန်းမြိုင်ကျေးရွာ | (၅၀၀၀)ပေ၊ |
| - မင်းလမ်းလိုင်းတွင်-ခွေးသေကုန်းကျေးရွာ | (၂၅၀၀)ပေ၊ |
| - နတ်စင်ကုန်းကျေးရွာမှ-ရွာသစ်ကျေးရွာ | (၅၀၀၀)ပေ၊ |

- နတ်စင်ကုန်းကျေးရွာမှ-ဆင်ကူးကျေးရွာ (၄၇၀၀)ပေ၊

- နတ်စင်ကုန်းကျေးရွာမှ-ကျီးပင်တင်းကျေးရွာ (၇၅၀၀)ပေ တို့မှာ ကျန်ရှိနေသော ကျေးရွာများဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကျေးရွာများကို တိုင်းဒေသကြီးဘတ်ဂျက်မှ ထည့်သွင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိနှင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာနယ်နိမိတ် အတွင်းကျရောက်ပြီး (၄၀၀)ဗို့အားလိုင်း တည်ဆောက်ပေးထားနိုင်ခြင်းမရှိသောပေပင်များအား (၂၀၁၇-၂၀၁၈) (BE)တွင် ထည့်သွင်းရေးဆွဲ တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၌ ကုတင်(၅၀)ခန့်ဆေးရုံ တစ်ခုရှိပါသည်။ အဆိုပါဆေးရုံကို အဆင့်မြှင့်တင်ပေးနိုင်ရန်နှင့် အထူးကုဆရာဝန်ချထားပေး နိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

ကျွန်တော်တို့ လက်ပံတန်းမြို့မှာ အဆိုပါဆေးရုံကိုသာ အားကိုးနေကြသော ပြည်သူများမှာ ကျေးရွာအုပ်စု(၅၃)အုပ်စု၊ လူဦးရေ(၂)သိန်းခန့်ရှိပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံနှင့်လည်း မိုင်(၁၀၀)ခန့် ကွာဝေးပါသည်။ မြို့နေပြည်သူများမှာ လက်ပံတန်းမြို့နယ်ဆေးရုံမှ မနိုင်နင်းသော လူနာအပေါင်းမှာ ရန်ကုန်သို့ သွားရောက်ကုသရသည်မှာ အခက်အခဲ(ငွေကြေး) ကုန်ကျမှုများစွာကုန်ကျရသည့်အတွက် ဒုက္ခအပေါင်း ခံစားနေရသည်ကို ကြားနေရပါသည်။

သို့ပါ၍ လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံကို အဆင့်မြှင့်ပေးနိုင်ရန်နှင့် အထူးကုဆရာဝန်ချထားပေးပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“လက်ပံတန်းမြို့နယ်အတွင်းရှိ ရေငံကျေးရွာမှ -စီတိုးကျေးရွာပါ (၇)ရွာသည် နိုင်ငံတော်လျှပ်စစ်စီမံကိန်း (NEP) (၂)မိုင်အတွင်း ကျရောက်ပြီး ပါဝင်ခြင်းမရှိ ကျန်ရှိနေပါသဖြင့် တိုင်းဒေသကြီး ဘတ်ဂျက်မှ ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ လက်ပံတန်းမြို့နယ်အတွင်းရှိ တောင်ပေါ်စု-ရေငံကျေးရွာ၊ သရက်တော-စီတိုးကျေးရွာ၊ တောင်တန်းမြိုင် ကျေးရွာအပါအဝင် ကျေးရွာ(၁၉)ရွာ ဓာတ်အားရရှိရေးအတွက် 11KV ဓာတ်အားလိုင်း (၁၄. ၀၂)မိုင် Main Line တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် တည်ဆောက်ပေးထားပြီး အဆိုပါကျေးရွာများမှ Tap Off ပြုလုပ်၍ ဓာတ်အားရယူသုံးစွဲရမည်ဖြစ်ပါသည်။ ခွေးသေကုန်းကျေးရွာသည် 11KV မြို့တွင်းလိုင်းနှင့် (၂. ၂)မိုင်ခန့် ကွာဝေး၍ အိမ်ခြေ(၃၀)ခန့်သာရှိပါသည်။ ညောင်ဝိုင်း ကျေးရွာမီးလင်းရေး ကိုယ်ထူကိုယ်ထ ဓာတ်အားလိုင်း တည်ဆောက်ပြီးမှသာ 11KV ဓာတ်အားလိုင်းနှင့် (၂၅၀၀)ပေကွာ ဝေးခြင်းဖြစ်ပါသဖြင့် (NEP)ကျေးရွာများ စာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိပါ။

ရွာသစ်ကျေးရွာ၊ ဆင်ကူးကျေးရွာနှင့် ကျီးပင်ဟင်းကျေးရွာများအား (NEP) (၅)မိုင် အတွင်းကျေးရွာများ စာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ လက်ပံတန်းမြို့နယ် စည်ပင်သာယာ နယ်နိမိတ်အတွင်း ကျရောက်ပြီး (၄၀၀)ဗို့ခွာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများဖြစ်သည့် ကျွန်းကလေး၊ ညောင်ပင်သာလမ်းတွင် (၄၀၀)ဗို့လိုင်း (၅၀၀)ပေ၊ မင်းရပ်ရပ်ကွက်၊ ဆရာစံလမ်းသွယ် (၁၁)တွင် (၄၀၀)ဗို့လိုင်း (၅၀၀)ပေ၊ မင်းရပ်ရပ်ကွက်၊ ဆရာစံလမ်းသွယ်(၁၂)တွင် (၄၀၀)ဗို့လိုင်း (၁၂၀၀) ပေ၊ ကျွန်းကလေး၊ အိုးဘိုတန်းလမ်းတွင် (၄၀၀)ဗို့လိုင်း (၇၂၀)ပေတည်ဆောက်ခြင်းလုပ်ငန်းများသာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေလျာထားမှုစာရင်းတွင် ပါရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ကွဲလွဲနေသည့် အချက်များရှိနေသည့်အတွက် ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းတွင် မေးမြန်းထားသည်မှာ NEP စီမံကိန်းတွင် ထည့်သွင်းပေးဖို့ ဝန်ကြီးမှ ပြောသည်ဟု မိမိမှကြားထားပြီးဖြစ်ပါသည်။ နောက်တစ်ချက်က ရေငံကျေးရွာမှ စီတုံးကျေးရွာသို့ ပေအတိအကျနှင့် တိုင်းပြီး တင်ပြပေးမည်ဖြစ်ပါသည်။ ခန့်မှန်းခြေ မဟုတ်ဘဲ ပေများကို အတိအကျကောက်ယူပြီး မေးမြန်းထားခြင်းဖြစ်ပါသည်။ မေးမြန်းထားသည့် မေးခွန်းနှင့် ဝန်ကြီးဖြေကြားသည့် အဖြေလွဲနေပါ၍ မိမိမေးထားသည်မှာ မပါသော်လည်း ၂၀၁၇-၂၀၁၈ BE တွင် ထည့်သွင်းရေးဆွဲ တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးမြန်းခြင်းဖြစ်ပါသည်။ စည်ပင်သာယာရေး နယ်နိမိတ် အတွင်းကျရောက်ပြီး (၄၀၀)ဗို့အားလိုင်း တည်ဆောက်ခြင်းမရှိသည့် လမ်းများမှာ လမ်း (၂၀) (၂၅)လမ်းမျှ ရှိပါသည်။ တိတိကျကျစာရင်းမှာ ထည့်ပါသည်။ သို့သော်လည်း (၃)၊ (၄)လမ်းမျှသာ ထည့်ရေးထားသည်ကို တွေ့ရပါသည်။ ၄င်းလမ်းများမှာ ဆရာစံလမ်းသွယ် (၁၂)ဟု အဖြေတွင် ဖော်ပြထားပါသည်။ (၆)၊ (၈)၊ (၉)၊ (၁၀)လမ်းများမှာ မပါဝင်ခဲ့ဘဲ (၁၁)၊ (၁၂)လမ်းတို့ ပါရှိပါသည်။ ၄င်းအချက်ကို ဝန်ကြီးအနေဖြင့် မည်ကဲ့သို့ဖြစ်သည် ဆိုသည့်အကြောင်း ရှင်းလင်းဖြေကြားပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။ ပိုမိုပြီးသိသာထင်ရှားအောင် ဝန်ကြီးနှင့် သီးခြားတွေ့ဆုံပြီး မေးမြန်းရမည့်ကိစ္စဖြစ်ပါတယ်။ လမ်းများကို အတိအကျသိရန် ကိုယ်တိုင် မေးမြန်းရန်ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းကို ပြည့်ပြည့်စုံစုံဖြေကြားပေးဖို့ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် အပြင်မှာ တွေ့ဆုံပြီး ၂၀၁၆-၂၀၁၇တွင် ပိုလျှံသည့် ဘတ်ဂျက်ရှိပါသည်။ ပိုလျှံဘတ်ဂျက်မှ လုပ်ပေးနိုင်သည့်အရာကို တွက်ချက်၍ ရပါသည်။ ၂၀၁၇-၂၀၁၈တွင် အချို့ကို ထည့်သွင်းလျာထားပြီး ကျန်တာလည်းရှိပါသည်။ ထို့ကြောင့် မြေပြင်အခြေအနေအရ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် တိုင်ပင်ပြီး ၂၀၁၆-၂၀၁၇ ပိုလျှံဘတ်ဂျက်မှနေ၍ ခေါင်းစဉ်ပြောင်းပြီး Cabinet တွင် အတည်ပြုချက်ရယူ၍ ခွင့်ပြုလျှင် ပိုလျှံသည့်ဘက်မှ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင် မေးမြန်းသည့်မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ တစ်စိတ်တစ်ဒေသကတိကဝတ်ဖြစ်ပါသွားပါပြီ။ ကျန်တာကို ဝန်ကြီးနှင့် ကိုယ်တိုင်တွေ့ပြီး လမ်းများကို မြေပုံချပြီး ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။မေးခွန်းများမေးမြန်းသည်မှာများသောအားဖြင့် ဘတ်ဂျက်နှင့် သက်ဆိုင်နေပါကြောင်း၊ ဘတ်ဂျက်စီးကြောင်း(၂)ခုရှိပါသည်။ တိုင်းနှင့်ပြည်နယ်ဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်ဟူ၍ သီးခြားရှိပြီး ပညာရေးနှင့် ကျန်းမာရေးကိစ္စများသည်တိုင်းဒေသကြီးဘတ်ဂျက်တွင် မပါဝင်သည်ကများပါသည်။ လမ်းပန်း၊ လျှပ်စစ်ကဲ့သို့ ကြီးကျယ်သည့်ကိစ္စများသည် တိုင်းဒေသကြီးဘတ်ဂျက်တွင် မပါဝင်သည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် မေတ္တာရပ်ခံချင်သည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင် ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုတွင်ဆက်လက်ပြီး မေးမြန်းပေးရန် တိုက်တွန်းဖို့လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ မိမိလိုချင်သည့်ကိစ္စများတိုင်းဒေသကြီးတွင် မပါဝင်လျှင် ပြည်ထောင်စုတွင် ပါဝင်နိုင်သည့် အလားအလာရှိပါသည်။ ဆက်လက်ပြီးအကြံပြုချင်သည်မှာ ကိုယ်ဖြစ်ချင်သည့် ကိစ္စအဝဝကို မိမိတို့၏ ဝန်ကြီးဌာနများနှင့် အကြေအလည် ညှိနှိုင်းပြီး မေးခွန်းများကို မေးမည်ဆိုလျှင် အဓိကကျသည့် ကိစ္စများကို လိုအပ်လျှင် ကွင်းဆင်းပြီးမေးပါက ပိုပြီးအဆင်ပြေနိုင်မည်ဖြစ်ပါသည်။

ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ် ကုတင်(၅၀)ဆံ့ဆေးရုံကို အဆင့်မြှင့်တင်ပေးရန်နှင့် အထူးကုဆရာဝန်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီ ခရိုင်လက်ပံတန်းမြို့နယ်၌ ကုတင်(၅၀)ဆံ့ဆေးရုံအားအဆင့်မြှင့်တင် ပေးနိုင်ပါရန်နှင့် အထူးကုဆရာဝန် ချထားပေးနိုင်ပါရန် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြပေးမည်ဖြစ်ပါသည်။ ကုသရေးဦးစီးဌာန၏ ရရှိလာသော ညွှန်ကြားချက်ကို

ပြန်လည်ဖြေကြား ပေးမည်ဖြစ်ပါကြောင်း အဖြေဘဲရပါမည်။ ၎င်းအဖြေများသည် အဓိကမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များအနေနှင့် ပြည်ထောင်စုအဆင့်မှ ၎င်းကိစ္စများကို ပြည်ထောင်စုအဆင့်တွင် ပါဝင်သည့် ကိုယ်စားလှယ်များကို မေးခိုင်းရန် အကြံပေးလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးကဲ့သို့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုက်ရိုက်ကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး အမြန်ဆုံးဆက်လက်တင်ပြရန်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး ပြည်ထောင်စုအဆင့်တွင် ဆက်လက်ပြီး မေးမြန်းပါက ပိုမိုပြီး မြန်ဆန်လာမည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေး ကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းက လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေး ကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းက လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တင်သွင်းသည့် အစီရင်ခံစာ

**နိဒါန်း**

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၆)ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့မှ (၂၁)ရက်နေ့အထိလည်းကောင်း၊ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁၆/၂၀၁၆)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့မှ နိုဝင်ဘာလ(၄)ရက်နေ့ အထိလည်းကောင်း၊ ကြားနာခြင်းအစည်းအဝေးကို နိုဝင်ဘာလ(၃)ရက်နေ့တွင်လည်းကောင်း၊ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁၇/၂၀၁၆) ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၁၅)ရက်နေ့မှ (၁၈)ရက်နေ့အထိလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး၊ ၂၀၁၆

ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့နှင့် (၁၈)ရက်နေ့တို့တွင် စည်ပင်သာယာရေးဥပဒေကြမ်းနှင့်ပတ်သက်သည့် ကြားနာခြင်းအစည်း အဝေးကို လည်းကောင်း၊ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆)ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့မှ နိုဝင်ဘာလ(၃၀)ရက်နေ့အထိ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ် အားလုံးနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို ဒီဇင်ဘာလ(၁)ရက်နေ့နှင့် (၂)ရက်နေ့တို့တွင် လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့်ထပ်မံညှိနှိုင်းဆွေးနွေးခြင်းကို ဒီဇင်ဘာလ(၈) ရက်နေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁၉/၂၀၁၆) ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့မှ ဒီဇင်ဘာလ(၁၀)ရက်နေ့အထိ လည်းကောင်း၊ ကျင်းပပြုလုပ်ခဲ့ပြီး စည်ပင်သာယာရေး ဥပဒေ(မူကြမ်း) ပေါ်ပေါက်လာရေးအတွက် ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အချက်များ(၅၀)ရာခိုင်နှုန်း ကျော်ရှိ၍ စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)အသစ် ပေါ်ပေါက်လာစေရန်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့မှ (၂၁)ရက်နေ့အထိတို့တွင် ကော်မတီ(၂)ရပ် ပူးပေါင်းအစည်းအဝေး(၁၅/၂၀၁၆)၌ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းမည့် ဘေးအန္တရာယ်ရှိ လိုင်စင်လုပ်ငန်း၊ လေလံ၊ တင်ဒါ၊ တိရစ္ဆာန်အသားရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ မွေးမြူခြင်း၊ စည်ပင်သာယာရေးကော်မတီများ သီးခြားဘဏ်အကောင့်ဖွင့်လှစ်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)တွင် ထည့်သွင်းမည့် ဘေးအန္တရာယ်ရှိ လိုင်စင်လုပ်ငန်း၊ လေလံ၊ တင်ဒါ၊ တိရစ္ဆာန် အသားရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ မွေးမြူခြင်း၊ စည်ပင်သာယာရေး ကော်မတီများ သီးခြားဘဏ်အကောင့် ဖွင့်လှစ်ရန်ကိစ္စရပ်များအား အသေးစိတ် လေ့လာခဲ့ရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ(၂)ရပ် ပူးပေါင်းအစည်းအဝေး (၁၆/၂၀၁၆)ကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ (၄)ရက်နေ့တို့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ(၄)ရက်နေ့အထိ တို့တွင် ကော်မတီ (၂)ရပ် ပူးပေါင်းအစည်းအဝေး(၁၆/၂၀၁၆)ကိုပြုလုပ်ခဲ့ပြီး နိုဝင်ဘာလ(၃) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ကြားနာခြင်း ဆောင်ရွက်ခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

- ကော်မတီ(၂)ရပ်၏ နောက်တစ်ကြိမ်ပူးပေါင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့မှ(၁၈)ရက်နေ့တို့တွင် ထပ်မံကျင်းပရန်။
- စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့ထံမှ အကြံပြုစာများ တောင်းခံ၍ နိုဝင်ဘာလ(၁၇)ရက်နေ့ နံနက်(၁၀)နာရီတွင် ကြားနာပွဲပြုလုပ်ရန်ဆုံးဖြတ်ပြီး ကော်မတီ(၂)ရပ်ပူးပေါင်း အစည်းအဝေး (၁၆/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့မှ(၁၈)ရက်နေ့အထိတို့တွင် ကော်မတီ(၂)ရပ် ပူးပေါင်း အစည်းအဝေး(၁၇/၂၀၁၆)ကိုပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့နှင့် (၁၈)ရက်နေ့ တို့တွင် စည်ပင်သာယာရေးဥပဒေမူကြမ်းနှင့်ပတ်သတ်၍ ကြားနာခြင်းဆောင်ရွက်ခဲ့ပြီး အောက်ပါ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

- ကော်မတီ(၂)ရပ်၏ နောက်တစ်ကြိမ်ပူးပေါင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့မှ(၃၀)ရက်နေ့တို့တွင် ထပ်မံကျင်းပရန်။
- စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့ နှင့်(၂)ရက်နေ့တို့တွင် လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဆွေးနွေးရန် ဆုံးဖြတ်ပြီး ကော်မတီ(၂)ရပ်ပူးပေါင်း အစည်းအဝေး (၁၇/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့မှ(၃၀)ရက်နေ့အထိတို့တွင် ကော်မတီ (၂)ရပ် ပူးပေါင်း အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၆)ကို ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့နှင့် (၂)ရက်နေ့တို့တွင် လွှတ်တော်ကိုယ်စားလှယ်အားလုံးတို့နှင့် ညှိနှိုင်းပူပေါင်း ဆွေးနွေးခဲ့ကြကာ စည်ပင်သာယာရေးဥပဒေမူကြမ်းအား ကြားနာမှုပြုလုပ်၍ ထပ်မံတွေ့ရှိချက်များကို ဆွေးနွေးခဲ့ကြကာ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး ပူးပေါင်းအစည်းအဝေး(၁၈/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား(၁၂-၁၂-၂၀၁၆) ရက်နေ့ တွင်ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းရန်။
- ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှ စည်ပင်သာယာရေးဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍အကြံပြုချက်များအား(၇-၁၂-၂၀၁၆)ရက်နေ့တွင် နောက်ဆုံး ထားပေးပို့ရန်။
- နောက်တစ်ကြိမ်ပူးပေါင်းအစည်းအဝေးကို (၈-၁၂-၂၀၁၆)ရက်နေ့မှ (၉-၁၂-၂၀၁၆) ရက်နေ့ထိ ကျင်းပပြုလုပ်ရန်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ထပ်မံညှိနှိုင်း ဆွေးနွေးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ နေ့လယ်ပိုင်းမှ(၁၀)ရက်နေ့အထိ တို့တွင် ကော်မတီ (၂)ရပ်ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁၉/၂၀၁၆)ကို ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်

များ၏ အကြံပြုချက်များအပေါ် ပြင်ဆင်ရန်ထပ်မံတွေ့ရှိချက်များကို ဆွေးနွေးခဲ့ကြကာ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး ပူးပေါင်းအစည်းအဝေး(၁၉/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား(၁၂-၁၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူး ဦးလင်းလင်းကျော်က တင်သွင်းရန်။
- ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅)၊ ပဲခူးတိုင်း ဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအား ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထံမှ အကြံပြုချက်များ ကြိုတင်တောင်းခံသွားရန်။
- ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစီရင်ခံစာ(၄/၂၀၁၆)ကို ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်းက တင်သွင်းရန်။

## ရှေ့လုပ်ငန်းစဉ်များ

- ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်သွားရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ (၃/၂၀၁၆)အစီရင်ခံစာပါ ကျန်ရှိသည့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်အကောင်ထည်ဖော် ဆောင်ရွက်ရန်။

## နိဂုံး

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့မှ ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)အား ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းနိုင်ခဲ့ပြီး ကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီး အကျိုးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုအရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒ ထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာ ထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံ ဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့်ပဲခူးတိုင်းဒေသကြီး အစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး” အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေအထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန် ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး”** အဆိုကို ဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာစောညိုဝင်းတင်သွင်းသော “ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြော်ငြာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏အခွင့်အရေး ကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး” အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမည့် ကဝမြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးခိုင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၈)နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့်တာဝန်များ အခန်းတွင် ပါဝင်သော ပုဒ်မ ၃၅၄မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်-

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး

(သို့မဟုတ်)ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

အခွင့်အရေး (က)မှ (ဃ)အထိ အခွင့်အရေး(၄)မျိုးပေးထားပါတယ်။ ဒီအခွင့်အရေး(၄)မျိုးထဲမှ အဆိုရှင်တင်သွင်းသော အဆိုနှင့် သက်ဆိုင်သော အပိုဒ်(က)နှင့် (ခ) ကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အပိုဒ်(က)မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ဆိုတဲ့ အခွင့်အရေးပေးထားပါတယ်။ "နိုင်ငံသားများအနေဖြင့် ဒီအခွင့်အရေး သုံးစွဲတဲ့နေရာမှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်ရပါဘူး၊ ဆန့်ကျင်မယ်ဆိုရင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဌင်းရာဇဝတ်ကြောင်းဥပဒေအရသော်လည်းကောင်း အရေးယူခံရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ (၁၉၄၈)ခုနှစ်၊ ဒီဇင်ဘာ(၁၉)ရက်နေ့တွင် အထွေထွေညီလာခံ အစည်းအဝေးကြီးမှ အတည်ပြုကြောင်းကြေညာလိုက်သော အပိုဒ် ၃၀တွင် ပါဝင်တဲ့ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကြီး (Universal Declaration of Human Right) Article (20)(1) အပိုဒ်(၂၀)(၁)မှာ အောက်ပါအတိုင်းဖော်ပြထားပါတယ်။

Article (20)(1) Everyone has right to Freedom of peaceful assembly and association လို့ဖေါ်ပြထားပါတယ်"

"ဒီအပိုဒ်ကို မြန်မာဘာသာပြန်မယ်ဆိုလျှင် လူတိုင်းတွင် လွတ်လပ်စွာအေးချမ်းစွာစုဝေးဆောင်ရွက်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်တို့ရှိသည်ဟု ပြန်လို့ရပါတယ်။ ဒီအပိုဒ်ကို ကြည့်မယ်ဆိုလျှင် လွတ်လွတ်လပ်လပ် စုဝေးဆောင်ရွက်ခွင့်ကို အေးချမ်းစွာဆိုတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ တိတိကျကျကန့်သတ်ဖော်ပြထားတာကို တွေ့ရပါတယ်" ကမ္ဘာကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း လူ့အခွင့်အရေးကြေငြာစာတမ်းပါ အချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်တစ်နိုင်ငံဖြစ်တာကြောင့် လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ်(၂၀)(၁)အား လိုက်နာအကောင်အထည်ဖော်ရန် တာဝန်ရှိပါတယ်။

သို့အတွက်ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းပါ ပုဒ်မ ၃၅၄ ၊ အပိုဒ်ခွဲ(က)နှင့်(ခ) အပိုဒ်ပါ အခွင့်အရေးများနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ကြေညာခဲ့သော အပြည်အပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၂၀ အပိုဒ်ခွဲ(၁)တွင် ပါဝင်သော အခွင့်အရေးများနှင့် အလားတူ ဖြစ်နေကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၏ အထက်က တင်ပြခဲ့သလို လွတ်လပ်စွာ စုဝေးခြင်း၊ စီတန်းလှည့်လည်ခွင့်တို့ကို အခွင့်အရေးရယူသူတို့၏ လိုက်နာရမည့် တာဝန်များကို ဥပဒေမှာ တိတိကျကျဖော်ပြထားပြီးဖြစ်ပါတယ်။ "သို့အတွက်ကြောင့် အုပ်ချုပ်ရေးဌာနတစ်ခုခုမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏

မူလအခွင့်အရေးနှင့်တာဝန်များကို ရယူသုံးစွဲသော နိုင်ငံသားများအား ကန့်သတ်နယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကန့်သတ်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပေးထားသော အခွင့်အရေးများကို ပျက်စီးစေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ အုပ်ချုပ်ရေးဌာနများမှ အုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းသည် မလျော်ကန်သော လုပ်ဆောင်ချက်ဖြစ်ပါတယ်။"

သို့ပါသောကြောင့် အဆိုရှင်သနပ်ပင်မြို့နယ်မဲဆန္ဒနယ်မြေအမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းတင်သွင်းသော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုက ရေစီအစိုးရနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်းနှင့် အခမ်းအနားကျင်းပခွင့်၊ ကန့်သတ်နယ်မြေထုတ်ပြန်ကြေညာထားသည့် အမိန့် ကြော်ငြာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး အဆိုကို ကျွန်တော် ကဝမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးခိုင်မှ လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီ အစိုးရနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေထုတ်ပြန်ကြေညာထားသည့် အမိန့်ကြော်ငြာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၄အရ နိုင်ငံသား တိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

- မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်၊
- လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အပြင်(ယ) (င)တို့ကို ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ယခုပြည်သူဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သောပြည်သူ အစိုးရတစ်ရပ်ဖြစ်သောကြောင့် ဆန္ဒပြခြင်းအား ကြောက်ရမည့်အစိုးရမဟုတ်ကြောင်း ဆန္ဒပြခြင်းသည် ပြည်သူတို့၏ အခွင့်အရေးဖြစ်ကြောင်း ဥပဒေနှင့်အညီဆန္ဒပြခွင့်အား တင်ပြလာလျှင်ခွင့်ပြုရမည် ဖြစ်သည့်အပြင် ဆန္ဒပြခြင်းနှင့်ပတ်သက်၍ လိုအပ်ပါက အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၃ (၁. ၁၁. ၂၀၁၃)နှင့် ၅/၂၀၁၆ (၁. ၃. ၂၀၁၆) ကန့်သတ်မိန့်များထုတ်ပြန်၍ နယ်မြေများကန့်သတ်ထားခြင်းသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို မေးမိုန်စေကြောင်း တွေ့ရှိရသည့် အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အခွင့်အရေးများကိုလည်း ပိတ်ဆို့ရာရောက်နေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေးအဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော်အကြံပေးများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို တက်ရောက်သူအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်( ၁ )မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော့်အနေနဲ့ သနပ်ပင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်းတင်သွင်းထားသော အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျာ။ ယခုလိုဒီမိုကရေစီအစိုးရ၊ ပြည်သူရွေးချယ်တဲ့ အစိုးရခေတ်ဖြစ်သည့်အတွက် အဆိုမှာပါသလို ပဲခူးတိုင်းဒေသကြီးအတွင်း မည်သည့်မြို့နယ်များမှ ၊မည်သည့်အုပ်ချုပ်ရေးမှူးကမှ ပြည်သူတို့ရဲ့မူလအခွင့်အရေးများကို ကန့်သတ်ခြင်းများပြုလုပ်ရန်ခွင့်မပြုသင့်ကြောင်းနှင့် ယင်းနှင့်ဆက်စပ်သော ယခင်အစိုးရအဆက်ဆက် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများကိုလည်း လျင်မြန်စွာ ဖျက်သိမ်းသင့်ကြောင်း ဦးစွာတင်ပြလို ပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ လူသားတိုင်းမိမိကြမ္မာကို မိမိကိုယ်တိုင် လွတ်လပ်စွာဖန်တီး၊ တာဝန်ယူ၊ တာဝန်ခံရဲသော စနစ်ပဲဖြစ်ပါတယ်။ ယခုလို ပြည်သူများ မိမိကံကြမ္မာကို မိမိလွတ်လပ်စွာ ဖန်တီးနိုင်ရန် ပြည်သူများ၏ အခြေခံလွတ်လပ်ခွင့်များကို ပြည်သူကိုယ်တိုင်ကသာမက ပြည်သူကရွေးချယ်တင်မြှောက်ထားသော အစိုးရကလည်း ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်ပါတယ်။ အခြေခံ လူ့အခွင့်အရေးများ (Fundamental Human Rights)နှင့် လွတ်လပ်ခွင့် (Freedom) ဆိုတာ ဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလို ခွဲခြားမရနိုင်ပါ။ ဒီလိုပါပဲ ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူအများ မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့်၊လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် တို့ကို ခွင့်ပြုရမှာဖြစ်သလို ယခုလို ငြိမ်းချမ်းစွာ စုဝေး၊ စီတန်းလှည့်လည်တယ်ဆိုတာ

ဒီမိုကရေစီရဲ့ ပြယုဂ်၊ ဒီမိုကရေစီအစိုးရရဲ့ဂုဏ်သိက္ခာပါ။ ပြည်သူ့အသံကိုနားထောင်ရဲတာမှ ပြည်သူ့အစိုးရပါ။

ဒါကြောင့် နိုင်ငံရေးအသွင်ဆောင်သော လှုပ်ရှားမှုများအဖြစ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်၊ စုဝေးဟောပြော၊ ဆန္ဒဖော်ထုတ်ခြင်း၊ မပြုရသော နယ်မြေများသတ်မှတ်ထားသော အမိန့်များ ဆက်လက်တည်ရှိနေခြင်းဟာ ဒီနေ့ဒီအချိန်မှာမဖြစ်သင့်တော့ပါ။

ကျွန်တော်တို့၏ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ပြောခဲ့သလို "ဥပဒေအမိန့်ဆိုတာ ပြည်သူကို အကာအကွယ်ပေးဖို့သာဖြစ်တယ်။ ပြည်သူကိုဖိနှိပ်ချုပ်ချယ်ဖို့ မဟုတ်ဘူးဆိုတဲ့" စကားဟာ လက်ရှိလိုက်နာမှတ်သားရမည့် လမ်းညွှန်စကားဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းမှာ ပြဋ္ဌာန်းထားသလို အခြေခံလူ့အခွင့်အရေးဆိုတာ လူသားတိုင်းရဲ့ မွေးရာပါအခွင့် အရေးဖြစ်ပါတယ်။

အထက်ပါအချက်အလက်များကို ထောက်ရှု၍ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်း တင်သွင်းခဲ့သော "ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သည့်ဒီမို ကရေစီကျင့်စဉ်နှင့်ဆန့်ကျင်၍ ပြည်သူတို့၏ရပိုင်ခွင့် အခွင့်အရေး ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ် နယ်မြေထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာများကို ဖျက်သိမ်းပြီး ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် အကောင်အထည်ဖော်နိုင်ရေး" အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ်နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး"** အဆိုနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ အဆိုနှင့်ပတ်သက်၍ ပဲခူးမြို့နယ်အတွင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒဖော်ထုတ်ခြင်းကိစ္စနှင့်ပတ်သက်၍ ပဲခူးမြို့နယ်အတွင်း စီတန်းလှည့်လည်ရာတွင် ဥပဒေနှင့်မညီသော စီတန်းလှည့်လည်ခြင်းများ၊ လမ်းလျှောက်ခြင်းများကြောင့် အများပြည်သူများ၏ လွတ်လပ်စွာသွားလာနေထိုင်မှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လမ်းမကြီးနှင့် လမ်းသွယ်များတွင် သွားလာ

နေကြသည့် ခရီးသည်များ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ ပို့ဆောင်သွားလာမှုကို နှောင့်နှေး ကြန့်ကြာရာရောက်ခြင်း၊ ဥပဒေမဲ့ စီတန်းလှည့်လည်ဟောပြောသည့်အဖွဲ့နှင့်အတူ မလိုလားအပ်သည့် အခြားဘေးပယောဂများ ပူးပေါင်းပါဝင်လာနိုင်ခြင်း၊ ဖြစ်ပေါ်လာသည့် လူစုလူဝေးကြောင့် ရုန်းရင်းဆန်ခတ်မှုများ၊ ဥပဒေမဲ့ရမ်းကားဖျက်ဆီးမှုများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စုများအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် အများပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးများကို ရှေးရှုလျက် ယခင်သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် အထက်ဌာန အဖွဲ့အစည်းများ၏ နယ်မြေဒေသလိုအပ်ချက်များအပေါ် လမ်းညွှန်မှုများအရ အမိန့်ထုတ်ပြန်ရခြင်းဖြစ်ပြီး ပဲခူးမြို့နယ်၏ အဓိကလမ်းမကြီး(၃)ခုဖြစ်သည့် တောင်ငူလမ်း၊ ဘုရားလမ်း၊ သနပ်ပင်လမ်းတစ်လျှောက် သာမက ရန်ကုန်-မန္တလေး လမ်းမကြီးဖြစ်သော ပဲခူးမြစ်ကူးတံတားမှစ၍ ကမာနတ်ဓာတ်အားခွဲရုံရှေ့စသည့် မြို့ပေါ်ရပ်ကွက်များရှိ အချက်အချာကျသော နေရာဒေသများသို့ ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်ရခြင်းမှာ ဘုရားဝတ္တကမြေများ ရှိခြင်း၊ အစိုးရရုံးများ၊ တရားရုံးများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဆေးရုံ၊ ဆေးခန်းများ တည်ရှိခြင်း၊ ရောင်းဝယ်ဖောက်ကားမှုထူပြောခြင်းတို့ကြောင့် အဆိုပါနေရာရှိလမ်းများပေါ်တွင် အစဉ်အမြဲ ယာဉ်အမျိုးမျိုးနှင့် လမ်းသွားလမ်းလာများ ဥဒဟိုသွားလာလျက်ရှိပြီး ယာဉ်အန္တရာယ်ရှိနိုင်ပါသဖြင့် နိုင်ငံရေးအသွင်ဆောင် သော လှုပ်ရှားမှုများအဖြစ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒဖော်ထုတ်ခြင်း မပြုလုပ်ရသောနယ်မြေအဖြစ် သတ်မှတ်ရခြင်းဖြစ်ပါသည်။

ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းများအား ပဲခူးမြို့၏ အဓိက လမ်းမကြီးများဖြစ်သည့် နေရာများတွင် မပြုလုပ်ရန် တားမြစ်ရခြင်းမှာ **အုပ်ချုပ်ရေးအမြင်အရ အများပြည်သူအများဆုံး သွားလာအသုံးပြုနေသော လမ်းမကြီးများ ပိတ်ဆို့ရပ်တန့်မှု မရှိစေရေး "ပြည်ထောင်စုလမ်း၊ အဝေးပြေးလမ်းပေါ် လုံးဝတက်ခွင့်မပြုကြောင်း"** ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ (၂၂. ၁၀. ၂၀၁၄)ရက်စွဲပါ အကြောင်းကြားစာအရ ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းကြောင့် တားမြစ်ရခြင်းဖြစ်ပြီး ယခင်ထုတ်ပြန်ခဲ့သောအမိန့်များသည် ယခုကာလအခြေအနေနှင့် ကိုက်ညီမှုမရှိ၍ ပယ်ဖျက်မည်ဆိုပါက အထက်ဌာနများ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဒေါက်တာစောညိုဝင်းက မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်း ဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော ဒီမိုကရေစီအစိုးရနှင့်**

**ပြည်သူတို့၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းနှင့် အခမ်းအနားကျင်းပခွင့် ကန့်သတ် နယ်မြေ ထုတ်ပြန်ကြေညာထားသည့် အမိန့်ကြေညာစာများ ဖျက်သိမ်းပြီး အခြေခံဥပဒေပါ ပြည်သူတို့၏ အခွင့်အရေးများကို အပြည့်အဝ ကိုယ်စားပြုသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖြစ် စီမံအကောင်အထည်ဖော်နိုင်ရေး”** အဆိုကို အတည်ပြုရန် သဘောတူ/ မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၅၇)ဦးအနက် ထောက်ခံသူ(၅၅)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၄း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
# [ ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၁၅ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၈. ၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင် [ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းနှင့် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်တို့သည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်နှင့် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်နှင့် ဗိုလ်မှူးသိန်းလွင်ဦးတို့သည် ကျန်းမာရေးမကောင်းပါသဖြင့် (၁၅-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက်နိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီဟူ၍ အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက် နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ ဦးကြည်ဇင်က တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ]။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က)(ခ)(ဂ) အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့် (ခ) အရလည်းကောင်း၊ (၆. ၄. ၂၀၁၆)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၉/၂၀၁၆အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီအား **“ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ”** ဟု အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။

- **ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးကြည်ဇင် | ဒုတိယဥက္ကဋ္ဌ၊ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

- **ကော်မတီ၏တာဝန်များ**

- ကော်မတီသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီအောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မှု ရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြစ်ကျောက်စရစ်ထုတ်လုပ်ခြင်း၊ ရွှေနှင့် အခြားသတ္တုများအား တရားမဝင်တူးဖော်ခြင်း မရှိစေရန် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တရားမဝင်သစ်များ ထုတ်လုပ်မှုမရှိစေရေး၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် ကာကွယ်ဆောင်ရွက်ရမည်။
- တရားမဝင် စက်သုံးဆီအရောင်းဆိုင်များ ပပျောက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား လေ့လာစိစစ်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာ နယ်ပယ်အသီးသီး ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ရမည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ ခံစားခွင့်ရှိသည့် ရပိုင်ခွင့်များနှင့်ပတ်သက်၍ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။
- ကော်မတီအစည်းအဝေးများတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်

များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကြည်ဇင်က တင်ပြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဟူ၍ အမည် ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက်နိုင်ရေးအတွက် တင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဟူ၍ အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များ ဖြည့်စွက်နိုင်ရန် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း [တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က (၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

# ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြ၍ ယင်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြ၍ ယင်းဥပဒေ (မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များကို ဥပဒေပြုရေးကော်မတီက ပြန်လည် ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင် သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

- ၂၀၁၆ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၂၂)ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၉၉)ခု ပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။
- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းတွင် ဥပဒေပုဒ်မ(၂)ခု၊ ပုဒ်မခွဲ(၃၂)ခုနှင့် ပုဒ်မခွဲငယ်(၁၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၂)၊ ရည်ရွယ်ချက်အခန်းတွင် ဥပဒေပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၃)ခု ပါရှိကြောင်း တွေ့ရှိ ရပါသည်။
- အခန်း(၃)၊ ကော်မတီဖွဲ့စည်းခြင်းအခန်းတွင် ဥပဒေပုဒ်မ(၃)ခု၊ ပုဒ်မခွဲ(၉)ခုနှင့် ပုဒ်မခွဲငယ် (၂၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၄)၊ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များအခန်းတွင် ဥပဒေ ပုဒ်မ(၅)ခုနှင့် ပုဒ်မခွဲ(၄၀)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၅)၊ စည်ပင်သာယာရေးဌာနများ ဖွဲ့စည်းခြင်းအခန်းတွင် ဥပဒေပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၃)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၆)၊ စည်ပင်သာယာရေးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအခန်းတွင် ဥပဒေပုဒ်မ(၂) ခုနှင့် ပုဒ်မခွဲ(၄၃)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၇)၊ အခွန်စည်းကြပ်ကောက်ခံခြင်းအခန်းတွင် ဥပဒေပုဒ်မ(၆)ခုနှင့် ပုဒ်မခွဲ(၁၄)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၈)၊ စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၅)ခုနှင့် ပုဒ်မခွဲ(၂၃)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။

- အခန်း(၉)၊ တင်ဒါနှင့်လေလံဆိုင်ရာ ကိစ္စရပ်များ စီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၃)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၀)၊ အငှားယာဉ်များစီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၄)ခုနှင့် ပုဒ်မခွဲ(၇)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၁)၊ စက်တပ်ယာဉ်ငယ်၊ ယာဉ်များနှင့် ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၇)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၂)၊ ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၉)ခုနှင့် ပုဒ်မခွဲ(၂၆)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၃)၊ သားသတ်လုပ်ငန်းများစီမံခန့်ခွဲခြင်းအခန်းတွင် ဥပဒေပုဒ်မ(၆)ခုနှင့် ပုဒ်မခွဲ (၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၄)၊ ကြီးကြပ်ခြင်းအခန်းတွင် ဥပဒေပုဒ်မ(၅)ခုနှင့် ပုဒ်မခွဲ(၅)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၅)၊ အယူခံဝင်ခြင်းအခန်းတွင် ဥပဒေပုဒ်မ(၃)ခုနှင့် ပုဒ်မခွဲ(၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၆)၊ ဘဏ္ဍာရေးအခန်းတွင် ဥပဒေပုဒ်မ(၃)ခုနှင့် ပုဒ်မခွဲ(၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၇)၊ ဝန်ထမ်းဖွဲ့စည်းပုံအခန်းတွင် ဥပဒေပုဒ်မ(၄)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၈)၊ ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်းအခန်းတွင် ဥပဒေပုဒ်မ(၂)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၁၉)၊ တားမြစ်ချက်များအခန်းတွင် ဥပဒေပုဒ်မ(၁၀)ခုနှင့် ပုဒ်မခွဲ(၃၄)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၂၀)၊ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းအခန်းတွင် ဥပဒေပုဒ်မ(၄)ခု တွေ့ရှိရပါသည်။
- အခန်း(၂၁)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် ဥပဒေပုဒ်မ(၁၂)ခုနှင့် ပုဒ်မခွဲ(၅)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။
- အခန်း(၂၂)၊ အထွေထွေအခန်းတွင် ဥပဒေပုဒ်မ(၉)ခုနှင့် ပုဒ်မခွဲ(၆)ခု ပါရှိကြောင်း တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကြမ်းသည် ပဲခူးတိုင်းဒေသကြီး အတွက် အမှန်တကယ်အကျိုးရှိမည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပဉ္စမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယနေ့တွင် စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ တင်ပြဆွေးနွေးချက်များအား ဥပဒေပြုရေး

ကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှစ်ရပ် အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့် ထပ်မံတွေ့ဆုံ၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေး ချက်များအား အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်-

- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် အစိုးရ ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရကို ဆိုသည်ဟူသော စကားရပ်အား ပယ်ဖျက်ရန် မလိုအပ်ပါ။
- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းရှိ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)ပါ စည်ပင်သာယာရေး အဖွဲ့ ဟူသောစကားရပ်အား ပယ်ဖျက်ရန်မလိုအပ်ပါ။
- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းရှိ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)ပါ ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ကို ဆိုသည်ဟူသော စကားရပ်တွင် စည်ပင်သာယာရေးဌာနများကို လမ်းညွှန်ကြီးကြပ်သော စကားရပ် ထပ်မံထည့်သွင်းရန်မလိုအပ်ပါ။
- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းရှိ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲငယ်(၂) မီးခွန်ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများတွင် မီးထွန်းပေးခြင်းအတွက် ကောက်ခံသည့် အခွန်ကိုဆိုသည်ဟူသော စကားရပ်၌ အများပြည်သူဆိုင်ရာလမ်းများ၏နောက်၌ နေရာ များတွင်ဟူသော စကားရပ် ထပ်မံထည့်သွင်းရန်။
- အခန်း(၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်အခန်းရှိ ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲငယ်(၁) မြို့ပြဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့အဖြစ် သတ်မှတ်ထားသည့် နယ်မြေကိုဆိုသည်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲငယ်(၂) ဒေသဆိုသည်မှာ မြို့ပြနှင့် မြို့ပြအနီးဝန်းကျင်ရှိ သတ်မှတ်ထားသော ဆက်စပ်နယ်မြေများကို ဆိုသည်ဟူသော စကားရပ်များမှ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိပါသဖြင့် ပယ်ဖျက်ရန်မလိုအပ်ပါ။
- အခန်း(၃)၊ ကော်မတီဖွဲ့စည်းခြင်းအခန်းပါ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ပါ မြို့စည်ပင်သာယာရေး ကော်မတီကို နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် ဟူသော စကားရပ်အစား မြို့စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရန် လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို ရယူကာ နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်ဟူသော စကားရပ်အဖြစ် ပြင်ဆင်ရန်။
- အခန်း(၃)၊ ကော်မတီဖွဲ့စည်းခြင်းအခန်းပါ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၃)၌ မြို့အုပ်ချုပ်ရေးမှူးဟူသော စကားရပ်အစား မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူ(၁)ဦး ဟူသော စကားရပ်အဖြစ် ပြင်ဆင်ရန်။

- အခန်း(၄)၊ ကော်မတီအဆင့်ဆင့်၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်အခန်းပါ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၌ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီသည် ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်နှင့် မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးဌာနများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်ရမည်ဟူသော စကားရပ်၌ ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဟူသော စကားရပ်၏ နောက်တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဌာန ဟူသော စကားရပ် ထပ်မံထည့်သွင်းရန်။
- အခန်း(၈)၊ စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်းအခန်းပါ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မြေလွတ်၊ မြေကွက်လပ်ကိစ္စရပ်များအား အခန်း(၁၉) တားမြစ်ချက်များ အခန်းပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားရှိပါသဖြင့် အဆိုပါ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ) တို့ပါ မြေလွတ်၊ မြေကွက်လပ်ဟူသော စကားရပ်အား ပယ်ဖျက်ရန်။
- အခန်း(၁၆)၊ ဘဏ္ဍာရေးအခန်း ပုဒ်မ ၅၆ပါ ကော်မတီသည် ဟူသော စကားရပ်အစား မြို့နယ်ကော်မတီဟူသော စကားရပ် ပြင်ဆင်ထည့်သွင်းရန်။
- အခန်း(၁၉)၊ တားမြစ်ချက်များအခန်းပါ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၉၊ ပုဒ်မ ၇၀၊ ပုဒ်မ ၇၁၊ ပုဒ်မ ၇၂၊ ပုဒ်မ ၇၃ပါ မည်သူမျှ စည်ပင်သာယာရေး နယ်နိမိတ် အတွင်း မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်ဟူသော စကားရပ်မှာ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင်သော်လည်းကောင်း၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများ နှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း အဆိုပါ ပုဒ်မများပါ လုပ်ငန်းကိစ္စရပ်များအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းမရှိဘဲ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ရှိလျှင်သော်လည်းကောင်း၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုရှိလျှင်သော်လည်းကောင်း အဆိုပါပုဒ်မများပါ လုပ်ငန်းကိစ္စရပ်များအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးတင်ပြလာသော အကြံပြုတင်ချက်များအနက်မှ အထက်ဖော်ပြပါ ပုဒ်မ၊ ပုဒ်မခွဲနှင့် ပုဒ်မခွဲငယ်ပါ စကားရပ်များအား ဥပဒေပြုရေးကော်မတီ အဖွဲ့ဝင်များမှ ဆွေးနွေးပြုပြင်ခဲ့ပြီး ကျန်ပုဒ်မ၊ ပုဒ်မခွဲနှင့် ပုဒ်မခွဲငယ်ပါ စကားရပ်များအား ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ပါ အတိုင်းသာ ဆက်လက်ထားရှိပါရန် ဥပဒေပြုရေးကော်မတီ၏ သဘောထားများအား တင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"နယ်မြေလုံခြုံမှုရှိစေရန်အတွက် နတ်တလင်းမြို့နယ်၊ ပျဉ်းမခေါင် ကျေးရွာအုပ်စုတွင် ရဲကင်းချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"နတ်တလင်းမြို့ လမ်းအပိုင်းနှစ်ခုအကြား ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသည့် (၃/၂)မိုင်ခန့်ရှိ လမ်းအပိုင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"နတ်တလင်းမြို့နယ်၊ ပဒတ်ကုန်းအုပ်စု၊ ကွမ်းသာကျေးရွာနှင့် သက်ငယ်ပြင် ကျေးရွာတို့အကြား အရှည်ပေ(၃၀)၊ အကျယ် (၁၄)ပေ၊ အမြင့်(၁၀)ပေခန့်ရှိသော တံတားသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားထိပ်မှ မြေသားများ ပြိုကျပျက်စီးပြီး တံတားမှာလည်းယိုင်နဲ့၍ ခိုင်ခန့်မှုလုံးဝမရှိသောကြောင့် ကွန်ကရစ်တံတား ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၏ အရှေ့ဘက်တွင် တောင်ညို ရေလှောင်တမံတည်ရှိပါသည်။ ယခင်ဆည်မတည်ဆောက်မီအချိန်က ဆည်၏ အထက်ပိုင်း တွင် ကျေးရွာအုပ်စု(၆)အုပ်စု တည်ရှိခဲ့ရာ ၁၉၉၆ ခုနှစ်တွင် တောင်ညိုရေလှောင်တမံတည်ဆောက်သောအခါ ဆည်ရေမြုပ်ဧရိယာတွင် ပါဝင်သော ကျေးရွာအုပ်စု (၅)အုပ်စုမှာ ယခု တောင်ညိုမြို့သစ်ဟုသောနေရာသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ရေမြုပ်ဧရိယာတွင် မပါဝင်သော ပျဉ်းမခေါင်ကျေးရွာအုပ်စုတစ်စုသာ ဆည်၏အထက်ပိုင်းတွင် ကျန်ရှိနေခဲ့ပါသည်။

ယခုအချိန်တွင် ပျဉ်းမခေါင်ကျေးရွာအုပ်စုသည် ဆည်၏အထက်ပိုင်းတွင် တည်ရှိနေပြီး ၎င်းနှင့် အနီးပတ်ဝန်းကျင်တွင် မိမိတို့၏ စားဝတ်နေရေး အဆင်ပြေသလို လာရောက်နေ ထိုင်ကြသော ကျေးရွာငယ်များလည်း ရှိလာကြပါသည်။ ထို့ကြောင့် ၎င်းဒေသတွင် မြို့နယ်၏အုပ်ချုပ်မှုနှင့် ဝေးကွာနေပြီး ရာဇဝတ်မှုများလည်း ဖြစ်ပွားမှုနှုန်းများပြီး တရားဥပဒေစိုးမိုးမှု၊ နယ်မြေအေးချမ်းသာယာမှုတို့ အားနည်းလျက်ရှိပါသည်။

သို့အတွက်ကြောင့် နယ်မြေလုံခြုံမှုရှိစေရန်အတွက် နတ်တလင်းမြို့နယ် ပျဉ်းမဒေါင်ကျေးရွာအုပ်စုတွင် ရဲကင်းချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၏ အရှေ့ဘက်ခြမ်းတွင် နတ်တလင်း-ကျောက်ခွက်လမ်းသည် အရှည် (၁၁/၂)မိုင်ခန့်ရှိပါသည်။ ၎င်းလမ်းသည် နတ်တလင်း-ကျောက်ခွက်-မကျီးပင်-တောင်ညိုဆည်သို့ ဆက်သွယ်သွားလာရာလမ်း ဖြစ်သောကြောင့် ဆည်မြောင်းဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ သစ်တော ဝန်ထမ်းများနှင့် လုပ်သားပြည်သူအများအပြား အဓိကအသုံးပြုရသော လမ်းဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် Aung Heain Construction Co.,Ltd မှ ကျောက်ချောလမ်း(၁/၄)မိုင်ကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး မွမ်းမံရန်ပုံငွေဖြင့် မြန်မာရွှေသရဖူကုမ္ပဏီမှ (၆/၄)မိုင်ကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သည်မှာ တစ်ဆက်တစ်စပ်တည်း မဟုတ်ဘဲ(၁/၄)မိုင်ကို ကျောက်ခွက်ကျေးရွာမှ စခင်းပြီး(၆/၄)မိုင်ကို နတ်တလင်းမြို့ဘက်မှ စခင်းပေးခဲ့ ပါသည်။ ယခု ကျောက်ချောလမ်းခင်းပေးရန် ကျန်ရှိနေသော လမ်းအပိုင်းမှာ လမ်းအဆုံးပိုင်း၌ မဟုတ်ဘဲ ခင်းထားပြီးဖြစ်သော လမ်းအပိုင်းနှစ်ခုအကြားတွင် ကျန်နေခြင်းဖြစ်ပါသည်။ ယခုနှစ်မိုးရာသီတွင် မိုးအလွန် များသည့်အတွက် ချိုင့်ခွက်များဖြင့် အလွန်ဆိုးရွားလျက်ရှိရာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးနှင့် ကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေးတို့တွင် အခက်အခဲများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် (၃/၂)မိုင်ခန့်ရှိသော ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသည့် လမ်းအပိုင်းအား ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၏ အရှေ့ဘက်တွင် အဓိကကျ သောလမ်းကြီး(၃)လမ်းရှိသည့်အနက် နတ်တလင်း-သက်ငယ်ပြင်-မဒတ်ကုန်း-စမ်းကလေး လမ်းသည် အဓိကအသုံးများသည့် လမ်းတစ်လမ်း ဖြစ်ပါသည်။ ထိုလမ်းတွင် ပဒတ်ကုန်းအုပ်စု၊ ကွမ်းသာကျေးရွာနှင့် သက်ငယ်ပြင်ကျေးရွာတို့အကြားတွင် အရှည်ပေ(၃၀)၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၀)ပေခန့်ရှိသော တံတားသည် ၁၉၉၃-၉၄ခုနှစ်ခန့်က တည်ဆောက်ခဲ့သော တံတား ဖြစ်ပါသည်။ ၎င်းတံတားသည်(၁၀. ၁၁. ၂၀၁၆)ရက်နေ့ည မိုးသည်းထန်စွာ ရွာသွန်းသော မိုးရေ များကြောင့် တံတားထိပ်မှ မြေသားများ ပြိုကျပျက်စီးပြီး တံတားမှာလည်း ယိုင်နဲ့ပြီး ခိုင်ခန့် မှုလုံးဝမရှိသောကြောင့် ဒေသထွက်ဆန်စပါးနှင့် အခြားကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ ဒေသခံပြည်သူများ သွားလာရေးအခက်အခဲဖြစ်နေပါသဖြင့် ရေရှည်ခိုင်ခံ့မည့်ကွန်ကရစ် တံတား ပြန်လည်တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နယ်မြေလုံခြုံမှုရှိစေရန်အတွက် နတ်တလင်းမြို့နယ်၊ ပျဉ်းမခေါင် ကျေးရွာအုပ်စုတွင် ရဲကင်း ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ကိုယ်စား ဖြေကြားပေးမည် ဖြစ်ပါတယ်။ နတ်တလင်းမြို့နယ်၊ တောင်ညိုရဲကင်းစခန်း အပိုင် နယ်မြေသည် ရပ်ကွက်(၅) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၄)အုပ်စု၊ ကျေးရွာခွဲပေါင်း(၇၀)ရွာဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု(၁၄)အုပ်စုတွင် ပျဉ်းမခေါင်ကျေးရွာ အုပ်စုပါဝင်၍ ထိုကျေးရွာအုပ်စုတွင် ပျဉ်းမခေါင်ရွာ၊ ကြက်မနက်ရွာနှင့် ကရင်ဆင်ဆွဲရွာ များဖြင့် ဖွဲ့စည်း ထားပြီး ပျဉ်းမခေါင်ကျေးရွာတွင် အိမ်ထောင်စု(၂၃၂)စုနှင့် လူဦးရေ (၁၂၀၆)ဦး၊ ကြက်မနက်ရွာတွင် အိမ်ထောင်စု (၇၆)စုနှင့်လူဦးရေ(၇၀၀)ဦး၊ ကရင်ဆင်ဆွဲရွာတွင် အိမ်ထောင်စု (၉၆)စုနှင့် လူဦးရေ(၉၀၂)ဦးရှိ၍ စုစုပေါင်း အိမ်ထောင်စု(၄၀၄)စုနှင့် လူဦးရေ(၂၈၀၈)ဦးတို့ နေထိုင်သော ကျေးရွာ အုပ်စုလည်း ဖြစ်ပါသည်။ ပျဉ်းမခေါင်ကျေးရွာအုပ်စုသည် တောင်ညိုရဲကင်းစခန်းနှင့် (၁၅)မိုင် ခန့်ကွာဝေးပြီး တောင်ညိုဆည် လုံခြုံရေးရဲကင်းနှင့် (၁၁)မိုင်ခန့်အကွာတွင် တည်ရှိပြီး တောင်ညို သစ်တောကြိုးဝိုင်းအတွင်း တည်ရှိသော ကျေးရွာအုပ်စုဖြစ်ပါသည်။

တောင်ညိုရဲကင်းစခန်းအပိုင် အကျယ်အဝန်းသည် (၃၄၃.၈၆)စတုရန်းမိုင် ကျယ်ဝန်းပြီး ဘော်ဘင်သစ်တောကြိုးဝိုင်း၊ တောင်ညိုဆည်ရေလှောင်တမံ၊ ရသေ့တောင်သစ် ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဒမငယ်၊ သစ်ချိုမျိုးသန့်ခြံတို့မှာ တောင်ညိုရဲကင်းစခန်းအပိုင် နယ်မြေအတွင်းပါဝင်၍ နယ်မြေဒေသ လုံခြုံရေးအတွက် ဒမငယ်နယ်မြေလုံခြုံရေးရဲကင်း၊ ပျဉ်ပုံနယ်မြေလုံခြုံရေးရဲကင်းနှင့် တောင်ညိုဆည်လုံခြုံရေး ရဲကင်းများဖြင့် ဖြန့်ခွဲ၍ လုံခြုံရေးဆောင်ရွက်လျက်ရှိပါသည်။

တောင်ညိုရဲကင်းစခန်းအပိုင် နယ်မြေအတွင်း ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ စုစုပေါင်းအမှုကြီး(၁၈)မှု၊ အခြားအမှု(၈၇)မှု ဖြစ်ပွားခဲ့ရာတွင် ပျဉ်းမခေါင်ကျေးရွာအုပ်စုအတွင်း၌ အမှုကြီး ဖြစ်ပွားမှုမရှိဘဲ ၂၀၁၆ ခုနှစ်အတွင်းမှ အခြားအမှု ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၅၄(၁)မှုသာ ဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ရာဇဝတ်မှုဖြစ်ပွား မှုမရှိသလောက်နည်းပါးသော ဒေသဖြစ်ကြောင်းနှင့် အများအားဖြင့် အေးချမ်းတည်ငြိမ်မှုရှိသော ဒေသလည်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ပျဉ်းမခေါင်ကျေးရွာအုပ်စုသည် တောင်ညိုရဲကင်းစခန်းနှင့် အလှမ်းကွာဝေးသော နေရာတွင် တည်ရှိသော်လည်း အဆိုပါ ကျေးရွာအုပ်စုအား တောင်ညိုရဲကင်းစခန်းရှိ နယ်မြေလှည့်ကင်းအဖွဲ့များမှ နယ်မြေစိုးမိုးရေး ဆောင်ရွက်ထားနိုင်သည့် နေရာ ဖြစ်ခြင်း၊ တောင်ညိုဆည် လုံခြုံရေးရဲကင်းမှ လှည့်ကင်းအဖွဲ့များနှင့် စိုးမိုးထားနိုင်သည့် ရွာများဖြစ်ခြင်း တို့ကြောင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ယနေ့အချိန်ထိ အဆိုပါ ကျေးရွာအုပ်စုတွင် အမှုကြီးဖြစ်ပွားခဲ့မှုမရှိဘဲ အခြားအမှု(၁)မှု သာဖြစ်ပွားခဲ့ကြောင်း စိစစ် တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နတ်တလင်းမြို့နယ်၊ တောင်ညိုရဲကင်းစခန်းအပိုင်နယ်မြေအတွင်းရှိ ပျဉ်းမခေါင်ကျေးရွာအုပ်စုသည် တောင်ညိုသစ်တောကြိုးဝိုင်းနယ်မြေအတွင်း ကျေးရွာ(၃)ရွာသာ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသော အုပ်စုဖြစ်ခြင်း၊ တောင်ညိုရဲကင်းစခန်းနှင့် တောင်ညိုဆည်လုံခြုံရေးရဲကင်းတို့မှ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် လက်လှမ်းမီစိုးမိုးထားနိုင်သည့် နေရာများဖြစ်သည့်အပြင် မှုခင်းဖြစ်ပွားမှု မရှိသလောက် နည်းပါးခြင်း တို့ကြောင့် ပျဉ်းမခေါင်ကျေးရွာအုပ်စု၌ ရဲကင်းအထိုင်ချ ဖွင့်လှစ်ရန်လိုအပ်ခြင်းမရှိပါသဖြင့် ရဲကင်း ချထားပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးကျော်ကျော်နိုင်၊ နတ်တလင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့ လမ်းအပိုင်းနှစ်ခုအကြား ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသည့် (၃/၂)မိုင်ခန့်ရှိ လမ်းအပိုင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ နတ်တလင်း-ကျောက်ခွက်လမ်းမှာ အရှည် (၁၁/၂)မိုင်ခန့်ရှိပြီး ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေဖြင့် AH ကုမ္ပဏီမှ ကျောက်ချောလမ်း(၁/၄)မိုင်၊ မွမ်းမံရန်ပုံငွေဖြင့် မြန်မာ ရွှေသရဖူကုမ္ပဏီမှ ကျောက်ချောလမ်း(၆/၄)မိုင်၊ စုစုပေါင်း(၈/၀)မိုင် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျန်လမ်း(၃/၂)မိုင်မှာ မြေသားလမ်းဖြစ်ပါသည်။ အဆိုပါမြေသားလမ်းမှာ လမ်းပုခုံးတစ်ဖက်လျှင် (၃)ပေစီ တိုးချဲ့ရမည်ဖြစ်ပြီး (၃/၂မိုင်×၂(၃')×၂') မြေသားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ကုန်ကျငွေကျပ်(၂၆. ၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ နတ်တလင်း- ကျောက်ခွက်လမ်း (၃/၂မိုင်×၁၂'×၂၀") ကျောက်ချောခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ကုန်ကျငွေကျပ်(၈၈၁. ၉၅)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ်(၉၀၇. ၉၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပြီဆိုပါက ကျေးရွာ(၁၀)ရွာ၊ အိမ်ခြေ(၁၂၀၃)အိမ်၊ လူဦးရေ(၄၄၃၈)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးကျော်ကျော်နိုင်၊ နတ်တလင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့နယ်၊ ပဒတ်ကုန်းအုပ်စု၊ ကွမ်းသာကျေးရွာနှင့် သက်ငယ်ပြင် ကျေးရွာတို့ အကြား အရှည်ပေ(၃၀)၊ အကျယ် (၁၄)ပေ၊ အမြင့်(၁၀)ပေခန့်ရှိသော တံတားသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားထိပ်မှ မြေသားများပြိုကျပျက်စီးပြီး တံတားမှာလည်းယိုင်နဲ့၍ ခိုင်ခန့်မှုလုံးဝမရှိသောကြောင့် ကွန်ကရစ်တံတား ပြန်လည်**

**တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ပဒတ်ကုန်းအုပ်စု၊ ကွင်းသာကျေးရွာနှင့် သက်ငယ်ပြင်ကျေးရွာ ဆက်သွယ်ထားသော ပေါက်ကုန်း-ပဒတ်ကုန်း-သနပ်ကွင်းလမ်းပေါ်တွင် တည်ရှိသောတံတားမှာ အရှည်(၃၀ပေ×၁၄ပေ×၁၀ပေ)ရှိ သစ်သားတံတားဖြစ်ပြီး (၁၀. ၁၁. ၂၀၁၆)ရက်နေ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားချဉ်းကပ်မြေများ ပြိုကျပျက်စီးပြီး တံတားမှာလည်း ယိုင်နဲ့၍ ကြံ့ခိုင်မှု မရှိတော့ပါသဖြင့် တံတားအသစ်တည်ဆောက်ရန် လိုအပ်ပါသည်။ အဆိုပါတံတားအား (၃၀ပေ×၁၄ပေ×၁၀ပေ)ရှိ ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ ကျပ်(၄၈)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ တံတားဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၈၇၃)အိမ်၊ လူဦးရေ(၃၃၃၁)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ကြောင်း မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

လက်ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများသည် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ရရှိထားသည့် ဘဏ္ဍာငွေနှင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်ပါသဖြင့် ကိုယ်စားလှယ်ကြီးတောင်းဆိုသည့် တံတားမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေတွင် ပါဝင်ခြင်း မရှိသေးပါသဖြင့် လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ် ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်း အမှတ်စဉ်(၂)နှင့် (၃)တို့အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၂) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ (၆မိုင် ၄ဖာလုံ) စည်ပင်လမ်းနှင့်ဆက်စပ်ပြီး နတ်တလင်း-ကျောက်ခွက်လမ်း၏ (၃မိုင် ၂ဖာလုံ)လမ်းအလယ်မှာ ကျန်ရှိနေတာဖြစ်ပြီး နတ်တလင်းမြို့မှ မူလမြန်မာ့ရွှေသရဖူကုမ္ပဏီကခင်းသည့် ကျောက်ချောလမ်း (၆မိုင် ၄ဖာလုံ) ကုန်ကျငွေ (၅၉၄. ၇၅)သန်းကုန်ကျပြီး၊ ယခုမျှော်မှန်းထားသည့် (၃မိုင် ၂ဖာလုံ) ကျောက်ချောလမ်းခင်းမည်ဆိုပါက ကုန်ကျငွေ (၈၈၁. ၉၅)သန်း ကုန်ကျမည်ဟု တွက်ချက်ထား ပါကြောင်း၊ ချက်ချင်းကုန်ဈေးနှုန်းတက်သွားခြင်းလား၊ တွက်ချက်မှုတော်တော်ကွာဟနေသည်ကို တွေ့ရကြောင်း၊ (၆မိုင် ၄ဖာလုံ)တွင် (၅၃၉. ၇၅)သန်းကုန်ကျပြီး (၃မိုင် ၂ဖာလုံ)တွင် (၈၈၁. ၉၅)သန်း ကုန်ကျမှုကို ကုန်ကျငွေ၊ ပျမ်းမျှငွေပမာဏကို မပေးနိုင်ဟု အဓိပ္ပါယ်သက်ရောက်ပါကြောင်း၊ ကျေးရွာ(၁၀)ရွာ ဆိုတာလည်း မဟုတ်ပါဘူး၊ ကျေးရွာအများသွားလာနေသောလမ်းဖြစ်ပါကြောင်း၊ မူလရန်ပုံငွေတွင် မပါဝင်ပါက ဖြည့်စွက်မွမ်းမံရန်ပုံငွေတွင် ထည့်သွင်းပေးစေလိုကြောင်း ဆက်စပ်မေးခွန်းမေးမြန်းပါသည်။

မေးခွန်းအမှတ်စဉ်(၃) ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်း၍ နတ်တလင်းမြို့နယ် ပဒတ်ကုန်းအုပ်စု၊ ကွင်းသာကျေးရွာနှင့် သက်ငယ်ပြင်ကျေးရွာသို့ ဆက်သွယ်ထားသော တံတားအရှည် (၃၀ပေ×၁၄ပေ×၁၀ပေ)

ကုန်ကျငွေကျပ်(၄၀၈)သန်းဖြစ်ပြီး အဲဒီလောက်ကုန်ကျမှုမရှိနိုင်ကြောင်း၊ ဥပမာ သံဖြူဇရပ်၊ လက်တံတို သစ်သားတံတား ကျိုးသွားပြီး ယင်းတံတား ပြန်လည်တည်ဆောက်သည့်အခါ ကျေးရွာမှ လယ်သမားများ စုပေါင်းပြီးတည်ဆောက်သည့်အခါ တံတားအောက်ခံဖောင်ဒေးရှင်းအခြေခံရှိပြီးသားဖြစ်၍ အပေါ်အခင်းကို ထပ်ပြီးပြုပြင်ဆောက်လုပ်သည့်အခါ ကုန်ကျငွေ(၄၈)သိန်း ကုန်ကျသည်ကို ယခုဒီတံတားကို (၄၈၀)သိန်း ကုန်ကျမည်ဟု တွက်ချက်ထားသည့်အတွက် တွက်ချက်မှုအလွန်ကွာဟနေပါကြောင်း၊ ကျေးရွာ(၅)ရွာ ဆိုတာလည်း မဟုတ်ပါဘူး၊ ယင်းလမ်းသည် အဓိကကျသည့်လမ်းဖြစ်ပါကြောင်း၊ နတ်တလင်း မြို့သည် ဇီးကုန်းမြို့အရှေ့ဘက်အထိ ကျယ်ဝန်းပါကြောင်း၊ ယင်းလမ်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် မူလ ရန်ပုံငွေမှာ ထည့်သွင်းမပေးနိုင်ပါက ဖြည့်စွက်မွမ်းမံရန်ပုံငွေတွင် ထည့်သွင်းပေးစေလိုပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်အရ ပျက်စီးသွားသည့်လမ်း၊ တံတားများ ကွင်းဆင်းကြည့်ရှုသည့်အခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများက မည်သည့်အချိန်တွင် မည်သို့ ဆောင်ရွက်ပေးမလဲဆိုသည့် မေးမြန်းမှုမျိုးရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီး ယာယီဆောင်ရွက်ထားတာဖြစ်သည့်အတွက် အလေးအနက်ထားပြီး ဖြည့်စွက်မွမ်းမံရန်ပုံငွေတွင် ဖြစ်နိုင်လျှင် ဆောင်ရွက်ပေးစေချင်ကြောင်း ဆက်စပ် မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)တို့နှင့်ပတ်သက်သည့် ဆက်စပ် မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။နတ်တလင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၏ ဆက်စပ်မေးခွန်း အမှတ်စဉ်(၂)နှင့်စပ်လျဉ်း၍ ကုန်ကျမှုများသည့်ကိစ္စနှင့် ဖြည့်စွက်ရန်ပုံငွေတွင် ဆောင်ရွက်ပေးရေးကို မေးမြန်းထားခြင်းဖြစ်ကြောင်း၊ ကုန်ကျမှုများခြင်း၊ မများခြင်းသည် မိမိတို့အနေဖြင့်လုပ်ငန်းများကို ဆောင်ရွက် သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့်စံနှုန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က သတ်မှတ် ထားသည့်စံနှုန်းအတိုင်း တွက်ချက်ရတာဖြစ်ပြီး ယင်းတွက်ချက်မှုအပေါ် စာရင်းစစ်က စိစစ်ဆောင်ရွက်ရတာ ဖြစ်သည့်အတွက် စံနှုန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွက်ချက်သည့် စံနှုန်းနှင့် တွက်ချက်မှုဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် အများကြီးကြိုးစားဖို့လိုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Third Party ဖော်ဆောင်ရန် ကြိုးစားဆောင်ရွက်ဆဲရှိပါကြောင်း၊ ဘယ်လိုခွဲဝေတွက်ချက်မည်၊ ဘယ်လို အရည်အသွေး ရအောင် ဆန်းစစ်မည်ကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် (၈၈၁)သိန်း ပိုတွက်ချက်ထားပြီး တွက်ပြထားမှုအပေါ် သက်ဆိုင်ရာစာရင်းစစ်ချုပ်က ငွေစာရင်းနှင့် ပစ္စည်းစာရင်း တိုက်ပြီး စိစစ်သည့်အခါ ပို/မပိုကို သိရှိနိုင်မည်ဖြစ်ကြောင်း ပိုမည်ဆိုပါက သတ်မှတ်ထားသည့် အချက်အလက် များနှင့် မကိုက်ညီပါက ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပို/မပိုဆိုသည်ကို မိမိတို့အနေဖြင့် စိစစ်အကဲခတ် နိုင်ရန်အတွက် Third Party ပေါ်လာမှသာ National Standart Book ထားပြီး ဒီဇိုင်းအသေးစိတ်

ထားတွက်ပြီး ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်ထောင်စုအဆင့် ဆောင်ရွက်ရသည့် ကိစ္စဖြစ်ကြောင်း ဦးစွာပြောကြားလိုပါသည်။

ဖြည့်စွက်ရန်ပုံငွေတွင် ဆောင်ရွက်ပေးရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ဘတ်ဂျက်ကို ဆောင်ရွက်ရသည်ဆိုပေမယ့် ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများသိရှိပြီး ဖြစ်သည့်အတိုင်း လွှတ်တော်က အတည်ပြုဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေတွင် မိမိတို့အနေဖြင့် ထည့်သွင်းပေးရန် အဆင်မပြေပါကြောင်း၊ ယင်းဘတ်ဂျက်သည် တိုင်းဒေသကြီးဘတ်ဂျက်မဟုတ်ဘဲ ပြည်ထောင်စုဘတ်ဂျက်ဖြစ်သည့်အတွက် မိမိအနေဖြင့် တင်ပြပေးရုံသာရှိပါကြောင်း၊ ပြည်ထောင်စု BE ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပေါင်းစုပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမည်ဆိုပါက ပြည်ထောင်စုဝန်ကြီး၏ ကတိကဝတ်ဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးက ပိုအာမခံပေးနိုင်သောကြောင့် ကတိကဝတ်ဖြစ်သည့် လုပ်ငန်းများကျော်မှ တိုင်းဒေသကြီးကို စဉ်းစားပေးမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငွေကြေးတိုက်ရိုက်သုံးစွဲခွင့် မရှိသည့်အတွက် တင်ပြပေးရုံသာဖြစ်ပြီး လုပ်ဖို့/မလုပ်ဖို့ဆိုသည်ကို မိမိအနေဖြင့် ကတိကဝတ်ပေး၍ မရသည်ကို တင်ပြလိုပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စုစုပေါင်း ၂၄. ၄၆၄ ဘီလီယံတောင်းခံထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေ ဦးစီးဌာနမှ ၆၆၄. ၃၈၉ သန်းရရှိကြောင်း၊ သုံးပုံနှစ်ပုံသာရရှိသည် BE ငွေပမာဏအပေါ်မှာ မူလလျာထားသည့် လုပ်ငန်းကို သုံးချိုးနှစ်ချိုးလျှော့ချထားသည်ကို တင်ပြလိုပါကြောင်း၊ ဒါ့ကြောင့် ဖြည့်စွက်ရန်ပုံငွေတွင် တင်သွင်းပေးမည့်အစား လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသည့် လမ်းပိုင်းနှင့် ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို စာရင်းပေးပို့ပြီး မှတ်တမ်းတင်ထားပေးမည်ဖြစ်ကြောင်း၊ သို့ပေမယ့် ဆောင်ရွက်ဖို့/မဆောင်ရွက်ဖို့က ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ရန်ပုံငွေမရရှိပါက ဆောင်ရွက်မပေးနိုင်ကြောင်း၊ ယခုမိမိ၏ ဖြေကြားချက်အပေါ် ကတိကဝတ် အဖြစ် မှတ်တမ်းမတင်လိုပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးကျော်ကျော်နိုင်၏ ဆက်စပ်မေးခွန်းအမှတ်စဉ်(၃)နှင့် စပ်လျဉ်း၍ တံတားပျက်စီးမှုအပေါ် ရန်ပုံငွေ အတိုင်းအတာအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ရန်တင်ဒါချထားပေးပြီး၊ ဒုတိယအချက် အနေဖြင့် ဖြည့်စွက်ရန်ပုံငွေကို လွှတ်တော်က အတည်ပြုသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ BE ရေးဆွဲထားပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီးBEကို ပြင်ဆင်မည်ဆိုပါက ပြည်ထောင်စုအစိုးရအထိ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ရမှသာ သက်ဆိုင်ရာဌာနများက ပြင်ဆင်ချက် ပေးပို့ရကြောင်း၊ မိမိတို့အနေဖြင့် BEပြင်ဆင်မည်ဆိုပါက အခက်အခဲဖြစ်လာနိုင်သည့်အတွက် ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေတွင်ပါဝင်နိုင်အောင် စာရင်းကောက်ပြီးမှတ်တမ်းတင်ထားပေးမည် ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပြီး မရရှိပါကဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း၊ ယခုမိမိဖြေကြားချက်အပေါ် ကတိကဝတ်မပြုစေလိုကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များအား ပြန်လည်ရွေးချယ်ဖွဲ့စည်း ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၂ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ဖွဲ့စည်းနိုင်ရန် ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ၎င်းအဖွဲ့တွင် ပါဝင်ရမည့် ရပ်မိရပ်ဖကိုယ်စားလှယ်(၁)ဦးနှင့် တောင်သူလယ်သမားကိုယ်စားလှယ်(၁)ဦး တို့အား ရွေးချယ်၍ ဖွဲ့စည်းခဲ့ကြပါသည်။ ယခုအခါ အဆိုပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ပြန်လည်ရွေးချယ် ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်နေပြီး ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များအား ပြန်လည်ရွေးချယ်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ အပိုဒ်ခွဲ(ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၅. ၁၀. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁/၂၀၁၆ဖြင့် **"လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်"** ကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို (၉. ၁၁. ၂၀၁၆) ရက်စွဲပါရုံးအမိန့်အမှတ်၊ ၂၀၆/၂၀၁၆ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး၊ ခရိုင်/မြို့နယ်/ရပ်ကွက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အား ပြင်ဆင်ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ (၉. ၁၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၆/၃-၂/ဦး ၆ ဖြင့် အကြောင်းကြားထားပြီးလည်းဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှလည်း ခရိုင်/မြို့နယ်/ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အား အမြန်ဆုံးပြင်ဆင်ဖွဲ့စည်းသွားရန်နှင့် လယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့်ကိစ္စရပ်များအား လယ်ယာမြေဥပဒေ၊

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် (၂၁. ၁၁. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၀၀၇/လယ်-စီ(တိုင်းဒေသကြီး) ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များထံ အကြောင်းကြားထားရှိပြီးဖြစ်ပါသဖြင့် ရပ်ကွက်/ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ဖွဲ့စည်းမှုများ ပြုလုပ်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဒုတိယအချက်အနေဖြင့် ဖြည့်စွက်တင်ပြလိုသည်က လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်သည် ဌာနဆိုင်ရာများဖြင့်သာ ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည့်အတွက် ယင်းဖွဲ့စည်းမည့်အဖွဲ့တွင် ရပ်ကျေးအဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ကျေးမြေတိုင်းစာရေး အတွင်းရေးမှူး၊ စိုက်ပျိုးရေးနှင့် အခြားကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့တို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ဌာနဆိုင်ရာ များနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ယခင်ဖွဲ့စည်းပုံအတိုင်း မိမိတို့တိုင်းဒေသကြီးအစိုးရ အနေဖြင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းပြီးမှသာ ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက် မှုကို ညွှန်ကြားချက်ထုတ်ပေးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု အန္တရာယ် ကင်းရှင်းစေရေး အတွက် ရေထိန်းနံရံ (သို့မဟုတ်) တုတ်တန်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကျောက်ကြီးမြို့၊ သိမ်တန်းရပ်ကွက်၊ မေတ္တာရပ်ကွက်တို့တွင် စက်ရေတွင်းများ တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ကျောက်ကြီးမြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ နှစ်စဉ် အဆောက်အဦခွန်များ၊ ကြော်ငြာဆိုင်းဘုတ်ခွန်များအား စနစ်တကျ ကောက်ခံရရှိ စေရေးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက် လမ်းညွှန်ထားရှိမှုအား သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်း ဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ကမ်းပါး ရေတိုက်စားပြိုကျနေမှုကြောင့် ရေလဲကျေးရွာ-ရေတွင်းကုန်းကျေးရွာ-နတ်သံကွင်းကျေးရွာ- ဒေါင်းမိုကျေးရွာ-ကျောက်စရစ်ကျေးရွာများရှိ လူနေအိမ်ခြံများနှင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းများ၊ မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေထိန်းနံရံ (သို့မဟုတ်) တုတ်တန်းများ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့၊ သိမ်တန်းရပ်ကွက်၊ မေတ္တာရပ်ကွက်တို့တွင် ပြည်သူများ နှစ်စဉ်သောက်သုံးရေရှားပါးမှုဒဏ်ကြောင့် ရေကောင်းရေသန့် ရရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ နှစ်စဉ် အခွန်ငွေများ စည်းကြပ်ကောက်ယူနေသော အဆောက်အဦခွန်များ၊ ကြော်ငြာဆိုင်းဘုတ်ခွန်များအား စနစ်တကျ ကောက်ခံရရှိစေရေးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက်လမ်းညွှန်ထားရှိမှုအား သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု အန္တရာယ် ကင်းရှင်းစေရေးအတွက် ရေထိန်းနံရံ (သို့မဟုတ်) တုတ်တန်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ရေလဲကျေးရွာ - ရေတွင်းကုန်းကျေးရွာ - နတ်သံကွင်းကျေးရွာ -ဒေါင်းမိုကျေးရွာ- ကျောက်စရစ်ကျေးရွာများတွင် ကမ်းပြိုမှုဖြစ်ပေါ်နေမှုများသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ်(၁)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်း၍ ဝန်ကြီးဖြေကြားထားသည့်ထဲတွင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရေလဲကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ နတ်သံကွင်းကျေးရွာ၊ ဒေါင်းမိုးကျေးရွာ၊ကျောက်စရစ်ကျေးရွာများတွင်

ကမ်းပါးပြိုကျမှုများတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါကြောင်းဖြေကြား ထားပါကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များမှ ကမ်းပါးပြိုကျမှုအခြေအနေ မျိုးတွင် အစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် မပါဝင်သည့်အတွက် မပြုလုပ်ပေးနိုင်ကြောင်း သဘောသက်ရောက်ကြောင်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းမေးမြန်းရခြင်း၏ အဓိက အကြောင်းအရင်းမှာ ပြည်သူ့အတွက် မိမိတို့တိုင်းပြည်အတွက် ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် မေးမြန်းရခြင်း ဖြစ်ကြောင်း၊ ယခုမိမိတင်ပြထားသည့် ကျေးရွာများထဲမှ ရေလဲကျေးရွာ ဘုန်းကြီးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းသည် မြစ်ကမ်းပါးနှင့်ပေ၁၈၀လောက်ကျရောက်နေပြီး ယင်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ပေ ၂၀၀ ဝန်းကျင်လောက် ကျရောက်နေပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ပညာသင်နှစ်တွင် ရေတွင်းကုန်းကျေးရွာ စာသင်ကျောင်းသည် အခြားနေရာသို့ ပြောင်းရွှေ့စာသင် ကြားနေရပြီဖြစ်၍ ယင်းအခြေအနေများကြောင့် မေးခွန်းမေးမြန်းသည့်အခါ ပြည်သူ့ဘဏ္ဍာငွေလေလွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် ပြည်သူများ၏သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိဟူသော မေးခွန်းမျိုးကို ဖြေကြားမည့်အစား မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ တောင်းဆိုထားသည့်နေရာများကို စနစ်တကျစိစစ်ပြီး လာရောက်လေ့လာမည်ဟူ၍ ဖြစ်စေချင်ကြောင်း ဆက်စပ်မေးခွန်းမေး မြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၏ ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)အား လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၏ ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)နှင့် စပ်လျဉ်း၍ မြစ်ချောင်းကမ်းပါးပြိုကျမှုသည် တစ်တိုင်းလုံး အတိုင်းအတာနှင့်အများကြီးရှိသလို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း အများကြီးရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တွက်ချက်တင်ပြထားရှိပြီး၊ ၂၀၁၇-၂၀၁၈ဘတ်ဂျက် တွက်ချက်မှု တင်ပြတောင်းခံရာတွင် (၂)ခုသာခွင့်ပြုကြောင်း၊ ရန်ပုံငွေကို ခွဲဝေသုံးစွဲရသည့်အခက်အခဲများစွာရှိပါကြောင်း၊ ကမ်းပါးပြိုကျမှုလည်းများစွာရှိသည့်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရေးကြီးလျှင် အရေးကြီးသည့်နေရာများကို သွားရောက်တိုင်းတာတွက်ချက်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ရုံးချုပ်က တိုင်းတာတွက်ချက်မှုပြုလုပ်ပြီးမှသာ ဘတ်ဂျက်မှာ တင်ပြတောင်းခံဆောင်ရွက်ရကြောင်း၊ ကိုယ်စားလှယ်ကြီး မေးမြန်းမှုကို ကတိကဝတ်ပြုသည့်အနေဖြင့် စစ်တောင်းမြစ်ကမ်းပါးပြိုမှုတွင် ရေလဲ ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ နတ်သံကွင်းကျေးရွာ၊ ဒေါင်းမိုကျေးရွာနှင့် ကျောက်စရစ်ကျေးရွာများရှိ ကမ်းပါးပြိုမှုကို အထူးဂရုပြုပြီး ကွင်းဆင်းစိစစ်ကြည့်ရှုတိုင်းတာသွားမည်ဖြစ်ကြောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့နှင့် စပ်လျဉ်း၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး(ကိုယ်စား) ဖြေကြားပေးမည်ဖြစ်ပြီး ဖြေကြားချက်များနှင့်ပတ်သက်၍ လိုအပ်ချက်ရှိပါက ကိုယ်စားလှယ်ကြီးများ စာဖြင့် ပြန်လည် မေးမြန်းပေးရန်နှင့် စည်ပင်ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးမည်ဟု မှာထားပါကြောင်း၊ ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့၊ သိမ်တန်းရပ်ကွက်၊ မေတ္တာရပ်ကွက်တို့တွင် စက်ရေတွင်းများ တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ကျောက်ကြီးမြို့၊ သိမ်တန်းရပ်ကွက်နှင့် မေတ္တာရပ်ကွက်တို့သည် ဘူမိပထဝီအနေအထားအရ ပေ(၅၀)အောက်ရောက်ရှိပါက ကျောက်ဖျာခံသည့်အတွက် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စက်ရေတွင်းများတူးဖော်ပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြား တင်ပြအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်အတွင်း မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ နှစ်စဉ် အဆောက်အဦခွန်များ၊ ကြော်ငြာဆိုင်းဘုတ်ခွန်များအား စနစ်တကျ ကောက်ခံ ရရှိစေရေးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက် လမ်းညွှန်ထားရှိမှုအား သိရှိလို ပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦများ ဆောက်လုပ်ခြင်းအား ဥပဒေစည်းကမ်း(Bye-Laws)များနှင့်အညီ ကြီးကြပ်လျက် ရှိပြီး (၂၅. ၄. ၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၆၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ(ခ)တွင် အဆောက်အဦစစ်ဆေးကြီးကြပ်ခနှင့် တယ်လီဖုန်းကြော်ငြာဆိုင်းဘုတ်များအား စနစ်တကျကောက်ခံပေးသွင်းစေရန် ညွှန်ကြားထားပါသည်။

သို့ဖြစ်ပါ၍ ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦ စစ်ဆေးကြီးကြပ်ခနှင့် ကြော်ငြာဆိုင်းဘုတ်ခွန်များအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျကောက်ခံလျက်ရှိရာ (၃၀. ၁၁. ၂၀၁၆) ရက်နေ့အထိ အဆောက်အဦစစ်ဆေးကြီးကြပ်ခ ၃၅၆၄၉၅၇ ကျပ်(၁၆၆. ၉%)နှင့် ကြော်ငြာဆိုင်းဘုတ်

ခွန်မှာ ၄၀၅၁၂၀၀ ကျပ်(၆၇၅. ၂%)ကောက်ခံရရှိပြီးဖြစ်ပါသည်။ ကောက်ခံရရှိသည့်အခွန်ငွေများအား ဘဏ်သို့ အချိန်နှင့်တစ်ပြေးညီ ပေးသွင်းစေခြင်း၊အခွန်ငွေများပေးသွင်းမှုအား သက်ဆိုင်ရာပုံစံများ၊ မှတ်ပုံတင်စာအုပ်များဖြင့် စနစ်တကျဖြည့်သွင်း၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိစေခြင်းဖြင့် အခွန်များ စနစ်တကျကောက်ခံရရှိစေရေး လမ်းညွှန်ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်း အမှတ်စဉ် (၂)နှင့်စပ်လျဉ်း၍ ကျောက်ဖျာခံနေသည့်အတွက် စက်ရေတွင်းတူးဖော်မရလျှင် ရေရှားပါးသည့်ရပ် ကွက်နေပြည်သူများအတွက် ရေရရှိအောင် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း ဆက်စပ် မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးကို စာဖြင့်မေးမြန်းရန်ဖြစ်ပြီး ရေရှားပါးသည်ကို စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စာဖြင့်ဖြေကြားပေးမည်ဖြစ်ကြောင်းပြောကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဖြူးမြို့သို့ ယာဉ်ထိန်းရဲများ တာဝန်ချထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဖြူးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် အုတ်ဖြတ်ကျေးရွာ မြစ်ကမ်းပါးပြိုကျမှုအား အချိန်မီ ထိန်းသိမ်း ကာကွယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ဖြူးမြို့ ကုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား ကုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ တိုးချဲ့ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်း၊ ဖြူးမြို့သို့ ယာဉ်ထိန်းရဲများ တာဝန်ချထားပေးနိုင်ခြင်းရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းလိုပါသည်။

ဖြူးမြို့နယ်သည် ပဲခူးတိုင်းအတွင်း လူဦးရေ(၃)သိန်းနီးပါးခန့်ရှိ၍ ခရိုင်မြို့ကြီးများနည်းတူ လူဦးရေ သိပ်သည်းထူထပ်သော မြို့တစ်မြို့ဖြစ်ပါသည်။

ထိုသို့ လူဦးရေများပြားသကဲ့သို့ အနေးယာဉ်များ၊ စက်တပ်ယာဉ်များ၊ မော်တော်ယာဉ်များ သွားလာမှု ရှုပ်ထွေးများပြားသောမြို့ဖြစ်သည့်အားလျော်စွာ ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပေါ်နေပါသဖြင့် မြို့တွင်းတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ ပိုမိုထိရောက်စွာ စနစ်တကျ ထိန်းသိမ်းနိုင်ရန် အရေးတကြီး မဖြစ်မနေ လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ ဖြူးမြို့သို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အမြဲတမ်းလိုအပ်သလို ချထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်း၊ ဖြူးမြို့နယ်အတွင်းရှိ အုတ်ဖြတ် ကျေးရွာသည် စစ်တောင်းမြစ်ကမ်းပါးတွင်ရှိပြီး ဖြူးမြို့မှ (၁၁)မိုင်ခန့် ကွာဝေးပါသည်။

အဆိုပါကျေးရွာသည် ဖြူးမြို့မှ ကျောက်ကြီးမြို့သို့ သွားသည့် မော်တော်ကားလမ်းပေါ်တွင် တည်ရှိပြီး အချက်အချာကျသည့် ကျေးရွာဖြစ်ပါသည်။ ထို့အပြင် မကြာမီ ယင်းရွာနေရာအနီးမှ စစ်တောင်းမြစ်သို့ ဖြတ်ကူးမည့် စစ်တောင်းမြစ်ကူးတံတားသစ်ကြီး တည်ဆောက်ရန် အစီအစဉ်လည်းရှိပါသည်။

အဆိုပါရွာသည် ယခင်ကလည်း စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် တစ်ရွာလုံး နေရာရွှေ့ပြောင်း ခဲ့ရသည့် ရွာကြီးဖြစ်ပါသည်။ ယခုအခါတွင်လည်း အလားတူ စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျလျက်ရှိပြီး ယင်းရွာအတွက် ထပ်မံအန္တရာယ်ပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖြူးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ထပ်မံပြီး အန္တရာယ်ကျရောက် လျက်ရှိသော ယင်းအုတ်ဖြတ်ကျေးရွာအား အချိန်မီ ကာကွယ်ပေးနိုင်ရေးအတွက် မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းကာကွယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြူးမြို့၊ ကုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား ကုတင် (၂၀၀)ဆံ့ဆေးရုံကြီးအဖြစ်သို့ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းလိုပါသည်။

ဖြူးမြို့နယ်သည် ပဲခူးတိုင်းအတွင်းတွင် လူဦးရေ(၃)သိန်းနီးပါးရှိသော မြို့နယ်ကြီးတစ်ခု ဖြစ်ပါသည်။ ယခုလက်ရှိ ဖြူးမြို့၊ ကုတင်(၁၀၀)ဆေးရုံကြီးသို့ ဒေသခံ ဖြူးမြို့နယ်နှင့်တကွ ပတ်ဝန်းကျင်မြို့နယ်များ ဖြစ်ကြသော အုတ်တွင်းမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ကျောက်ကြီး မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ ပြည်သူများ ကျန်းမာရေးအတွက် အားထားနေရသော ဆေးရုံကြီးတစ်ရုံဖြစ်သည့်အားလျော်စွာ နေ့စဉ် အတွင်းလူနာ(၂၀၀)ကျော်ခန့် တက်ရောက်ကုသလျက်ရှိသည့် ဆေးရုံကြီးဖြစ်ပါသည်။

ထို့အပြင် ယခုအခါ တပ်မတော်၏ စွန့်ပစ်မြေ(၃. ၅၂)ဧကကိုလည်း ယခုလက်ရှိ ဆေးရုံပိုင်မြေနှင့် တစ်ဆက်တစ်စပ်တည်း တရားဝင်ရရှိထားပြီးဖြစ်ရာ ဆေးရုံပိုင်မြေမှာ(၁၀) ဧကခန့်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆေးရုံကြီးနှင့် လူနာအချိုးမမျှတဘဲ နာမကျန်းလူနာများအား ယခုထက်ပို၍ ထိရောက်စွာတိုးချဲ့ကုသပေးနိုင်ရေးအတွက် လက်ရှိကုတင်(၁၀၀)ဆံ့ ဆေးရုံကြီးကို ကုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ တိုးချဲ့ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့သို့ ယာဉ်ထိန်းရဲများ တာဝန်ချထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ယာဉ်ထိန်းရဲတပ်ဖွဲ့အား ဖွဲ့စည်းပုံအပြည့်အင်အား ဖြည့်တင်းတာဝန် ခွဲဝေချထားပေးနိုင်ခြင်းမရှိသောကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှလည်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းပုံအင်အားပြည့်တာဝန် ခွဲဝေချထားပေးနိုင်ခြင်းမရှိပါ။ ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့်လည်း ဖွဲ့စည်းပုံအင်အားပြည့်တာဝန် ခွဲဝေချထားပေးနိုင်ခြင်းမရှိသဖြင့် ခရိုင်မြို့ကြီး(၄)မြို့၌သာ အခြေပြုတာဝန် ထမ်းဆောင်နိုင်ပြီး အင်အားအခြေအနေအရ ကျန်(၂၄)မြို့နယ်တွင် ဖြန့်ခွဲတာဝန်ချထားပေးနိုင်ခြင်းမရှိပါ။ အင်အားဖြည့်တင်းပေးပါက မြို့နယ်အလိုက် တပ်ဖွဲ့စိတ်များဖွဲ့စည်း၍ တာဝန်ချထားပေးရန် အစီအစဉ် ရှိသော်လည်း လတ်တလောအခြေအနေတွင် အင်အားဖြည့်တင်းပေးနိုင်ခြင်း မရှိသေးပါသဖြင့် တာဝန်ခွဲဝေချ ထားပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဖြူးမြို့နယ်သို့ သီးခြားအင်အားခွဲထုတ်တာဝန်ချထားပေးနိုင်ရန် အစီအစဉ် မရှိသေး ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် အုတ်ဖြတ်ကျေးရွာ မြစ်ကမ်းပါးပြိုကျမှုအား အချိန်မီ ထိန်းသိမ်း ကာကွယ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်အတွင်းရှိ အုတ်ဖြတ်ကျေးရွာသည် စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုထိန်းသိမ်း ကာကွယ်ပေးရေးနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသည့် ဖြူးမြို့နယ်တွင်းရှိ စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ထပ်မံအန္တရာယ်ကျရောက်နိုင်သည့် ယင်းအုတ်ဖြတ်ကျေးရွာအား အချိန်မီ ကာကွယ်ပေး နိုင်ရန်အတွက် မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းကာကွယ်ပေးနိုင်ရန် သွားရောက်ကြည့်ရှု စစ်ဆေးသွားမည် ဖြစ်ကြောင်း၊ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အခက်အခဲတစ်စုံတစ်ရာရှိပါက သွားရောက် ကြည့်ရှုချိန်အတိုင်းအတာနှင့် အမှန်တကယ် ဆောင်ရွက်မည့်အခြေအနေတွင် တိုင်းတာမှု တူညီမှုမရှိပါကြောင်း၊ သို့အတွက် မိမိတို့အနေဖြင့် အကြမ်းဖျင်းအားဖြင့် ကြည့်ရှုရုံသာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃) နှင့် ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ကိုယ်စား ဖြေကြားမည် ဖြစ်ကြောင်း၊ ဒီမေးခွန်းသည် ပြည်ထောင်စု နှင့်ပတ်သက်သည့် ဘတ်ဂျက်ဖြစ်သည့်အတွက် ပြည်ထောင်စု ဘတ်ဂျက်ကို မိမိတို့အနေဖြင့် ကတိကဝတ်ပေးရန် ခက်ခဲပါကြောင်း၊ ဆက်လက်တင်ပြပေးမည်ဆိုသည့် ဖြေကြားချက်ဘဲရမှာဖြစ်သည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပေးရန်ဖြစ်ပါကြောင်း ဖြေကြားချက်အနေဖြင့် ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ဖြူးမြို့၊ ကုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား ကုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဖြူးမြို့နယ် ကုတင်(၁၀၀)ဆံ့ ဆေးရုံကြီးကို ကုတင်(၂၀၀)ဆံ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်အတွက် ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထံသို့တင်ပြပေးမည်ဖြစ်ပါသည်။ ကုသရေးဦးစီးဌာန၏ ရရှိလာသော ညွှန်ကြားချက်ကို ပြန်လည်ဖြေကြား ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ တစ်ဆက်တည်း ဘတ်ဂျက်ကိစ္စနှင့်ပတ်သက်ပြီး အနည်းငယ်တင် ပြလိုပါကြောင်း၊ ကမ်းပါးပြိုကိစ္စနှင့်ပတ်သက်ပြီး မြို့နယ် များတွင် ခက်ခဲကြောင်း၊ ဗဟိုစာရင်းဌာနမှ စာရင်းကြည့်သည့်အခါ ဧရာဝတီမြစ်ကမ်းကိစ္စသွားရောက် ကောက်ခံခြင်းနှင့် စစ်တောင်းမြစ်ကမ်းပါးတွင် ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအား ကောက်ခံမှုတို့ကို မိမိသိရှိသလောက် တင်ပြချင်ပါကြောင်း စစ်တောင်းမြစ်ကမ်းပါးနှင့်ပတ်သက်၍ သနပ်ပင်၊ ဝေါထိကောက်ခံပါကြောင်း၊ နောက်တစ်ချက် တင်ပြချင်သည်က မြစ်ကြောင်းပျက်စီးခြင်းသည် သဘာဝ ဘေးအန္တရာယ်ကြောင့် ဖြစ်ပွားသည်ဟု ယူဆပါကြောင်း ဒါကိုပြည်ထောင်စုက တိုင်းဒေသကြီး ဘတ်ဂျက် အနေဖြင့် မထည့်ပေးနိုင်သည့်အပြင် လက်တလော မလုပ်ပေးနိုင်သော်လည်း လာမည့် RE ကိုပြီးခဲ့သည့် (၁၃-၁၂-၂၀၁၆) ရက်နေ့တင်သွင်းပြီး(၁၄-၁၂-၂၀၁၆) ရက်နေ့တွင် အတည်ပြုထားပြီးဖြစ်၍ အဲ့ဒီထဲတွင် သဘာဝ ဘေးအန္တရာယ်ကို ကူညီနိုင်သည့် အနေအထား ထည့်သွင်းလျာထားပါကြောင်း၊ သီးသန့်မလုပ်နိုင် သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်မှုအနေဖြင့် ကျောင်း၊ ဆေးခန်း၊ ကျေးလက်ဆေးပေးခန်းနှင့် ရွာများ

ရွှေ့ပြောင်းမည် ဆိုပါက စနစ်တကျ ကောက်ခံပြီးနိုင်ငံတော် ဘတ်ဂျက်တွင် သင့်သလောက် ဆောင်ရွက်ပေးမည်ကို အစိုးရအဖွဲ့ဝန်ကြီးများ၏ကိုယ်စား ဖြေကြားပါကြောင်း၊ မိမိတို့မြို့နယ်တွင် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကို ကာကွယ်ဖြည့်ဆည်းပေးရန်အတွက် RE ဘတ်ဂျက်တွင် ငွေကုန်အောင်သုံးရမှာရှိကြောင်း၊ မြစ်ကမ်းပါးပြိုမှုနှင့် ပတ်သက်ပြီး ပြိုတာကိုမပြိုအောင် လုပ်မည့်အစား ပြိုသည့်ရွာကိုမပြိုအောင်မည်သို့ကူညီရမလဲဆိုသည့် အခက်အခဲများကိုပြေလည်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုထည့်သွင်းစဉ်းစားစေလိုကြောင်း၊ ထို့အတူကျောက်ဖျာခံနေ၍ ရေကောင်းရေသန့် မရရှိသည့်ကိစ္စတွင် ပဲခူးတိုင်းအရှေ့ခြမ်းတစ်ခြမ်းလုံးရှိရွာများရေသန့်မရရှိသည်ကလည်း သဘာဝဘေးအန္တရာယ်ဘဲဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး RE တွင် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ကူညီရန်အထိုက်အလျောက်ရှိပါကြောင်း ပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနကို ဆက်လက်တင်ပြပေးနိုင်ရေးအတွက် ကုတင်၁၀၀ဆံ့ဆေးရုံကြီးအား သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဆက်သွယ်ညှိနှိုင်းပြီးဖြေကြား တင်ပြရန်ဖြစ်ကြောင်းပြောကြားပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နံနက်ပိုင်းကို (၁၁း၅၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မိုးညိုမြို့နယ်၊ မီးသတ်ဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ၊ ရေစက်နှင့် ခြံစည်းရိုးများ လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မိုးညိုမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျန်အကြားရှိ မူလရေနုတ် မြောင်းနေရာအား ရေတံခါးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"မိုးညိုမြို့နယ်၊ ကျွန်းညိုအုပ်စု၊ ကျွန်းညိုသက်ကယ်တန်း လမ်းအရှည် ပေ(၃၀၀၀)၊ အကျယ်(၁၅)ပေ၊ အမြင့်(၄)ပေရှိ လမ်းအား မြေသားဖြည့် ကွန်ကရစ်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"မိုးညိုမြို့နယ်၊ ဖန်ခါးပင်ကျေးရွာအုပ်စုအတွင်းရှိ ညောင်ပင်ကုန်းကျေးရွာနှင့် ဆင်ခေါင်းအုပ်စု တောင်ယာဖျားကျေးရွာသို့ ဆက်သွယ်ထားသော ချောင်းကူးတံတားကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းအုပ်စုတွင် လူကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **"မိုးညိုမြို့ပြင်ရှိ မြို့မြေနေရာတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၆)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ မီးသတ်ဦးစီးဌာနတွင် လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ရေစက်နှင့် ခြံစည်းရိုးများ လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျွန်အကြားရှိ မူလရေနုတ်မြောင်းနေရာအား ရေတံခါးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ကျွန်းညိုအုပ်စု၊ ကျွန်းညိုသက်ကယ်တန်း လမ်းအရှည် ပေ(၃၀၀၀)၊ အကျယ်(၁၅)ပေ၊ အမြင့်(၄)ပေရှိ လမ်းအား မြေသားဖြည့် ကွန်ကရစ်ခင်းလမ်း အဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဖန်ခါးပင်ကျေးရွာအုပ်စုအတွင်းရှိ ညောင်ပင်ကုန်း ကျေးရွာနှင့် ဆင်ခေါင်းအုပ်စု တောင်ယာဖျားကျေးရွာသို့ ဆက်သွယ်ထားသော ချောင်းကူး တံတားကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းအုပ်စု၊ ရှစ်ကွက်ကျေးရွာသည် ဧရာဝတီမြစ်၏ အနောက်ဘက် ကမ်းတွင် တည်ရှိပြီး အုပ်စုတွင်းရှိ ကျေးရွာ(၄)ရွာအား ဘုရားဖြူချောင်းကခြားထားလျက်ရှိရာ ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ သွားလာရန် ခက်ခဲနေပါသဖြင့် လူကူးတံတားတစ်ခု တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းသည် ယခုအခါ မြို့လယ်တွင် တည်ရှိနေရာ မြို့တွင်းယာဉ်သွားယာဉ်လာ များခြင်း၊ ကုန်တင်၊ ကုန်ချကားများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ခြင်း၊ မြို့တွင်းလမ်းများ အချိန်မတိုင်မီ ပျက်စီးယိုယွင်းမှုများကြောင့် မိုးညှင်းမြို့ပြင်ရှိ မြို့မြေနေရာတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ကိုယ်စား ဖြေကြားပေးမှာဖြစ်ပါတယ်။ ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညှင်းမြို့နယ်၊ မီးသတ်ဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ၊ ရေစက်နှင့် ခြံစည်းရိုးများ လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်၊ မီးသတ်ဦးစီးဌာနတွင် လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ရေစက်နှင့် ခြံစည်းရိုးများအား ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညှင်းမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျန် အကြားရှိ မူလရေနုတ်မြောင်းနေရာအား ရေတံခါးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျန်အကြားရှိ မူလရေနုတ်မြောင်း နေရာသည် မိုးညှင်းမြို့နယ်၊ ဧရာဝတီမြစ်ရေအား ကာကွယ်သည့် ဘုရားကြီးကုန်း ခအောင်းပင် တာ၏တာမိုင် (၁၇/၀) တွင် တည်ရှိပါသည်။

(၂၀၁၆) ခုနှစ်၊ ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် (၆. ၈. ၂၀၁၆) ရက်နေ့ည(၁၀း၁၅)နာရီတွင် ဘုရားကြီးကုန်းခအောင်းပင်တာတာမိုင် (၂၀/၀) နေရာမှ တာကျိုးပေါက်မှုကြောင့်

တာအတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည့်ရေများအား တာမိုင်(၁၇/၀) မှ ဖွင့်ဖောက်ထုတ်ပေးခဲ့ပြီး ရေကျဆင်းသွားပြီဖြစ်သဖြင့် တာမိုင်(၁၇/၀) ရှိတာအား မူလတာပုံစံအတိုင်း ပိတ်ဖို့ခဲ့ပြီးဖြစ်ပါသည်။

မိုးညိုမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျန်အကြားရှိ မူလရေနုတ်မြောင်းနေရာအား ရေတံခါးပြုလုပ်ပေးရန် တင်ပြသည့်နေရာမှာ ဧရာဝတီမြစ်ရေအား ရေဘေးကာကွယ်သည့် ဘုရာကြီးကုန်းခအောင်းပင်တာ မိုင်(၁၇/၀) နေရာဖြစ်ပါသည်။ ရေကာတာပေါ်တွင် ဖြစ်ပါသည်။ ယခင် တာစတင်ဖို့စဉ်က တပ်ဆင်ထားခဲ့သော (၃) ပေအချင်း ရေထုတ်ကွန်ကရစ်ပိုက်များကြောင့် (၂၀၀၇) ခုနှစ်တွင် တာအိ၍ ကျိုးပေါက်လုနီးပါး ဖြစ်ပေါ်ခဲ့ပါသဖြင့် အဆိုပါပိုက်များအား တူးဖော်ပြီးမြေသားအတိုင်း ပြန်လည်ဖို့ပေးခဲ့ပါသည်။ ယခုနှစ်မိုးရာသီ ဝင်ရောက်သည့်ရေအားလည်း တာဖွင့်ဖောက်ထုတ်ရာတွင် ရေအမြင့် RL (၅၈)ပေရှိရာမှ RL (၅၃)ပေအထိ ရေအနက်(၅)ပေသာ ထုတ်နိုင်ခဲ့ပြီး အဆိုပါအင်းအတွင်း ရေအနက်(၆)ပေ ကျန်ခဲ့ပါသည်။

ထိုအင်းအတွင်းမှ ရေအားကုန်စင်အောင်ထုတ်မည်ဆိုပါက ဧရာဝတီမြစ်အတွင်းသို့ ထုတ်နုတ်နိုင်မည့် ရေထုတ်မြောင်းအား (၃) မိုင်ကျော်ခန့် တူးဖော်ပေးရမည်ဖြစ်ပြီး တူးဖော်ရမည့်ရေနုတ်မြောင်း တလျှောက်ရှိလယ်မြေများမှာလည်း မြေစာရင်းမှ ပုံစံ(၇) ထွက်ရှိထားပြီးဖြစ်သည့်အတွက် အလွန်ခက်ခဲစွာ ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရေတံခါးတည်ဆောက်ရန် တင်ပြသည့်နေရာသည် လယ်မြေနှင့် အင်းဆက်စပ်လျက် ရှိနေပါသဖြင့် ရေထုတ်ရေသွင်းပြုလုပ်ရာတွင် လယ်သမားနှင့် အင်းသမားများ အဆင်ပြေနိုင်မည် မဟုတ်ပါ။ ထို့အပြင် တာအတွင်းရှိ ရေအားကုန်စင်အောင် ထုတ်နိုင်ရန်မှာ လက်ရှိတာထိပ် မျက်နှာပြင်အောက်(၂၁) ပေခန့်နိမ့်၍ တည်ဆောက်မှသာ ရေကုန်စင်အောင် ထုတ်နိုင်မည်ဖြစ်သဖြင့် မိုးရာသီရေကြီးချိန်တွင် အဆိုပါနေရာသည် ကြံ့ခိုင်မှုအားနည်း၍ တာအား ထိခိုက်နိုင်သဖြင့် ဆောင်ရွက်ရန် မသင့်လျော်ပါ။ ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများအရ တင်ပြခြင်းဖြစ်ပါသည်။

သို့ပါ၍ မိုးညိုမြို့နယ်၊ ရေကင်းအုပ်စု၊ ရေကင်းရွာနှင့် ရေကင်းကျန်အကြားရှိ မူလရေနုတ်မြောင်းနေရာအား ရေတံခါးပြုလုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညိုမြို့နယ်၊ ကျွန်းညိုအုပ်စု၊ ကျွန်းညိုသက်ကယ်တန်းလမ်းအရှည် ပေ(၃၀၀၀)၊ အကျယ်(၁၅)ပေ၊ အမြင့်(၄)ပေရှိ လမ်းအား မြေသားဖြည့် ကွန်ကရစ်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ကျွန်းညိုအုပ်စု၊ ကျွန်းညို-သက်ကယ်တန်းလမ်းမှာ အရှည် (၀/၅မိုင်× ၁၆' )ရှိ ဂဝံလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား (၀/၅မိုင်×၁၂'×၇" ) ကွန်ကရစ်ခင်းမည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ ကျပ် (၁၂၇. ၉)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၄၃၉)အိမ်၊ လူဦးရေ(၁၇၅၇)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါကြောင်း မှတ်တမ်းများအရ စိစစ်တွက်ချက်ပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါ၊ ၂၀၁၆-၂၀၁၇ခု ဖြည့်စွက်ရန်ပုံငွေမှာလည်း

အတည်ပြုပြီးဖြစ်သည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညိုမြို့နယ်၊ ဖန်ခါးပင်ကျေးရွာအုပ်စုအတွင်းရှိ ညောင်ပင်ကုန်းကျေးရွာနှင့် ဆင်ခေါင်းအုပ်စု တောင်ယာဖျားကျေးရွာသို့ ဆက်သွယ်ထားသော ချောင်းကူးတံတားကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဖန်ခါးပင်အုပ်စု၊ ညောင်ပင်ကုန်းကျေးရွာနှင့် ဆင်ခေါင်းအုပ်စု၊ တောင်ယာဖျားကျေးရွာ ဆက်သွယ်သောလမ်းပေါ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော အရှည် (၁၅၀)ပေနှင့် အရှည် (၅၀)ပေရှိ အုတ်ခုံခံ သစ်သားတံတား (၂)စင်းရှိပါသည်။ အဆိုပါတံတားများမှာ ပျက်စီးနေပြီး (၁၅၀'×၁၂'×၁၅')ရှိ ကွန်ကရစ်တံတားတည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၅၀)သန်းနှင့် (၅၀'×၁၂'×၁၅') ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၅၀)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၂၀၀)သန်း ကုန်ကျမည်ကို တွက်ချက်ထားပြီးဖြစ်ပါကြောင်း အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၆)ရွာ၊ အိမ်ခြေ (၁၀၂၈)အိမ်၊ လူဦးရေ (၃၈၃၈)ဦးတို့ အကျိုးပြုသွားလာနိုင်မည်ကို မှတ်တမ်းတင်ထားရှိပြီးဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားများမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါ ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေမှာ အတည်ပြုထားပြီး ဖြစ်သည့်အတွက်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ် ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညိုမြို့နယ်၊ အိုးဘိုကွင်းအုပ်စုတွင် လူကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အိုးဘိုကွင်းကျေးရွာအုပ်စု၊ ရှစ်ကွက်ကျေးရွာသို့ ဆက်သွယ်သော လမ်းပေါ်တွင် အရှည် (၁၅၃'×၁၂'×၂၀')ရှိ သစ်သားတံတား(၁)စင်း ရှိပြီး ယခုအခါ ပျက်စီးလျက်ရှိပါသည်။ အဆိုပါတံတားအား (၁၆၀'×၁၂'×၃၀')ရှိ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးမည် ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၃၂၀)သန်း ကုန်ကျမည်ဖြစ်ကြောင်း တွက်ချက်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၇) ရွာ၊ အိမ်ခြေ (၁၄၃၇)အိမ်၊ လူဦးရေ (၅၅၁၈)ဦးတို့ အကျိုးပြု သွားလာနိုင်မည်ဖြစ်ကြောင်း မှတ်တမ်းတင်ထားရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေမှာလည်း အတည်ပြုပြီးဖြစ်သည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဦးအေးဝင်း၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညိုမြို့ပြင်ရှိ မြို့မြေနေရာတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မိုးညိုမြို့နယ်အနေဖြင့် ကုန်တင်ကုန်ချယာဉ်ရပ်နားချိန်အား နံနက်(ဝ၆း၀၀)နာရီမှ (၁၂း၀၀)နာရီအချိန်တွင် ရပ်နားခြင်းမပြုရန် အချိန်ကန့်သတ်ချက်များနှင့် ခွင့်ပြုသတ်မှတ်ထားခြင်း ကုန်ချိန်တန်ချိန်များ သတ်မှတ်ထားခြင်းများကို ဆောင်ရွက်ထားပြီး မြို့ပြင်နေရာတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် မြေနေရာမရှိသေးပါကြောင်းနှင့် မြေနေရာရှာဖွေရရှိလာပါက ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြ အပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကိုရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **" အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်း များကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။ သို့ဖြစ်၍ အမည်စာရင်း တင်သွင်းထားသာ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးကျော်ဇေယျတင်သွင်းသောအဆိုဖြစ်တဲ့ **" အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်**

**ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမည့် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

- နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအလို့ငှာ မြေယာများကို စီမံခန့်ခွဲခြင်း၊
- မြေပေးမိန့်များပေးခြင်း၊ ဂရန်ထုတ်ပေးခြင်းများကို ဆောင်ရွက်တဲ့နေရာမှာ အများပြည်သူအကျိုး မထိခိုက်စေရန် စနစ်တကျ စိစစ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုစနစ်တကျစိစစ်တဲ့ နေရာမှာ ဂရန်တစ်ခုထုတ်ပေးရန်အတွက် ဂရန်စစ်ဆေးသူအရာရှိဖြစ်တဲ့ ကော်လိတ္တော်/ လက်ထောက်ကော်လိတ္တော်တွေအနေနဲ့ ဂရန်ထုတ်ပေးမည့် အရာရှိထံ စိစစ်တင်ပြရမည့်အချက် (၁၉)ချက်ရှိပါတယ်။ အဲဒီအချက်တွေကတော့-
    - လျှောက်ထားမြေသည် အစိုးရမြေလွတ်မြေလပ် ဟုတ်မဟုတ်
    - လျှောက်ထားမြေသည် အစိုးရက စီမံချထားပိုင်ခွင့်ရှိတဲ့ မြေ ဟုတ်မဟုတ်
    - လျှောက်ထားမြေသည် မြို့ဧရိယာအတွင်း ကျရောက်ခြင်း ရှိ/မရှိ
    - လျှောက်ထားမြေသည် မြစ်၏ ကမ်းဦးမျက်နှာစာတွင် ရှိ/မရှိ
    - သုသာန်နှင့်အနီးဆုံး ကိုက်(၁၀၀)ကွာဝေးသော နေရာတွင် ရှိ/မရှိ
    - အစိုးရမှ အငှားချထားပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအမျိုးအစားဖြစ်သော်လည်း အများပြည်သူနှင့်ပတ်သက်သော ကိစ္စကြီးငယ်အတွက် အသုံးပြုရန် သီးသန့်လျာထား သတ်မှတ်သောမြေ ဟုတ်မဟုတ် အစိုးရအဆောက်အအုံဆောက်လုပ်ရန် ရည်ရွယ် လျာထားသောမြေတွင် ကျရောက်/မရောက်
    - လျှောက်ထားမြေနှင့် အစိုးရအဆောက်အအုံများ၏ အကွာအဝေးမှာ အနည်းဆုံး ကိုက်(၅၀) ကွာ/မကွာ
    - လျှောက်ထားမြေသည် ပူးတွဲတင်ပြထားသော ပုံစံ(၁၀၅)မြေပုံပေါ်ရှိ မြေကွက်နှင့် ကွာခြားမှု၊ တူညီမှု ရှိ/မရှိ
    - ယင်းမြေကို ချထားလိုက်ပါက အဆောက်အအုံအမှန်တစ်ကယ် ဆောက်လုပ်မည် သို့မဟုတ် ဆောက်လုပ်ရန် ရည်ရွယ်ထားမှု ရှိ/မရှိ
    - လျှောက်ထားမှုအပေါ် ကန့်ကွက်လွှာများ ရှိ/မရှိ
    - မြေငှားခတန်ဖိုး မည်မျှဖြစ်သင့်သည်နှင့် ယင်းတန်ဖိုးရရှိရန် မည်သို့တွက်ချက်ရယူ ခဲ့သည်
    - ယင်းမြေကွက်ကို ရောင်းပါက တန်ဖိုးမည်မျှရနိုင်သည်နှင့် ယင်းတန်ဖိုးကို မည်ကဲ့သို့ တွက်ချက်ရယူခဲ့သည်
    - မြေပေါ်တွင် အဆောက်အအုံရှိပါက ယင်းအဆောက်အအုံ၏ တန်ဖိုးနှင့် အဆောက်အအုံ၏ သက်တမ်းကာလမှာ မည်မျှအထိခံနိုင်သည်
    - ယင်းမြေကွက်နှင့် အဆောက်အအုံအတွက် အသားတင် ငှားရမ်းရရှိမည့် တန်ဖိုး

- လျှောက်ထားမြေနှင့် အလားတူပတ်ဝန်းကျင်ရှိ မြေတွင်ကောက်ခံကျသင့်သည့် မြေငှားခွန်နှုန်းများ
- ဂရန်ချထားပါက ယင်းမြေပေါ် သုံးစွဲမှုအရ ခွင့်ပြုသင့်သော ကာလနှစ်အပိုင်းအခြား
- မြေကွက်ပေါ်တွင် အသုံးပြုထားသော အဆောက်အအုံ(သို့မဟုတ်) ဆောက်ရန် လျာထားသော အဆောက်အအုံသည် မြေကွက်ဧရိယာ၏ ငါးပုံလေးပုံထက်ကျော်လွန်မှု ရှိ/မရှိ- (၈၀%)ကျော်မှ သုံးရ
- မြေကွက်ပေါ်ရှိ အဆောက်အအုံကို မည်သည့် ပစ္စည်းများဖြင့် ဆောက်လုပ်ထားသည် (သို့မဟုတ်) ဆောက်လုပ်ရန် ရည်ရွယ်ထားသည်
- လျှောက်ထားသော မြေကွက်နှင့် လမ်းများ၊ မြောင်းများ၏ အကွာအဝေး

အထက်ပါတင်ပြခဲ့တဲ့အချက်(၁၉)ချက်ကို ကော်လိတ္တော်အရာရှိ(သို့) လက်ထောက်ကော်လိတ္တော်တွေ အနေနဲ့ သေချာစွာစိစစ်ပြီးမှ ဂရန်ထုတ်ပေးမည့်အရာရှိထံ တင်ပြရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ကော်လိတ္တော်အရာရှိတွေအနေနဲ့ အထက်ပါစိစစ်ရန် အချက်များကို သေချာဂဃနဏ စိစစ်ရန် အားနည်းခဲ့တာတွေကို လေ့လာသိရှိရပါတယ်။ ဥပမာပြရမယ်ဆိုလျှင် လွန်ခဲ့သော(၁၉၉၀-၁၉၉၁)ခုနှစ်မှာ ပဲခူးမြို့၊ ဥသာမြို့နယ်၊ ရပ်ကွက်ကြီး(၂)အတွင်းရှိ ပေ(၅၀)လမ်းမကြီးအား ပဲခူးတိုင်းမြို့ကွက်နေရာချထားရေး ကော်မတီမှ ဒေါ်မို့မို့မဥ္ဇူနှင့် ဒေါ်သဇင်ဦးတို့နှစ်ဦးအား မြေနေရာခွင့်ပြုချထားပြီး ဂရန်ထုတ်ပေးခဲ့ပါတယ်။ အများပြည်သူအသုံးပြုသော လမ်းမကြီးအား ပုဂ္ဂလိကနှစ်ဦးအား မြေနေရာခွင့်ပြုချထားခြင်းကြောင့် ရပ်ကွက်နေ ပြည်သူများက သွားရေးလာရေးခက်ခဲခြင်း မီးသတ်ကားဝင်ထွက်ရန်ခက်ခဲခြင်း၊ ရပ်ကွက် အတွင်းရှိ အ.မ.က(၃) စာသင်ကျောင်းမှာ မိုးရာသီမိုးရွာသည့်အခါ ရေကြီးနစ်မြုပ်၍ ကျောင်းအမြဲပိတ် ရခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။

သို့အတွက်ကြောင့် အထက်ကတင်ပြခဲ့သော ပုဂ္ဂလိကနှစ်ဦး မြို့ကွက်နေရာချထားပေးခြင်းနှင့် ဂရန်ထုတ်ပေးခြင်းကိုကြည့်လျှင် ဂရန်ထုတ်ပေးရန် စိစစ်တင်ပြရမည့် အချက်နံပါတ်(၆)နှင့် သွားငြိစွန်းနေတာ တွေ့ရမှာဖြစ်ပါတယ်။ အချက်(၆)မှာ အစိုးရမှ အငှားချထားပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအမျိုးအစား ဖြစ်သော်လည်း အများပြည်သူနှင့်ပတ်သက်သော ကိစ္စကြီးငယ်အတွက် အသုံးပြုရန် သီးသန့်လျာထား သတ်မှတ်သော မြေ ဟုတ်/မဟုတ် အစိုးရအဆောက်အအုံ ဆောက်လုပ်ရန် ရည်ရွယ်လျာထားသော မြေအတွင်း ကျရောက်/မရောက်လို့ ဖော်ပြထားပါတယ်။ ဒါ့ကြောင့် အများပြည်သူအသုံးပြုသော လမ်းမကြီးအား မြေနေရာချထားပေးခြင်း၊ ဂရန်ထုတ်ပေးခြင်းများမလုပ်သင့်ပါဘူး၊ ပုဂ္ဂလိက ပုဂ္ဂိုလ်နှစ်ဦး အတွက် မြေနေရာနှင့် ဂရန်ထုတ်ပေးလိုက်ခြင်းဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အကျိုးထိခိုက်စေသော ရေကြီးရေလျှံဖြစ်ခြင်း၊ သွားရေးလာရေးခက်ခဲခြင်း၊ စာသင်ကျောင်းများပိတ်ထားရခြင်း၊ မီးသတ်ကား ဝင်ရောက်ရန် ခက်ခဲခြင်း စသည့် ဆိုးကျိုးများသက်ရောက်စေမှာ ဖြစ်ပါတယ်။

သို့ပါသောကြောင့် အများပြည်သူအကျိုးကို ရှေ့ရှု၍ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျမှ လွှတ်တော်သို့ တင်သွင်းတဲ့ အဆိုဖြစ်သည့် **“ အများနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင်**

**မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော်ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်မှ လေးနက်စွာ ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **" အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်း များကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါသည်-

ရှေးဦးစွာ ဥပဒေအရပြောရလျှင်-

- ၁၈၉၈ ခုနှစ် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ အစိုးရစီမံချထား ပိုင်ခွင့်ရှိသည့် မြေများဟာ
- မြို့မြေများ
- ကျေးရွာမြေများ
- မြစ်ကမ်းသဲသောင်မြေများ
- ရေကန်မြေ
- သုသာန်မြေ
- ကျေးရွာဘုံမြေ
- စားကျက်မြေ
- သာသနာ့မြေနှင့် သိမ်မြေ စသည်တို့ ဖြစ်ပါသည်။

ထို့ပြင် ၎င်းမြေများကို
- လူနေထိုင်ရန်
- စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်ရန်
- အများပြည်သူအကျိုးငှာအသုံးပြုရန်
- အခွန်လွတ်သာသနာ့မြေများအဖြစ်အသုံးပြုရန်
- စိုက်ပျိုးရေးလုပ်ကိုင်ရန်
- သတ္တုတူးဖော်ရန်နှင့် အုတ်ဖုတ်လုပ်ကိုင်ရန်
- ဆားထုတ်လုပ်ရန်
- ငါးကန်တူးဖော်ရန်
- ရေနံသိုလှောင်ရန် စသည်တို့အတွက် မြေယာပေးအပ်ချထားရပါသည်။ အဆိုပါမြေယာပေးအပ်ချထားမှုတွေကို အစိုးရ(သို့) အစိုးရကိုယ်စား ကော်လိတ္တော်အရာရှိက လုပ်ဆောင်ရပါသည်။

လက်ရှိကျွန်တော်တို့ နိုင်ငံတော်တော်များများမြို့များမှာ ယနေ့ကြုံတွေ့နေရသည့် ရေစီးရေလာပိတ်ဆို့မှု ပြဿနာများ၊ စည်ပင်ပိုင်မြေများမှာ ကျူးကျော်၍ နေထိုင်မှု၊ ဈေးရောင်းချမှု၊ ဈေးဆိုင်ဆောက်လုပ်ထားမှု အစရှိသည့် ပြဿနာများကို တွေ့ကြုံနေရပါသည်။ ထိုအများစုထဲတွင် အဓိကဖြစ်သည့် ရေစီးရေလာ ပိတ်ဆို့မှု ပြဿနာဆိုလျှင် အကျိုးဆက်အနေဖြင့် ကျန်းမာရေးပြဿနာပါ ရောပါလာပါသည်။ မကြာခင်ကာလက ကျွန်တော်၏ မဲဆန္ဒနယ်မြေပြည်မြို့မှာ ဖြစ်ပွားခဲ့သည့် ကူးစက်မြန်ပြင်းထန်ဝမ်းရောဂါဆိုလျှင် အင်မတန် ကြောက်စရာကောင်းခဲ့ပါသည်။ ဘာကြောင့် ထိုရောဂါဖြစ်ပွားရသလဲဆိုလျှင် မြေပေးမိန့်မပေးသင့်သည့် နေရာမှာ ပေးခဲ့၍ဖြစ်ပါသည်။

ကော်လိတ္တော်အရာရှိထံသို့ တစ်စုံတစ်ဦးက ဂရန်မြေလျှောက်ထားခဲ့သည်ဆိုလျှင် ကော်လိတ္တော် အရာရှိက ဂရန်လျှောက်ထားလာသည့် မြေနေရာကို ဂရန်ပေးသင့်/မပေးသင့် စည်းကမ်းချက်များနှင့် စိစစ်ရပါသည်။ သို့သော် မြေပေးမိန့်နှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်ဥပဒေမှာ ရှိ/မရှိကို လေ့လာကြည့်သည့် အခါမှာ မြေယာလက်စွဲဥပဒေ၊ နည်းဥပဒေထဲတွင် မပါဝင်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေပေးမိန့်များကို ခွင့်ပြုချထားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်-

- မည်သည့်လုပ်ပိုင်ခွင့်နှင့် ချထားပေးနေပါသလဲ၊
- မည်သည့်လူတွေကို ချထားပေးသလဲ၊
- မည်သည့်စည်းကမ်းချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်နေလဲ စသည်များကို စိစစ်ဖို့ လိုအပ်ပါသည်။

ကျွန်တော်၏ မဲဆန္ဒနယ်မြေ ပြည်မြို့တွင် မြို့ရဲ့အသက်သွေးကြောဖြစ်သည့် နဝင်းတာရိုးကြီးဘေးတွင် ကြီးမားခိုင်ခန့်သော တိုက်တာအဆောက်အဦများရှိနေပါသည်။ (အဆိုရှင် ဦးကျော်ဇေယျကလည်း Power Point နှင့် တင်ပြသွားပြီးဖြစ်ပါသည်။) အဆိုပါ အဆောက်အဦများသည် ဆည်မြောင်းတာတမံဥပဒေအရ တာရိုးကြီးနှင့် မရှိသင့်သည့် အကွာအဝေးအတွင်း ရှိနေပါသည်။ အကယ်၍ တာရိုးကြီးတွင် အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာခဲ့ပါက ပြင်ဆင်ထိန်းသိမ်းဖို့ရန် မြေနေရာမရှိတော့ပါ။ တာရိုးကြီး၏ အငှားမြေ အတွင်းမှာ အချို့နေရာတွေဆိုလျှင် တာရိုးကြီး၏နှုတ်ခမ်းအနီးမှာ အဆောက်အဦများရှိနေပါသည်။ ထို့အပြင် ၂၀၁၅ ဒီဇင်ဘာမှ ၂၀၁၆ မတ်လအတွင်း ပြည်မြို့နယ်၊ ဗိုလ်တစ်ထောင် ရပ်ကွက်တွင် ချထားပေးခဲ့သော ဂရန်မြေများမှာ အများပြည်သူအတွက် အသုံးပြုရန် ချန်လှပ်ထားသော နေရာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေပေးမိန့်ပေးခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြို့အလိုက်၊ နှစ်အလိုက် မြေပေးမိန့်ချထားပေးခဲ့သည့် စာရင်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြစေလိုပါသည်။ ထို့ကြောင့် မပေးသင့်သောနေရာတွင် ပေးခဲ့သော မြေပေးမိန့်များ၊ ဂရန်များကို ပြန်လည်စိစစ်ပယ်ဖျက်သွားရန်၊ အထူးသဖြင့် ဥပဒေပြဋ္ဌာန်းချက် ခိုင်မာစွာမရှိသော မြေပေးမိန့်အတွက် လိုအပ်၍ မပေးမဖြစ် ပေးရမည် ဆိုလျှင် ကော်မတီတစ်ရပ်ဖွဲ့စည်း ဆုံးဖြတ်ပြီးမှ မြေပေးမိန့်ချထားပေးရန် ပြည်သူလူထုအကျိုးစီးပွားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မဖြစ်မနေဆောင်ရွက်ပေးရန် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကျွန်တော်ကတော့ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **" အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်ခင်ဗျား။

ဒီအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် အချက်အလက်တွေထဲကို ပဲခူးမြို့နယ်မှ အကြောင်းအခြင်းရာများစွာ ပါဝင်နေပါသည်။ ဤအဆိုကို တာဝန်ကြောင့် မအားလပ်သည့် ပဲခူးမြို့နယ်မှ ကိုယ်စားလှယ်နှင့် ညှိနှိုင်းပြီး ကိုယ်စားတင်ပြထောက်ခံရခြင်း ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား အများနှင့်သက်ဆိုင်သော အများပြည်သူပိုင်နေရာဆိုတာ နာမည်ကိုက အများပိုင်ဖြစ်တဲ့အတွက်ကြောင့် အများပဲပိုင်ရမှာပါ။ ဒါကို ကိုယ်ကျိုးရှာတဲ့တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့က ဘယ်သူ့မျက်နှာမှ မထောက်ဘဲ လုပ်ခဲ့ကြလို့ ဒီလိုအဖြစ်တွေ ဖြစ်ပေါ်ခဲ့ရတာပါ။

မြန်မာနိုင်ငံ တနံတလျားမှာလည်း တရားဥပဒေစိုးမိုးရေးကို မျက်ကွယ်ပြုကာ ဥပဒေက မည်သို့ပင်ဆိုစေကာမူ ဆိုတဲ့စကားကို လက်ကိုင်ထားပြီး ဘနဖူး သိုက်တူးရဲခဲ့သော အမျိုးသား သစ္စာဖောက် ပုဆိန်ရိုးတွေရဲ့ လုပ်ရပ်ကြောင့် ယခုအချိန်ထိ ဖြေရှင်းရခက်တဲ့ ပြဿနာများစွာ ကျန်ရစ်ခဲ့ပါသည်။

ဒီလိုအရှုပ်ထုပ် ဒုက္ခပေါင်းများစွာကို ကျွန်တော်တို့ရဲ့ နောင်လာလတ္တံ့သော မြေးများမခံစားရအောင် ဒီအချိန်မှာ ရသလောက် အမုန်းခံကြိုးစားသွားရမှာပါ။ ဒီအတွက် အဆိုရှင်ကိုလည်း များစွာကျေးဇူးတင်မိတဲ့အကြောင်း ပြောပါရစေ။

စနစ်တကျစိစစ်ဆိုတဲ့စကားမှာလည်း ယခင်ပြုမူပြီးတဲ့ကိစ္စများကို စိစစ်ပြီး အများပြည်သူအမှန်တကယ်ပိုင်ဆိုင်သင့်တဲ့အရာများကို ပြည်သူ့လက်ဝယ် ပြန်လည်ရောက်ရှိရေးနှင့် နောက်နောင် ဒီလိုဖြစ်ရပ်ဆိုးများဆက်လက်မဖြစ်ပွားအောင် ကာကွယ်စောင့်ရှောက်ရေးတို့ ပါဝင်ပါတယ်။

မြေယာစီမံခန့်ခွဲမှု ဆောင်ရွက်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ အောက်ပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါတယ်။

- ၁၈၈၉ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေ
  (The Upper Burma Land & Revenue Regulations ,1889)
- ၁၈၇၆ခုနှစ် မြေနှင့်အခွန်အက်ဥပဒေ
  (The Land & Revenue Act ,1876)
- ၁၈၉၈ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေ အက်ဥပဒေ
  (The Lower Burma Town & Village Lone Act ,1898)
- ၁၈၉၄ခုနှစ် မြေသိမ်းဥပဒေ
  (The Land Acquisition Act ,1894)

ဒီဥပဒေများထဲမှာ ဘယ်လိုမြေမျိုးကို ဂရန်ချထားပေးရန် အတိအကျ ပြဋ္ဌာန်းထားပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေယာအသုံးချမှု စီမံခန့်ခွဲရေး (Land Use Management) မှာ အောက်ပါအတိုင်း အတိအကျပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

နှစ်တို၊ နှစ်ရှည်မြေဂရန်၊ လိုင်စင်ချထားခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးထံတွင် လျှောက်ထားရန် စည်းကမ်း(၈)ချက်ရှိသည့် အထဲတွင် ဦးပိုင်၊ မြေရာဇဝင်၊ အလားလေးရပ်ထောက်ခံချက်၊ အဆောက်အဦပုံ၊ အရွယ်အစား၊ တန်ဖိုး၊ အမျိုးအမည်တို့အထိ အသေးစိတ်ပါဝင်ပါတယ်။

လျှောက်ထားမြေကိုလည်း ကန့်ကွက်ရန်အချိန်(၁၅)ရက်ပေးပြီး ကြေညာစာထုတ်ပြန်ရပါတယ်။ အခြားလျှောက်ထားသူများရှိလျှင် (သို့မဟုတ်) ကျူးကျော်နေထိုင်သူများရှိလျှင် ကန့်ကွက်လွှာပို့ပေးရပါတယ်။ လျှောက်ထားသူများကို စုံစမ်းစစ်ဆေးရပါတယ်။ ပြီးလျှင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှုတွဲဖွင့် ဆောင်ရွက်ရပါတယ်။ လျှောက်ထားသူသည် ဂရန်စာချုပ်ပါ စည်းကမ်းချက်(၁၃)ချက်ကိုလည်း လိုက်နာကြရပါတယ်။

ဒီလိုစနစ်တကျဆောင်ရွက်ဖို့ ဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန်ထားတာတောင် အများပြည်သူပိုင်မြေများကို ကိုယ်ကျိုးစီးပွားအတွက် မြေပေးမိန့်များ၊ မြေဂရန်များ ထုတ်ပေးတဲ့အထိ ဖြစ်စေခဲ့တာ လွန်စွာအံ့သြဖမ်းနည်းဖို့ ကောင်းပါတယ်။

ပဲခူးမြို့၏ အများနှင့်သက်ဆိုင်သော မြေနေရာအချို့ ဂရန်ထုတ်ယူ အလွဲသုံးစားမှု များစွာထဲမှ အချို့ကို ကောက်နုတ်ဖော်ပြပါ့မယ်။ အများပိုင်မြေနေရာဆိုရာမှာလည်း လွတ်လပ်ရေးကျောက်တိုင်၊ ကလေးကစားကွင်း၊ ဘောလုံးကွင်း၊ ဘုရားဂေါပကမြေ၊ သချိုင်းဟောင်းမြေ၊ မီးလောင်ပြင်မြေနေရာပါမကျန် ခုတ်ထစ်ဖြတ်တောက်ယူထားကြပါတယ်။

အဲဒီထဲက ဥပမာအချို့ကို ဖော်ပြပါ့မယ်။

- ပဲခူးမြို့၊ ဘုရားလမ်း လွတ်လပ်ရေးကျောက်တိုင်မြေနေရာ
- အင်းတကော် ကျောက်တိုင်မြေနေရာ
- ရှင်စောပု တိုက်တန်းလျားရှိ ကလေးကစားကွင်းမြေနေရာ
- ဟင်္သာကုန်းဘောလုံးကွင်းမြေနေရာ
- ကြည်တော်ကုန်း(၁)လမ်းနှင့် (၃)လမ်းကြား ကစားကွင်းမြေနေရာ
- ဘုရားလမ်း ယခင်တင်းနစ်ကွင်းဟောင်း မြေနေရာ
- ဗိုလ်ကုန်း(၁၈)ရပ်ကွက် ဘုရားဂေါပက မြေနေရာ
- ပဲခူးတိုင်းဒေသကြီး၊ ဘုရားသုံးဆူ၊ ဉသာမြို့သစ် ရပ်ကွက်ကြီး(၈) မြတ်စောညီနောင်ဘုရားနှစ်ဆူကြား မြေနေရာ
- ပုဏ္ဏားစု-မှော်ကန်(၁၉)လမ်းနှင့် လမ်း(၂၀)ကြား မြေနေရာ
- ရွှေအောင်ရွှေးဘုရားလမ်းဘေး ယခင်ခရစ်ယာန် သင်္ချိုင်းဟောင်းမြေနေရာ
- မှော်ကန်(၁)လမ်း မြောက်ဘက်ခြမ်း မီးလောင်ပြင်မြေနေရာ
- အလင်းရောင်(၂) အများပိုင်မြေနေရာ

ယခုဖော်ပြခဲ့တာတွေကတော့ ပဲခူးမြို့မှာ အများနှင့်သက်ဆိုင်သော မြေနေရာအချို့ကို အလွဲသုံးခဲ့သော အစိတ်အပိုင်းအချို့ကိုသာ အချိန်ငဲ့ညှာပြီး ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုအဖြစ်မျိုးတွေဟာ မဖြစ်သင့်၊ မရှိသင့်တော့ပါဘူး။ တကယ်လို့ ကျူးလွန်ခဲ့ရင်တောင် အမှားကို သိပြီး ပြန်လည်ပြင်ဆင်ချင်တဲ့အခြေအနေမျိုးရောက်အောင် ခွင့်ပြုပေးရမှာက လက်ရှိပြည်သူ့အစိုးရနှင့် ပြည်သူများဖြစ်ပါတယ်။

ကျူးလွန်မိသူများအနေနှင့်လည်း အများနှင့်သက်ဆိုင်သော မြေနေရာများကို ကိုယ်ပိုင်အဖြစ် ရယူသုံးစွဲပြီး မိမိတသက်လုံးရော၊ သားစဉ်မြေးဆက်ပြောစမှတ်တွင် အမဲစက်စွန်းထင်၊ လိပ်ပြာမလုံရမယ့် ဘဝထက် ပြည်သူကို ဒီလိုနေရာတွေ ပြန်ပေးပြီး ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ ပြည်သူမျက်နှာကိုကြည့်တဲ့ ပြည်သူ့သူရဲကောင်းဘဝကို ခံယူရဲလာအောင် လှုံ့ဆော်တိုက်တွန်းရမှာ ဖြစ်ပါတယ်။

ပြည်သူများ၊ အစိုးရများအနေနဲ့လည်း ဒီလိုမတရား ပိုင်ဆိုင်မှုတွေ၊ ပိုင်ဆိုင်သူတွေနဲ့ ကင်းရှင်းအောင် နေထိုင်ပြီး ဒီလိုနေရာကို အရောင်းအဝယ်မဖြစ်အောင် ဒီလိုနေရာကို တည်မှီပြီး လုပ်စားနေတဲ့ စီးပွားရေး လုပ်ငန်းများအပေါ်  ကန့်ကွက်ခြင်း၊ အဆက်အဆံမလုပ်ခြင်းစတဲ့ အနုနည်းနဲ့ ရှောင်ကြဉ်ဆက်ဆံရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-နိဂုံးချုပ်အနေနဲ့ အများနှင့်သက်ဆိုင်သော မြေနေရာများ အများပြည်သူလက်ဝယ် ပြန်လည်ရောက်ရှိပြီး အေးချမ်းပျော်ရွှင်သော ဘဝကို ပြည်သူတို့ခံစားဖို့နဲ့ အမှားကျူးလွန်သူများကိုလည်း ဘဝမှာ အမှန်ပြင်ဆင်ခွင့်ကို ပြန်လည်ပေးအပ် ကြစို့တိုက်တွန်းရင်း ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်း များကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များ ချထားပေးခြင်းနှင့် ဂရန်ထုတ်ပေးထားခြင်းများကို ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရကို တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွားလုပ်ငန်း လုပ်ကိုင်ရန် မြေငှားဂရန်

လျှောက်ထားခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး လျှောက်ထားမြေသည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဟုတ်/မဟုတ်၊ အငြင်းပွားမှု/ကျူးကျော်မှု ရှိ/မရှိ၊ အလားလေးရပ် ပတ်ဝန်းကျင်သဘောထား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြေတိုင်းစာရေးထွက်ဆိုချက်၊ လမ်းနယ်နှင့် လွတ်ကင်းမှု ရှိ/မရှိ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များရယူပြီး လျှောက်ထားမြေ နေရာကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကွင်းဆင်း၍ အများနှင့်သက်ဆိုင်သောနေရာ မြို့ရွာသန့်ရှင်းလှပစေရေး ထိခိုက်မှုရှိ/မရှိတို့ကို စိစစ်ပြီး ပြည့်စုံမှန်ကန်မှုရှိသော အမှုတွဲများကိုသာ အထက်ဌာနသို့တင်ပြဆောင်ရွက် လျက်ရှိပါကြောင်း၊ မြို့နယ်အတွင်း မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ ဂရန်များထုတ်ပေးခြင်းမရှိစေရေးအတွက် လမ်းဦးစီးဌာနပိုင် လမ်းမြေများ၊ စည်ပင်သာယာပိုင်လမ်းမြေ၊ အခြားမြေများ၊ အများပြည်သူအကျိုးအတွက် နိုင်ငံတော်မှ ဆောင်ရွက်မည့် စီမံကိန်းလျာထားမြေများနှင့် အများပြည်သူဘေးအန္တရာယ်ဖြစ်နိုင်စရာ အကြောင်းရှိမည်ဟု ထင်မြင်ယူဆပါက မြေပေးမိန့်နှင့် မြေငှားဂရန်ထုတ်ပေးရန် သင့်/မသင့် စိစစ်တင်ပြပေးလျက်ရှိပါကြောင်း၊ မြို့မြေနေရာ ချထားရေးကော်မတီမှ ခွင့်ပြုချထားသော မြေပေးမိန့်အပေါ် စိစစ်၍ ဂရန်အမှုတွဲ တည်ဆောက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ရွာသန့်ရှင်းလှပစေရေးကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်များချပေးထားခြင်းများနှင့် ဂရန်များ ထုတ်ပေးထားခြင်း များကို ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှု၍ စနစ်တကျ ပြန်လည်စိစစ်ပေးပါရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၄)ဦးအနက် ထောက်ခံသူ(၃၃)ဦးအထက်ကျော်လွန်ပြီး ကန့်ကွက်သူ မရှိသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၄း၀၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက် (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဥ္စမပုံမှန်အစည်းအဝေး
# ပဥ္စမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၁၆ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၇ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၈.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပဉ္စမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းနှင့် ဗိုလ်မှူးသိန်းလွင်ဦးတို့သည် တာဝန် ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကို၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်နှင့် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်အောင်တို့သည် တာဝန်ထမ်းဆောင်ရန် ရှိပါသဖြင့် (၁၆-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကြေညာချက်အမှတ်(၂၈/၂၀၁၆)အရ အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ကတိကဝတ် အာမခံချက်များစိစစ်ရေးကော်မတီ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီစသည့် လွှတ်တော်ရေးရာကော်မတီ(၃)ခုတို့ကို ပြန်လည် စိစစ်ပြီး ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီဥက္ကဋ္ဌမှ လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကော်မတီ]**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က) နှင့် (ခ)အရလည်းကောင်း၊(၁. ၄. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၆အရ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီကိုလည်းကောင်း၊ (၅. ၄. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၆အရ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီကို လည်းကောင်း၊ (၁၇. ၅. ၂၀၁၀၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၆အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို လည်းကောင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက် အမှတ် (၂၈/၂၀၁၆)အရအစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် အဆိုပါရေးရာကော်မတီ (၃)ခုကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာလေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| - | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဇော်မင်းဦး(ခ) | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| | ဦးတင်ဆန်းဦး | | |

- ဦးထွန်းထွန်းဦး ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
- ဗိုလ်မှူးလှမိုးသိန်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဗိုလ်ကြီးနိုင်အောင်ခင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဦးသူရဇော် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး

- **ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ**
  - ဒေါက်တာကျော်ကျော် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဥက္ကဋ္ဌ
  - ဒေါ်လှလှဝင်း ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဒေါ်နွယ်နီဝင်း ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးဝင်းနိုင် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးစောသူရအောင် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးအောင်အောင် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးသန်းထိုက်အောင် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးညွှန့်ဝေ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးငွေးလွင် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဗိုလ်မှူးသိန်းထူး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
  - ဗိုလ်ကြီးကျော်မင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
  - ဒေါ်မူမူခင် သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အတွင်းရေးမှူး

- **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**

(၁) ဦးဇော်မင်းဦး(ခ) ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဥက္ကဋ္ဌ
ဦးတင်ဆန်းဦး

- ဦးငွေးလွင် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
- ဒေါ်ပပဟန် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်

- ဦးအေးဝင်း မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
- ဦးမိုးမခ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
- ဗိုလ်မှူးစောစိန်ကျော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဗိုလ်မှူးသိန်းခိုင်မြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဦးစောသူရအောင် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီ(၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ ဥက္ကဋ္ဌ၏ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ (၃)ခု ပြင်ဆင်ဖွဲ့စည်းခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ရန်အချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ၏ လေ့လာတွေ့ရှိချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းခြင်းနှင့် ဥပဒေပြုရေးကော်မတီ၏ သဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးကော်မတီ၏ သဘောထားမှတ်ချက်များအပေါ် ဆွေးနွေးသုံးသပ်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူသွားပါမယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**အခန်းရှိ ပုဒ်မ ၂ ပုဒ်မခွဲ(တ)ပုဒ်မခွဲငယ်(၂) မီးခွန်ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများတွင် မီးထွန်းပေးခြင်းအတွက် ကောက်ခံသည့်အခွန်ကိုဆိုသည်ဟူသော စကားရပ်၌ အများပြည်သူဆိုင်ရာ လမ်းများ၏နောက်၌ နေရာများတွင် ဟူသောစကားရပ် ထပ်မံထည့်သွင်းရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ / မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ဥပဒေကြမ်း၏ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(တ)ပုဒ်မခွဲငယ်(၂)သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း** အခန်းပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ (မြို့စည်ပင်သာယာရေး ကော်မတီကို နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်း နိုင်သည်) ဟူသောစကားရပ်အစား မြို့စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရန် လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကိုရယူကာ နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်ဟူသော စကားရပ်အဖြစ်ပြင်ဆင်ရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း** အခန်းပါ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)၌ မြို့အုပ်ချုပ်ရေးမှူး ဟူသော စကားရပ်အစား မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူ(၁)ဦး ဟူသောစကားရပ်အဖြစ် ပြင်ဆင်ရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥပဒေကြမ်း အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းအခန်း အနည်းငယ်ဖြည့်စွက်တင်ပြချင်ပါကြောင်း ပုဒ်မ ၆တွင် ဝန်ကြီးသည် ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့်ကော်မတီသည် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့တာဝန်ပေးအပ်ရာတွင် အချိန်ကာလအားဖြင့် (၆)လထက် မကျော်လွန်စေရဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ အမှုဆောင်အရာရှိကို တာဝန်ပေးထားသည်ဟုဆိုရာတွင် အမှုဆောင်အရာရှိဆိုသည်က မြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့နယ်အဆင့်ဖြစ်ကြောင်း အကယ်၍ တိုင်းကော်မတီ၊ မြို့နယ်ကော်မတီဆိုလျှင် သူနှင့်မသက်ဆိုင်ပါကြောင်း၊ ဒီနေရာမှာ စာရိုက်တာကျန်သွားတာဖြစ်နိုင်ကြောင်း၊ ဝန်ကြီးသည် မြို့နယ်ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဒါ့ကြောင့် "မြို့နယ်" ဆိုသည်ကို စာရိုက်တာကျန်သွားပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။မှတ်တမ်းတင်ထားပါမယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၄) ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ** အခန်းပါ ပုဒ်မ ၇ ပုဒ်မခွဲ(က)၌ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီသည် ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်နှင့် မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့် မြို့စည်ပင်သာယာရေးဌာနများ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်ရမည်ဟူသော စကားရပ်၌ ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဟူသော စကားရပ်၏ နောက်တွင် တိုင်းဒေသကြီးစည်ပင်သာယာရေးဌာန ဟူသောစကားရပ် ထပ်မံထည့်သွင်းရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၄) ပုဒ်မ ၇ ပုဒ်မခွဲ(က)သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၈) စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း** အခန်း ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မြေလွတ်၊ မြေကွက်လပ် ကိစ္စရပ် များအား အခန်း(၁၉) တားမြစ်ချက်များအခန်း ပုဒ်မ ၆၅ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားရှိပါသဖြင့် အဆိုပါ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မြေလွတ်၊ မြေကွက်လပ်ဟူသော စကားရပ်အား ပယ်ဖျက်ရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၈) ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၁၆) ဘဏ္ဍာရေး** အခန်း ပုဒ်မ ၅၆ပါ ကော်မတီသည် ဟူသော စကားရပ်အစား မြို့နယ်ကော်မတီ ဟူသော စကားရပ်ပြင်ဆင်ထည့်သွင်းရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၁၆) ပုဒ်မ ၅၆ သည် ဥပဒေပြုရေးကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်မူမူခင် သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဒေါ်မူမူခင် သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မူမူခင်[အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ]**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားသည့်အခါ အချိန်မီမရောက်ရှိခြင်းနှင့် သတင်းပေးတိုင်ကြားသူ မည်သူဖြစ်သည်ကို ကျူးလွန်သူများအား ထုတ်ဖော်ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူများအတွက် အန္တရာယ်ကြုံတွေ့နိုင်သည့် အခြေအနေများဖြစ်ပေါ်နေသည့်အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ် အရေးယူစိစစ်သွားရန် အစီအစဉ်ရှိသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"သရေခေတ္တရာ ပျူမြို့ဟောင်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်း "**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မှုခင်းများဖြစ်နိုင်ခြေရှိခြင်းကြောင့်ဖြစ်စေ၊ မှုခင်းတစ်ခုဖြစ်နေသည်ကို မြင်တွေ့နေရစဉ် ဖြစ်စေ၊ သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားသည့်အခါ အချိန်မီ မရောက်ရှိခြင်းများနှင့် ရာဇဝတ်မှုကျူးလွန်နေသူကို သိရှိ၍ သတင်းပေးတိုင်ကြားခဲ့သည့်အခါ များတွင်လည်း သတင်းပေးတိုင်ကြားသူမှာ မည်သူဖြစ်သည်ကို ရဲတပ်ဖွဲ့ဝင်များမှ ကျူးလွန် သူများအား ထုတ်ဖော်ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူများအတွက် အန္တရာယ်ကြုံတွေ့နိုင်သည့်အခြေအနေများ ဖြစ်ပေါ်နေသည့်အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေ ဖြင့် မည်ကဲ့သို့ ကြပ်မတ်အရေးယူစိစစ်သွားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မြန်မာနိုင်ငံအတွက် အထင်ကရ ဂုဏ်ယူဖွယ်ဖြစ်သော **“ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်”** သရေခေတ္တရာပျူမြို့ဟောင်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားသည့်အခါ အချိန်မီမရောက်ရှိခြင်းနှင့် သတင်းပေးတိုင်ကြားသူ မည်သူဖြစ်သည်ကို ကျူးလွန်သူများအား ထုတ်ဖော်ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူများအတွက် အန္တရာယ်ကြုံတွေ့နိုင်သည့် အခြေအနေများဖြစ်ပေါ်နေသည့်အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ် အရေးယူစိစစ်သွားရန် အစီအစဉ်ရှိသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ မှုခင်းများဖြစ်နိုင်ခြေ ရှိခြင်းကြောင့်ဖြစ်စေ၊ မှုခင်းတစ်ခုဖြစ်နေသည်ကို မြင်တွေ့ရ စဉ်ဖြစ်စေ၊ သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရဲစခန်းများသို့ ဆက်သွယ်အကြောင်း ကြားသည့်အခါ ရဲတပ်ဖွဲ့အနေဖြင့် တိုင်ကြားချက်အား သတင်းရရှိ အတည်ပြုပြီး အရေးယူဆောင်ရွက်သည့်အခါ သက်ဆိုင်ရာရဲစခန်းနှင့် အခင်းဖြစ် နေရာ/ အကွာအဝေး၊ သွားရောက်ရသည့်လမ်းကြောင်းအခြေအနေ အခင်းဖြစ်နေရာပတ်ဝန်းကျင် ၏အခြေအနေ၊ ဖြစ်ပွားနေသည့် ပြစ်မှုအမျိုးအစားနှင့် ကျူးလွန်သူအမျိုးအစားတို့ကို ချင့်ချိန်ပြီး လိုအပ်မည့် ရဲတပ်ဖွဲ့ဝင်အင်အား၊ အသုံးပြုရမည့်ယာဉ် စသည်တို့ကို စုဖွဲ့ပြီးမှ သွားရောက်ရခြင်းဖြစ်ရာ မှုခင်းဖြစ်ပွားရာ အရပ်သို့ အချိန်မီရောက်ရှိတားဆီးအရေးယူနိုင်ခဲ့သည့် ဖြစ်စဉ်များရှိသကဲ့သို့ တစ်ခါတစ်ရံ အခင်းဖြစ်အရပ်သို့ အချိန်မီရောက်ရှိ တားဆီးအရေးယူ နိုင်မှုမရှိသောဖြစ်စဉ်များရှိခဲ့သည်မှာ ပကတိအမှန်တရားပင်ဖြစ်ပါသည်။

ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၃ (က)အရ တစ်ဦးတစ်ယောက်သောသူက လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးသောပြုလုပ်မှု (သို့) ဥပဒေချိုးဖောက်မှု တစ်ခုခုကို ပြုလုပ်သဖြင့် သတင်းပေးတိုင်ကြားသည်ကို မိမိရာထူးတာဝန်အလျောက် အရေးယူဆောင်ရွက်ရမည်ကို မဆောင်ရွက်ဘဲ ပျက်ကွက်လျှင် (သို့မဟုတ်) လုံလောက်သောအကြောင်းမရှိဘဲ အရေးယူဆောင်ရက်ရာတွင် နှောင့်နှေး ကြန့်ကြာလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ လျှော့သော ပြစ်ဒဏ် ထိုက်သင့်စေရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေါ့လျော့မှု၊ ပျက်ကွက်မှုရှိပါက တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များအပေါ် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၃(က)အရ အရေးယူဆောင်ရွက်သွားပါမည်။

သတင်းပေးတိုင်ကြားသူမှာ မည်သူဖြစ်သည်ကို ရဲတပ်ဖွဲ့ဝင်များမှ ကျူးလွန်သူများအား ထုတ်ဖော် ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူများ၏ အန္တရာယ်ကြုံတွေ့နိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေမှုနှင့် ပတ်သက်၍ အချို့သတင်းပေးသူများမှာ ၎င်းတို့ကိုယ်တိုင် မည်သည့်ဌာနသို့ သတင်းပေး တိုင်ကြားထားကြောင်း ပြောဆိုလေ့ရှိပါသည်။ မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၅ တွင် သတင်း တစ်ခုခုကို လက်ဝယ်ထားရှိသူ၊ ကြီးကြပ်ရသူ မည်သူမဆို တာဝန်အရ အသိပေးရမည့်သူမှအပ အခြားသူ တစ်ဦးဦးအား ဆက်သွယ်ကြားသိစေလျှင် ကျူးလွန်သူကို ထောင်ဒဏ် (၂)နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ငွေဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်ပါသည်။ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၂ တွင် ဤဥပဒေကို လိုက်နာရသူ ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် ဤဥပဒေတွင် ဖော်ပြမထားသော်လည်း စနစ်တကျရှိခြင်းနှင့် ရဲစည်းကမ်းကို ထိခိုက်စေသော ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှု ကျူးလွန်လျှင် (၁)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ လျှော့သောပြစ်ဒဏ်ဖြစ်စေ ချမှတ်စေရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ပြည်သူလူထုမှ သတင်းပေါက်ကြားမှု ကျူးလွန်သူကို မြန်မာနိုင်ငံ လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၅ အရလည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များထဲမှ သတင်းပေးသူနှင့် သတင်းအား ပေါက်ကြားမှုရှိပါက မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၅ အရ လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၂ အရလည်းကောင်း၊ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကိုယ်တိုင် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သရေခေတ္တရာ ပျူမြို့ဟောင်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီစဉ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်း "**နှင့် စပ်လျဉ်း၍ သရေခေတ္တရာ ပျူမြို့ဟောင်းသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သောကြောင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်

အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုအစိုးရက တိုက်ရိုက်စီမံခန့်ခွဲ ဆောင်ရွက်ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ကမ္ဘာ့ အမွေအနှစ် ဒေသများဌာနခွဲကို ညွှန်ကြားရေးမှူးအဆင့်က ဦးဆောင်ပြီး ပြည်မြို့တွင်ရုံးစိုက်ကာ သရေခေတ္တရာ မြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် ဗိဿနိုးမြို့ဟောင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်၍ ရှေးဟောင်း သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲသည် သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံများ၏ပူးပေါင်းပါဝင်မှုဖြင့် သရေခေတ္တရာမြို့ဟောင်း၏-

- ပုံမှန်ထိန်းသိမ်းရေးလုပ်ငန်းများ ( Conservation work )
- သုတေသနပြုတူးဖော်မှုလုပ်ငန်းများ ( Excavation work)
- ဇုန်အတွင်းစီမံဆောင်ရွက်ခြင်းကိစ္စများ ( Zoning Policies )
- ကြုံတွေ့နိုင်သည့်အခက်အခဲ၊အန္တရာယ်နှင့်ပတ်သက်၍ပြင်ဆင်မှုများ ( Risk Prepairedness )
- ခရီးသွားဧည့်သည်ဆိုင်ရာစီမံခန့်ခွဲမှု ( Visitor Management )
- ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ( Local Community Management )

စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း အကျဉ်းချုပ် ဖြေကြားအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်း များအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး ” အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimateများအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး ”** အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၄)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က အဆိုနှင့်ပတ်သက်၍ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော် စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံ ရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေး အဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး "** အဆိုနှင့် ပတ်သက်၍ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါ်ရီရီထိုက်မှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့် နိုင်ငံတော်စီမံကိန်းနှင့် ပတ်သက်သော လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါတယ်။ လုပ်ငန်းစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းသည့်အတွက် နိုင်ငံတော် ဘဏ္ဍာငွေတွေ အလေအလွင့် မဆုံးရှုံးအောင်နှင့် ပြည်သူလူထုအတွက် (BB), (BQ)အတိုင်း ရရှိလာမှာဖြစ်ပါတယ်။ အစိုးရလက်ထက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောဖူးပါတယ်။ ကျွန်တော်တို့ အစိုးရစီမံကိန်းတွေ ဆောင်ရွက်သည့်အခါမှာ ဈေးမှာ ဇီးသီးဗန်းမှောက်ကျသလို ဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ဖိုးဦးစိန်တံတား ပြည်သူတင်တဲ့ အစိုးရလက်ထက်မှာ ပြည်သူတွေအတွက် ဇီးသီးဗန်းမှောက်မကျအောင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံတော်စီမံကိန်းများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများမှ ဆောင်ရွက်နေသော လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန် လုပ်ငန်းစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းရန်အရေးကြီး သောအခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဥပမာအနေဖြင့် ပညာရေးဌာနမှ အဆောက်အဦများ တည်ဆောက် ရာတွင် မြို့နယ်အဆင့်အရည်အသွေးစိစစ်ရေးအဖွဲ့၊ ရပ်ကျေးအဆင့်လုပ်ငန်း စိစစ်ရေးအဖွဲ့များနှင့် အရည်အ သွေးစိစစ်ရေးအဖွဲ့ ဖွဲ့စည်းထားသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုများ မရှိနိုင်တော့ပါ။ ဒါတောင်မှ ရွှေယဉ်ကျေးကုမ္ပဏီမှ အုတ်ဖိုလ်(၃)ကျေးရွာ ဆောက်လုပ်သောပေ(၉၀×၃၀) ကျောင်းဆောင် ဆောက်လုပ်သည့်အခါ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်မညီသော အုတ်များဖြစ်နေတဲ့အတွက် ပြဿနာ တက်ခံရပါတယ်။

မြစ်ကျိုးပေ(၉၀×၃၀)ကျောင်းဆောင်အုတ်ပြဿနာတက်ခဲ့ရပါတယ်။ ကုမ္ပဏီများမှာ drawing ပုံစံပဲ ပေးပြီး လက်တွေ့မှာ ဖောင်ဒေးရှင်းသာချလို့ပြီးသွားတယ်။ (BB), (BQ) Eastime များ တောင်းလို့ မရပါဘူး။ အကြောင်းအမျိုးမျိုးပြရန်ကလည်း တောင်းသာတောင်း၏ ယနေ့ထိမရရှိခဲ့ပါဘူး။

ဝေါရှေ့ (အ. ထ. က)ဆိုလျှင် ပြင်ဆင်စရိတ်(၃၂၇)သိန်းကို နဂိုကတည်းကချပေးထားကြောင်းသိရှိရ ပါတယ်။ ပညာရေးဌာနက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကို အသိပေးအကြောင်းကြားခြင်းမျိုး မရှိပါဘူး။ ဟန်မြင့်သာကုမ္ပဏီလို့ပဲ သိရှိရပါတယ်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ရသော ကုမ္ပဏီများ ဆောင်ရွက်နေသောလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရန်အတွက် မြို့နယ်အဆင့် လုပ်ငန်းစိစစ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပေးနိုင်ရေး အဆိုအား လေးလေးနက်နက်ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က အဆိုနှင့်ပတ်သက်၍ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အကြံပေးသူများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏အဆိုကို ထောက်ခံဆွေးနွေးသွားမည့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-

ကျွန်တော်တို့နိုင်ငံက နှစ်ပေါင်း(၅၀)လောက် စနစ်မှား၊ လုပ်မှား၊ ကိုင်မှားတွေရဲ့ဒဏ်ကြောင့် ယခုအချိန်မှာ အဖက်ဖက်က ဖွံ့ဖြိုးမှုနိမ့်ကျနေပါတယ်။ ဆင်းရဲတဲ့နိုင်ငံဖြစ်တာကြောင့် ရှိတဲ့ငွေကြေးဘတ်ဂျက်လေးကို ပြည်သူတွေအတွက် ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်။ လိုအပ်မှုအများကြီးထဲကမှ ရှားရှားပါးပါး ရတာလေးကိုတော့ တန်ဖိုးရှိရှိပြည်သူ့အကျိုး ဖြစ်စေချင်ပါတယ်။

ပြည်ထောင်စုဘတ်ဂျက်ဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဖြစ်စေ ခွင့်ပြုရန်ပုံငွေဖြင့် ပြုလုပ်တဲ့ နိုင်ငံတော်စီမံကိန်းများ အဖိတ်အစင်၊ အလေအလွင့်နည်းနိုင်သမျှ နည်းဖို့လိုပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တင်ဒါပေးအပ်ခံရတဲ့ ကုမ္ပဏီများနှင့် ဦးစီးဌာနများ အနေနှင့် လုပ်ငန်းအကောင်အထည်ဖော်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ၊ လုပ်ထုံးလုပ်နည်းမှန်မှန်၊ ဈေးနှုန်းမှန်မှန်ဖြင့် သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ လုပ်ငန်းပြီးစီးဖို့နဲ့ သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားတဲ့ (Design) (Estimate) များအတိုင်း ဆောင်ရွက်ကြဖို့ လိုပါတယ်။

ဒီလိုဆောင်ရွက်ခြင်းရှိ/မရှိ သေချာစွာ စောင့်ကြည့်စစ်ဆေးပေးမည့် အဖွဲ့(၁)ဖွဲ့လည်း မဖြစ်မနေလိုအပ်နေတယ်ဆိုတာ ကိုယ်စားလှယ်တော်ကြီးများအသိပဲ ဖြစ်ပါတယ်။ ယခုလက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး(၁)ဦး ဦးဆောင်တဲ့ တိုင်းအဆင့် တည်ဆောက်ရေး၊ လုပ်ငန်းစိစစ်ရေးကော်မတီများလည်း လုပ်ငန်းအသီးသီးအတွက် ပြည်သူများ၊ ရပ်မိရပ်ဖများ ပါဝင်တဲ့ ရပ်ကွက်/ကျေးရွာအဆင့်တည်ဆောက်ရေးကော်မတီများလည်း လုပ်ငန်းအသီးသီးအတွက် ရှိနေပါတယ်။

သို့သော် အဲ့ဒီနှစ်ခုအကြား ပေါင်းကူးဆက်သွယ်ပေးမယ့် မြို့နယ်အဆင့်အဖွဲ့များရှိသည့်အတွက် လုပ်ငန်းတစ်ခုစီအတွက် ရပ်ကျေးကော်မတီများမှာ အခက်အခဲမျိုးစုံ ခံစားကြရပါတယ်။ လာရောက်တည်ဆောက်သည့် ကုမ္ပဏီများမှလည်း ရပ်ကျေးကော်မတီသိချင်တဲ့ (Design) (Estimate) ကို များသောအားဖြင့် မပေးကြပါ။ ဌာနဆိုင်ရာတစ်ခုဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်မှ ပေါင်းစပ်ညှိနှိုင်း၍ ပြဿနာကို ပြေလည်စေရန် လုပ်ငန်း(Estimate) ကို ညှိနှိုင်းတောင်းယူရာတွင် ပြည်ထောင်စုအဆင့် လုပ်ငန်းဖြစ်သဖြင့် ပြည်ထောင်စုအဆင့်ထံမှသာ တောင်းယူနိုင်ပါသည်။ တိုင်းဒေသကြီးမှ (Estimate) ပေးမရပါဟုပင် ပြောင်ပြောင်တင်းတင်း ငြင်းဆန်ခဲ့ပါသည်။

ဤသို့ ပွင့်လင်းမြင်သာမှုမရှိသည့် အခြေအနေမျိုးမှာ လွန်စွာအန္တရာယ်များပြီး ပြည်သူ့အကျိုးကို ရှေးရှု့လုပ်ဆောင်နေကြောင်း မည်သို့မျှ ယုံကြည်၍မရနိုင်ပါ။ ဒီလိုအခြေအနေတွေကို ကျော်လွှားဖို့ကတော့-

- ပြည်သူများပါဝင်သည့် လုပ်ငန်းအသီးသီး၏ တည်ဆောက်ရေးကော်မတီ
- ပြင်ပအင်ဂျင်နီယာပညာရှင်များ၊ စာရင်းစစ်များ ပါဝင်သည့် မြို့နယ်အဆင့် လုပ်ငန်းစိစစ်ရေး အဖွဲ့
- တိုင်းဒေသကြီးအဆင့် ဝန်ကြီးနှင့် ဌာနဆိုင်ရာဦးစီးမှူးများ ပါဝင်သော တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီတို့ ဟန်ချက်ညီညီ ဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် ပြည်သူ့အကျိုးကို များစွာတိုးတက်အောင် ထမ်းဆောင်နိုင်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် ဦးခင်မောင်ဝင်း ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ အဆိုကို ကျွန်တော်က လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က အဆိုနှင့် ပတ်သက်၍ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး "** အဆိုကို ထောက်ခံဆွေးနွေးမယ့် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကိုမင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ကောင်းစွာကြီးကြပ်ကွပ်ကဲနိုင်ဖို့လိုပါတယ်။ လုပ်ငန်းများ၊ မစတင်မီနှင့် စတင်ဆောင်ရွက်တဲ့အချိန်မှာ အခုလိုမြို့နယ်လုပ်ငန်းစစ်အဖွဲ့တွေဟာ အမှန်တကယ်ပဲ လိုအပ်ပါတယ်။ အဲ့ဒီလိုမှ မရှိရင် အခုကျွန်တော်တို့ လက်တွေ့တွေ့နေရပါပြီ။

တချို့လုပ်ငန်းတွေကို ကုမ္ပဏီများမှ လုပ်သလို တချို့လုပ်ငန်းများကို ဌာနမှ လုပ်ဆောင်ကြပါတယ်။ တချို့တွေက စေတနာထားလုပ်ဆောင်ကြသလို တချို့တွေမှာတော့ စေတနာမထားသည့်အပြင် ပွင့်လင်းမြင်သာမှုပါမရှိတာကို တွေ့နေရပါတယ်။ ဥပမာတစ်ခုပြောရရင် ဦးစီးဌာနများက လုပ်ဆောင်တဲ့လုပ်ငန်းတွေက ပိုဆိုးနေသလို ဖြစ်နေပါတယ်။ ကျွန်တော့ မဲဆန္ဒနယ်ထဲမှာ ကျေးလက်က လုပ်တဲ့တံတားတစ်စင်းပါ၊ ကျွန်တော့်အနေနဲ့ Design တောင်းပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် မပေးပါဘူး။ ဒါပေမဲ့ တံတားကြီးကတော့ ဆောက်နေပါပြီ။ ကျွန်တော်စဉ်းစားကြည့်တယ်။ Design မရှိဘဲ ဒီဦးစီးဘယ်လိုများ ဆောက်နေပါလိမ့်ပေါ့။ ဥက္ကဋ္ဌကြီးခင်ဗျား အဲ့ဒီလိုကိစ္စမျိုးတွေဟာများမြောင်စွာ ရှိနေပါတယ်။ ဒါကြောင့်မို့ မြို့နယ်လုပ်ငန်းစစ်အဖွဲ့များ မြို့နယ်တွေမှာ ရှိနေသင့်ပါတယ်။ ထို့ကြောင့် ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး ”** အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က အဆိုနှင့်ပတ်သက်၍ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးပဲမင်္ဂလာခင်ဗျား။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်လင်းထိုက်ဖြစ်ပါတယ်။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏အဆိုကို ဆွေးနွေးသွားပါမယ်။

ဦးခင်မောင်ဝင်းတင်သွင်းသည့် အဆိုကို ကြားသိလိုက်ကတည်းက များစွာစိတ်လှုပ်ရှားမိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေမှာ စံချိန်စံညွှန်းမီ အဆောက်အအုံတွေ၊ လမ်း၊ တံတားတွေ ဖြစ်ပေါ်လာဖို့ စောင့်ကြည့်တည့်မတ်နေရတဲ့ ယခုကာလမှာ ကျွန်တော်တို့ကိုယ်စားလှယ်တွေအတွက် လွတ်လပ်တဲ့ အရည်အသွေးစစ် အဖွဲ့တွေ ဖွဲ့စည်းပြီး စိစစ်တည့်မတ်နိုင်ရင် ဒေသအတွက် ထိုက်တန်တဲ့ Infrastructure တွေ ကျန်ခဲ့မယ်လို့ အတွေးရောက်မိပါတယ်။ ကိုယ်စားလှယ်တော်တော်များများလည်း လုပ်ငန်းခွင်ရောက်တဲ့အခါ ဒီလိုခံစားတွေးဆမိမှာပါ။ ဒါကိုအဆိုရှင်က **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်တွက်ချက် ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးနိုင်ရေး ”** ဆိုပြီး အခုလွှတ်တော်မှာ အဆိုတင်သွင်းလာတာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ကုန်လွန်ခဲ့တဲ့ (၅)နှစ်သက်တမ်းအတွင်း တည်ဆောက်ရေးလုပ်ငန်းတွေမှာ စံမမီမှုတွေနဲ့ အခြားသောလိုအပ်ချက်ပေါင်းများစွာ ပေါ်ပေါက်ခဲ့ရပြီး ဒေသနဲ့တိုင်းပြည်နစ်နာစရာတွေ ပေါ်ခဲ့ပါတယ်။ ဒီကနေ့ထိအောင် စွပ်စွဲပြစ်တင်မှုတွေ၊ တင်ဒါအောင်ခဲ့တဲ့ ကုမ္ပဏီတွေကို အမည်ပျက်စာရင်း တင်သွင်းဖို့တောင်းဆိုချက်တွေ ပေါ်ထွက်နေခဲ့ပါတယ်။ ဒီလိုဖြစ်ရတာတွေဟာ အဓိကအားဖြင့်သော အကြောင်းရင်း(၃)ချက် ရှိတယ်လို့ ထင်မြင်မိပါတယ်။ ပထမအကြောင်းရင်းကတော့ Sub Contract တွေ ပေါ်ပေါက်လာတာကြောင့်ပါ။ မူလတင်ဒါအောင် ကုမ္ပဏီဟာ သူရရှိတဲ့လုပ်ငန်းကို သူကိုယ်တိုင် မလုပ်ကိုင် ထပ်လုပ်ကိုင်မယ့်လုပ်ငန်းရှင်ကို ထပ်ချပါတယ်။ အဲဒီလုပ်ငန်းရှင်ကလည်း သူကိုယ်တိုင် မလုပ်ဘဲ နောက်ထပ် ထပ်ပြီးလွှဲပြန်ပါတယ်။ နောက်ဆုံးတတယ်တည်ဆောက်ရေး မြေပြင်ပေါ်ရောက်လာတာ တင်ဒါအောင်ကုမ္ပဏီမဟုတ်တော့ပါဘူး။ အရပ်ပန်းရံလုပ်သားများနဲ့ ကြီးကြပ်သူပါတဲ့ အဖွဲ့တစ်ဖွဲ့သာ ဖြစ်နေတာပါ။ Engineer တစ်ယောက်မှ မပါတော့ပါဘူး။ အင်ဂျင်နီယာတစ်ဦးလောက်ပါရင်တောင် သူ့ရဲ့ကျင့်ဝတ်သိက္ခာအရ ဒီလိုပုံပျက်ပန်းပျက်တွေ ဖြစ်စရာအကြောင်းမရှိပါဘူး။

ဒုတိယအကြောင်းရင်းကတော့ မိုးကျကုမ္ပဏီများပါ ပြီးခဲ့သည့် (၅)နှစ်သက်တမ်းမှာ ကိုယ်စားလှယ် အချို့၊ မြို့ဖွံ့ထောက်အချို့၊ မစိုးရအဖွဲ့ဝင်အချို့နှင့်ပတ်သက်ဆက်နွယ်မှုရှိတဲ့ တည်ဆောက်ရေးနယ်ပယ်က မဟုတ်သည့်အခါ ကုမ္ပဏီတွေပေါ်ပေါက်ခဲ့တာပါ။ ဒီကနေ့ လွှတ်တော်နဲ့အစိုးရကို သတိကြီးကြီးထားဖို့ လိုပါတယ်။

တတိယအချက်အနေနဲ့က ဒါတွေကို စနစ်တကျစိစစ်တည့်မတ်ပေးမယ့် တတိယအဖွဲ့အစည်း (Third Party) မရှိတာပါပဲ။ နိုင်ငံတကာမှာ တည်ဆောက်ရေးလုပ်ငန်းတွေ တာဝန်ယူစိစစ်ရာမှ (Third Party) တွေက ယာယီစိစစ်ကြတာအားလုံးဘဲ ဖြစ်ပါတယ်။ ဒီစိစစ်ရေး အတိုင်ပင်ခံအဖွဲ့တွေအတွက် သင့်တော်တဲ့အဖိုးနှုန်းထား သတ်မှတ်ပေးရသလို လုပ်ငန်းလွဲချော်မှုဖြစ်ခဲ့ရင်လည်း တရားစွဲဆိုခံမှု ခံယူ ရပါတယ်။ အဲဒီလိုတာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အဖွဲ့အစည်းမျိုး ပေါ်ပေါက်ဖို့လိုပါတယ်။ ဒီအစည်းအဝေးရဲ့ ဒုတိယနေ့မှာ တိုင်းဒေသကြီးဥပဒေချုပ်က ဝန်ကြီးချုပ်ရဲ့တာဝန်ပေးအပ်မှုအရ Consultant Law တစ်ခုပေါ်ပေါက်ဖို့ ဥပဒေတစ်ခုရေးဆွဲနေတယ်လို့ သိရတဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။

အခုအဆိုရှင် ဖွဲ့စည်းစေချင်တဲ့အဖွဲ့တွေဟာ ဒီလိုဥပဒေအရ မဖွဲ့စည်းနိုင်ခင် လုပ်ငန်းအဆင် ပြေနိုင်ဖို့ ဝါးကူထိုးလိုခြင်းပါ။ ဥက္ကဋ္ဌကြီးခင်ဗျား မြို့နယ်တွေမှ အုပ်ချုပ်ရေးပိုင်းက တာဝန်ယူဖွဲ့စည်းတဲ့ အရည်အသွေးစစ် အဖွဲ့အစည်းတွေရှိပါတယ်။ ဒါပေမယ့် လွတ်လပ်တဲ့ကြားအဖွဲ့အစည်းမဟုတ်တဲ့အတွက် စစ်ဆေးအကဲဖြတ်မှု အားနည်းပါတယ်။ ဒါကြောင့် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့လို တတိယအဖွဲ့အစည်းများ ပေါ်ပေါက်သင့်ပါတယ်။ ပေါ်ထွက်လာရင် အကျိုးများမယ်လို့လဲထင်ပါတယ်။

ဒါပေမယ့်ဘာလုပ်ငန်းပဲ အကောင်အထည်ဖော်ဖော်အကျိုးရလဒ်ရှိသလို၊ အားနည်းချက်လဲ ရှိနိုင် ပါတယ်။ ဥပဒေအရဖွဲ့စည်းတဲ့ Third Party တွေမှာ ကျွန်တော်အထက်မှာဆိုခဲ့သလို အားနည်းချက် ပေါ်ခဲ့ရင် သူတို့ကိုယ်တိုင်တရားစွဲဆိုခံရမှာဖြစ်ပေမယ့် ကျွန်တော်တို့ဖွဲ့စည်းလုပ်ငန်းစစ် အဖွဲ့တွေဟာ အခမဲ့ အကျိုးဆောင်များဖြစ်တာကြောင့် စစ်ဆေးမှုအားနည်းချက်ကြောင့် နောင်အချိန် စံချိန်စံညွှန်းပြဿနာဖြစ်ရင် တည်ဆောက်ခဲ့သော ကုမ္ပဏီကိုဘဲအပြစ်ဖို့မှာ ဖြစ်ပါတယ်။ အဲ့ဒီလို မဟုတ်ဘဲ စစ်ဆေးမှုအားနည်းချက်

မဖြစ်ရအောင် တင်းပြည့်ကျပ်ပြည့် စလုပ်လိုက်ကြမယ်ဆိုလျှင်လည်း တည်ဆောက်ရေးကြန့်ကြာမှုတွေ သတ်မှတ်ကာလအတွင်း လုပ်ငန်းအပြီးမသတ်နိုင်တာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ နှစ်ဖက်အကျိုးစီးပွား ပွတ်တိုက်မှုကြီးရင်လည်းအကျိုးမရှိပါ။ စစ်ဆေးရေးအဖွဲ့တွေလက်က သုံးစွဲငွေများများသုံးပြီး အကောင်ဆုံး Structure ရချင်ပေမယ့် Company ဘက်ကတော့ သုံးစွဲငွေချွေတာပြီး Structure ကောင်းကောင်းချန်ခဲ့ချင်ပါတယ်။ ဒီမှာဖိအားကြီးရင် လုပ်ငန်းရှင်များဘက်က ဒီလောကကိုဝင်ဖို့ သတ္တိနဲ့ သွားမှာကို သတိကြီးကြီး ထားသင့်ပါတယ်။ လက်ဝါးကြီးအုပ် စီးပွားရေးကို ဖျောက်ဖျက်ချင်ရင် အမျိုးသား လုပ်ငန်းရှင်များ ပေါ်ထွက်လာနိုင်ခွင့်ကိုလဲ ဖန်တီးပေးရမှာပါ။

ဒါကြောင့် အဆိုဟာ ကျွန်တော်တို့ကိုယ်စားလှယ်တွေအတွက် အမှန်တကယ်လဲ လိုအပ်တယ်၊ သတိကြီးကြီးနဲ့အကောင်အထည်ဖော်သင့်တဲ့ လုပ်ငန်းစဉ်လည်းဖြစ်တယ်ဆိုတာ ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ဝင်း၊ ထန်းတပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့် ဦးစီးဌာနများ အနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်း ပေးနိုင်ရေး "** အဆိုနှင့် စပ်လျဉ်း၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ယခုဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေး ကော်မတီကို တိုင်းဒေသကြီးအစိုးရမှ တိုက်ရိုက်ကြီးကြပ်ဖွဲ့စည်းထားပြီး တည်ဆောက်ရေးလုပ်ငန်းများ၏ ခန့်မှန်းများ၊ Design များကို စိစစ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရသည့် တိုင်းဒေသကြီးအစိုးရ (ကိုယ်စား) အဖွဲ့အစည်းဖြစ်သည့်အတွက် တိုင်းဒေသကြီးလက်အောက်ဖြစ်သော မြို့နယ်အဆင့်အဖွဲ့များ မဖွဲ့စည်းနိုင်ခြင်းတာဖြစ်ပါကြောင်း၊ အောက်ခြေထိ စိစစ်ရာတွင်လည်း အခက်အခဲများစွာရှိကြောင်း၊ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်ဝင်း အဆိုတင်သွင်းထားသည့် တိုင်းဒေသကြီးလက်အောက် မဟုတ်သော သီးခြားလုပ်ငန်းစိစစ်ရေးအဖွဲ့ ဖွဲ့မည် ဆိုပါက နိုင်ငံတော်ဘတ်ဂျက်များ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သည့်အတွက် မိမိအနေဖြင့် ထောက်ခံပါကြောင်း ပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးမှ အဆိုရှင်၏ အဆိုကို ထောက်ခံဆွေးနွေးထားသည့် ဦးခင်မောင်ဝင်းမှ မိမိ၏အဆိုအား ပြန်လည်ရုပ်သိမ်းလိုခြင်း ရှိ/မရှိကို အကျဉ်းချုပ် တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား- ပဲခူးတိုင်းဒေသကြီးမြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပေး နိုင်ရေးအဆိုနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဌာန အသီးသီးမှ ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများ အနေဖြင့် သတ်မှတ်ထားသော Design၊ Estimate များအတိုင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ အချိန်နှင့်တပြေးညီ စိစစ်နိုင်မှသာ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အတွက် ပြည်သူများ ယုံကြည်လေးစားအားကိုးရသော အစိုးရသစ်တစ်ရပ်အဖြစ် တင်သွင်းအပ်သော အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါကြောင်း လေးစားစွာ တင်ပြလိုပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ဝင်း၊ ထန်းတပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်စီမံကိန်းများအား တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တင်ဒါပေးအပ်ခံရသော ကုမ္ပဏီများနှင့်ဦးစီးဌာနများ အနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ သတ်မှတ်တွက်ချက်ထားသည့် Design၊ Estimate များအတိုင်း လုပ်ငန်းဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်နိုင်ရန်အတွက် မြို့နယ်အဆင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်း ပေးနိုင်ရေး "** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေး တက်ရောက်သူ (၆၃)ဦးအနက် ထောက်ခံသူ(၃၁)ဦးထက်ကျော်လွန်ပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီး ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နံနက်ပိုင်းကို (၁၂း၀၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (နေ့လယ်ပိုင်း)ကို တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် ဖြစ်ပါတယ်။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီး နံနက်ပိုင်းအခမ်းအနားအစီအစဉ်တွင် ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုခဲ့ပြီး နံနက်ပိုင်း အစီအစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ တင်ပြသည့် စာစီစာရိုက်တွင် မှားယွင်းစွာကျန်ခဲ့သည့် ကိစ္စရပ်များဖြစ်သည့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ (မူကြမ်း) အပိုဒ် (၆) ကော်မတီဆိုသည့် စကားရပ်(၂)ခု၏ရှေ့တွင် မြို့နယ်ဆိုသည့် စကားရပ်အား ထည့်သွင်းခြင်းနှင့် အပိုဒ်(၁၁) ပုဒ်မခွဲ(ခ) အဆင့်ဆင့်တောင်းဆိုသည့် စကားရပ်နေရာတွင် မြို့နယ်နှင့် မြို့စကားရပ်အား ထည့်သွင်းဖြည့်စွက်ပြီး ဖြစ်ပါကြောင်းနှင့် ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ(မူကြမ်း) တစ်ခုလုံးအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် အဆိုတင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအားအတည်ပြုရန် ဥပဒေပြုရေးကော်မတီ၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါခင်ဗျား- ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက် တင်သွင်းသည့် ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(မူကြမ်း)အား အတည်ပြုပေးနိုင်ရန်အတွက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ(မူကြမ်း)ကို လွှတ်တော်တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက တင်ပြဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ တင်ပြဆွေးနွေးချက်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ကျွန်တော်တို့ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၂)ရပ်လုံး၏ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်၏ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစီအစဉ်တွင် တင်သွင်းသည့်ဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုနိုင်ရန်အတွက် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဥပဒေပြုရေးကော်မတီအဖွဲ့ဝင်နှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းက စည်ပင်သာယာရေးဥပဒေ(မူကြမ်း)တစ်ရပ်လုံးအား လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် ဥပဒေပြုရေးကော်မတီ၏အဆိုကို ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းက ဆွေးနွေးသွားပါတယ်။

## ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ (ဃ) အရ ဥပဒေကြမ်းတစ်ရပ်၏ အစိတ်အပိုင်းကို လွှတ်တော်သို့ တစ်ပိုဒ်ချင်းစီ တင်ပြရန် မလိုဟုသဘောရ၍ ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ(မူကြမ်း) တစ်ရပ်လုံးအား လွှတ်တော်၏ သဘောထားရယူပါမယ်။ ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၃း၁၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက် (တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
# [ ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၁၉ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၆ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအော်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဌေးလွင်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၁၉-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။
- တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံ စာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၇)ခု၏ အစီရင်ခံ စာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် ကြားနာခြင်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံ ဆွေးနွေးတင်ပြဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ အောက်ပါ ဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့) (၁၂-၁၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏မိန့်ခွန်း။
- တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့)(၁၃-၁၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (တတိယနေ့)(၁၄-၁၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ (၁-၉-၂၀၁၆)ရက်မှ(၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)(၁၅-၁၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စာရင်းစစ်ချုပ်၏ (၁-၉-၂၀၁၆)ရက်မှ (၃၀-၁၁-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)(၁၆-၁၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၇-၁၀-၂၀၁၆)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးပါ(၅)ဦး ဦးဆောင်၍ မြန်မာ့ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။
- (၇-၁၀-၂၀၁၆)ရက်နေ့ နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းရုံး ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးကိုဦးဆောင်သည့် ကိုယ်အင်္ဂါ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဥပဒေများအား ရှင်းလင်းပြောကြားသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။
- (၃၀-၁၀-၂၀၁၆)ရက်နေ့တွင် OXFAN အဖွဲ့မှ Woman leadership ဒေါ်ပန်းအိဖွေးဖြူစင် ပါ(၄)ဦး ဦးဆောင်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌပါ (၁၇)ဦးအား တွေ့ဆုံမေးမြန်းမှုအစီအစဉ် ကျင်းပပြုလုပ်မှု။
- (၃-၁၁-၂၀၁၆)ရက်နှင့် (၁၇-၁၁-၂၀၁၆)ရက်တို့တွင် စည်ပင်သာယာရေးဥပဒေမူကြမ်းနှင့် ပတ်သက်၍ ကြားနာခြင်းပြုလုပ်မှု။
- (၁၅-၁၁-၂၀၁၆)ရက်မှ (၁၈-၁၁-၂၀၁၆)ရက်ထိ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တိုင်ကြားစာများအပေါ် ကြားနာစစ်ဆေးခြင်းပြုလုပ်မှု။
- (၁-၁၂-၂၀၁၆)ရက်မှ (၂-၁၂-၂၀၁၆)ရက်ထိလည်းကောင်း၊ (၇-၁၂-၂၀၁၆)ရက်မှ (၉-၁၂-၂၀၁၆)ရက်ထိလည်းကောင်း စည်ပင်သာယာရေးဥပဒေမူကြမ်းကို ပြင်ဆင်ရန် ဆွေးနွေး ညှိနှိုင်းခြင်း ပြုလုပ်မှုတို့အား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက် များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၀း၂၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၆.၃၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးထူးခိုင်၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကို၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးငွေးလွင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ကြို့ပင်ကောက် မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးတို့သည်ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်

လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ဗိုလ်မှူးနိုင်ဝင်းဌေးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် လည်းကောင်း၊သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်သည် ကျန်းမာရေးမကောင်းပါသဖြင့် (၂၃-၁၂-၂၀၁၆) ရက်နေ့အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၈)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

# ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ လည်းစိစစ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်အား တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြီး ပြန်လည်ပေးပို့ ပေးပါရန်တင်ပြပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(သတ္တမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ပဥ္စမပုံမှန်အစည်းအဝေး (သတ္တမနေ့) နံနက်ပိုင်းကို (၁၀း၂၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါသည်။

## တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(သတ္တမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(အဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးသတ္တမနေ့ကို (၁၄း၀၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၂၆)ရက် (တနင်္လာနေ့) (၀၉း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# အဌမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
# [ ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၂၆ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၅ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၅.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (က) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန]၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဝင်းဌေးနှင့် ဗိုလ်မှူးရန်နိုင်စန်း တို့သည် အစည်းအဝေး မတက်ရောက်နိုင်ပါသဖြင့် (၂၆-၁၂-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## (၁၆-၁၂-၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဆွေးနွေးပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၁၆-၁၂-၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဆွေးနွေးပြီး၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်အား အတည်ပြုပေးပါရန် တင်ပြပေးဖို့ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ခွင့်တိုင်ကြားထားသည့်အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ တိုင်းဒေသကြီးအဆင့် ဝန်ကြီးတစ်ဦးမှ တာဝန်ယူ၍ တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**
လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့နှင့် ဖိတ်ကြားထားပြီး ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဂါဝရပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး တာဝန်ယူထားခြင်းဖြစ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၏ကိုယ်စား ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ပေးပို့သည့် လျာထားချက်အပေါ်မှာ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၂၆-၁၂-၂၀၁၆)ရက်နေ့တွင် တင်ပြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၇-၂၀၀၁၈ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှ စိစစ်နိုင်စေရန်အတွက် ပေးပို့ထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ်၍ အကြံပြုချက်များဖြင့် ပေးပို့ခဲ့သော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြတ်တောက်ငွေများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်သည့်အခါ တိုင်းဒေသကြီးလွှတ်တော်မှ ဖြတ်တောက်ငွေ (၈၇၂၁. ၆၄၆)သန်းကို ပြန်လည်သုံးစွဲရန် အကြံပြုထားပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းဖြတ်တောက်မှုနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပြန်လည်ညှိနှိုင်းပြီး ဆောင်ရွက်သည့်အခါ ဖြတ်တောက်ငွေ(၈၇၂၁. ၆၄၆)သန်း၊ တိုင်းဒေသကြီးလွှတ်တော်မှ အဆိုပြုထားသည့် စည်ပင်သာယာရေးလုပ်ငန်းအတွက် (၅၅၈၉. ၁၇၅)သန်း အဆိုပြုခဲ့ပြီး အစိုးရအဖွဲ့မှ (၅၅၈၉. ၁၇၅)သန်းကို လွှတ်တော်မှ အဆိုပြုထားသည့် အတိုင်း ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ဒုတိယအချက် လျှပ်စစ်ကဏ္ဍအနေဖြင့် (၂၈၁. ၀၃၉)သန်း ပြင်ဆင်ငွေကို ပြန်လည်သုံးစွဲရန် အကြံပြုထားသည့်အတိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က (၂၈၁. ၀၃၉)သန်းကို ပြန်လည် ဆောင်ရွက်ထားပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအတွက် (၃၂၅. ၅၄၉)သန်း၊ တိုင်းဒေသကြီး လွှတ်တော်၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အတွက် (၁၆၇၀. ၁၈၁)သန်း အကြံပြုထားသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၃၅၈. ၇၀၀)သန်း သုံးစွဲရန်အတွက် ပြန်လည်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့မှာ တိုင်းဒေသကြီးအစိုးရ အဖွဲ့မှနေပြီး ပြန်လည်လျှော့ချငွေ (၁၃၂၀. ၄၈၁)သန်းဖြစ်ကြောင်း၊ လွှတ်တော်မှ သုံးစွဲမှုအတွက် အကြံပြု တင်ပြထားသည့် (၅၀. ၀၀)သန်းကို အစိုးရအဖွဲ့မှ (၁၅. ၀၀)သန်း ခွင့်ပြုထားပြီး၊ (၃၅. ၀၀)သန်းကို ပြန်လည်ပြီး ဌာနဆိုင်ရာမှ

သုံးစွဲရန်အတွက် ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး မြစ်ရေတင်ခြင်းအတွက် လျှပ်စစ်ဓါတ်အားခ (၃၀၂. ၇၀၂)သန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၃၀၂. ၇၀၂)သန်းကို တိုင်းဒေသကြီးလွှတ်တော်၏ အကြံပြုဆွေးနွေးချက်အရ (၃၀၂. ၇၀၂)သန်း ဆောင်ရွက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချုပ်အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်မှ ဖြတ်တောက်ငွေ (၈၂၂၁. ၆၄၆)သန်းအစား အစိုးရအဖွဲ့မှ ပြန်လည်သုံးစွဲမည့်ငွေ (၁၉၄၅. ၄၈၁)သန်း ဖြစ်ကြောင်းကို တင်ပြပါကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရ အဖွဲ့မှလည်း ဌာနဆိုင်ရာများနှင့် ယခုလို ပြန်လည်ညှိနှိုင်းပြီး ဆောင်ရွက်သည့်အခါ ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်မဖြစ်မနေ လိုအပ်သည့်ငွေများကို ပြန်လည်ဆောင်ရွက်ခြင်းဖြစ်ပြီး အများအားဖြင့် တိုင်းဒေသကြီးလွှတ်တော်က အကြံပြုထားသည့် အကြံပြုချက်များအပေါ် ရာခိုင်နှုန်းအားဖြင့် (၈၅%) ဆောင်ရွက်ပေးထားသည်ကို တင်ပြလိုပါကြောင်း၊ လက်ရှိတိုင်းဒေသကြီးအစိုးရအဖွဲ့ ပြန်လည်သုံးစွဲမှုအတွက် တင်ပြထားသည့် (၁၃၄၅. ၄၈၁)သန်းကို သက်ဆိုင်ရာဌာနများ၏ သာမန်အသုံးစရိတ်များ မဖြစ်မနေရှုံး လုပ်ငန်းများ လည်ပတ်နိုင်အောင် သုံးစွဲရမည့်ငွေများအဖြစ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး တင်ပြတာ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပြန်လည်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌက ပြန်လည်ဆွေးနွေး ပေးဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်းကော်မတီ]**။ ။လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့် ဖြစ်ပါတယ်။ ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့မှ ရှင်းလင်းတင်ပြထားသည့်အပေါ် ပြည်သူ့ငွေစာရင်းကော်မတီ၏ ဆောင်ရွက်ချက်များကို လွှတ်တော်တွင် ထပ်မံရှင်းလင်းတင်ပြမည်ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီ၏ (၄/၂၀၁၆)အစီရင်ခံ စာတွင် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတောင်းခံထားသည့် ကျပ်သန်းပေါင်း ၁၅၃၂၈. ၇၅၇ ကျပ်သန်းကို တိုင်းဒေသကြီးလွှတ်တော်က စိစစ်ပြီးဌာနဆိုင်ရာအသုံးများ လျှော့ချပြင်ဆင် ခြင်းကို (၂)ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ ဒါကလည်း ပထမဦးစွာ(၁)ကြိမ်ပြင်ဆင်ပြီးနောက်တွင် နောက်တစ်ကြိမ် မြစ်ရေတင်ခြင်းလုပ်ငန်းနှင့် လွှတ်တော်၏ တင်ပြချက်အရ ပြန်လည်ညှိနှိုင်းပြီး ပြင်ဆင်ရခြင်းဖြစ်ပါသည်။ မူလက ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် လျော့ချထားသည်ကို ဗဟိုအဖွဲ့အစည်းဝင်ဌာန(၅)ခုအတွက်

၉၉၁. ၀၄၀ သန်းလျှော့ချခဲ့ကြောင်း၊ ဝန်ကြီးဌာန(၁၉)ခုအတွက် ၁၆၅၆. ၈၀၇သန်း လျှော့ချထားပြီး ဖြစ်ကြောင်း၊ စည်ပင်သာယာအတွက် သာမန်မှာ ၅၂၂. ၈၄၄ သန်း၊ သာမန်ပေါင်း ၃၁၇၀. ၆၉၁ အသီးသီး လျှော့ချခဲ့ပါသည်။ ငွေလုံးငွေရင်းလုပ်ငန်းမှ လမ်းဦးစီးဌာနတောင်းခံငွေ ကျပ်သန်း ၅၀၄၃. ၅၀၀ အပါအဝင် ဌာန(၆)ခု၏ ယာဉ်ပြင်ဆင်စရိတ် ၇. ၄၅၅ ပေါင်းငွေလုံးလျှော့ချငွေမှာ ၅၀၅၀. ၉၅၅ ဖြစ်၍ စုစုပေါင်းလျှော့ချ ငွေမှာ ကျပ်သန်း ၈၂၂၁. ၆၄၆ ဖြစ်ပါသည်။ မြစ်ရေတင်လုပ်ငန်းတွင် ဒီဇယ်ဖိုးတောင်းခံငွေနှင့် လျှပ်စစ် ဓါတ်အားခ လျှော့ချငွေရခြင်းမှာ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးသည့်အခါ ယင်းလျှော့ချခဲ့သည့် လုပ်ငန်းများသည် အရှုံးပြနေသည့်လုပ်ငန်းများဖြစ်နေကြောင်း၊ အချို့ဒေသများတွင် လုပ်ငန်းများဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ချက်ပြုလာသည့်အတွက် လျှော့ချထားခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပြန်လည်တင်ပြသည့်အခါ စီမံချက်နှင့်တကွ ကျပ်သန်း ၃၀၄. ၇၀၂ ခွင့်ပြုရန် ပြန်လည်တင်ပြ လာပြီး ၎င်းတင်ပြချက်အပေါ် ပြန်လည်သုံးသပ်၍ မြစ်ရေတင်ခြင်းလုပ်ငန်းအတွက် ဒီဇယ်နှင့် လျှပ်စစ် ဓါတ်အားခ ကျပ်သန်း ၃၀၄. ၇၀၂ ကို ပြန်လည်ခွင့်ပြုနိုင်ပါကြောင်း၊ လွှတ်တော်တွင်လည်း လွှတ်တော်၏ ငွေလုံးငွေရင်းလိုအပ်ချက်ဖြစ်သည့် ပရိဘောဂ၊ CCTV တပ်ဆင်ခြင်းနှင့် ကိုယ်စားလှယ်များ ကွင်းဆင်း စိစစ်ရေး၊ ခရီးသွားလာသည့်အခါလူ(၁၂)ဦးစီးယာဉ်(၁)စီး အပါအဝင် ကျပ်သန်း ၄၄. ၅၀၀ နှင့် သာမန် စရိတ်မှ လွှတ်တော်ကိုယ်စားလှယ်များဝတ်စုံစရိတ် ၅. ၅၀၀ သန်း အပါအဝင် ၃၅၄. ၇၀၂ အား လျှော့ချငွေမှ ညှိနှိုင်း၍ လျှော့ချငွေကျပ်သန်း ၇၈၆၆. ၉၄၄အား စည်ပင်၊ကျေးလက်လုပ်ငန်းများ၊ လွှတ်တော်မှ ငွေလုံး ၄၄. ၅၀၀ သန်း တိုးမြှင့်တောင်းခံသဖြင့် ပေါင်း ၇၉၁၁. ၄၄၄ အား အစိုးရအဖွဲ့သို့ ညှိနှိုင်းပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပါသည်။ သို့ပါ၍ ဗဟိုအဖွဲ့အစည်းက လျှော့ချငွေကျပ်သန်းပေါင်း ၆၈၀. ၈၃၈ သန်းဖြစ်ပြီး ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန (၁၉)ခုအတွက် နဂိုမူလအတိုင်း လျှော့ချငွေကျပ်၁၆၅၆. ၈၀၇ သန်း၊ စည်ပင်သာယာရေးအတွက် အပြောင်းအလဲမရှိဘဲ ၅၂၂. ၈၄၄ သန်း လွှတ်တော်မှ လျှော့ချပြင်ဆင်ခဲ့ ပါကြောင်း၊ ကျန်ရှိသည့် ဝန်ကြီးဌာန လျှော့ချငွေအားလုံးအပေါ်မှာ ပြန်လည်ပြင်ဆင်ထားပါကြောင်း၊ လွှတ်တော်မှတစ်ဆင့် အစိုးရအဖွဲ့ကို ပေးပို့ပြီးနောက်ပိုင်း အစိုးရအဖွဲ့နှင့်ခေါ်ယူတွေ့ဆုံရန် (၂၃)ရက် ညနေ(၅း၁၅)တွင် အစိုးရအဖွဲ့မှ ငွေစာရင်းညှိနှိုင်းလိုပါ၍ လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌမှ အစိုးရအဖွဲ့ရုံးသို့ လာရောက်ရန်ဖုန်းဖြင့်ဆက်သွယ်ခဲ့ကြောင်း၊ ကော်မတီဥက္ကဋ္ဌအနေဖြင့် မိမိတို့အဖွဲ့ဝင် များကို ဖိတ်ကြားပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြင်ဆင်ထားသည့်ကိန်းဂဏန်းများကို လွှတ်တော် ကျင်းပသည့်အခါ လွှတ်တော်တွင် အတည်ပြုနိုင်ရေးကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တင်ပြခဲ့ပါသည်။

အစိုးရအဖွဲ့၏ပြင်ဆင်ချက်ကို စိစစ်ပြုစုသည့်အခါ အစိုးရအဖွဲ့မှ လျှော့ချငွေနှင့် မိမိတို့မူလက လွှတ်တော်တွင် တင်သွင်းထားသည့် သာမန်နှင့်ငွေလုံးငွေရင်းပေါင်း လျှော့ချငွေမှာ ဘာတွေတွေ့ရသလဲ ဆိုလျှင် ဗဟိုအဖွဲ့အစည်းက ၆၈၀. ၈၃၈ သန်း ဖြစ်နေပါကြောင်း၊ ထပ်မံပြီးပြင်ဆင်လျှော့ချခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ခါ ဝန်ကြီးဌာနနှင့် စည်ပင်သာယာဌာနတွေမှာလည်း ပြင်ဆင်ချက်မရှိသဖြင့် သာမန်စရိတ်တွင် ၂၈၆၀. ၄၉ သန်း၊ ငွေလုံးငွေရင်းလျှော့ချငွေကျပ်သန်း ၅၀၅၀. ၉၅၅ ပေါင်းကျပ်သန်း ၇၉၁၁. ၄၄၄ ဖြစ်ပြီး အခြားဌာနဆိုင်ရာနှင့် စည်ပင်သာယာမရှိပါကြောင်း၊ ပြင်ဆင်ချက်အားလုံးကို ပြန်ကြည့်သည့်အခါ မူလ လျာထားချက်ဖြစ်သည့် ကျပ်သန်းပေါင်း ၁၅၃၂၂၁၈. ၇၅၇၆ သန်း ပြောင်းလဲမှုမရှိဘဲ လွှတ်တော်မှ လျာထားငွေ

ထဲမှ အစိုးရအဖွဲ့ လုပ်ငန်းပြောင်းလဲထားသည်ကို တွေ့ရှိရသည့်အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နဂိုတင်ပြထားသော တင်ပြချက်နှင့် နောက်ထပ်ပေါင်းပြီး ပြင်ဆင်ထားသည့် ကျပ်သန်းပေါင်း ၉၆၀ ကျော် တွေ့ရှိရပါကြောင်း၊ သစ်တောဦးစီးဌာနတွင် မူလကထက် နောက်ထပ်တိုးပြီး ငွေလုံးငွေရင်းမှာ ၁၃၇. ၄၀ သန်းထပ်မံပြင်ဆင်ထားသည်ကို တွေ့ရှိရကြောင်း၊ အများဆုံးပြင်ဆင်ထားမှုကို တင်ပြခြင်းဖြစ်ပါကြောင်း၊ သာမန်တွင် ပြင်ဆင်ချက် အများကြီးရှိသည့်ဌာန စိုက်ပျိုးရေးဦးစီးဌာန ကျပ်သန်းပေါင်း ၉၆၁. ၀၆၀ သန်း အစိုးရအဖွဲ့မှ ပြန်လည်ပြင်ဆင်ထားသည့်ကို တွေ့ရပါကြောင်း၊ သစ်တောဦးစီးဌာန သာမန်မှာ ၈၈၁. ၈၉၇ သန်း ပြန်လည်ပြင်ဆင်ထားပြီး ပြင်ဆင်ချက်အားလုံးပေါင်း ကျပ်သန်း ၁၉၄၅. ၈၄၁ သန်း ဖြစ်ပါကြောင်း၊ ယင်းငွေကြေးအပေါ် ပြည်သူ့ငွေစာရင်းကော်မတီဖြတ်တောက်ရသည့် ကိစ္စရပ်များကို ရှင်းပြချင်ပါကြောင်း၊ ဒါဟာလည်း အစီရင်ခံစာတွင် ဖော်ပြထားပြီးလည်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်က ညွှန်ကြားသည့် တင်ပြချက်တွေ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ကိစ္စရပ်ကို ဥပဒေအရ ညွှန်ကြားချက်အတိုင်းကြည့်ပြီး လုပ်ဆောင်ရှင်းပြခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိတို့လျှော့ချသည့် သာမန်ငွေကိစ္စနှင့်ပတ်သက်၍ တစ်နှစ်တာပတ်လည်မှာ သန်းဖိုးဖြစ်လာသည်ဟု ဖော်ပြထားပါကြောင်း၊ သာမန်အသုံးစရိတ်တွင် ကြိုတင်တောင်းခံထားသည့် အသုံးစရိတ်ဖြစ်ပြီး ကြိုတင်တောင်းခံထားသော အသုံးစရိတ်တွင် တစ်နှစ်ပတ်လုံးကြိုတင်တောင်းခံထားပြီး သုံးဖြစ်ချင်လျှင်လည်းသုံးဖြစ်မယ်၊ သုံးဖြစ်ချင်မှလည်း သုံးဖြစ်မယ်၊ ဒီအတွက်ကြောင့် ကြိုတင်မှန်းဆပြီး လိုအပ်လျှင် နောက်ထပ်ဘတ်ဂျက်တွင် တောင်းခံ၍ရသည်ဟု ပြည်သူ့ငွေစာရင်းကော်မတီက သဘောထားသတ်မှတ်ထားကြောင်း၊ ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်များတွင် ပြီးခဲ့သည့် (၂)နှစ်တာကာလသုံးစွဲမှုကို နှိုင်းယှဉ်ပြီး လျှော့ချထားပါကြောင်း၊ (၈)လစာမျှ အသုံးစရိတ်များကို ပြည်သူ့ငွေစာရင်းကော်မတီက ခွင့်ပြုထားလျှင် ဒီအသုံးစရိတ်ဖြင့် လည်ပတ်နိုင်ပြီး လိုအပ်လျှင် ဖြည့်စွက်တောင်းခံငွေများကို ပြန်လည်တောင်းခံနိုင်သည်ဟု ယူဆသောကြောင့် လျှော့ချခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယခုအချိန်ခါ ဌာနဆိုင်ရာအားလုံးက သုံးစွဲမည့်ငွေကို သုံးပုံတစ်ပုံလျှော့ချသည့်အခါ လုံးဝလုပ်ငန်းလည်ပတ်၍ မရကြောင်း တင်ပြချက်ဟာ စဉ်းစားစရာဖြစ်ပါကြောင်း၊ နောက်တစ်ခု မိမိတို့၏ တွေ့ရှိချက်ကို တင်ပြရလျှင် တစ်ချို့ဌာနတွင် ယာဉ်ဆီနှင့်ပတ်သက်၍ ကားတစ်စီးကို ဓါတ်ဆီ၊ ဒီဇယ်ဆီ(၂)မျိုးလုံး တင်တောင်းထားကြောင်းတွေ့ရပြီး၊ မိမိတို့ပေးထားသည့်ဒေသဆိုင်ရာ ဆီပေါက် ဈေးနှုန်းများထက် ပိုပြီးတောင်းခံသည်ကိုလျှော့ချထားရှိပြီး၊ ခရီးစရိတ်ပိုတောင်းခံခြင်းမှာလည်း လျှော့ချထားခြင်းများရှိကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့် မညီညွတ်ဘဲတောင်းဆိုပါက လျှော့ချပါကြောင်း၊ အဆောင်အယောင်နှင့်ပတ်သက်သည့် ညွှန်ကြားချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာနကပေးသည့် ညွှန်ကြားချက်အတိုင်း အဆောင်အယောင်နှင့် မညီညွတ်ပါက လျှော့ချပါကြောင်း၊ ချောဆီပိုတောင်းခံသည့်အခါ ချောဆီအချိုးအစားမမျှသည့်မြို့နယ်များကို လျှော့ချပါကြောင်း၊ တချို့ကားပြင်ဆင်စရိတ် တင်ပြသည့်အခါ ကားအမှန်တကယ် ပြင်ဆင်ရမှာက (၇)စီး ဖြစ်ပြီး ပြည်ထောင်စုက ညွှန်ကြားထားသည်က ၅၀% ခွင့်ပြုရမည် မိမိတို့က (၄)စီး လျှော့ချပါက နစ်နာသွားနိုင်ပါကြောင်း၊ လျှော့ချမှု ပြင်ဆင်စရိတ်၊ တောင်းခံမှုများကို အဆင်ပြေပါစေဟူသောစေတနာကောင်းဖြင့် ပြင်ဆင်စရိတ် ပမာဏ၏ ၅၀% လျှော့ချထားသည်လည်းရှိပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု သက်သာစေချင်သည့်အတွက် ၎င်းREမှာ ပြန်လည်

တောင်းခံနိုင်သည့်အတွက်လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် စိစစ်လျှော့ချမှုကို ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း လွှတ်တော်၏ပြင်ဆင်ချက်အပေါ်မှာ နောက်ထပ်အစိုးရအဖွဲ့အနေဖြင့် ပြင်ဆင်ချက်များထပ်မံလုပ်နေမည်ဆိုပါက မိမိတို့အနေဖြင့် ပြင်ဆင်မှုတိုင်းကို ပြန်လည်သုံးသပ်ဖို့ တစ်ကြိမ်ပြီး တစ်ကြိမ်သုံးသပ်ရမည့်အနေအထားရှိကြောင်း၊ လက်ရှိအနေအထားမှာတော့ ပြည်သူ့ငွေစာရင်းအနေ ဖြင့် မိမိတို့ပြန်လည်ပေးပို့လာသည့် အစိုးရအဖွဲ့ပြင်ဆင်ချက် ခေါင်းစဉ်များမှာ အသေးစိတ်အချက်အ လက်များ မပါဝင်ဘဲ လွှတ်တော်သို့ တရားဝင်တင်သွင်းပြီး ဆုံးဖြတ်ချက်ရယူထားခြင်းမရှိသည့်အတွက် ဘဏ္ဍာရေးဝန်ကြီးမှ ယနေ့တင်သွင်းသည့်အစိုးရအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရသုံးမှန်း ခြေငွေစာရင်း အတည်ပြုခြင်းကို ယနေ့မကျင်းပဘဲ ရွှေ့ဆိုင်းပေးပါရန်နှင့် နောက်တစ်ကြိမ် သက်ဆိုင်ရာ တာဝန်ရှိသူမှ တိတိကျကျ တင်ပြပေးနိုင်မှသာ လွှတ်တော်တွင် သဘောတူပေးရန် တင်ပြအပ်ပါသည်။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူမည်ဖြစ်သော်လည်း ပြည်သူ့ငွေစာရင်းကော်မတီက တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အသေးစိတ်ကို တာဝန်ယူတင်ပြခဲ့ခြင်းမရှိသည့်အတွက် အသေးစိတ်အချက်အလက်များတင်ပြပြီးမှသာ လွှတ်တော်၏အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်းကို အကြံပြုဆွေးနွေးထားသည့်အတွက် လွှတ်တော်မှ ပြည်သူ့ ငွေစာရင်းကော်မတီ၏ ဆွေးနွေးချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ပြန်လည်ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ယနေ့ မိမိတို့ ပြည်သူ့ငွေစာရင်းကော်မတီ၏ အကြံပြုတင်ပြချက်များအပေါ် အဓိကတိုင်းဒေသကြီး လွှတ်တော်က အကြံပြုချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြန်လည်ပေးပို့သည့် အကြံပြုချက်များကို တစ်ခုချင်း၏ အသေးစိတ်အချက်အလက်များကို စနစ်တကျတင်ပြထားခြင်းမရှိဘဲ ဘယ်ဌာနကဘယ်လို သုံးစွဲသည်ဆိုသည့် အသုံးစရိတ်စာရင်းကို အစိုးရအဖွဲ့မှ တင်ပြထားခြင်းမရှိပါကြောင်း၊ ဒါကလည်း အချိန် အကန့်အသတ်ကြောင့် ဖြစ်သွားရခြင်းဖြစ်သည်ဟု သုံးသပ်မိပါကြောင်း၊ မိမိတို့အနေဖြင့် အစိုးရအဖွဲ့အချိန် ပေးခြင်းဖြင့် လွှတ်တော်၏ လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး ပြည်သူ့ငွေစာရင်း

ကော်မတီ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အချိန်အကန့်အသတ်တစ်ခုပေးပြီးမှသာ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးသင့်ပါကြောင်း တင်ပြဆွေးနွေးပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပြင်ဆင်စရိတ်အသေးစိတ် အစီရင်ခံစာနှင့်တကွ လွှတ်တော်သို့ တင်ပြရန် လိုအပ်သည့်အတွက် လွှတ်တော်အစည်းအဝေးအား ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၀း၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ပဥ္စမပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဇန်နဝါရီလ ၆ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၀ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၂. ၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဝမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တတ်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းတို့သည် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် (၆. ၁. ၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၆)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## (၁၆-၁၂-၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဆွေးနွေးပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာပါ အကြံပြုချက်များ အပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်း ဆွေးနွေးပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်အား အတည်ပြုပေးပါရန် တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဗဟိုအဖွဲ့အစည်း(၅)ခု၊ ဦးစီးဌာန(၁၈)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့(၁)ခု၊ စုစုပေါင်းဌာန(၂၅)ခု၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်းများကို (၃၀-၁၁-၂၀၁၆)ရက်နေ့တွင်ကျင်းပသော Cabinet အထူး အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၅ ဖြင့် အတည်ပြုပေးခဲ့ပြီးနောက် ဒုတိယအကြိမ်

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ ၁-၁၂-၂၀၁၆ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆက်လက်တင်သွင်းခဲ့ပါတယ်။

ထိုသို့ တင်သွင်းခဲ့ရာတွင် ရငွေအဖြစ် အခွန်အကောက်ရငွေ **ကျပ် ၅,၀၅၈. ၄၅၂သန်း**နှင့် အခြား သာမန်ရငွေ **ကျပ် ၂၀,၃၇၈. ၈၃၀သန်း**၊ စုစုပေါင်းရငွေ **ကျပ် ၂၅,၄၃၇. ၂၈၂သန်း** ကိုလည်းကောင်း၊ သုံးငွေအနေနှင့် ပမာဏအားဖြင့် သာမန်သုံးငွေ **ကျပ် ၆၉,၉၉၁. ၅၅၅သန်း**နှင့် ငွေလုံးငွေရင်းသုံးငွေ **ကျပ် ၈၃,၁၃၇. ၂၀၂သန်း**၊ စုစုပေါင်းသုံးငွေ **ကျပ် ၁၅၃,၁၂၈. ၇၅၇သန်း**ကိုလည်းကောင်း တင်ပြခဲ့ ပါသည်။

အဆိုပါ တင်ပြခဲ့သည့် သုံးငွေများအနက် သာမန်အသုံးစရိတ်မှ ငွေ **ကျပ် (၂,၈၆၀. ၄၈၉)သန်း**ကို လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ ငွေ **ကျပ် (၅,၀၅၀. ၉၅၅)သန်း**ကိုလည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ် လျှော့ချခဲ့ပါတယ်။

သာမန်စာရင်းအရ စိစစ်လျှော့ချခဲ့သည့် ခေါင်းစဉ်များမှာ ခါတ်ဆီ၊ စက်ဆီ၊ ချောဆီတောင်းခံမှု၊ အဆောက်အဦပြင်ဆင်မွမ်းမံစရိတ်၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်၊ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂများ ဝယ်ယူမှု၊ အခမ်းအနားကျင်းပစရိတ်၊ ပစ္စည်းငှားရမ်းစရိတ်များ၊ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းစရိတ်များ အစရှိသည်တို့ဖြစ်ပြီး တောင်းခံထားငွေပမာဏများ များပြားလွန်းခြင်း၊ ညွှန်ကြားချက်များ၊ အမိန့်များ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် အသေးစိတ် တွက်ချက်တင်ပြထားခြင်း မရှိသော ပိုမိုတောင်းခံခြင်းများကိုသာ နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု မရှိစေရန် စိစစ်လျှော့ချရခြင်း ဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်များအရ အများပြည်သူအတွက် အကျိုးမရှိသည့် အသုံးစရိတ်များနှင့် ကုန်ကျစရိတ် များပြားပြီး လုပ်ငန်းပီပြင်မှုမရှိသော အသုံးစရိတ်များ (ဥပမာ- ပဲခူးမြို့အရှေ့ မြို့ရှောင်လမ်း လုပ်ငန်းအသစ်)ကို နိုင်ငံတော် ဘဏ္ဍာသက်သာစေရန် စိစစ်လျှော့ချခဲ့ခြင်းဖြစ်ပါတယ်။

အဆိုပါ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များမှ စိစစ်လျှော့ချသည့် စုစုပေါင်း ငွေ **ကျပ် (၇,၉၁၁. ၄၄၄)သန်း**ကို အများပြည်သူများအတွက် တိုက်ရိုက်အကျိုးပြုမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စည်ပင်သာယာရေးအဖွဲ့များတွင် တစ်မြို့နယ်လျှင် ငွေ **ကျပ် သိန်း ၂၀၀၀** နှုန်းဖြင့် (၂၈)မြို့နယ်အတွက်လည်းကောင်း၊ ခရိုင်လေး ခရိုင်အတွက် ထပ်ဆောင်း၍ လည်းကောင်း ဘဏ္ဍာငွေခွဲဝေပေးခဲ့ပြီးလည်းဖြစ်ပါတယ်။

သို့ရာတွင် (၂၃-၁၂-၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြုလုပ် ခဲ့သော ဘတ်ဂျက်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်မှ စိစစ်လျှော့ချငွေများနှင့် ပတ်သက်၍ ဌာနများတွင် အခက်အခဲ ရှိ/မရှိ ပြန်လည်ညှိနှိုင်းခဲ့ပါတယ်။ ထိုသို့ညှိနှိုင်းချက်အရ ဌာန/ အဖွဲ့အစည်း(၁၄)ခုမှ မဖြစ်မနေ ပြန်လည်အသုံးပြုရန်လိုအပ်သည့် အသုံးစရိတ်များကို တင်ပြခဲ့ရာ ပြန်လည် ခွဲဝေပေးခဲ့ရပါတယ်။ ထိုသို့ ပြန်လည်ခွဲဝေပေးရာတွင် သာမန်အသုံးစရိတ်ငွေ **ကျပ် (၇၉၉. ၉၈၁)သန်း**ကို

လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် (၅၄၅. ၅၀၀)သန်းကိုလည်းကောင်း၊ စုစုပေါင်း အသုံးစရိတ်ငွေ **ကျပ် (၁,၃၄၅. ၄၈၁)သန်း**ကို ပြန်လည်ခွဲဝေပေးခဲ့ရပါတယ်။ အဆိုပါ ခွဲဝေပေးသည့်ငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ခွဲဝေပေးထားငွေမှ ပြန်လည် နှုတ်ယူခွဲဝေပေးခဲ့ရခြင်း ဖြစ်ပါတယ်။

သို့ရာတွင် ယခုအခါ ပြည်ထောင်စုမှ အခွန်ဝေစုထပ်မံရငွေ **ကျပ် (၄,၉၂၇. ၉၀၀)သန်း**ကို ပဲခူးတိုင်းဒေသကြီးသို့ ထပ်မံခွဲဝေပေးခဲ့ရာ အဆိုပါခွဲဝေပေးငွေမှ ငွေ **ကျပ် (၁,၃၁၀. ၄၈၁)သန်း**ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပြန်လည်ဖြည့်တင်းပေးခဲ့ပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုနောက်ဆုံး ပြည်ထောင်စုမှထပ်မံရရှိသည့် အခွန်ဝေစုရငွေအပါအဝင် စုစုပေါင်း ရငွေ **ကျပ် (၃၀,၃၆၅. ၁၈၂)သန်း**၊ သုံးငွေအနေဖြင့် စုစုပေါင်း သုံးငွေ **ကျပ် (၁၅၈,၀၅၆. ၆၅၇)သန်း**၊ လိုငွေ **ကျပ် (၁၂၇,၆၉၁. ၄၇၅)သန်း**ဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်နှင့် အတည်ပြုသည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပြန်လည်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ** ။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီက ပြန်လည်ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်း ကော်မတီ]**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်အားဆုံးဖြတ်ချက်ပေးနိုင်ပါရန်၊ ပြည်သူ့ငွေစာရင်းကော်မတီကိုယ်စား၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဆန်းမြင့်က လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ပဏာမတင်ပြလိုသည်မှာ ယမန်နေ့(၅-၁-၂၀၁၇)တွင် တိုင်းဒေသကြီး လွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးပြီးဆုံးသည့်အချိန်ထိ နောက်ထပ်ရငွေ

၄. ၉ ဘီလီယံသည် ရရန်သေချာမှုမရှိပါ။ သို့ပါ၍ မနက်ဖြန်(၆-၁-၂၀၁၇)နေ့တွင် လွှတ်တော်သို့ ပြည်သူ့ငွေစာရင်းကော်မတီမှ သဘောတူဆုံးဖြတ်ချက်ချရန် တင်ပြမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်သော အစီရင်ခံစာတွင် နောက်ထပ် ရငွေ ၄. ၉ ဘီလီယံပါဝင်သော အစီရင်ခံစာတင်ပြမှုမဟုတ်ဘဲ မူလကိန်းဂဏန်းဖြစ်သော ရငွေ ၂၅၄၃၇. ၂၈၂ ကျပ်သန်းဖြင့်သာ ရေးဆွဲထားသော ရငွေသုံးငွေစာရင်းအပေါ် သုံးသပ်သည့် အစီရင်ခံစာသာ ဖြစ်နိုင်ကြောင်း (၅-၁-၂၀၁၇)နေ့ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရတို့၏ ညှိနှိုင်းအစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ယခုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၏ တင်သွင်းသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းတင်ပြချက်တွင် ၄. ၉ ဘီလီယံ ထပ်မံရရှိငွေအပါအဝင် ရေးဆွဲထားသော ငွေစာရင်းဖြစ်သော်လည်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ပြန်လည်ဆွေးနွေးသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် ၄. ၉ ဘီလီယံ ရငွေပါသော ရှင်းလင်းချက်မဟုတ်ပါကြောင်း ပဏာမတင်ပြလိုပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း(၄) ပုဒ်မ ၁၉၄အရလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ အရလည်းကောင်း (တိုင်းဒေသကြီးလွှတ်တော်သည် တိုင်းဒေသကြီး အစိုးရမှ တင်သွင်းလာသော ရသုံးငွေလျာထားချက်ကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်) ဟုဖော်ပြထားသည်။ သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်သွင်းလာသော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်အား လွှတ်တော်မှ ဆုံးဖြတ်ချက်ပေးနိုင်ရန် ပြည်သူ့ငွေစာရင်းကော်မတီမှ လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၁. ၁၂. ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရသ(ရ)/ဘ-၁(၁)/၂၇/(၇၂၅)/၂၀၁၆ ဖြင့်လိပ်မူ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့အား မိတ္တူပေးပို့ခဲ့ပါသည်။ အချိန်တိုအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရသုံး မှန်းခြေငွေစာရင်းကို အမြန်ဆုံးစိစစ်ပြီး ၁၆-၁၂-၂၀၁၆နေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်သို့ဖတ်ကြားတင်သွင်းခဲ့ပါသည်။ တင်သွင်းခဲ့သော ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ ၄/၂၀၁၆ ကိုလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုင်းဒေသကြီးလွှတ်တော်မှ ပေးပို့ခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေစာရင်း**

ယခင်ဘဏ္ဍာရေးနှစ်များက တိုင်းဒေသကြီးဘဏ္ဍာငွေရန်ပုံငွေစာရင်းတွင် ဌာန၊ အဖွဲ့အစည်း ၂၄ခုရှိရာ၊ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွင်ပါဝင်သော

ဗဟိုစာရင်းအင်းအဖွဲ့ရုံး၏ အသုံးစရိတ်များအား တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင် ထည့်သွင်းရေးဆွဲရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ၁၁-၁၁-၂၀၁၆ရက်စွဲပါစာဖြင့် အကြောင်းကြားသဖြင့် ဌာနအဖွဲ့အစည်း(၂၅)ဖွဲ့၏ ရသုံးငွေစာရင်းများအား အောက်ပါအတိုင်းတွေ့ရှိရပါသည်။

ဇယား(  )

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တင်ပြသည့် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ

ငွေစာရင်း

ကျပ်သန်း

| စဉ် | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ရငွေ | ၂၅၄၃၇. ၂၈၂ | - | - | ၂၅၄၃၇. ၂၈၂ |
| ၂ | သုံးငွေ | ၆၉၉၉၁. ၅၅၅ | ၈၃၁၃၇. ၂၀၂ | - | ၁၅၃၁၂၈. ၇၅၇ |
| | **ပိုငွေ(+)/လိုငွေ(-)** | **(-)၄၄၅၅၄. ၂၇၃** | **(-)၈၃၁၃၇. ၂၀၂** | - | **(-)၁၂၇၆၉၁. ၄၇၅** |

အထက်ပါဇယားအရ သာမန်ရငွေကျပ်သန်း ၂၅၄၃၇. ၂၈၂ရှိပြီး သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်း၁၅၃၁၂၈. ၇၅၇ရှိသဖြင့်လိုငွေ ကျပ်သန်း၁၂၇၆၉၁. ၄၇၅ဖြင့် ဖော်ပြခဲ့ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့မည်ဖြစ်ပါသည်။ ကြွေးမြီကဏ္ဍမှရငွေ သုံးငွေမရှိပါ။

**ရငွေများအခြေအနေ**

ရငွေများအားစိစစ်ရာ ဗဟိုအဖွဲ့အစည်းတွင်ပါဝင်သော ဌာန(၄)ခုမှ ကျပ်သန်း ၈၈၇၁. ၆၄၉ သန်း ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွင်ပါဝင်သော ဌာန(၁၇)ခုမှ ကျပ်သန်း ၄၃၅၉. ၆၆၁သန်းနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကျပ်သန်း ၁၂၂၀၅. ၉၇၂၊ စုစုပေါင်းကျပ်သန်း ၂၅၄၃၇. ၂၈၂ဖြစ်ကြောင်းတွေ့ရှိရပါသည်။ တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီရုံးတို့မှ ရငွေလျာထားခန့်မှန်းထားမှုမရှိပါ။

**အသုံးစရိတ်များတောင်းခံမှုအားစိစစ်မှုအခြေအနေ**

ပြည်သူ့ငွေစာရင်းကော်မတီမှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် တောင်းခံသည့်ဌာန အဖွဲ့အစည်း (၂၅)ခု၏ သာမန်အသုံးစရိတ်ကျပ်သန်း ၆၉၉၉၁. ၅၅၅ နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်

သန်း ၈၃၁၃၇. ၂၀၂ စုစုပေါင်း ၁၅၃၁၂၈. ၇၅၇သန်းအား ၂-၁၂-၂၀၁၆နေ့မှစ၍ အောက်ပါ ညွှန်ကြားချက်များနှင့်အညီ စိစစ်ခဲ့ပါသည်။

- ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၉၄အရလည်းကောင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတရုံး၏ ၅-၉-၂၀၁၆ရက်စွဲပါစာ အမှတ်(၁၀၀)(၅)(၂)/၇ပါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေရေးဆွဲရန် ညွှန်ကြားချက်ပါအချက်အလက်များအရလည်းကောင်း၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ် ၁၂၄၈/၂၄၂ ငွေစာရင်း ၃-၁/အဖရ(၂၀၁၆)ပါ ဘတ်ဂျက်လိုငွေထိန်းချုပ်ရန်အတွက် ရငွေများကို ရှာဖွေရန် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသုံးစရိတ်များကိုသာ လျာထား၍ခြိုးခြံချွေတာသုံးရန် လိုက်နာဆောင်ရွက်ရမည့် အချက်(၁၀)ချက်အရလည်းကောင်း၊
- ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၈. ၈. ၂၀၁၆ ရက်စွဲပါစာအမှတ် ဘ၁ - ၃ /၂၀ (၁၃၄၇ / ၂၀၁၃)ပါ ဌာနဆိုင်ရာများပိုင် ယာဉ်၊ ဆိုင်ကယ်နှင့်ရုံးသုံးပစ္စည်းများ၏ ပြင်ဆင်စရိတ်သတ်မှတ်နှုန်းများ အရလည်းကောင်း၊
- ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ၁၈. ၁၂. ၂၀၁၆နေ့ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ဆွေးနွေးပွဲထုတ်ပြန်ချက်များအရလည်းကောင်း၊
- တောင်းခံမှုများပြားသည့်အသုံးစရိတ်များနှင့် အသေးစိတ်တွက်ချက်တောင်းခံမှု မပါရှိသော အသုံးစရိတ်များအား ယခင်နှစ် ၂၀၁၅-၂၀၁၆ခုနှစ် ငွေစာရင်းအမှန် ၂၀၁၆-၂၀၁၇ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေများဖြင့်နှိုင်းယှဉ်ခြင်း ရှင်းလင်းချက်များဖြင့် ချိန်ထိုးစိစစ်ခြင်းဖြင့် လည်းကောင်း၊
- ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ ညှိနှိုင်းဆွေးနွေးချက်များအရလည်းကောင်း၊
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အရလည်းကောင်း၊

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားသည့် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းကို စိစစ်ခဲ့ပါသည်။ စိစစ်ရာတွင် ရေအရင်းအမြစ်ဦးစီးဌာနနှင့် တိုင်းဒေသကြီး လွှတ်တော်ရုံးတို့ အပါအဝင် တောင်းခံငွေများမှ ကျပ်သန်းပေါင်း ၇၉၁၁. ၄၄၄ သန်းအား စိစစ်လျှော့ချခဲ့ပါသည်။

နောက်ဆက်တွဲ(က)တွင် ဌာနအဖွဲ့အစည်းအလိုက် လျှော့ချငွေစာရင်းအား ဖော်ပြထားပါသည်။ ဌာနဆိုင်ရာများမှ စိစစ်လျှော့ချငွေများအား အများပြည်သူအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းခဲ့ရာ အောက်ဖော်ပြပါအတိုင်း သဘောတူလျာထားနိုင်ခဲ့ပါသည်-

| | |
|---|---|
| ၁။ စည်ပင်သာယာရေးလုပ်ငန်းများ | - ၅၅၈၉. ၁၇၅ သန်း |
| ၂။ လျှပ်စစ်မီးလင်းရေး | - ၂၈၂. ၀၇၉ သန်း |
| ၃။ဆည်မြောင်းလုပ်ငန်း | - ၃၂၅. ၅၄၉ သန်း |
| ၄။ကျေးလက်ဒေသဖွံ့ဖြိုးရေး | -၁၆၇၀. ၁၈၁ သန်း |
| ၅။ လွှတ်တော်ရုံး | - ၄၄. ၅၀၀ သန်း |
| **စုစုပေါင်း** | **၇၉၁၁. ၄၄၄ သန်း** |

ညှိနှိုင်းလျှော့ချငွေများနှင့်ပတ်သက်၍ ပြည်သူများသို့ လက်တွေ့အကျိုးပြုစေသော လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်များမှ ဝိုင်းဝန်းကူညီသောအားဖြင့် မိမိတို့နေထိုင်ရာ ဒေသအသီးသီးမှ ပြည်သူတို့၏ တောင်းဆိုချက်နှင့် ဒေသတွင်း လိုအပ်ချက်များကို ရှာဖွေတင်ပြပေးခဲ့ ပါသည်။ ယခုကဲ့သို့ လွှတ်တော်မှ ပူးပေါင်းပေးမှုကြောင့် ဌာနဆိုင်ရာများလည်း ပြင်ဆင်ပြောင်းလဲရသော လုပ်ငန်းများပိုမိုအဆင်ပြေလာမည်ဟု ယုံကြည်ပါသည်။

ယခုအခါတွင် အစိုးရအဖွဲ့မှ ၂၄-၁၂-၂၀၁၆နေ့တွင် ထပ်မံပြုပြင်ပြီး တင်သွင်းလာသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း ရငွေကျပ်သန်း ၂၅၄၃၇. ၂၈၂၊ သာမန်သုံးငွေ ကျပ်သန်း ၆၈၀၆၈. ၄၄၇၊ ငွေလုံးငွေရင်း သုံးငွေကျပ်သန်း ၈၅၀၆၀. ၃၁၀၊ ပေါင်းကျပ်သန်း ၁၅၃၁၂၈. ၇၅၇ လျာထားချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးရမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ရသုံးမှန်းခြေငွေစာရင်းကို အချိန်အတိုအတွင်းမှာ အမြန်စိစစ်ရ၍ သာမန် ငွေစာရင်းများကိုသာ စိစစ်နိုင်ပြီး ငွေလုံးငွေရင်း သုံးစွဲမှုများကို မစိစစ်နိုင်ခဲ့ပါ။ သို့ပါ၍ ယခု သဘောတူဆုံးဖြတ်ချက်ပြီးသော်လည်း ဥပဒေကြမ်း မတင်သွင်းမီကာလအတွင်းတွင် လွှတ်တော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို ထပ်မံစိစစ်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းအစိုးရအဖွဲ့မှ တင်ပြလာသော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်း လျာထားချက်ပါ ရငွေကျပ်သန်း ၂၅၄၃၇. ၂၈၂ သုံးငွေကျပ်သန်း ၁၅၃၁၂၈. ၇၅၇ စာရင်းချုပ်အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ သဘောတူဆုံးဖြတ်ချက်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအစီရင်ခံအပ် ပါသည်။

နောက်ဆက်တွဲ(က)

၂၀၁၇-၂၀၁၈ခု မူလခန့်မှန်းခြေစာရင်းမှလျှော့ချငွေစာရင်းချုပ်

ကျပ်သန်း

| စဉ် | ဌာန/အဖွဲ့အစည်း | သာမန်အသုံးစရိတ်မှလျှော့ငွေ | ငွေလုံးငွေရင်းမှအသုံးစရိတ်မှ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| (က) | ဗဟိုအဖွဲ့အစည်း | ၆၈၀. ၈၃၈ | × | ၆၈၀. ၈၃၈ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၆၀၀. ၈၃၅ | × | ၆၀၀. ၈၃၅ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | ၆. ၆၀၀ | × | ၆. ၆၀၀ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | ၂. ၄၈၃ | × | ၂. ၄၈၃ |
| ၄ | ဥပဒေရုံးများ | ၂၈. ၃၂၀ | × | ၂၈. ၃၂၀ |
| ၅ | စာရင်းရုံးများ | ၄၂. ၆၀၀ | × | ၄၂. ၆၀၀ |
| (ခ) | ဝန်ကြီးဌာန/ဦးစီးဌာနများ | ၁၆၅၆. ၈၀၇ | ၅၀၅၀. ၉၅၅ | ၆၇၀၇. ၇၆၂ |
| ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၉၃. ၂၇၈ | × | ၉၃. ၂၇၈ |
| ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၅. ၆၅၃ | × | ၁၅. ၆၅၃ |
| ၃ | မီးသတ်ဦးစီးဌာန | ၃၉. ၁၇၉ | × | ၃၉. ၁၇၉ |
| ၄ | စိုက်ပျိုးရေးဦးစီးဌာန | ၆၉၀. ၄၁၆ | × | ၆၉၀. ၄၁၆ |
| ၅ | ငါးလုပ်ငန်းဦးစီးဌာန | ၃၁. ၅၀၈ | × | ၃၁. ၅၀၈ |
| ၆ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၄၆. ၅၂၇ | × | ၄၆. ၅၂၇ |
| ၇ | ပျားလုပ်ငန်းဦးစီးဌာန | ၂. ၁၆၈ | × | ၂. ၁၆၈ |
| ၈ | သမဝါယမဦးစီးဌာန | ၁၉. ၅၃၂ | ၁. ၆၆၈ | ၂၁. ၂၀၀ |
| ၉ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၀. ၃၇၀ | ၁. ၂၆၉ | ၁၁. ၆၃၉ |
| ၁၀ | သစ်တောဦးစီးဌာန | ၃၈၆. ၈၉၇ | × | ၃၈၆. ၈၉၇ |

| | | | | |
|---|---|---|---|---|
| ၁၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | ၇. ၇၂၉ | ၀. ၉၇၇ | ၈. ၇၀၆ |
| ၁၂ | လျှပ်စစ်ဓါတ်အားလုပ်ငန်း ဦးစီးဌာန | × | × | × |
| ၁၃ | အားကစားနှင့် ကာယ ပညာဦးစီးဌာန | ၁၇၅. ၄၄၅ | ၁. ၉၉၀ | ၁၇၇. ၄၃၅ |
| ၁၄ | စီမံကိန်းဦးစီးဌာန | ၅၉. ၀၃၅ | × | ၅၉. ၀၃၅ |
| ၁၅ | ဗဟိုစာရင်းအင်းအဖွဲ့ | ၂၀. ၁၈၁ | × | ၂၀. ၁၈၁ |
| ၁၆ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | ၈. ၄၀၇ | ၁. ၀၂၃ | ၉. ၄၃၀ |
| ၁၇ | ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး | ၀. ၂၂၁ | × | ၀. ၂၂၁ |
| ၁၈ | မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေး | ၁၅. ၄၉၄ | ၀. ၅၂၈ | ၁၆. ၀၂၂ |
| ၁၉ | လမ်းဦးစီးဌာန | ၃၄. ၇၆၇ | ၅၀၄၃. ၅၀၀ | ၅၀၇၈. ၂၆၇ |
| ၂၀ | စည်ပင်သာယာရေးအဖွဲ့များ | ၅၂၂. ၈၄၄ | × | ၅၂၂. ၈၄၄ |
| | **စုစုပေါင်း** | **၂၈၆၀. ၄၈၉** | **၅၀၅၀. ၉၅၅** | **၇၉၁၁. ၄၄၄** |

**၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမည်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဒီနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ အမျိုးသားအကျိုးစီးပွားကို ဆထက်ထမ်းပိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းဆန္ဒပြုရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။

ဒီနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအနေဖြင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဦးစွာပထမ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင်ပါရှိသည့် ဇယား(၁)၊ (၂)နှင့် (၃)တွင် ဖော်ပြထားသော တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံးစမ်းစစ်ဆေးရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်း

ဦးစီးဌာန၊ ပျားလုပ်ငန်းဌာနနှင့် သမဝါယမဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များတို့သည် ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံထားပြီး ကျန်ဌာနများဖြစ်သည့် မီးသတ်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနများသည် ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအဆင့် ဌာန/အဖွဲ့အစည်းများ၏ မူလခွင့်ပြုငွေဖြင့် လုံလောက်ခြင်းမရှိသည့်အတွက် ထပ်မံလိုအပ်ငွေများကို မူလလျာထားသောရန်ပုံငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခွင့်ပြုခြင်းဖြင့် လုံလောက်ခြင်းမရှိပါ၍ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတို့ကို ၂၅-၉-၂၀၁၆ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၆)ဆုံးဖြတ်ချက် အပိုဒ်(၅)အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောတူညီချက်ပေးခဲ့ပြီးဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့ရာ ၃၀-၉-၂၀၁၆ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၆)(တတိယနေ့)တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ညီတစ်ညွတ်တည်း သဘောတူသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးဖြစ်ပါတယ်။

ထိုသို့အတည်ပြုခဲ့သည့် ဖြည့်စွက်ခွင့်ပြုငွေမှာ သာမန်အသုံးစရိတ်အနေနဲ့ **ကျပ် ၁၁. ၀၆၇ ဘီလီယံ**၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ **ကျပ် ၁. ၆၉၀ ဘီလီယံ** ဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်မှာ **ကျပ် ၁၂. ၇၅၇ ဘီလီယံ** ဖြစ်ပါတယ်။

ထိုသို့ အတည်ပြုခဲ့သည့်စာရင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခဲ့ရာ ဒုတိယသမ္မတမှ စိစစ်ပြီးနောက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်ငွေ **ကျပ် ၁၂. ၇၅၇ ဘီလီယံ** မှ **ကျပ် ၉. ၀၁၁ ဘီလီယံ** ကို စိစစ်လျှော့ချ၍ **ကျပ် ၃. ၇၄၆ ဘီလီယံ** ကို ဘဏ္ဍာရေးကော်မရှင်သို့ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြရမည်ဖြစ်၍ ၎င်းဖြည့်စွက်ခွင့်ပြုငွေဘောင်အတွင်း မဖြစ်မနေသုံးစွဲရမည်ဖြစ်သော အသုံးစရိတ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကိုသာ ဦးစားပေးကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၁၀-၂၀၁၆ရက်စွဲပါစာအမှတ်၊ ၁၀၉၇/၂၄၈-ဖြည့်စွက် ၃-၁/အဖရ(၂၀၁၆)ဖြင့် အကြောင်းကြားချက်အရ ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်လျှော့ချခဲ့ပါတယ်။

စိစစ်လျှော့ချပြီးနောက် ဖြစ်ပေါ်လာသည့် သာမန်အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေပမာဏမှာ **ကျပ် ၂. ၆၁၈ ဘီလီယံ**၊ ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေပမာဏမှာ **ကျပ် ၁. ၁၂၈ ဘီလီယံ** ဖြစ်ပြီး ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဖြည့်စွက်ခွင့်ပြုငွေပမာဏမှာ စုစုပေါင်း **ကျပ် ၃. ၇၄၆ ဘီလီယံ** ဖြစ်ပါတယ်။ (ယခုတင်ပြပါ ဖြည့်စွက်ခွင့်ပြုငွေ အသေးစိတ်အခြေအနေကို ပူးတွဲပါ

(၁)၊ ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာသိရှိနိုင်ပါရန် ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။)

တိုင်းဒေသကြီးအဆင့် ဌာန/အဖွဲ့အစည်းများတွင် ဖြည့်စွက်ခွင့်ပြုငွေထည့်သွင်းပြီးနောက် ဖြစ်ပေါ်လာသည့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၏ ရငွေ၊ သုံးငွေအခြေအနေအရ ရငွေပိုင်းတွင် သာမန်ရငွေ **ကျပ် ၂၄. ၃၄၂ ဘီလီယံ**၊ ငွေလုံးငွေရင်းရငွေ **ကျပ် ၀. ၀၁၃ ဘီလီယံ**၊ စုစုပေါင်းရငွေ **ကျပ် ၂၄. ၃၅၅ ဘီလီယံ**ဖြစ်ပြီး သုံးငွေပိုင်းတွင် သာမန်သုံးငွေ **ကျပ် ၆၅. ၄၃၆ ဘီလီယံ**၊ ငွေလုံးငွေရင်းသုံးငွေ **ကျပ် ၈၆. ၇၆၉ ဘီလီယံ**၊ စုစုပေါင်းသုံးငွေ **ကျပ် ၁၅၂. ၂၀၅ ဘီလီယံ** ဖြစ်သဖြင့် လိုငွေအနေနဲ့ **ကျပ် ၁၂၇. ၈၅၀ ဘီလီယံ** ပေါ်ပေါက်ခဲ့ပါတယ်။ ယင်းလိုငွေပမာဏကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ ယင်းလိုငွေပမာဏ **ကျပ် ၁၂၇. ၈၅၀ ဘီလီယံ**ကို ပြည်ထောင်စုမှ ထောက်ပံ့ငွေ ရငွေအနေနဲ့ ထည့်သွင်းပြီးနောက် ဖြစ်ပေါ်လာမည့် ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ ရငွေအနေနဲ့ သာမန်ရငွေ **ကျပ် ၁၅၂. ၁၉၂ ဘီလီယံ**၊ ငွေလုံးငွေရင်း ရငွေ **ကျပ် ၀. ၀၁၃ ဘီလီယံ**၊ သုံးငွေအနေနဲ့ သာမန်သုံးငွေ **ကျပ် ၆၅. ၄၃၆ ဘီလီယံ**၊ ငွေလုံးငွေရင်း သုံးငွေကျပ် **၈၆. ၇၆၉ ဘီလီယံ**ဖြစ်သဖြင့် စုစုပေါင်းရငွေသုံးငွေ **ကျပ် ၁၅၂. ၂၀၅ ဘီလီယံ**နှင့် လိုငွေပေါ်ပေါက်ခြင်းမရှိတော့ပါကြောင်း တင်ပြအပ်ပါတယ်။ (ယခုတင်ပြပါ အသေးစိတ်အခြေအနေကို ပူးတွဲပါ (၁)၊ ဌာန/အဖွဲ့အစည်းများ၏၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လေ့လာသိရှိနိုင်ပါရန် ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။)

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံတင်ပြခဲ့ရာ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာတွင် ၂၆-၁၂-၂၀၁၆ရက်နေ့၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၆)၊ ဆုံးဖြတ်ချက် အပိုဒ် ၄(ဒ)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောတူ အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

# ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ]**။ ။ ၂၀၁၆-၂၀၁၇ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ဥပဒေအဖြစ် အတည်ပြုနိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းကော်မတီကိုယ်စား ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဆန်းမြင့်က လွှတ်တော်သို့တင်သွင်းမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ပုဒ်မ ၁၉၃ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း တို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။ သို့ပါ၍ ပဲခူးတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာန၊ အဖွဲ့အစည်း(၂၄)ဖွဲ့၏ ၂၀၁၆-၂၀၁၇အတွင်း ဖြည့်စွက်တောင်းခံ ငွေစာရင်းအား ပဲခူတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၆-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆ / ၂ - ၉ / ထောက် ၅ ဖြင့် ပေးပို့ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ပြုပြင်ပြီးခန့်မှန်းခြေရငွေ ကျပ်သန်း ၁၄၉၈၄၆. ၇၁၉ နှင့် ဖြည့်စွက်တောင်းခံငွေ ကျပ်သန်း ၁၂၅၃၉. ၀၀၆ တို့အား ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ်၍ သာမန်အသုံးစရိတ်မှ ၁၉၇. ၁၉၆ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ ၁၅၀. ၆၈၁ သန်း၊ စုစုပေါင်း ၃၄၇. ၈၇၇ သန်း စိစစ်လျှော့ချ၍ တိုင်းဒေသကြီးအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်း များ ဆောင်ရွက်ရန်နှင့် ကတိကဝတ်ပြုထားသော လုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း ဖြည့်စွက်တောင်းခံငွေကို အတည်ပြုခဲ့ပါသည်။

ဖြည့်စွက်ခွင့်ပြုငွေစာရင်း

ကျပ်သန်း

| စဉ် | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ကျပ်ပေါင်း |
|---|---|---|---|---|---|
| က | ဗဟိုအဖွဲ့အစည်း | ၁၀၀၄၃. ၂၉၆ | ၄၇၅. ၉၇၄ | - | ၁၀၅၁၉. ၂၇၀ |
| ခ | ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ | ၁၀၂၂. ၈၇၂ | ၈၈၂. ၈၆၃ | - | ၁၉၀၅. ၇၃၅ |
| ဂ | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၁. ၀၅၀ | ၃၃၀. ၉၀၉ | - | ၃၃၁. ၉၅၉ |
| | **ပေါင်း** | **၁၁၀၆၇. ၂၁၈** | **၁၆၈၉. ၇၄၆** | **-** | **၁၂၇၅၆. ၉၆၄** |

အစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခဲ့ရာ ဒုသမ္မတမှ စိစစ်၍ ဖြည့်စွက်တောင်းခံငွေ ကျပ်သန်း ၁၂၇၅၆. ၉၆၄ မှ ကျပ်သန်း ၉၀၁၀. ၃၃၉ အား လျှော့ချ၍ ဘဏ္ဍာရေးကော်မရှင်သို့ ကျပ်သန်း ၃၇၄၆. ၆၂၅ တင်ပြခဲ့သည့် ဖြည့်စွက်ခွင့်ပြုငွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ

ကျပ်သန်း

| စဉ် | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဗဟိုအဖွဲ့အစည်း | ၁၇၄၄. ၉၂၅ | ၁၇၅. ၅၃၆ | ၁၉၂၀. ၄၆၁ |
| ၂ | ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ | ၈၇၂. ၃၆၁ | ၆၂၁. ၈၄၄ | ၁၄၉၄. ၂၀၅ |
| ၃ | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၁. ၀၅၀ | ၃၃၀. ၉၀၉ | ၃၃၁. ၉၅၉ |
| | **ပေါင်း** | **၂၆၁၈. ၃၃၆** | **၁၁၂၈. ၂၈၉** | **၃၇၄၆. ၆၂၅** |

ဘဏ္ဍာရေးကော်မရှင်မှ ခွင့်ပြုပြီး၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအား အောက်ပါဇယားဖြင့် ဖော်ပြပါသည်-

ကျပ်သန်း

| စဉ် | အကြောင်းအရာ | မူလခန့်မှန်းခြေ | | | ပြုပြင်ပြီးခန့်မှန်းခြေ | | |
|---|---|---|---|---|---|---|---|
| | | ရငွေ | သုံးငွေ | ပိုငွေ+ /လိုငွေ- | ရငွေ | သုံးငွေ | ပိုငွေ+ /လိုငွေ- |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | သာမန် | ၁၄၈၆၁၆. ၄၂၅ | ၆၂၉၇၅. ၉၉၅ | +၈၅၆၄၀. ၄၃၀ | ၁၅၂၁၉၁. ၈၂၇ | ၆၅၄၃၆. ၀၅၅ | +၈၆၇၅၅. ၇၇၂ |
| ၂ | ငွေလုံးငွေရင်း | - | ၈၅၆၄၀. ၄၃၀ | -၈၅၆၄၀. ၄၃၀ | ၁၂. ၉၄၇ | ၈၆၇၆၈. ၇၁၉ | -၈၆၇၅၅. ၇၇၂ |
| ၃ | ကြွေးမြီ | - | - | - | - | - | - |
| | **စုစုပေါင်း** | **၁၄၈၆၁၆. ၄၂၅** | **၁၄၈၆၁၆. ၄၂၅** | - | **၁၅၂၂၀၄. ၇၇၄** | **၁၅၂၂၀၄. ၇၇၄** | - |

မူလခန့်မှန်းခြေစာရင်းအရ ရငွေကျပ်သန်း ၁၄၈၆၁၆. ၄၂၅ ဖြစ်ပေါ်ခြင်းမှာ တိုင်းဒေသကြီး၏ ရငွေကျပ်သန်း ၂၂၂၅၁. ၄၂၅ ရှိပြီး၊ သုံးငွေကျပ်သန်း ၁၄၈၆၁၆. ၄၂၅ ရှိ၍ လိုငွေကျပ်သန်း ၁၂၆၃၆၅. ၀၀ ဖြစ်ပေါ်ခဲ့ရာ၊ ပြည်ထောင်စုမှ လိုငွေကျပ်သန်း ၁၂၆၃၆၅. ၀၀ သန်းအား ထောက်ပံ့ခဲ့ပါသည်။

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ရငွေမှာ ၁၅၂၂၀၄. ၇၇၄ သန်း ဖြစ်ပေါ်ခြင်းမှာ တိုင်းဒေသကြီး၏ ရငွေကျပ်သန်း ၂၄၃၅၄. ၇၀၀ ရှိပြီး၊ သုံးငွေကျပ်သန်း ၁၅၂၂၀၄. ၇၇၄ ရှိ၍ ပြည်ထောင်စုမှ ထောက်ပံ့ပေးခဲ့ပါသည်။ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအတွက် ထောက်ပံ့ငွေမှာ မူလခန့်မှန်းခြေစာရင်းပါ လိုငွေထက်၊ ကျပ်သန်း ၁၄၈၅. ၀၇၄ ပိုမိုထောက်ပံ့ခဲ့ကြောင်း တွေ့ရှိရ ပါသည်။

ပြုပြင်ပြီးခန့်မှန်းခြေသုံးငွေ ကျပ်သန်း ၁၅၂၂၀၄. ၇၇၄ တွင် ဖြည့်စွက်ငွေတောင်းခံစဉ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သာမန်အသုံးစရိတ်တွင် ပါဝင်သော မြို့(၁၇)မြို့ မြေတိုင်းခြင်း လုပ်ငန်း၏ အသေးစိတ် တွက်ချက်မှုများကို ပဲခူးတိုင်းလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ၁၀. ၁၀. ၂၀၁၆ရက် ညနေပိုင်းမှ ပေးပို့လာသဖြင့် မြို့(၁၇)မြို့၊ မြို့မြေတိုင်းခြင်း လုပ်ငန်းအတွက် ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုကို ပြန်လည်စိစစ်ရခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ပြန်လည်စိစစ်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့(၁၇)မြို့ မြေတိုင်းခြင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် (၄-၁၀-၂၀၁၆)ရက်တွင် တစ်ကြိမ်၊ (၁၀-၁၀-၂၀၁၆)ရက်တွင် တစ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ပါသည်။

ထိုသို့ ညှိနှိုင်းရာတွင် မြို့မြေတိုင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအင်ဂျင်နီယာများ၏ တွက်ချက်မှုနှင့် ဌာနဆိုင်ရာများမှ တင်ပြတွက်ချက်မှုများကို အပြန်အလှန် (၁၀-၁၀-၂၀၁၆)ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပဲခူးတိုင်း တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ တွက်ချက်မှုကို ထပ်မံတင်ပြ၍ ညှိနှိုင်း လိုကြောင်း တင်ပြခဲ့ပါသည်။ တင်ပြချက်ကို လက်ခံခဲ့ပြီး (၇)ရက်အတွင်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်သို့

တိုင်းတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ မြေတိုင်းပြွန်ကြီး၊ ပြွန်သေးတွက်ချက်မှုများကို အမြန်ဆုံးပြန်လည်တင်ပြရန် သဘောတူညီနိုင်းခဲ့ပါသည်။

သို့သော် (၂၃-၁၀-၂၀၁၆)နေ့အထိ၊ ပြန်လည်တင်ပြလာခြင်းမရှိသည့်အတွက် လွှတ်တော်အကြံပေးအဖွဲ့ အင်ဂျင်နီယာများ၏ တွက်ချက်မှုအတိုင်း အတည်ပြုဆောင်ရွက်ရန် ပြည်သူ့ငွေစာရင်းကော်မတီမှ ဆုံးဖြတ်ခဲ့ပါသည်။ တွက်ချက်ရာ၌ မြို့(၁၇)မြို့၊ မြို့မြေတိုင်းခြင်းလုပ်ငန်းတွင် မြေတိုင်း ပြွန်ကြီး (၁)ခုလျှင် တွက်ချက်မှုကွာခြားငွေပေါင်း ၁၇၆၀၀ိ/- ကျပ် (၁၇)ခုအတွက် ကွာခြားငွေ ၂၉၉၂၀၀ိ/- (နှစ်သိန်းကိုးသောင်းကိုးထောင့်နှစ်ရာ) ကျပ်နှင့် မြေတိုင်းပြွန်သေးတစ်ခုလျှင် တွက်ချက်မှု ကွာခြားငွေ ၁၄၃၀၀ိ/- နှုန်းဖြင့် ပြွန်သေး ၅၅၅၅ ခုအတွက် ကွာခြားငွေ စုစုပေါင်း ၇၉၄၃၆၅၀၀ိ/- (ခုနှစ်ရာကိုးဆယ့်လေးသိန်းသုံးသောင်းခြောက်ထောင့်ငါးရာ) ကျပ်တိတိ ဖြစ်ပါသည်။ သို့ပါ၍ ပြွန်ကြီး (၁၇)ခုနှင့် ပြွန်သေး (၅၅၅၅)တို့၏ ကွာခြားငွေစုစုပေါင်းမှာ ၇၉၇၃၅၇၀၀ိ/- (ခုနှစ်ရာကိုးဆယ့်ခုနှစ်သိန်းသုံးသောင်းငါးထောင့်ခုနှစ်ရာ)ကျပ်တိတိ ဖြစ်ပါသည်။

ထိုတွက်ချက်မှုကွာခြားတန်ဖိုးငွေကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံသို့ သိရှိနိုင်ပါရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ပါရန် (၂၉. ၁၁. ၂၀၁၆)နေ့က တင်ပြပြီးဖြစ်သည့်အပြင် (၄/၂၀၁၆) အစီရင်ခံစာ တွင်လည်း ဖော်ပြပြီး ဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကြွရောက်လာသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အထူးတင်ပြလိုသည့် အကြောင်းအရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)အရ **" သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး အစိုးရသည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့သုံးငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်"** ဟု ဥပဒေတွင် ဖော်ပြထားသည်။ သို့အတွက် ၎င်းဥပဒေနှင့်အညီ ငွေစာရင်းခေါင်းစဉ် ပြောင်းလဲသုံးစွဲခြင်းများအား လွှတ်တော်သို့တင်ပြနိုင်ပါရန် အစိုးရအဖွဲ့အား တိုက်တွန်းအသိပေးအပ်ပါသည်။

ယခုလည်း လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့(၁၇)မြို့ မြို့မြေတိုင်းခြင်းလုပ်ငန်းတွင် အသုံးပြုမည့် ပြွန်ကြီး(၁၇)ခုနှင့် ပြွန်သေး (၅၅၅၅) တို့၏ တွက်ချက်မှုတန်ဖိုး နှစ်ရပ်တွင် ဌာနဆိုင်ရာ၏တွက်ချက်မှုသည် လွှတ်တော်အင်ဂျင်နီယာ အကြံပေးတို့၏ တွက်ချက်မှုထက် ကျပ်သိန်း (ခုနစ်ရာ့ကိုးဆယ့်ခုနစ်သိန်းသုံးသောင်း ငါးထောင့်ခုနစ်ရာ) ၇၉၇၃၅၇၀၀ိ/- တိတိ ပိုမိုနေပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ အပိုဒ် (ခ)အရ လျှော့ချနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြအပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းပါ ပြုပြင်ပြီးခန့်မှန်းခြေသုံးငွေ ကျပ်သန်း ၁၅၂၂၀၄.၇၇၄ မှ မြေတိုင်းပြွန်ကြီး၊ ပြွန်သေးတွက်ချက်ရာတွင် ပိုငွေ ၇၉.၇၃၅၇ သန်းအား လျှော့ချ၍ ၁၅၂၁၂၅.၀၃၈ သန်းအား အတည်ပြုပေးပါရန် လွှတ်တော်သို့ တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက အတည်ပြုပေးရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အတည်ပြုပေးရန် တင်ပြပေးဖို့ ဖြစ်ပါတယ်။ ယခုအတည်ပြုသည့်အခါ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ငွေစာရင်းကော်မတီ၏ အကြံပြု လျှော့ချခြင်းဖြစ်သည့် မြို့မြေတိုင်းတာခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၇၉.၇၃၅)သန်းကို စိစစ် လျှော့ချပြီး ကျန်ငွေများကိုသာ အတည်ပြုပေးရန်အတွက် လွှတ်တော်သို့တင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကြွရောက်လာကြသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က လျှော့ချသင့်သည်များကို လျှော့ချရန် တိုက်တွန်းတာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့် ပြန်လည်ညှိနှိုင်းပြီး ပြုပြင်သွားမည်ဟု ပြန်လည်ဖြေကြားထားပြီး ဒီဥပဒေကြမ်းကို အမြန်ဆုံးသုံးစွဲနိုင်အောင် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (နဝမနေ့) ရပ်နားကြောင်းနှင့် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို (၁၀း၅၅)နာရီအချိန်တွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။